http://www.dhammadownload.con

## ရှိ ၊ မရှိ ငြင်းခုံကြခြင်း

ငါဘုရားသည် လောကလူတို့ နှင့် မငြင်းခုံ ၊

လောကလူတို့ကသာ ငါဘုရားနှင့် ငြင်းခုံကြ၏။ တရားအတိုင်းပြောတတ်သူသည် တစ်စုံတစ်ဦးနှင့်မျှ မငြင်းခုံ။ လောက၌ ပညာရှိတို့ ရှိ၏ဟု ဆိုသည်ကို ငါဘုရားလည်း ရှိ၏ဟု ဆို၏။ ပညာရှိတို့က မရှိဟုဆိုသည်ကို ငါဘုရားလည်း မရှိဟုဆို၏။

ရှိ၏ဟူသည်မှာ မမြဲသော ၊ ဆင်းရဲ စက်ဆုပ်ဖွယ် အချည်းနှီးသော ၊ ဖောက်ပြန်ပျက်စီးသော ရုပ်နာမ်တရားမည်သည် ရှိ၏ဟု ပညာရှိတို့ဆိုကြ၏။ ငါဘုရားကလည်း ဤသို့ပင် မရှိဟု ဆို၏။

(သံ ၊ ၂ ၊ ပုပ္ဖသုတ် ၊ ၁၃၃)

ရှိသည့် တရားကား အနိစ္စ , ဒုက္ခ , အနတ္တ မျှသာ ရှိပါသည်။

မရှိသည့် တရားကား နိစ္စ , သုခ , သုဘ , အတ္တ ဟူသည် စိုးစဉ်းမျှ မရှိချေ။

အကြင်သူသည် ငါဘုရားက ဟောပြောဖွင့်ပြ ဝေဖန်ပေါ်လွင်အောင်ပြသော်လည်း မသိမမြင် ညက်မျက်စိကန်းသော သူမိုက်ကို ငါဘုရား အသို့ပြုနိုင်အံ့နည်း။

ရေမှပေါက်ဖွားသော ကြာသည် ရေမှတက်၍တည်၏၊ ရေနှင့် မလိမ်းကျံ။ လောကမှ ဖြစ်ပွားသော ငါဘုရားသည် လောကကို လွှမ်းမိုးတည်၏၊ လောကနှင့် မလိမ်းကျံဟု မိန့်၏။

သင်တန်းသားများအတွက်သာ

ပ - သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်

ရွှေတိဂုံ အရှေ့ဘက်မုခ်၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၇၇၃၁

ဝိပဿနာဘာဝနာ အနှစ်ချုပ် ကျင့်ဖွယ် ဘဒ္ဒန္တဇောတိက

သတ္တမအကြိမ်မြောက်

# ပ - သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်

## ဝိပဿနာ ပညာတက္ကသိုလ်



# ဝိပဿနာဘာဝနာ အနှစ်ချုပ် ကျင့်ဖွယ်


ပဓာန နာယကဆရာတော်

**ဘဒ္ဒန္တဇောတိက**

သာသနဓဇ ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ

ဝိပဿနာပညာတက္ကသိုလ်ကာဒိ ကမ္မိက (ကျမ်းပြု) စီစဉ်တင်ပြသည်။


သင်တန်းသားများအတွက်သာ


သတ္တမအကြိမ်မြောက်

သာသနာတော်နှစ် - ၂၅၅၁ ကောဇာသက္ကရာဇ် - ၁၃၆၉ ခရစ်နှစ် - ၂၀၀၇

http://www.dhammadownload.con

# ပ – သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်

## ဝိပဿနာ ပညာတက္ကသိုလ်




# ဝိပဿနာဘာဝနာ အနှစ်ချုပ် ကျင့်ဖွယ်


ပဓာန နာယကဆရာတော်

**ဘဒ္ဒန္တဇောတိက**

သာသနဓဇ ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ

ဝိပဿနာပညာတက္ကသီလာဒိ ကမ္မိက (ကျမ်းပြု) စီစဉ်တင်ပြသည်။


သင်တန်းသားများအတွက်သာ

သတ္တမအကြိမ်မြောက်


သာသနာတော်နှစ် - ၂၅၅၁ ကောဇာသက္ကရာဇ် - ၁၃၆၉ ခရစ်နှစ် - ၂၀၀၇

http://www.dhammadownload.con

# ရှိ ၊ မရှိ ငြင်းခုံကြခြင်း

ငါဘုရားသည် လောကလူတို့ နှင့် မငြင်းခုံ ၊

လောကလူတို့ကသာ ငါဘုရားနှင့် ငြင်းခုံကြ၏။ တရားအတိုင်းပြောတတ်သူသည် တစ်စုံတစ်ဦးနှင့်မျှ မငြင်းခုံ။ လောက၌ ပညာရှိတို့ ရှိ၏ဟု ဆိုသည်ကို ငါဘုရားလည်း ရှိ၏ဟု ဆို၏။ ပညာရှိတို့က မရှိဟုဆိုသည်ကို ငါဘုရားလည်း မရှိဟုဆို၏။

ရှိ၏ဟူသည်မှာ မမြဲသော ၊ ဆင်းရဲ စက်ဆုပ်ဖွယ် အချည်းနှီးသော ၊ ဖောက်ပြန်ပျက်စီးသော ရုပ်နာမ်တရားမည်သည် ရှိ၏ဟု ပညာရှိတို့ဆိုကြ၏။ ငါဘုရားကလည်း ဤသို့ပင် မရှိဟု ဆို၏။

(သံ ၊ ၂ ၊ ပုပ္ဖသုတ် ၊ ၁၃၃)

ရှိသည့် တရားကား အနိစ္စ , ဒုက္ခ , အနတ္တ မျှသာ ရှိပါသည်။

မရှိသည့် တရားကား နိစ္စ , သုခ , သုဘ , အတ္တ ဟူသည် စိုးစဉ်းမျှ မရှိချေ။

အကြင်သူသည် ငါဘုရားက ဟောပြောဖွင့်ပြ ဝေဖန်ပေါ်လွင်အောင် ပြုသော်လည်း မသိမမြင် ညာဏ်မျက်စိကန်းသော သူမိုက်ကို ငါဘုရား အသို့ပြုနိုင်အံ့နည်း။

ရေမှပေါက်ဖွားသော ကြာသည် ရေမှတက်၍တည်၏၊ ရေနှင့် မလိမ်းကျံ။ လောကမှ ဖြစ်ပွားသော ငါဘုရားသည် လောကကို လွှမ်းမိုးတည်၏၊ လောကနှင့် မလိမ်းကျံဟု မိန့်၏။

သင်တန်းသားများအတွက်သာ

ပ - သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်
ရွှေတိဂုံ အရှေ့ဘက်မုခ်၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၇၇၃၁

http://www.dhammadownload.con

ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ

## မ. သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

# ဝိပဿနာပညာတက္ကသိုလ်

# ဝိပဿနာဘာဝနာ၊ အနှစ်ချုပ်၊ ကျင့်ဖွယ်။

ပဓာနနာယကဆရာတော်
ဘဒ္ဒန္တဇောတိက (သာသနဓဇဓမ္မာစရိယ)
မဟာကမ္မဋ္ဌာနာစရိယ၊ ဝိပဿနာပညာတက္ကသီလာဒိကမ္မိက
(ကျမ်းပြု) စီစဉ်တင်ပြသည်။

၂၅၄၉ - သာသနာတနှစ်၊ ၁၃၆၇ - ကောဇာနှစ်၊

http://www.dhammadownload.con

စာပေခွင့်ပြုချက်အမှတ် -
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

၂၀၀၇ ခုနှစ် ၊ ဇွန်လ
**သတ္တမအကြိမ်**
**(သင်တန်းသားများအတွက်သာ)**

အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀ ကျပ်

**ထုတ်ဝေသူ**

ဦးမြသန်း (၀၁၅၀) အသိုင်းအဝိုင်းစာပေ
၃၅/သမာဓိလမ်း၊ ဇွဲစုံရပ်ကွက်၊ ကမ္ဘာအေး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

**အဖုံးနှင့်အတွင်းပုံနှိပ်**
**ရွှေမြို့တော်အော့(ဖ်)ဆက်**
(အဆင့်မြင့်ရောင်စုံပုံနှိပ်တိုက်) ဖုန်း-၃၈၇၂၂၅

**မျက်နှာဖုံးဒီဇိုင်း**
**Gold Finger**

**အတွင်း ဖလင် – (ဆရာချို)**

**အတွင်းစာစီ/ဒီဇိုင်း**

**သီရိ** ကွန်ပျူတာ
အမှတ် (၁၃၇)၊ ၃၄-လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၃၈၄၂၅၅ ၊ ၃၈၉၃၀၀

http://www.dhammadownload.con

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

ပ - သုံးလုံးဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇောတိက ရေးသားပြုစုသော ဤကျမ်းစာအုပ်မှာ ဝါတွင်းရဟန်းတော်များ သင်တန်း၊ ရဟန်းတော်များ ဆရာဖြစ်သင်တန်းနှင့် လူ ပုဂ္ဂိုလ်ဆိုင်ရာ သင်တန်းများတွင် ဆရာတော်အဓိကထား၍ သင်ကြားပေးသော ကျမ်းစာအုပ်ဖြစ်ပါသည်။

ဤကျမ်းစာအုပ် မူလရိုက်စဉ်က ပုံနှိပ်စက် အမှားအယွင်းများစွာ ပါရှိခဲ့ရာ ပါဠိတော်များအား ပြင်ဆင်ပေးကြသည့် ပ - သုံးလုံးနည်းပြဆရာတော်များ ဖြစ်ကြသော ဘဒ္ဒန္တ သုန္ဒရ၊ ဘဒ္ဒန္တဉာဏိန္ဒ နှင့် သင်တန်းမှူး ဦးအောင်ခင် (ဓမ္မာစရိယ) တို့အား လည်းကောင်း၊ ကျမ်းစာအုပ်တစ်အုပ်လုံး၏ အမှားအယွင်းများစွာကို အထူးဝါယမစိုက် ပြင်ဆင်ပေးသော စာရင်းစစ်အမှုဆောင်လူကြီး ဦးမောင်ကြီး တို့အား အထူးကျေးဇူး တင်ရှိပါသည်။

ထို့ပြင် ဤကျမ်းစာအုပ် အထားအသို သပ်ရပ်စွာ ထွက်ရှိနိုင်အောင် အစ၊ အဆုံး ကြိုးစားဆောင်ရွက်ပေးသော အမှုဆောင် ဦးစိုးမြင့် (စိမ်းန) တို့အား မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဒေါက်တာ ဦးကံညွန့်

ဥက္ကဋ္ဌ

http://www.dhammadownload.con

No. 647/2539

The Royal Thai Embassy presents its compliments to the Shwehte Sayadaw U Zawdika, Dhammasariya, Vipasana University, Zindawya Kyaungtaik, Dagon Township, Yangon, and with reference to the Sayadaw' Note to the Embassy about reprinting Scriptures on Vipasana, has the honour to forward herewith KYATS 6200.00 (KYATS SIX THOUSAND AND TWO HUNDRED ONLY) being the donations from the Ambassador of Thailand and the Staff Members of the Royal Thai Embassy, No. 45 Pyay Road 6½ miles, Kammayute Township, Yangon. The name list of the donnors are attached herewith, for your kind Blessing.

Royal Thai Embassy

17 ... B. ... (19..)

ROYAL THAI EMBASSY, YANGON

Shwehte Sayadaw U Zawdika,
Dhammasariya, Vipasana University,
Zindawya Kyaungtaik, Myoma Kyaung St.
Dagon Township, Yangon.

http://www.dhammadownload.con

## ၂၀၀၇ ခုနှစ်၊ သင်္ကြန်မအကြိုမိမ်မြော်တော်

## ဝ – သုံးလုံးဝိပဿနာဖြန့်ပွားရေးအဖွဲ့ချုပ်မှမတည်၍

## ဝိပဿနာအနှစ်ချုပ် စာအုပ် (ရိုက်နှိပ်ရန်) အလှူရှင်များ

၁။ ဦးဝင်းထွန်း+ဒေါ်တင်တင်မြ မိသားစု

၇၄၊ စမ်းချောင်းလမ်း၊ စမ်းချောင်း။ **Ks 10,000/-**

၂။ ဦးပြည့်စုံ+ဒေါ်သန်းသန်းအေး မိသားစု

၄၂၊ သုမနလမ်း၊ ၃ ရပ်ကွက်၊ သာကေတ။

**Ks 10,000/-**

၃။ ဒေါ်ခင်ခင်ကြီး မိသားစု

၄၀(စီ)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ။ **Ks 10,000/-**

၄။ SUZUKI CHIYOKO

Japan. **Ks 10,000/-**

၅။ ဦးမောင်ကြီး(တာရင်းစစ်) + ဒေါ်ခင်ဝင်း

မိသားစု။ **Ks 15,000/-**

၆။ မရီရီနွယ်၊ မဝင်းဝင်းနွယ်၊ မောင်တိုးမောင်

မောင်နှမတစ်စု၊ **Ks 12,000/-**

http://www.dhammadownload.con

၇။ ဦးကျော်ထွန်း+ဒေါ်ခင်မြင့်

၈၀၊ မင်္ဂလာလမ်း၊ စမ်းချောင်း။ **Ks 10,000/-**

၈။ ဦးဝင်းကို+ဒေါ်ဝေဝေမြင့် မိသားစု

၄၀(စီ)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ။ **Ks 10,000/-**

၉။ ဦးသန်းအောင် + ဒေါ်ကြည်ကြည်ဌေး မိသားစု

၁၀၆၊ သိပ္ပံလမ်း၊ အလုံ။ **Ks 10,000/-**

List of Donors

Royal Thai Embassy, Yangon.

| No. | Name | Amount | Signature |
|---|---|---|---|
| 1. | Mr. Pornsak Nilubol, Ambassador | 2,000 - Ks | [illegible] |
| 2. | Mr. Uthai Silthorn | 1,000 Ks | [illegible] |
| 3. | Mr. Sompong Sangwanlum | 500. Ks | [illegible] |
| 4 | Mr. Hongbal Prompeyndr | 200/- Ks. | [illegible] |
| 5 | Mr. Nasin Dhamma[illegible] | 500/. Ks | [illegible] |
| 6 | Miss Chitra Sriphotin | 200/- Ks. | [illegible] |
| 7. | Miss Sadi[illegible] | 200/- | [illegible] |
| 8. | Mr. Khamthong Leagapong | 500- | [illegible] |
| 9. | Mr. Jirapon Jirapakul | 200 Ks. | T. [illegible] |
| 10. | Mr. Sunakit Boontiened | 200 Ks. | B[illegible] |
| 11. | Mr. Sompong Chaweewule | 200 Ks. | S. [illegible] |
| 12 | Mrs. Pannee Lickanajule | 500 Ks. | P. Lickanajule |

1

http://www.dhammadownload.con

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဗ္ဗာန်တံခါးဖွင့် | ၁ |
| ၂။ | အကောင်းဆုံးမှာ | ၂ |
| ၃။ | ဝိပဿနာပညာဖြင့်၊ အသက်ရှင်ရခြင်းသည်၊ အမြတ်ဆုံး | ၄ |
| ၄။ | တရားကျင့်ခြင်းသည်၊ အများချမ်းသာကြောင်း | ၇ |
| ၅။ | ဝိပဿနာမြတ်ပညာခရီး | ၉ |
| ၆။ | ဝိပဿနာ၊ အားထုတ်ဘို့၊ ဥပနိဿျည်း | ၁၁ |
| ၇။ | ဝိပဿနာဘာဝနာ ကျင့်နည်းအစဉ် | ၁၂ |
| ၈။ | (က) ဝိပဿနာဉာဏ်အမြင် | ၁၈ |
| ၉။ | (ခ) သစ္စာ = ၂ ပါး | ၁၈ |
| ၁၀။ | (ဂ) ပညတ်၊ (ဃ) ပရမတ် | ၂၀ |
| ၁၁။ | (င) သစ္စာ = ၂ ပါး | ၂၂ |
| ၁၂။ | (စ) အနတ္တ | ၂၄ |
| ၁၃။ | (ဆ) သစ္စာ = ၂ ပါး | ၂၈ |
| ၁၄။ | (ဇ) လောကီသစ္စာ = ၂ ပါး | ၃၀ |
| | (ဈ) လောကုတ္တရာသစ္စာ = ၂ ပါး | ၃၁ |

http://www.dhammadownload.con

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | (ည) ပရိညာ | ၃၂ |
| ၁၆။ | (ဋ) သဗ္ဗဓမ္မာ အနတ္တာ | ၃၄ |
| ၁၇။ | (ဌ) ပုည | ၃၆ |
| ၁၈။ | (ဍ) မဂ်ဉာဏ် | ၃၉ |
| ၁၉။ | ဒိဋ္ဌိ နှင့် ဉာဏ် | ၅၃ |
| ၂၀။ | ဝိပဿနာ ကမ္မဋ္ဌာန်းလွတ်လျှင် | ၅၉ |
| | မရဏ (၃)မျိုး | ၆၀ |
| | ဝိပဿနာ ရှုဆင်ခြင်လျှင် | ၆၅ |
| ၂၁။ | ဝိပဿနာဉာဏ်ရှင်တို့ အားရစရာ | ၆၈ |
| ၂၂။ | မဟာပဒေသ တရားလေးပါး | ၇၀ |
| ၂၃။ | ဝိပဿနာ ပွားများလိုလျှင် | ၇၁ |
| ၂၄။ | ဝိပဿနာပညာ မြတ်ပူဇာ | ၇၂ |
| ၂၅။ | လယ်တီဉာဏ်စဉ် လင်္ကာများ | ၁၀၇ |
| ၂၆။ | ဉာဏ်စဉ် ၁၆ ပါး၊အကျဉ်း၊ကျင့်စဉ်များ | ၁၀၉ |
| ၂၇။ | ဂေါတြဘုဉာဏ် နှင့် မဂ်ဉာဏ် | ၁၃၅ |
| ၂၈။ | မြို့မိ လင်္ကာ | ၁၃၈ |
| ၂၉။ | ဆင်းရဲအမှန်သိဘို့ ပဓါနအချက် | ၁၄၁ |
| ၃၀။ | ဆင်းရဲအမှန် တိကျစွာ သိရလျှင်များစွာ အကျိုးကြီးပေသည်။ | ၁၄၅ |
| ၃၁။ | စိတ်,စေတသိက်,ရုပ်, ဒုက္ခ။ နိဗ္ဗာန် - သုခ | ၁၄၈ |
| ၃၂။ | ဒုက္ခ နှင့် ဒုက္ခသစ္စာ | ၁၅၃ |
| ၃၃။ | ဒုက္ခ နှင့် ဒုက္ခသစ္စာ နှိုင်းချိန်ချက် | ၁၅၅ |
| ၃၄။ | ရာဇဂြိုဟ် သူဌေးကြီး - ဒုက္ခ | ၁၅၇ |

http://www.dhammadownload.con


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | ဒုက္ခ နှင့် နိဗ္ဗာန် | ၁၆၉ |
| ၃၆။ | ကု- အကု- အဗျာ - ဓမ္မာ | ၁၇၁ |
| ၃၇။ | ရူပ - အရူပ - နိရောဓ - ဓါတ် | ၁၇၅ |
| ၃၈။ | နိရောဓ နှင့် နိရောဓသစ္စာ | ၁၇၇ |
| ၃၉။ | စိတ်, စေတသိက်, ရုပ် ချုပ်ခါမျှသည် နိရောဓ သာမည | ၁၇၉ |
| ၄၀။ | နိဗ္ဗာန်အမြင် | ၁၈၃ |
| ၄၁။ | ရှေးသူမြတ်တို့ နိဗ္ဗာန်စိတ်စေလွှတ်နည်း | ၁၈၄ |
| ၄၂။ | သံသရာခန္ဓာ၊ ဤမှာဘက်ကမ်းမှ ထိုမှာ ဘက်ကမ်း၊ နိဗ္ဗာန်ကူးသန်းနည်း | ၁၈၉ |
| ၄၃။ | ရှင်သာရိပုတြာ နှင့် ရှင်အနုရုဒ္ဓါ | ၁၉၁ |
| ၄၄။ | မဟာပုရိသဝိတတ် | ၁၉၄ |
| ၄၅။ | နှုတ်ဖြင့်လေ့ကျက်၊ စိတ်ဖြင့် ကပ်ရှု- ဉာဏ်အမြင် | ၁၉၆ |
| ၄၆။ | သူတော် သူမြတ်တို့ အမြတ်ဆုံး နှလုံးသွင်း | ၁၉၉ |
| ၄၇။ | သုပ္ပဝါသ မင်းသမီးပမာ | ၂၀၁ |
| ၄၈။ | အကုသိုလ်စေတနာ သတ္တိများ | ၂၀၂ |
| ၄၉။ | မောဟ နှင့် ဒေါသသတ္တိ | ၂၀၄ |
| ၅၀။ | အန္ဓဘာရလုင် | ၂၀၇ |
| ၅၁။ | မဟာဘောဂသူဌေး | ၂၀၉ |
| ၅၂။ | ဇောတိကသူဌေး | ၂၁၁ |

http://www.dhammadownload.con


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | နေသည် လ ကဲ့သို့ အေးမြခြင်း | ၂၁၃ |
| ၅၄။ | စန္ဒပဒုမဒေဝီ | ၂၁၄ |
| ၅၅။ | သုဇာတာနှင့် စုန္ဒဆွမ်း | ၂၁၅ |
| ၅၆။ | နိဗ္ဗာန် နှင့် သဒ္ဓါစေတနာ သတ္တိခြင်း ပြိုင်နှိုင်းချိန်ကြည့် | ၂၁၇ |
| ၅၇။ | ပုည - မဂ်၊ နိဗ္ဗာန်၊ သတ္တိ။ | ၂၁၉ |
| ၅၈။ | မဖြစ်သေးမီ၊ အရဟတ္တမဂ်သတ္တိ | ၂၂၁ |
| ၅၉။ | သူတော်သူမြတ်တို့၊ ဒုက္ခအစဉ်ငြိမ်းလိုလျှင် | ၂၃၁ |
| ၆၀။ | နိဗ္ဗာန် | ၂၃၂ |
| ၆၁။ | ဦးဘိုးလှိုင် နှင့် နိဗ္ဗာန် | ၂၃၄ |
| ၆၂။ | ရဟန္တာဖြစ်ခြင်းနှင့် ချုပ်ငြိမ်းခြင်း | |
| ၆၃။ | ချမ်းသာရကြောင်း၊ အမြတ်တရား၊ ခုနစ်ပါး - - - | ၂၄၉ |
| ၆၄။ | ဧကောဓမ္မော ကမ္မဋ္ဌာန်း | ၂၅၀ |
| ၆၅။ | ဧကောဓမ္မော မှ သတိပဋ္ဌာန်သို့ | ၂၅၃ |
| ၆၆။ | ဧကောဓမ္မော မှ ဗောဇ္ဈင်သို့ | ၂၅၇ |
| ၆၇။ | ဗောဇ္ဈင် - ခုနစ်ပါး | ၂၅၉ |
| ၆၈။ | ဧကောဓမ္မော မှ ဝိဇ္ဇာဝိမုတ္တိသို့ | ၂၆၂ |
| ၆၉။ | ဗုဒ္ဓမြတ် သာသနာ မဆုတ်ယုတ်ရေး၊ အဓွန့်ရှည်စွာ တည်ရှိရေး အကျင့်။ | ၂၆၉ |

http://www.dhammadownload.con

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၀။ | ရွှေ၏ အညစ်အကြေး ငါးပါးပမာနှင့် အစေ့သေးငယ်၊ ပင်စည်ကြီး သစ်ပင်ပမာ | ၂၇၁ |
| ၇၁။ | နွားကျောင်းပမာနှင့် ဆင်ကြမ်းကို ရှောင်ကြဉ်သည့်ပမာ | ၂၇၆ |
| ၇၂။ | အမြွက်မျှ၊ ဘာဝနာ မပွားများခြင်းနှင့် ပွားများခြင်းအကျိုး | ၂၈၃ |
| ၇၃။ | ပွဲဘာဘင်တွင်း၊ ဆီသပိတ်ပိုက်ပမာနှင့် လှေကွဲပေါက်ကြီးပေါ် ရတနာအတိ တင်ကူးသည့်ပမာ | ၂၈၈ |
| ၇၄။ | အထင့်ရှိတပ်အိမ်၏ အခြင်နရယ်ပမာနှင့် ဂင်္ဂါ- စကြာမင်းပမာ | ၂၉၁ |
| ၇၅။ | ဗောဓိရှင်တို့၏ အစွမ်းသတ္တိနှင့် အသိအမြင် ရရန်အကြောင်း | ၂၉၆ |
| ၇၆။ | ဓမ္မစကြာရတနာနှင့်တူသောသတိသမ္ဗောဇ္ဈင် ဖြစ်ပွားအောင်နှလုံးသွင်းအားထုတ်ကျင့်နည်း | ၂၉၈ |
| ၇၇။ | ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပွားအောင်နှလုံးသွင်း အားထုတ်နည်း | ၃၀၄ |
| ၇၈။ | ဝိမုတ္တိရသ ဖြစ်ပွားအောင် နှလုံးသွင်း ရှုဆင်ခြင်အားထုတ်နည်း | ၃၀၉ |

http://www.dhammadownload.con

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၇၉။ | မဟာသတိပဋ္ဌာနသုတ်၊ ဗောဇ္ဈင်ရှုဆင်ခြင်နည်း | ၃၁၄ |
| ၈၀။ | မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ကဿပ ဗောဇ္ဈင်ပါဠိအနက် | ၃၂၀ |
| ၈၁။ | စိတ်တွန့်တို ဆုတ်နစ်လျှင်၊ စိတ်ပျံ့လွင့်လျှင်၊ နှလုံးသွင်းပွားများ အားထုတ်ရမည့်တရား။ | ၃၂၂ |
| ၈၂။ | လှူဒါန်းလိုလျှင် (၁) | ၃၂၄ |
| ၈၃။ | လှူဒါန်းလိုလျှင် (၂) | ၃၂၆ |
| ၈၄။ | အပါယ်လေးပါးမှ လွတ်သောပုဂ္ဂိုလ် (၆) မျိုး | ၃၄၂ |
| ၈၅။ | ဗုဒ္ဓသာသနာ့ အန္တရာယ်ဘေးကြီးများနှင့် သာသနာ့အာဇာနည် သူရဲကောင်းကြီးများ | ၃၄၆ |
| ၈၆။ | အောင်သစ္စာသုံးဂါထာနှင့် အကြောင်းအရာ | ၃၅၆ |

http://www.dhammadownload.con



# ဘုရားရှိခိုး

နမောတေ၊ ဗုဒ္ဓဝီရတ္ထုတိ
ဝီရ - မဟာဝီရ၊
ဗုဒ္ဓ - သမ္မာသမ္ဗုဒ္ဓ၊
တေ - တဝ၊ သမ္ပဒါန ဘူတဿ
မေ - မမ၊ သမ္ဗန္ဓာနဘူတဿ၊
နမော - နမက္ကာရော။
အတ္ထု - ဘဝတုတိယောဇနာ။

## ၁။ နိဗ္ဗာန်တံခါးဖွင့်

အပါရုတာ တေသံ အမတဿ ဒွါရာ။
ယေ စက္ခုမန္တော ပမုဉ္စန္တု သဒ္ဓံ။

ယေ - နှလုံးပျော့ပျောင်း အကြင်သူတော် သူမြတ်တို့သည်။ စက္ခုမန္တော-ဝိပဿနာဉာဏ်အမြင် ပညာ မျက်စိရှိကြကုန်သည်၊ ဟောန္တိ ဖြစ်ကြကုန်၏။ တေ နှလုံးပျော့ ပျောင်း ထိုသူတော်သူမြတ်တို့သည်။ သဒ္ဓံ-မင်္ဂဖိုလ် နိဗ္ဗာန်ရရာရကြောင်း ယုံကြည်စိတ်ကောင်း သဒ္ဓါတရား အပေါင်းကို၊ ပမုဉ္စန္တု - ကောင်းစွာမသွေ စေလွှတ်တော် မူကြပါကုန်လော့။

http://www.dhammadownload.con



တေသံ-သဒ္ဒါပျော့ပျောင်း ထို သူတော် သူမြတ်တို့၏၊ အတ္တာယ -အကျိုးငှာ အမတသ အမြိုက်နိဗ္ဗာန်၏။ ဒွါရာ-တံခါးသဖွယ် ဖြစ်၍ ဖြစ်သော အရိယာမဂ်ပညာ ဝိပဿနာ ဘာဝနာ အနှစ်ချုပ် ကျင့်ဖွယ်တံခါးကို။ အပါရုတာ-ယခု အခါ က စ၍ တရားစည်တော်ကြီး ရိုက်ခတ်တီးလျက် ကောင်းစွာမသွေ တွန်းကန်ဖွင့်လှစ်တော်မူလိုက်ပါပေသည် တကား။

## ၂။ အကောင်းဆုံးမှာ

ထင်ရှာ- အလွန်ထင်ရှားကုန်သော မထေရ်ကြီး အများတို့သည်။ ငါးရာစီ ငါးရာစီသော တပည့်အများတို့ဖြင့် မဟာဂေါသိင် - အင်ကြင်းတော၌ သီတင်းသုံးတော်မူကြသည်။

အလွန်တင့်တယ်သော အင်ကြင်းတောကို သာလွန် တင့်တယ်အကောင်းဆုံးဖြစ်အောင် အသို့ပြုကြမည်နည်းဟု - တင်ပြကြသည်မှာ -

၁။ အကြားအမြင်များသော အကြင်ရဟန်းသည် အစ အလယ် အဆုံး အလုံးစုံ ကောင်းခြင်းနှင့် ပြည့်စုံသော အကျင့်မြတ်ကို နှုတ်ဖြင့် လေ့ကျက် စိတ်ဖြင့် ကပ်ရှု။

http://www.dhammadownload.con



ဉာဏ်အမြင် ထိုးထွင်းသိ၏။ ထိုရဟန်းသည် သဒ္ဓါဖြင့် တန်ဆာဆင်၍ ပရိတ်သတ်လေးပါး အင်ကြင်းတောအလယ် တရားဟောခြင်းဖြင့် သာလွန်တင့်တယ် အကောင်းဆုံး ဖြစ်စေရာဟု အရှင်အာနန္ဒာမထေရ်မြတ် တင်ပြလျှောက်ထားတော်မူ၏။

၂။ သမထ ဝိပဿနာ နှစ်ဖြာဘာဝနာကျင့်ခြင်းဖြင့် အကောင်းဆုံးဖြစ်စေရာသည်ဟု - အရှင်ရေဝတ လျှောက်ထားလေသည်။

၃။ မူတင်တေရသဆောင် ပစ္စဝေက္ခဏာ ရှုဆင်ခြင်းဖြင့် အကောင်းဆုံး ဖြစ်စေရာသည်ဟု အရှင်မဟာကဿပ-တင်ပြတော်မူ၏။

၄။ အဘိဓမ္မာတရား မေး - ဖြေကြားသည့် ရဟန်းနှစ်ပါး စကားသံဖြင့် အကောင်းဆုံး တင့်တယ်ရာသည်ဟု - အရှင်မဟာမောဂ္ဂလန် မိန့်ကြားတော်မူ၏။

၅။ နံနက် နေ့ ညချမ်း အလိုရှိတိုင်း သမာပတ်ဝင်စားခြင်းဖြင့် ဤအင်ကြင်းတောကြီး၌ အကောင်းဆုံးတင့်တယ်စေရာသည်ဟု အရှင်သာရိပုတြာ မိန့်ကြားတော်မူ၏။ အသီးသီး မတူမျှကြသဖြင့် မြတ်ဗုဒ္ဓထံပါး လျှောက်ကြားရာ -

http://www.dhammadownload.con



ရဟန်းတို့ ဆွမ်းကိစ္စပြီးက ရဟန်းကိစ္စ မပြီးလျှင် နေရာမှ မထပြီဟု အဓိဋ္ဌာန်လျက် ဤအင်ကြင်းတောအဝန်းဝယ်၊ တရားကျင့်သုံး အားထုတ်နေခြင်းဖြင့် သာလွန်တင့်တယ် အကောင်းဆုံး အမြတ်ဆုံးဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူ၏။

မိမိကိုယ်ခန္ဓာနှင့် အင်ကြင်းတော ထပ်တူထပ်မျှထားပြီး အကောင်းဆုံးမှာ - တရားဓမ္မရှုဆင်ခြင် ကျင့်သုံးနှလုံးသွင်းနေခြင်းဖြင့်။ အမြတ်ဆုံး အကောင်းဆုံး မိမိကိုယ်ကို ဖြစ်စေရသတည်း။

## ၃။ ဝိပဿနာပညာဖြင့်အသက်ရှင်ရခြင်းသည် အမြတ်ဆုံး

ဝိပဿနာပညာ မကျင့်သုံးဘဲ နှစ်ပေါင်းတစ်ရာ - ရက်ပေါင်း သုံးသောင်း ခြောက်ထောင်ငါးရာ အသက်ရှင်နေရခြင်းထက် ဝိပဿနာပညာ တစ်ရက်မျှ ကျင့်သုံးအသက်ရှင်နေခြင်းကား အမြတ်ဆုံးဟု ပဋာစာရီအား မိန့်တော်မူ၏။

အမြတ်ဆုံး မြတ်ဘုရားအား ဆွမ်းသက်န်းစသည့် - အာမိသ - ပူဇော်ရခြင်းထက် ဝိပဿနာကျင့် - ဓမ္မပူဇာ - ပူဇော်ရခြင်းကား အမြတ်ဆုံးဟု ရှင်အာနန္ဒာမထေရ်မြတ်အား ဟောတော်မူ၏။ ( ဒီ - ၃- ၁၁၄ )

http://www.dhammadownload.con



ဝိပဿနာပညာဖြင့် အသက်ရှင်ရခြင်းမှာ တစ်ပါးသော အသက်ရှင်နေရခြင်းကား ဖွဲကိုဆန်ရနိုးထောင်းသည်နှင့် တူလှပေစွဟု ဂေါတမလုင် ရှုမြင်လေသည်။

လောက၌ ဝိပဿနာပညာသာ အမြတ်ဆုံး ဝိပဿနာကျင့်သုံးသူသည် နတ်, လူ အပေါင်းတို့ထက်မြတ်၏။ ဝိပဿနာပညာမှ ဆုတ်ယုတ်ကြသူများ သမ္ဗုတ္တိ - စည်းစိမ်အားလုံးတို့မှ ဆုတ်ယုတ်ကြသူများဖြစ်သည်ဟု - ပညာပရိဟီနသုတ်၌ ဟောတော်မူ၏။

ဆုတ်ယုတ်ခြင်း တကာတို့ထက် ဝိပဿနာပညာဆုတ်ယုတ်ခြင်းသည် အဆုတ်ယုတ်ဆုံး၊ ကြီးပွားခြင်း တကာ တို့ထက် ဝိပဿနာပညာ ကြီးပွားခြင်းသည် အကြီးပွားဆုံး။ ( အံ-၁-၁၃ )။ ရစရာလာဘ် အပေါင်းတို့ထက် ဝိပဿနာ ပညာရခြင်းသည် အမြတ်ဆုံး။ (အံ-၂-၂၈၈)။ ထိုထို ဤဤ အောက်မေ့နှလုံးသွင်းခြင်းအပေါင်းတို့ထက် ဝိပဿနာ ဘာဝနာ အဖန်တလဲလဲ နှလုံးသွင်းအောက်မေ့ရခြင်းကား အမြတ်ဆုံး။

တဏှာ မျက်စိကျယ်လျှင် ခံစားဖွယ် လူ,နတ်,ချမ်းသာ လောကကြီး ပျော်ပိုက် နှစ်ခြိုက်လေသည်။ ဝိပဿနာဉာဏ်မျက်စိ အမြင်ကျယ်လျှင် ငြိမ်းချမ်းသည့် သဘာဝ

http://www.dhammadownload.con



ချမ်းသာကိုလည်း လိုလားပျော်ပိုက် နှစ်ခြိုက်အားရနိုင်၏။ ခံစားရမှ ချမ်းသာသည့် နတ်လူချမ်းသာကား ဖြစ်ပျက်မလွတ် ဆင်းရဲအစစ်ဟု ရှုမြင်နှလုံးသွင်းနိုင်လေ၏။

**ဝိဇ္ဇာစရဏသမ္ပန္နော သော**
**သေဋ္ဌော ဒေဝမာနုသေတိ။ ( ဒီ ၂-၈၁ )**

ယော-အကြင်သူသည်၊ ဝိဇ္ဇာစရဏ သမ္ပန္နော-ဝိပဿနာ ဉာဏ်အမြင်အကျင့်နှင့် ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏။ သော-ထိုသူသည် ဒေဝမာနုသေ-နတ်လူအပေါင်းတို့ထက် သေဋ္ဌော-အမြတ်ဆုံးသည်၊ ဟောတိ-ဖြစ်၏။

**ကထံဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။**
**ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။ ( သံ-၁ )**

ကထံဇီဝိံ-အဘယ်သို့သော အသက်ရှင်ခြင်းမျိုးကို၊ သေဋ္ဌံ-အမြတ်ဆုံး၊ ဇီဝိတံ-အသက်ရှင်ခြင်းမျိုးဟု၊ အာဟု-ဆိုကြကုန်သနည်း။

ပညာဇီဝိံ-ဝိပဿနာ ဉာဏ်ပညာဖြင့် အသက်ရှင်ခြင်းမျိုးကို၊ သေဋ္ဌံ-အမြတ်ဆုံး၊ ဇီဝိတံ-အသက်ရှင်ခြင်းမျိုးဟု၊ အာဟု-ဘုရားအစ များလှဘိတောင်း အရိယာသူတော်ကောင်းတို့သည် ငြိမ့်ညောင်းသံသာ မိန့်ဆိုတော်မူကြကုန်၏။

http://www.dhammadownload.con



ပညာဟိ သေဋ္ဌေါ လောကသ္မိံ။
ဝိပဿနာတိပညာယေတံနာမံ။

လောကသ္မိံ-လောက၌၊ ပညာဟိ-ဝိပဿနာပညာသည်သာလျှင်၊ သေဋ္ဌော-အမြတ်ဆုံး ဖြစ်ပါပေ၏။ ဝိပဿနာတိ-ဝိပဿနာဟူသည်ကား။ ဧတံနာမံ-ထို ဝိပဿနာ ဟူသော အမည်သည်၊ ပညာယ-ပညာ၏၊ နာမံ-အမည်ပေတည်း။

## ၄။ တရားကျင့်ခြင်းသည့်အများ ချမ်းသာကြောင်း –

အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလ-မထေရ် သုံးပါး သီတင်းသုံးတော်မူရာ စူဠဂေါသိင်- အင်ကြင်းတောသို့ မြတ်စွာဘုရား ကြွလာတော်မူ၏။

ရဟန်းတို့ ခန့်ကျန်းကြ၏လော။ မျှတကြ၏လော။
ညီညွတ်ကြ၏လော - ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား တပည့်တော်များ ကျန်းမာကြပါ၏။ ဆွမ်းဖြင့်လည်း မပင်ပန်း - မျှတကြပါ၏။ တပည့်တော်၏ စိတ်ကို မထေရ်ကြီး - နှစ်ပါး အလိုကျ ထားပါ၏။ ချစ်နှစ်သက်ဖွယ် မျက်လုံးအစုံတို့ဖြင့်လည်း အချင်းချင်း - တစ်ပါးနှင့် တစ်ပါး ကြည့်ရှုကြပါ၏။ နို့ နှင့် ရေ တစ်သားတည်း ကဲ့သို့ နှီးနှောညီညွတ်ကြပါသည်ဘုရားဟု လျှောက်ထား၏။

http://www.dhammadownload.con



ကျန်မထေရ်ကြီး နှစ်ပါးလည်း ဤအတိုင်းပင် လျှောက်ထားကြသည်။ ငါးရက်တစ်ကြိမ်ကျ ညဥ့်သုံးယံပတ်လုံး တရားစကားဖြင့် ကုန်လွန်ကြလျက် သမာပတ်ရှစ်ပါးရကြောင်းလည်း လျှောက်ထားကြသည်။

ထိုအခါ ပရဇနမည်သော ဒီဃသနသည် အရှင်မြတ်သုံးပါး ဤအရပ်၌ သီတင်းသုံးတော်မူကြသဖြင့် ဝဇ္ဇီတိုင်းသား-လူအများတို့ အရတော်ကြပေစွ - ဟု လျှောက်ထား၏။

လျှောက်ကြားသည့် စကားသံ အဆင့်ဆင့် နတ်တို့ကြားသဖြင့် ဘဝဂ်မဆန့် လောကဓာတ် ပျံ့နှံ့လေ၏။

အကြင်အမျိုးအနွယ် အဆက်မှလည်းကောင်း၊ ရပ်ရွာမြို့ပြမှလည်းကောင်း၊ ရဟန်းပြုကြ၏။ ကြည်ညိုစိတ်အဖန်ဖန် အောက်မေ့ပွားများကြ၏။ ထိုမျိုးနွယ် ရပ်ရွာမြို့ပြအား နေ့ညဥ့်ပတ်လုံး စီးပွားချမ်းသာ ဖြစ်ရာ၏ဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူ၏။ ( မ-၁-၂၆၆ )

ဒကာ - ဒကာမ များ ချမ်းသာလိုလျှင် ရဟန်းသည်
တရား ကျင့်ရာ၏။

**အတ္တာနံ ရက္ခန္တော ပရံရက္ခတိ။**

**ပရံရက္ခန္တော အတ္တာနံ ရက္ခတိ။**

အတ္တာနံ-မိမိကိုယ်ကို၊ ရက္ခန္တော-စောင့်ရှောက်သောသူသည်၊ ပရံ-သူတစ်ပါးကို၊ ရက္ခတိ - စောင့်ရှောက်သည်

http://www.dhammadownload.con



မည်၏။ ပရံ-သူတစ်ပါးကို၊ ရက္ခန္တော-စောင့်ရှောက်သူသည်၊ အတ္တာနံ-မိမိကိုယ်ကို၊ ရက္ခတိ-စောင့်ရှောက်သည်မည်၏။

(အတ္တတ္ထံ) ပရတ္ထံ ဘိက္ခဝေ သမ္ပဿမာနော အလမေဝ အပ္ပမာဒေန သမ္ပါဒေတုံ။

ဘိက္ခဝေ-ရဟန်းတို့၊ ပရတ္ထံ-ဒကာ-ဒကာမ အကျိုးကို၊ သမ္ပ ဿမာနော-ကောင်းစွာရှုမြင်သော ရဟန်းသည်၊ အပ္ပမာဒေန- မမေ့မလျော့ အကျင့်သတိဖြင့်၊ သမ္ပါဒေတုံ-ပြည့်စုံခြင်းငှာ၊ အလမေဝ-သင့်လျော်တော့သည်သာတည်း။

## ၅။ ဝိပဿနာ မြတ်ပညာခရီး

ဝိပဿနာမြတ်ပညာ အနှစ်သုံးဆယ်ကျော်မျှ လေ့ ကျက်ဆည်းပူး သင်ပြလာခဲ့ရာ များစွာတို့အနက် အထူးခြား ဆုံး စုစည်းပြီး - ဝိပဿနာ ဘာဝနာအနှစ်ချုပ်ကျင့်ဖွယ် ကျမ်းအဖြစ် စီရင်အပ်ပါသည်။ သင်တန်းတွင် မကြေညက် သည်များ ရှိခဲ့လျှင်လည်း သင်တန်းသား/သူ ရှင် လူ ရဟန်း များ လွယ်ကူချမ်းမြေ့ ပြန်လည်ကြည့်ရှုပွားများ နိုင်ကြပါစေ။

http://www.dhammadownload.con



ဝိပဿနာ ပညာလိုလား သူတော်စင်အများလည်း ချမ်းချမ်း မြေ့မြေ့ စုံစုံစေ့စေ့ လွယ်လင့်တကူ နည်းယူ ကျင့်သုံး ပွားများနိုင်ကြပါစေ။

ဝိပဿနာ = ထူးသည့်တရား ထူးသည့်ဉာဏ်ဖြင့် အခြင်းအရာများ ရှုမြင်ခြင်း။

ဘာဝနာ = အဖန်ဖန် အထပ်ထပ် ပွားများအား ထုတ်ခြင်း။

သာရ = မဂ် ဖိုလ် နိဗ္ဗာန်အနှစ် နှင့် ကျင့်ဖွယ် အနှစ်။

အနှစ်တရားရဖို့ သဘာဝပရမတ် ထူးသည့်အခြင်းအရာ ဉာဏ်အမြင် ရှုမြင်ပွားများ အားထုတ်ကျင့်နည်းအနှစ်ချုပ် အချုပ် ပြသသည်ကို၊ ဝိပဿနာ ဘာဝနာအနှစ်ချုပ် ကျင့်ဖွယ်ကျမ်းဟု ဆိုအပ်ပါပေ၏။

## အယမေတ္ထ အာယာစနာ။

(၁) ဘူတာဘူတံ ဝိစက္ခေယျ၊
ဘူတံ ဂဏှေယျ ပဏ္ဍိတော။
အဘူတဉ္စ ဝိသဇ္ဇေယျ၊
နစကာရေယျ အမနာပံ။

(၂) ယံပုညမုပစိတံ တေန ဟောတု၊
သဗ္ဗော သုခီ လောကော။

၁၃၅၈ - ခုနှစ် ကဆုန်လပြည့် မြတ်ဗုဒ္ဓနေ့ ဗုဒ္ဓဟူးနေ့ ပြီးစီးအောင်မြင်သည်။

http://www.dhammadownload.con



## ၆။ ဝိပဿနာ အားထုတ်ဘို့ ဥပနိဿယပြည့်

ယင်းသို့ စဉ်းစားဆင်ခြင်သည်ကိုပင် ဝိပဿနာ အလုပ်ကို အားထုတ်သည်ဟု ဆိုသည်။

ပရမတ္ထစက္ခုကျမ်း ၂၆၅/၆/၁၃၁၊
ဒီပဲရင်း ဆရာတော်။

## ဝိပဿနာကို အချိန်မရွေး အားထုတ်နိုင်ခြင်း

ဝိပဿနာတရားကို အားထုတ်ရသော အမှုသည် ကိုယ်အမှုအရာ နှုတ်အမှုအရာတို့ဖြင့် ပင်ပန်းကြီးစွာ အားထုတ်ရသော အမှုမျိုးမဟုတ် ကိုယ့်သန္တာန် သူတစ်ပါးသန္တာန်ဖြစ်ပျက်၍နေသော နာမ်ရုပ်၏ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ထင်မြင်အောင် ရှုကြည့်ရသော ဉာဏ်ဝီရိယတို့ အလုပ်ဖြစ်ပေသတည်း။ ထို့ကြောင့် သွားရင်း လာရင်း စားရင်း သောက်ရင်းနှင့်ပင် ဖြစ်နိုင်လေသည်။

http://www.dhammadownload.con



# လယ်တီဦးနန္ဒိယ ဝိပဿနာဒီပနီ

ဤကဲ့သို့ ပြဆိုအပ်ခဲ့သောနည်းကို အစဉ်မှီ သဖြင့် ကြည့်ရင်း, ရှုရင်း, သွားရင်း, လာရင်း, နေရင်း, ထိုင်ရင်း, လုပ်ရင်း, ကိုင်ရင်း, စားရင်း, သောက်ရင်း ဟူသမျှတို့၌ သတိ ရှေ့ထားပြီး မမေ့မလျော့ နှလုံးသွင်းအားထုတ်၍ နေနိုင်ပါမူ မဂ်ကိစ္စတို့ကို ပြီးစီးအောင်မြင်နိုင်ပေသည်။

မူလသပိတ်အိုင်တောရ ဆရာတော်ဘုရားကြီး
ဓာတ်ကမ္မဋ္ဌာန်းစာအုပ်မှ

တိက္ခတိ = ကျင့်၏ဆိုသည်ကား အားထုတ်၏။
လုလ္လ- ပြု၏၊ မပြတ်နှလုံးသွင်း၏ဟု ဆိုလိုသည်။
(ဝိသုဒ္ဓိမဂ်- ပြန်-၁-၅၄၃ ဆဋ္ဌသင်္ဂါယနာ- မူ)

## ၇။ ဝိပဿနာ ဘာဝနာကျင့်နည်းအစဉ်

**ကမ္မဋ္ဌာန်း၏ ရှေးဦးအစ -**

၁။ သင်ကြားနာယူရမည်။ ( သောတာနုဂတ )

၂။ တရားစာနှုတ်တတ် ရွရွရွတ်ဆိုရမည်။ (ဝစသာပရိစိတ)

၃။ အနက် အဓိပ္ပာယ် ထင်မြင်အောင် နှလုံးသွင်းရမည်။ (မနသာနုပေက္ခိတ)

http://www.dhammadownload.con



၄။ ဉာဏ်အမြင် ထိုးထွင်းသိမြင်လာလိမ့်မည်။

( ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓ ) အံ - ၁- ၅၀၄။

သီရိလင်္ကာ မလယအရပ်၌ သီတင်းသုံးသည့် မဟာဒေဝ မထေရ်ကြီးထံ ကျမ်းဂန်တတ် မထေရ်နှစ်ပါး ကမ္မဋ္ဌာန်းလာတောင်းကြရာ သင်္ခတနာမ်ရုပ်တို့၏ သာမညလက္ခဏာ ဖြစ်သည့် အနိစ္စ ဒုက္ခ အနတ္တ သဘောပါသည့် တရားစကားပါဠိအနက်တို့ကို နှုတ်တက်ရွရွ ရွတ်ဆိုရမည်ဟုဆိုကာ ကမ္မဋ္ဌာန်းပေးသည်။ လိုက်နာ၍ လေးလမပြတ် ရွတ်ဆိုပွား များကြလျှင် မထေရ်နှစ်ပါး သောတာပန် ဖြစ်ကြလေသည်။ ဝိသုဒ္ဓိမဂ် ကျမ်းကြီးပြုသည့် ဆရာတော်ဘုရားကြီးသည် လည်းကောင်း ရှေးသူကောင်းသူမြတ် ယောဂီသူမွန် ပညာဝန် တို့သည် ကမ္မဋ္ဌာန်းစည်းဖြန်းရွတ်ဆိုပွားများ အားထုတ်တော် မူကြလေသည်။ မိမိလည်း ရှေးသူကောင်း သူမြတ်တို့ လမ်းရိုး လိုက်သူပဲ ကမ္မဋ္ဌာန်း၏အစ တရားစာ ရွတ်ဆိုပွားများ နှလုံး သွင်းနေပေတော့အံ့ဟု ဆုံးဖြတ်ကြရာသည်။

နှုတ်ဖြင့် ရွတ်ဆိုခြင်းသည် စိတ်ဖြင့် နှလုံးသွင်းမှုအား ကျေးဇူးပြု၏။ စိတ်ဖြင့် ဆင်ခြင်နှလုံးသွင်းခြင်းသည် အနိစ္စ စသည့်အချက်သဘော သဘာဝကို ထိုးထွင်း

http://www.dhammadownload.con



ဉာဏ်အမြင်အား ကျေးဇူးပြု၏။ အနိစ္စ စသည့်ထိုးထွင်းဉာဏ် အမြင်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်အား ကျေးဇူးပြု၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ပေါ်လျှင် ခပ်သိမ်းကုန်သော ဒုက္ခငြိမ်းစဲရာ နိဗ္ဗာန်ကို သိမြင်ပေတော့သည်။

**ဝစသာ သဇ္ဈာယော ဟိ မနသာ သဇ္ဈာယဿ**

**ပစ္စယော ဟောတိ။**

**မနသာ သဇ္ဈာယော လက္ခဏပဋိဝေဓဿ**

**ပစ္စယော ဟောတိ။**

**လက္ခဏာပဋိဝေဓော၊ မဂ္ဂဖလပဋိဝေဓဿ**

**ပစ္စယော ဟောတိ။ (ဝိသုဒ္ဓိမဂ်)**

ဝစသာ-နှုတ်ဖြင့်၊ သဇ္ဈာယော-ရွတ်ဆိုခြင်းသည်၊ မနသာ-စိတ်ဖြင့်၊ သဇ္ဈယဿ-ကပ်၍၊ ရွတ်ဖတ်ကြံစည် နှလုံးသွင်းခြင်းအား၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။ မနသာ သဇ္ဈာယော-စိတ်ဖြင့်ကပ်၍ အဖန်ဖန်ရွတ်ဖတ် ကြံစည်ခြင်းသည်၊ လက္ခဏာပဋိဝေဓဿ-အနိစ္စ စသည့်လက္ခဏာကို ထိုးထွင်းသိခြင်းအား၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။ လက္ခဏာပဋိဝေဓေါ-အနိစ္စစသည့်အချက် လေးလေးနက်နက် ထိုးထွင်းသိခြင်းသည်၊ မဂ္ဂဖလ ပဋိဝေဓဿ-မဂ် ဖိုလ်ကို ထိုးထွင်းသိခြင်းအား၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.con



ပဌမံ တာဝ အာဂမာနုသာရတော အနုမာနဝသေန
ဒဌဗ္ဗော၊ တတောပရံ အနုက္ကမေန ဘာဝနာဉာဏေ
ဗလပတ္တေ ပစ္စက္ခတော ဝိဘာဝေတိ။

( ဝိ - ဋီကာဟောင်းကြီး - ၃၆၉ )

ပဌမံတာဝ-ရှေးဦးစွာ၊ အာဂမာနုသာရတော-နှုတ်တက်ရွရွ ရွတ်ဆိုသည်ကို အစဉ်မှီးသောအားဖြင့်၊ အနုမာနဝသေန-သဘာဝအချက် အနိစ္စအချက်ကို မှန်းဆသောအားဖြင့် ဒဌဗ္ဗော-ရှုဆင်ခြင်အပ်၏။ တတော ထို့နောက်မှ၊ ပရံ-နောက်၌ နှလုံးသွင်းပွားများသော ဉာဏ်သည်၊ ဗလပတ္တေ -အားကောင်းလာသည်ရှိသော်၊ ပစ္စက္ခတော သဘာဝအချက် ဉာဏ်အမြင်နက်နက် တိုက်ရိုက်ဉာဏ်မျက်စိအမြင်သည်၊ ဝိဘာဝေတိ- ထင်ထင်လင်းလင်း တွေ့သိထင်မြင်ရလိမ့်မည်။

နှုတ်တက်ရွရွ ရွတ်ဆိုရမည့် - ပြယုဂ်များမှာ -
ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာသညာ သင်္ခါ ရာ
အနိစ္စာ၊ ဝိညာဏံအနိစ္စံ (ဒုက္ခ အနတ္တာထည့်လေ)
အနက်လွယ်၏

ရူပံဘိက္ခဝေ အနိစ္စံ ယောပိဟေတု ယောပိပစ္စယော။
ရူပဿ ဥပ္ပါဒါယ သောပိ အနိစ္စော အနိစ္စသမ္ဘူတံ
ရူပံ ဘိက္ခဝေ ကုတော နိစ္စံ ဘဝိဿတိ။

http://www.dhammadownload.con



ဘိက္ခဝေ-ရဟန်းတို့၊ ရူပံ-ရုပ်သည်၊ အနိစ္စံ-မမြဲ။ ရူပဿ -ရုပ်၏၊ ဥပ္ပါဒါယ-ဖြစ်ခြင်းငှာ၊ ယောပိဟေတု-အကြင် အတိတ် ဇနကအကြောင်းသည်လည်းကောင်း၊ ယောပိပစ္စယော-အကြင်ပစ္စုပ္ပါန် အထောက်အပံ့ ဥပထမ္ဘကအကြောင်း သည်လည်းကောင်း၊ အတ္ထိ-ရှိ၏။ သောပိ-ထိုအကြောင်းအရာနှစ်ပါးသည်လည်း၊ အနိစ္စော-အမြဲမရှို၊ ဘိက္ခဝေ-ရဟန်းတို့၊ အနိစ္စ သမ္ဘူတံ-အမြဲမရှိသော အကြောင်းတရား အမှီပြု၍ ဖြစ်ပေါ် လာရသော၊ ရူပံ-ရုပ်သည်၊ နိစ္စံ-မြဲသည်၊ ကုတော ဘဝိဿတိ- အဘယ်မှာ ဖြစ်နိုင်ပါလတ္တံ့နည်း။ (ခန္ဓာငါးခု- **အနိစ္စ ဒုက္ခ အနတ္တ သုံးခုနှင့်တွဲ -၁၅- ပုဒ်ရွတ်လေ )**

၁။ ပရိယတ္တိဓမ္မ ။ တရားစာများ ရွတ်ဆိုလေ့ကျက် နှလုံးသွင်းလျှင် မချွတ်ကေန် နတ်ပြည်၌ ဖြစ်ရလေသည်။ လေ့ကျက်နှလုံးသွင်းခဲ့သောတရားများ နတ်သားအား လွယ်ကူစွာပေါ်လာပြီး တရားထူး ရနိုင်ပါသည်။

၂။ မရရှိခဲ့သေးလျှင်လည်း တန်ခိုးကြီးသော ရဟန်းတို့ နတ်ပြည်ကြွတရားဟောလျှင်လည်း လေ့ကျက်နှလုံးသွင်းခဲ့ဘူးသော တရားတို့ကို ဉာဏ်၌ လွယ်ကူစွာထင်မြင်နိုင်၍ တရားထူးရနိုင်ပါသည်။

၃။ မရရှိခဲ့သေးလျှင်လည်း ဓမ္မကထိက နတ်သားများ သုဓမ္မာသဘင်၌ တရားဟောလျှင် ကြားနာရသည်နှင့်

http://www.dhammadownload.con



တစ်ပြိုင်နက် လေ့ကျက်နှလုံးသွင်းခဲ့ဘူးသော တရားများ ပြန်သတိရပြီး တရားထူးရနိုင်ပါသည်။

၄။ မရရှိခဲ့သေးလျှင်လည်း အတူနေ အရိယာနတ်တို့က သတိရအောင် ဆွေးနွေးဟောကြားကြလျှင် လူ့ဘဝက လေ့ကျက်နှလုံးသွင်းခဲ့ဘူးသော တရားများ ပြန်လည် သတိရပြီး တရားထူးရနိုင်သည်ဟု ဗုဒ္ဓမြတ်စွာ ဟော တော်မူ၏။

တဿ တတ္ထ သုခိနော ဓမ္မပဒါ ပလဝန္တိ။
ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထခေါ၊
သောသတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။

( အံ - ၁-၅၀၄ )

တတ္ထ-ထိုနတ်ပြည်၌။ တဿ-လူ့ဘဝက ပရိယတ္တိ တရား ဓမ္မလေ့ကျက် နှလုံးသွင်း ကျင့်သုံးခဲ့သော ထိုသူအား။ သုခိနော-လွယ်လွယ်ကူကူ။ ဓမ္မပဒါ-ရှေးလူ့ဘဝလေ့ကျင့် နှလုံးသွင်းခဲ့ဘူးသည့်။ တရားအစုတို့သည် ပလဝန္တိ- ထင်ထင် ရှားရှား ဘွားကနဲ ပေါ်လာကုန်၏။

ဘိက္ခဝေ-ရဟန်းတို့။ သတုပ္ပါဒေါ ရှေးလူ့ဘဝက အောက် မေ့ သတိဖြစ်ခြင်းသည် တရားအမှတ် နှလုံးသွင်းမိ ခြင်းသည်။ ဒန္ဓော-နှေးသေး၏။ အထခေါ-စင်စစ်သော်ကား။ ခိပ္ပမေဝ -လျှင်မြန်စွာသာလျှင်။ ဝိသေသဘာဂီ-မဂ်ဖိုလ်နိဗ္ဗာန် တရား ထူးရခြင်းအဘို့ရှိသည်။ ဟောတိ ဖြစ်၏။

http://www.dhammadownload.con



ပြသခဲ့သော အစဉ်အတိုင်း၊ အားထုတ်ကြပါမူ။ တရားထူးရရှိရန် သေချာပါသည်၊ ယောဂီ၊ ရဟန်း၊ သူမြတ်တို့၊ စိတ်ချလက်ချ၊ အားကိုး၊ အားထား၊ အားထုတ်ကြရန် အချက်ကြီး ဖြစ်ပေသတည်း။

## ၈။ (က) ဝိပဿနာ ဉာဏ်အမြင်

အနှစ်ထုတ်၊ အချုပ်၊ နှိုင်းယှဉ်ရှုဆင်ခြင် အားထုတ်နည်း။
အားထုတ်သူအား၊ နှိုင်းချိန်ခြင်းသည်၊ ကျေးဇူးများ၏။
နှိုင်းချိန်သူအား၊ အားထုတ်ခြင်းသည်၊ ကျေးဇူးများ၏။
မ - ၂ - ၃၈၅/၆

## ၉။ (ခ) သစ္စာ = ၂ ပါး။

| သမ္မုတိသစ္စာ | ပရမတ္ထသစ္စာ |
| --- | --- |
| နတ်၊ လူ၊ သူ၊ ငါ စသည်။ | စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် |

http://www.dhammadownload.con



ဉာဏ်ဖြင့် နှိုင်းချိန်ရှုလျှင် စိတ် စေတသိက် ရုပ် နိဗ္ဗာန် -၄-ခု သည် ပရမတ္ထသစ္စာ။ ကျန် အားလုံးအကုန် သမုတိသစ္စာ။ - ၂ - ပါးသာ ရှိပေသည်။


- အဟုတ်မရှိ သမုတ်ရှိ ဉာဏ်ဖြင့်ရှာကြည့် မတွေ့ရှိတဲ့ သမုတိသစ္စာ သရုပ်တရားကိုယ် မရစကောင်းသော ကြောင့် ဝိပဿနာ မရှုရ။
- အဟုတ်ရှိ သမုတ်ရှိမဟုတ် ဉာဏ်ဖြင့် ရှာကြည့် တွေ့ သိရတဲ့ ပရမတ္ထသစ္စာ သရုပ်တရားကိုယ် ရကောင်းသော ကြောင့် ဝိပဿနာ ရှုရမည်။
- ပရမတ္ထသစ္စာမှ လွဲရှုလျှင် လွဲသွားပြီ။
- စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် - ၄-ပါးသာ ရှိသည်။
- လိုချင်တာက နိဗ္ဗာန်၊ နိဗ္ဗာန်လိုချင်လျှင် -
- မိမိသန္တာန် - အဘယ်စိတ်, အဘယ်စေတသိက်, အဘယ် ရုပ်ဖြစ်နေသည်ကို ထင်အောင်, မြင်အောင်, နှလုံးသွင်း ရှုဆင်ခြင် အောက်မေ့ရသည်။
- နိဗ္ဗာန်ကို စိတ်, စေတသိက်, ရုပ်ဖြင့်သာ သွားရသည်။
- သွားတတ်, ရောက်တတ်သူ တစ်စုံး တစ်စိတစ်ယောက် မျှ မရှိချေ။

သမုတိသစ္စာ နဲ့ ပရမတ္ထ သစ္စာကွဲအောင် ရှုလေ - - -

http://www.dhammadownload.con



## ၁၀။ (ဂ) ပညတ်




ပညတ်အပြား - ၆ ပါးတို့တွင် - ဤ၌ အဓိကအားဖြင့် မိဘသည်ရှိ၏။ လုပ်ကျွေးက နတ်ပြည်ရောက်၏ စသည် ဖြင့် လာရှိ၏။ ထင်ရှားမရှိသော လူ, နတ် စသည်ကိုရှိ၏ ဟု သိစေခြင်း - သမ္မုတိသစ္စာ + အဝိဇ္ဇမာနပညတ်။

ထင်ရှားရှိသော ဓမ္မသဘာဝများကို သိရှိအောင် ဤကား ဖဿ၊ ဤကား-ပထဝီ စသည်ဖြင့် အမည်နာမဖြင့် သိစေခြင်း၊ ပရမတ္ထသစ္စာ + ဝိဇ္ဇမာနပညတ်။

ပညတ်ဝိပဿနာ မရှုရ၊ ပရမတ် ရှုရမည်။

အဘယ်အရာသည် ဆွေးမြေ့ပျက်စီးသနည်း။

( သံ - ၁ - ၄၀။ )

http://www.dhammadownload.con



# (ဃ) ပရမတ်

သင်္ခတာဓမ္မာ။ → စိတ်၊ စေတသိက်၊ ရုပ်

အသင်္ခတာဓမ္မာ။ → နိဗ္ဗာန်

၁ + ၅၂ + ၂၈ = ၈၁ + ၁ = ၈၂

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် - ၄ - မျိုးသာရှိ၏။ လိုချင်တာက နိဗ္ဗာန်။ နိဗ္ဗာန်လိုချင်လျှင် စိတ်, စေတသိက်, ရုပ် - မြင်အောင် ရှုရသည်။ စိတ်, စေတသိက်, ရုပ်မှ-လွဲလျှင် လွဲသွားပြီ။ နိဗ္ဗာန်ကို စိတ်, စေတသိက်, ရုပ်ဖြင့်သာ သွားရသည်။ အခြားတစ်ပါးဖြင့် သွားလို့မရ။ ရှိလည်းမရှိချေ ---

ပရမတ်သင် မှ နားဝင်မည်။

ပရမတ်မသင် - နားမဝင်။


ပရမတ်ကျ မှ နားဝမည်။

ပရမတ်မကျ - နားမဝ။ (စတုဂီရိ ၁၊ ၂၁၈)

http://www.dhammadownload.con



## (င) သစ္စာ - ၂ - ပါး




သစ္စာ-၂-ပါးသာရှိ၏။ သရုပ်တရားကိုယ် မရစကောင်းသော၊ သမုတိသစ္စာ ဝိပဿနာ မရှုရ၊ သရုပ်တရားကိုယ်ရကောင်းသော ပရမတ္ထသစ္စာရှုရမည်မှာ -

၁။ အဟုတ်အမှန်ဉာဏ်အမြင်-သမ္မာဒိဋ္ဌိ-က အနှစ်ထုတ် အချုပ်ရှုလိုက်လျှင်-နိဗ္ဗာန်ကလွဲလျှင် ဒုက္ခသာပဲ ရှိသည်ဟု မြင်ရသည်။

၂။ ဒုက္ခအစုတည်းမှ စိတ်ဖြစ်ပေါ်လျှင် ငါ့စိတ် ဝေဒနာ စသည် ဖြစ်ပေါ်လျှင် ငါခံစားသည်။ ငါ-မှတ်သည်။ သဒ္ဓါစေတနာ ဖြစ်ပြန်လျှင် ငါ့ အလှူပဲ စသည်ဖြင့်

http://www.dhammadownload.con



လွဲမှားစွာ ငါ့ဟာ ငါ-ဟု တဏှာဒိဋ္ဌိက သိမ်းပိုက်သည်။ ဖြစ်လျှင် ပျက်မြဲ ဒုက္ခပဲ။ အဘယ်လျှင် ငါ့ဟာ ငါရှိနိုင် ဖြစ်နိုင်ပါအံ့နည်း။

၃။ ဖြစ်သမျှအလုံးစုံ-ဒုက္ခ။ ဒုက္ခမှလွဲလျှင် နိဗ္ဗာန်။ နိဗ္ဗာန်မှလွဲလျှင် ဒုက္ခဟု ဆန့်ကျင်ဘက် သမ္မာဒိဋ္ဌိ ဉာဏ်အမြင်က ရှုရာသည်။ ရှုဉာဏ်ရင့်ကျက်က နိဗ္ဗာန်သို့ သက်ဝင် အာရုံညွတ်၏။ နိဗ္ဗာန်ကို ဉာဏ်အမြင် သက်ဝင်ထင်လိုက်ချေက ဒုက္ခဖြစ်ကြောင်း အဝိဇ္ဇာ တဏှာ စသည့်သမုဒယသစ္စာ ဆင်းရဲဖြစ်ကြောင်း ချုပ်၏ ငြိမ်း၏။ အကြောင်းငြိမ်းလျှင် ဒုက္ခသစ္စာ ဆင်းရဲအမှန် သံသရာအလျဉ် ခန္ဓာအစဉ်လည်း ချုပ်ငြိမ်း ကွယ်ရပေသည်။

အပါယ်ကျကြောင်း - ဒိဋ္ဌိ ဝိစိကိစ္ဆာ ငြိမ်းသောကြောင့် အပါယ်၌ ဖြစ်ပေါ်ရမည့် - ခန္ဓာစဉ်ငြိမ်းသကဲ့သို့ ငြိမ်းကြသည်။

ဒုက္ခ-နဲ့-ဒုက္ခဖြစ်ကြောင်း ရှုမြင်နေတာက ဝိပဿနာဉာဏ်။ အစဉ်သဖြင့် ထင်ရှားရှိသော နိဗ္ဗာန်ကိုမြင်တာက - မဂ်ဉာဏ်။ ထင်ရှားရှိသဖြင့် မဂ်ဉာဏ် သိမြင်လိုက်တာက - နိဗ္ဗာန်။

မဂ်ဉာဏ်သိမြင်လိုက်တဲ့နိဗ္ဗာန်က - နိရောဓသစ္စာ။ နိဗ္ဗာန်ကို သိမြင်လိုက်သောကြောင့် ဒုက္ခ နဲ့ ဒုက္ခ၏အကြောင်း ချုပ်ငြိမ်းကွယ်ပ ပြတ်တောက်သွားတာက- နိရောဓသောမည။

http://www.dhammadownload.con



ဒုက္ခ နဲ့ ဒုက္ခ၏ အကြောင်း ငြိမ်းတာက-မရှိ-အဘာဝပညတ်။
မဂ်ဉာဏ်ဖြင့် သိမြင်ရတဲ့ နိဗ္ဗာန်က-အရှိသဘာဝပရမတ်။

## ၁၂။ ( စ ) အနတ္တ

- ပညတ်
- ပရမတ်
  - ဖြစ်
    စိတ်၊ စေတသိက်၊ ရုပ်
    ၁ + ၅၂ + ၂၈ = ၈၁
    → အတိဒုက္ခ
  - \+
  - မဖြစ်
    နိဗ္ဗာန်
    ၁ = ၈၂
    → သန္တိသုခ

http://www.dhammadownload.con



ဉာဏ်အမြင်နှိုင်းချိန်ရှုလျှင် -

လူ နတ် သူ ငါ - စသည် လည်းကောင်း၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်သည်လည်းကောင်း၊ ပညတ် ပရမတ် နှစ်ရပ်လုံး ပိုင်ဆိုင်သူမရှိ အလိုသို့မလိုက်-အနတ္တ။

အနတ္တတို့မှာ -

ပညတ် ထင်ရှားမရှိ, မဖြစ်မပျက်။

နိဗ္ဗာန် ထင်ရှားရှိ, မဖြစ်မပျက်။

စိတ် စေတသိက် ရုပ် ထင်ရှားရှိ, ဖြစ်ပျက်။

၁။ ထင်ရှားမရှိ မဖြစ်မပျက် ပညတ် အနိစ္စ စသည် ဝိပဿနာ မရှုရ။

၂။ ထင်ရှားရှိ ဖြစ်ပျက်, စိတ်, စေတသိက်, ရုပ်, အနိစ္စ စသည် ဝိပဿနာ ရှုရ၏။

၃။ ထင်ရှားရှိ, ဖြစ်ပျက်, ရှုမြင် လျှင် - မဖြစ်မပျက်, ထင်ရှားရှိ, နိဗ္ဗာန်အာရုံပြု သက်ဝင်စေရသည်။

မဖြစ်မပေါ်လျှင် ငြိမ်းချမ်းတဲ့-သန္တိသုခ။

စိတ်သည်လည်းကောင်း စေတသိက်သည် လည်းကောင်း ရုပ်သည်လည်းကောင်း အစုအဝေး ဖြစ်ပေါ်လာတိုင်း လူ, သူ, ငါ မဟုတ်၊ ဖြစ်မဆိုင်း, ပျက်မဆိုင်း, ဖြစ်ပျက်တိုင်း ဆင်းရဲအစု ဒုက္ခဟု ထင်မြင်အောင် ရှုဆင်ခြင် နှလုံးသွင်း အောက်မေ့ရာသည်။

http://www.dhammadownload.con



ဒုက္ခ မှ လွဲလျှင် နိဗ္ဗာန်။
နိဗ္ဗာန် က လွဲလျှင် ဒုက္ခ။
ဆန့်ကျင်ဘက်ထောက်ဆတင်ကူး အာရုံပြုရာသည်။
ပညတ် နဲ့ နိဗ္ဗာန် - မဖြစ်တရား။
ကျန်အားလုံးအကုန် ဖြစ်တရား။
ဖြစ်တရားရှုလျက် မဖြစ်တရား အာရုံသက်ရာသည်။
ထင်ရှားမရှိတဲ့ ပညတ် အာရုံမပြုမိစေရ။
ထင်ရှားရှိတဲ့ နိဗ္ဗာန် အာရုံပြုမိရာသည်။

**ဝိပဿနာ ဘာဝနာ အနှစ်ချုပ်မှာ -**

စိတ်, စေတသိက်, ရုပ်ကိုသာ ဝိပဿနာရှုရမည်။
လွဲရှုလျှင် လွဲသွားပြီး ဝိပဿနာရှု နိဗ္ဗာန်အာရုံပြု။

စိတ်၊ စေတသိက်၊ ရုပ် → အနိစ္စ၊ ဒုက္ခ၊ အနတ္တ

နိဗ္ဗာန်၊ ပညတ် → အနတ္တ

http://www.dhammadownload.con



မိမိသန္တာန် သူတစ်ပါးသန္တာန် ဖြစ်ပေါ်သမျှသော စိတ်၊ စေတသိက်၊ ရုပ် တို့သည် အနိစ္စ စသည့်မမြဲခြင်း သဘော မှန်လှစွာ၏။ ဆင်းရဲခြင်းဒုက္ခ သဘောမှန်လှစွာ၏။ အစိုးမရ အလိုသို့မပါ အနတ္တသဘော မှန်လှစွာ၏။ ရှုဆင်ခြင် နှလုံး သွင်းရာသည်။

ထို့နောက် နိဗ္ဗာန်အာရုံပြု စိတ်စေလွှတ်ပေးရာသည်။

အနိစ္စာ သဗ္ဗေသင်္ခါရာ၊ ဒုက္ခာနတ္တာစ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိနိစ္ဆယာ။
(ပရိဝါပါဠိတော်၊ ၁၅၇။ အပိုဒ် - ၂၅၇။)

သဗ္ဗေ- ခပ်သိမ်းကုန်သော၊ သင်္ခါရာစ-ပြုပြင်တတ် သော ရုပ်နာမ် ဓမ္မသင်္ခါရ တရားတို့သည် လည်းကောင်း၊ သင်္ခတာစ- ပြုပြင်အပ်သော စိတ်၊ စေတသိက်၊ ရုပ်တရားတို့ သည်လည်းကောင်း၊ အနိစ္စာစ- ဖြစ်လျှင် ပျက်ကြသဘာဝ အနိစ္စလည်း မှန်လှစွာ၏။ ဒုက္ခာစ- ဖြစ်ပျက်အလျှင်း နှိပ်စက် ခြင်းဖြင့် ဆင်းရဲအလျှင်း အချည်းနှီးစက်ဆုတ်ဖွယ် ဒုက္ခလည်း မှန်လှစွာ၏။ အနတ္တာစ -အလိုမပါ အနှစ်မရှိ ပိုင်ဆိုင်သူမရှိ အစိုးမရ အနတ္တလည်း မှန်လှစွာ၏။

နိဗ္ဗာနဉ္စေဝ ပညတ္တိ- နိဗ္ဗာန်ပရမတ် နှင့် ပညတ်ကို လည်း အနတ္တာဣတိ-အနတ္တဟူ၍၊ နိစ္ဆယာ- ဆူဆူပွင့်ပြား မြတ်ဘုရားတို့ ထင်ရှားသိမြင် ဆုံးဖြတ်တော်မူကြကုန်၏။

http://www.dhammadownload.con



# ၁၃။ (ဆ) သစ္စာ – ၂ ပါး

သမ္မုတိသစ္စာ
လူ -- စသည်

ပရမတ္ထသစ္စာ

သင်္ခတ၊
စိတ်၊စေတသိက်၊ရုပ်။
၁+ ၅၂ + ၂၈ = ၈၁ + 

အသင်္ခတ၊
နိဗ္ဗာန်
၁ = ၈၂

↓ ဖြစ် ↓ ဒုက္ခ

↓ မဖြစ် ↓ သန္တိသုခ

အကျဉ်းအားဖြင့် ဉာဏ်အမြင်ရှုလျှင် သစ္စာ-၂ ပါးသာ ရှိ၏။ လူကိုမရှုရ၊ ဝိပဿနာမရှုရ။ စိတ်၊ စေတသိက်၊ ရုပ်ကို

http://www.dhammadownload.con



သာရှုရမည်။ အကြောင်းများစွာကြောင့် အကျိုးများစွာ ဖြစ်ခြင်းသဘောရှိခြေသည်၊ ဖြစ်လျှင်ပျက်သည်။ ဖြစ် - ဒုက္ခ၊ ပျက်-ဒုက္ခဟု ဉာဏ်အမြင်သဘော ရှုဆင်ခြင် အောက်မေ့နှလုံးသွင်းရာသည်။

တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်ခြင်း ပျက်ခြင်း မရှိ။ မဖြစ်မပျက် သဘောသက်သက်သည် စင်စစ်ငြိမ်းအေးကြောင်း မဂ်ဉာဏ်ဖြင့် သိမြင်ရသော နိဗ္ဗာန်ပေတည်း။

ဖြစ်-ဒုက္ခ နှင့် မဖြစ်-နိဗ္ဗာန်။ ဉာဏ်အမြင် နှိုင်းချိန်လေ့ကျက် အားထုတ်ရသည်။ နိဗ္ဗာန်သို့ ဉာဏ်အမြင်ပေါက်-"ဖြစ်သဘော" ဒုက္ခအစုတို့ - မုချ ငြိမ်းအေး ချုပ်ပျောက်ကွယ်ပသွားခြင်းသည် "ခီဏာဇာတိ" (ဇာတိ = ဖြစ်မှုသည်ခီဏာကုန်ပြီ။)

ဤသို့လျှင် - မဂ်ဉာဏ်အမြင် သိမြင်ရသောနိဗ္ဗာန်သည် သံသရာဝဋ်ဒုက္ခမှ ထွက်ပေါက်ကြီး အစစ် ဖြစ်ပါပေတော့သတည်းဟု မိန့်တော်မူခဲ့၏။

" အတ္ထိ ဘိက္ခဝေ အဇာတံ "

(ဣတိဝုတ်ပါဠိတော်။ ၂၂၀/ ဥဒါန်းပါဠိတော် ၁၇၈။)

http://www.dhammadownload.con



## ၁၄ ။ ( ဇ ) လောကီသစ္စာ – ၂ ပါး

ဒုက္ခသစ္စာ သမုဒယသစ္စာ

ဉာဏ်အမြင် နိုင်းချိန်ရှုလျှင် လောကဓာတ်ကြီးတစ်ရပ်လုံးမှာ ဆင်းရဲဒုက္ခ နဲ့ ဒုက္ခဖြစ်ကြောင်း-အမှန် ၂ ပါး သာ ရှိချေသည်။ ယင်းအမှန် -၂ ပါး ထင်ရှားဖြစ်ပေါ်နေပါမှ လူ, နတ်, သူ, ငါ စသည်များစွာ လောကဓာတ်ကြီးရှိပေသည်။ မဖြစ်ပေါ်က မရှိနိုင်ချေ။ လူ, နတ်, သူ, ငါ ကိုယ် ဝိပဿနာ မရှုရ။

ဤကား ဒုက္ခ၊ ဤကား ဒုက္ခ ဖြစ်ကြောင်းဟု ပိုင်းခြားဆင်ခြင် နှလုံးသွင်း အောက်မေ့ရာသည်။

ဒုက္ခဟူသည် စိတ်, စေတသိက်, ရုပ်။

ဒုက္ခကို ဒုက္ခမှန်း မသိမြင်တာက- ဒုက္ခဖြစ်ကြောင်း။

(အဝိဇ္ဇာ)

http://www.dhammadownload.con



# ( ၅ ) လောကုတ္တရာသစ္စာ—၂ ပါး

နိရောဓ → ဒုက္ခ နဲ့ သမုဒယ၊

နိရောဓသစ္စာ → မဂ်ဖိုလ် ဖြင့်သိတဲ့နိဗ္ဗာန်

ဉာဏ်ဖြင့်နှိုင်းချိန်လျှင် နိဗ္ဗာန်ကို မသိမမြင်မီ ရှေးအဖို့က - ဒုက္ခ နဲ့ ဒုက္ခ၏ အကြောင်း ရှုမြင်တဲ့ ဝိပဿနာဉာဏ်ဖြစ်စေရာသည်။ ထို့နောက် ဒုက္ခ နဲ့ နိဗ္ဗာန် ဆန့်ကျင်ဘက်ထောက်ဆ အာရုံပြုရသည်။ နိဗ္ဗာန်သို့ အာရုံပြု - သိစိတ် မဂ်ဆိုက်လျှင် ဒုက္ခဖြစ်ကြောင်း သမုဒယငြိမ်း၏၊ချုပ်၏။ အကြောင်းသမုဒယငြိမ်းလျှင် ချုပ်လျှင် အကျိုးဒုက္ခလည်း ချုပ်၏၊ ငြိမ်း၏။

ဒုက္ခ-နဲ့-သမုဒယ ငြိမ်းတာက နိရောဓသောမည။
သိစိတ် မဂ်ဉာဏ် ဆိုက်တဲ့ နိဗ္ဗာန်က နိရောဓသစ္စာ။
နိဗ္ဗာန်သိမြင်တာက မဂ်ဉာဏ်။
ဒုက္ခ နဲ့ သမုဒယ ရှုမြင်နေတာက ဝိပဿနာဉာဏ်။

http://www.dhammadownload.con



## ၁၅။ ( ည ) ပရိညာဉာဏ်

သညာ ဝိညာဏ် → သနိမိတ္တ

ပညာဉာဏ် → အနိမိတ္တ

လူ, သူ, ငါ စသည့် - အထည်ကိုယ်ဒြပ် ပုံပန်းအရိပ်နိမိတ်ကို သနိမိတ္တဟု ဆိုအပ်ပါပေ၏။ သညာ ဝိညာဏ်ဖြင့် သိမြင်နိုင်သောအရာ ဖြစ်၏။ အရိပ်နိမိတ် အထည်ကိုယ်ဒြပ် ပုံပန်းကင်းစင်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ကို အနိမိတ္တဟု ဆိုအပ်ပေ၏ ပညာဉာဏ်ဖြင့် သိမြင်နိုင်ပါပေ၏။

ဤတရားကား ဤမျှသာတည်း၊ ဤထက်မလွန် ဤမှ အောက်အယုတ်(လျော့)မရှိဟု ပိုင်ပိုင်ကြီး သဘောကျအောင် သိခြင်းကို ပရိညာဉာဏ်ဟု ဆိုအပ်ပါပေ၏။

"သနိမိတ္တရှုလို့ ကမ္မဋ္ဌာန်းမှန်လျှင် သမထ။
အနိမိတ္တရှုမြင်ပါမှ ဝိပဿနာ မှန်ရာသည်။"

http://www.dhammadownload.con



မူ ။ အနည်းငယ်ပြရလျှင်-

လောဘမူစိတ် ဖြစ်ပါမှ သူခိုးရှိ၏။ မဖြစ်လျှင် မရှိ။

သဒ္ဓါစေတနာ ဖြစ်ပါမှအလှူရှင်ရှိ၏ မဖြစ်လျှင် မရှိ။

ပရမတ္ထ သဘာဝ ဖြစ်ပေါ်လျှင် လူသူ အရိပ်နိမိတ် ထွက်ပေါ်၏။

ပရမတ္ထသဘာဝ မဖြစ်ပေါ်လျှင် လူသူ အရိပ်နိမိတ် မထွက်ပေါ်နိုင်။

လူသူ စသည်သည်- သနိမိတ္တ။

ပရမတ္ထသဘာဝ ဖြစ်ပျက်သည်-အနိမိတ္တ။

သနိမိတ္တကို ဝိပဿနာ မရှုရ။

အနိမိတ္တကို ရှုရပေမည်။

လူ, သူ စသည့် သနိမိတ္တကျော်လွန်ဖောက်ထွင်း အနိမိတ္တ ခတ်ပရမတ် စိတ်, စေတသိက်, ရုပ်, ဖြစ်ပျက်ကို အနိစ္စ စသည်ဖြင့် လက္ခဏာယာဉ်တင် ရှုဆင်ခြင် နှလုံးသွင်း ပွားများ အောက်မေ့ အားထုတ်ကြရသတည်း။

http://www.dhammadownload.con



## ၁၆။ ( ၃ ) သဗ္ဗဓမ္မာအနတ္တာ

| အတ္တနည်း | အနတ္တနည်း |
|---|---|
| ဒါန | ဒါန |
| သီလ | သီလ |
| သမထ | သမထ |
| ဝိပဿနာ | ဝိပဿနာ |

၄၅-ဝါ ကာလကြာမျှ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူရာ၌ လည်းကောင်း၊ မြတ်ဗုဒ္ဓတို့ ပွင့်တိုင်း ပွင့်တိုင်းလည်းကောင်း၊ ဓမ္မကထိကတို့ ဟောတိုင်း ဟောတိုင်းလည်းကောင်း၊ နိကာယ်ပိဋကတ်ရှိရှိသမျှ၌ လည်းကောင်း၊ နိဗ္ဗာန်ရောက်ဘာဝနာ လုပ်ရပ်ကြီးများမှာ -

ဒါန, သီလ, သမထ, ဝိပဿနာ (၄)မျိုးထက် မလွန် မယုတ် ဤမျှပင် ညွှန်ကြားတော်မူပေသည်။

http://www.dhammadownload.con



အတ္တနည်းသည် ဘုရားပွင့်ပွင့် မပွင့်ပွင့်ရှိ၏၊ လောကီရေးတွင် အတ္တနည်းဖြင့် သွားရ၏၊ ဗြဟ္မာ့ပြည်ထိ ရောက်၏၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ - အနတ္တနည်းဖြင့် သွားရ၏၊ အတ္တနည်းဖြင့် မရောက်နိုင်ချေ။

ငါလူသည် ငါသီလစောင့်သည် စသည်ဖြင့် ငါတည်းဟူသော ပုဂ္ဂိုလ်အကောင်အထည်များ ရောနှောပေါင်းစပ်လျက် အထင်အမြင်မှားယွင်းသော အတ္တနည်းသည် ထင်ရှား၏။

ငါသည် ဝိပဿနာ ရှု၏။ ငါ၏ ဝိပဿနာတည်းဟု ငါကရှုလျှက် ငါ့ ဝိပဿနာပဲဟု နှလုံးသွင်းက အတ္တနည်း။

အနတ္တနည်းမှာ - မဟာကုသိုလ် စေတနာ, စေတသိက်သည် လှူဒါန်းကြောင်းဖြစ်သည်ဟု ဆိုအပ်၏။

လှူဒါန်းကြောင်း စေတနာဓမ္မ ဖြစ်ပေါ်တိုင်း- ဖြစ်လျှင်ပျက်ရ သဘာဝ အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာ ရှုဆင်ခြင်ရာသည်။

လှူဒါန်းမှုက - ဒါန, စေတနာ, ဓာတ်ဓမ္မ- ဖြစ်ပျက်ရှုမှုကား ဝိပဿနာ။ မည်သည့် ကုသိုလ်ကောင်းမှုကို ပြုလုပ် ပြုလုပ် ဒါန, သီလ, သမထ, ပြုလုပ်တိုင်း ပြုလုပ်တိုင်း၊ ကုသိုလ် ဓာတ်ဓမ္မကို အနိစ္စ စသည်ဖြင့် ရှုဆင်ခြင် နှလုံးသွင်းရာသည်။

ဝိပဿနာ ရှုရာ၌ ငါက မရှုရ၊

သင်္ခါရ တစ်စုက သင်္ခါရ တစ်စုတို့ကို ရှုကုန်၏။

http://www.dhammadownload.con



သုံးသပ်ကုန်၏၊ နှလုံးပိုက်ထား မှတ်သားရကုန်၏၊ သိမ်းဆည်းကုန်၏ဟု ပိုင်းခြား၏။ (မြန်မာပြန်-၃-၃၅၈)

## ၁၇။ (၅) ပညာ

အတ္တနည်း — အနတ္တနည်း

သနိမိတ္တ — အနိမိတ္တ

သညာနာတိ အပရိညာ — အဘိဇာနာတိ ပရိညာ

သနိမိတ္တ = အရိပ်နိမိတ် ပုံပန်း အထည်ကိုယ် ရှိသည့် ပုဂ္ဂိုလ် သူ ငါ စသည် -

သညာနာတိ = သညာဖြင့် သိမှတ်၏။

http://www.dhammadownload.con



| | | |
|---|---|---|
| အပရိညာ | = | နာမ်ရုပ်သဘာဝ ပိုင်းခြား မသိမမြင်။ |
| အတ္တ | = | အတ္တနည်းဟုဆိုအပ်၏။ |
| အနိမိတ္တ | = | အရိပ်နိမိတ် ပုံပန်း ကိုယ်ထည်မရှိ ကင်းစင်သော နာမ်ရုပ်သဘာဝ။ |
| အဘိဇာနာတိ | = | ထူးသောတရား။ ထူးသော ဉာဏ်ဖြင့် သိမြင်၏။ |
| ပရိညာ | = | နာမ်ရုပ်သဘာဝဖြစ်ပျက် ပိုင်းခြား သိမြင်၏ |
| အနတ္တ | = | အနတ္တနည်းဟု ဆိုအပ်၏။ |

သနိမိတ္တကို သညာဖြင့်မှတ် နာမ် ရုပ် သဘာဝပိုင်းခြား မသိမမြင် စသည့် အတ္တနည်းဖြင့် ကုသိုလ်ပြုလျှင် အပါယ်တံခါး မပိတ် သောတပန်မဖြစ်နိုင်။ အနိမိတ္တ = နိမိတ်ပုံပန်းမရှိသည့် နာမ် ရုပ် သဘာဝ ထူးသော ဉာဏ်ဖြင့်သိ၊ ပိုင်းခြားရှုမြင်သည့် အနတ္တနည်းဖြင့် ပြုကြမှသာ၊ အပါယ်တံခါး တိကျစွာပိတ်၍ ဝိသာခါ အနာထပိဏ်လို ဘုံစဉ်စံမြန်း အရိယာမဂ် စခန်းဖြင့် မြတ်နိဗ္ဗာန် ဝင်စံနိုင်ကြပေမည်။

ပုည ဟူသည်၊ ကုသိုလ်ကောင်းမှု၏၊ အမည်ပေတည်း။

သုခ = ချမ်းသာခြင်း၏ အကြောင်း အလိုရှိအပ်နှစ် သက်အပ်သောအရာ မြတ်နိုးအပ်သောအရာဟု ဆိုအပ်၏။

http://www.dhammadownload.con



**ဒိဋ္ဌံ ဒိဋ္ဌတော သဉ္ဇာနာတိ၊ ဒိဋ္ဌံ။ ပ။ အဘိနန္ဒတိ။**
**တံ ကိဿဟေတု အပရိညာတံ တဿာတိ ဝဒါမိ။**

ဒိဋ္ဌံ- မြင်သောအရာကို၊ ဒိဋ္ဌတော-မြင်သောအရာအားဖြင့်၊ သဉ္ဇာနာတိ မှတ်၏၊ ဒိဋ္ဌံ- မြင်သောအရာကို၊ အဘိနန္ဒတိ- နှစ်သက်လွန်း၏၊ တံ- ထိုသို့ ဖြစ်ခြင်းသည်၊ ကိဿဟေတု- အဘယ် ကြောင့်နည်းမူ၊ တဿ ထိုရဟန်းအား အပရိညာတတ္တာ - နာမ်, ရုပ် သဘာဝပိုင်းခြား မသိမမြင်ဟု၊ အဟံ-ငါဘုရား၊ ဝဒါမိ မိန့်၏။

**ဒိဋ္ဌံ ဒိဋ္ဌတော အဘိဇာနာတိ။ ပ၊ ပရိညာတံ။**
**တဿာတိ ဝဒါမိ။ ( မ - ၁-၄/၅ )**

ဒိဋ္ဌံ-မြင်သောအရာကို၊ ဒိဋ္ဌတော-မြင်သောအရာအားဖြင့်၊ အဘိဇာနာတိ- ထူးသော ဉာဏ်ဖြင့် ပိုင်ပိုင်ကြီး သဘာဝကျ အောင် သိ၏၊ တဿ- ထို ရဟန်းအား၊ ပရိညာတံတိ- နာမ်, ရုပ် သဘာဝ ပိုင်းခြားသိ၏ဟု၊ ဝဒါမိ- ငါဘုရား မိန့်၏။

( သုတ၊ မုတ၊ ဝိညာတ၊ နိဗ္ဗာနာ-တူပြီ -နည်းမှီလေ။)

http://www.dhammadownload.con



## ၁၈။ (၃) မဂ်ဉာဏ်

အဘာဝပညတ် → ကိလေသာက္ခယ

သဘာဝပရမတ် → နိဗ္ဗာန်

နိဗ္ဗာန်ကို မဂ်စိတ်နှင့် စေတသိက် (၃၆) ဓာတ်သတ္တိ အစုက မြင်ကြသည့်အခိုက် ကိလေသာကိုပယ်ဆဲ၊ ဖိုလ်အခိုက် ပယ်ပြီး။ (အနုပ္ပါဒနိရောဓ) မဖြစ်သော ကိလေသာကို နောင်တဖန် မဖြစ်နိုင်အောင် ပြုခြင်းပင်၊ ထိုအခါ ကိလေသာတို့ မရှိခြင်း၊ နောင်အခါ ဘယ်သောအခါမှ မဖြစ်ခြင်း၊ ဆိုသည့်မရှိမှု (အဘာဝပညတ်) အဖြစ်သို့ ရောက်၏။ ကိလေသာ အကြောင်းကုန်သဖြင့် အပါယ်၌ဖြစ်ရမည့် အကျိုးဝဋ်ဒုက္ခ ခန္ဓာစဉ်လည်း ဘယ်သောအခါမှ မဖြစ်မပေါ် မရှိခြင်း (အဘာဝပညတ်) အဖြစ်သို့ ရောက်လေ၏။ ပထမ မဂ်ရသ သူသည်၊ ကာမသုဂတိ (၇) ဘုံ၌ (၇) ဘဝထက် အလွန် မဖြစ်ရခြင်းဖြစ်သော ဝဋ်ဒုက္ခ ခန္ဓာစဉ်လည်း မရှိမှု, ကွယ်မှု, ပျောက်မှု, ချုပ်မှု, ငြိမ်းမှု, ကုန်မှု, ဆုံးမှု (အဘာဝပညတ်) အဖြစ်သို့ ရောက်၏။

http://www.dhammadownload.con



ထိုသို့ ကိလေသာ အကြောင်းနှင့် ဝဋ္ဋဒုက္ခ ခန္ဓာ အကျိုးတို့ နောင်တဖန် မဖြစ်မပေါ်- အဘာဝပညတ်သည် နိဗ္ဗာန် မဟုတ်။ နိဗ္ဗာန်ကား - မင်္ဂဉာဏ် မဖြစ်မပေါ်မှီတည်းက၊ မဖြစ် မပျက် အနေဖြင့် တည်ရှိပြီးသား၊ သဘာဝ ပရမတ်သည် နိဗ္ဗာန် မည်ပေ၏။

ရာဂက္ခယောပုဒ် = ခယ = အနက်။

၁။ ကုန်ကြောင်း = မင်္ဂဖိုလ်၏ အာရုံနိဗ္ဗာန်

၂။ ကုန်ရာ = အရဟတ္တဖိုလ်

၃။ ကုန်ခြင်း = ကိလေသာ အရမတူကြချေ။

ကိလေသာ စသော ဝဋ္ဋဒုက္ခ ငြိမ်းရခြင်းသည် မင်္ဂကြောင့် ဖြစ်၏။ မင်္ဂသည်လည်း နိဗ္ဗာန်ကို အာရုံပြု၍ ဖြင်မှသာ ပေါ်နိုင်၏။ အာရုံပြုမှုသည်လည်း ကြိုတင်လေ့ကျင့် အနုဗောဓဉာဏ် မှန်းဆပြုရာသည်။

နိဗ္ဗာန်မှာ ခန္ဓာ အပူမီး ကိလေသာ ငြိမ်းစေနိုင်သော သတ္တိရှိသည်၊ မင်္ဂဖိုလ်မှာ မရှိ နိဗ္ဗာန်က - မိမိ၏၊ သန္တိ -သဘော သတ္တိစွမ်း မင်္ဂဖိုလ်အား ပေးသည်ရှိသော် နိဗ္ဗာန်၏၊ အာရမ္မဏာ ဓိပတိ -ဥပနိဿယျသတ္တိဖြင့်၊ မင်္ဂဖိုလ်တို့က ဆင်းရဲ ခပ်သိမ်း အပူမီး ငြိမ်းအေးသွားအောင် ပယ်သတ်နိုင်ကြသည်။ ဒုက္ခ ခပ်သိမ်း ငြိမ်းအေးရခြင်း၏၊ အကြောင်းတရားသည် နိဗ္ဗာန် ဖြစ်သောကြောင့် နိဗ္ဗာန်ကို ဒုက္ခ ခပ်သိမ်း ချုပ်ပျောက်ငြိမ်း အေးကြောင်းဟု မိန့်ဆိုတော်မူ၏။

http://www.dhammadownload.con



ပရမတ္ထံ ဝုစ္စတိ အမတံနိဗ္ဗာနံ။
(စူဠနိဒ္ဒေသပါဠိတော် - ၂၄၄)
အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံ၊
ဝါဒံ နိသေဓေတိ။ ( ဋီကာကျော် )

အာဂမယုတ္တိများ၊
က၊ ခ – စသည်ဖြင့် ညွှန်ပြပါသည်။

(က) ပဓာနဿ တုလနာ ဗဟုကာရာ။
တုလနာယ ဥဿာဟော ဗဟုကာရော။
မ - ၂ - ၃၅၈။

ပဓာနဿ- အားထုတ်သူအား၊ တုလနာ-နှိုင်းချိန်ခြင်းသည်၊ ဗဟုကာရော-ကျေးဇူးများ၏။ တုလနာယ-နှိုင်းချိန်သူအား၊ ဥဿာဟော-အားထုတ်ခြင်းသည်၊ ဗဟုကာရော-ကျေးဇူးများ၏။

(ခ) နနိမိတ္တဂ္ဂါဟီ ဟောတိ
နာနုဗျဉ္ဇနဂ္ဂါဟီ
(ဒီ - ၁-၆၆/မ-၁-၂၃၈/ သံ-၂-၃၂၃/အံ-၁-၃၅၀)

http://www.dhammadownload.con



န နိမိတ္တဂ္ဂါဟီ-ယောက်ျား မိန်းမ လှ-မလှဟု အကြမ်းအားဖြင့် ခွဲခြားသော အမှတ်အသားကို ယူလေ့မရှိသည်၊ နာနုနာနုဗျဥ္ဇနဂ္ဂါဟီ -လက်ခြေသဏ္ဌာန် ပြုံးဟန်, ရယ်ဟန်စသော အသေး စိတ် ထင်ရှားသော အမှတ်အသားကို ယူလေ့မရှိသည်၊ ဟောတိ- ဖြစ်၏။ ( မ-၁-နိသျ-၁၉၇-အပိုဒ် -၂၆၅)

**ယံပဿတိ နတံ ဒိဋ္ဌံ။**

**ယံ ဒိဋ္ဌံ တံနပဿတိ။**

( ဒီ-၂၊ ဋ- ၃-၃၄၈ )

ယံ -အကြင် ယောက်ျား မိန်းမ - စသည် ပုံပန်းသဏ္ဌာန် အထည် ကိုယ်ခြပ်ကို၊ ပဿတိ-ပကတိ မျက်စိဖြင့် မြင်ရ၏။ တံ- ထို ပုံပန်းအထည် ကိုယ်ခြပ်ကို၊ နဒိဋ္ဌံ- ဝိပဿနာပညာဉာဏ် မျက်စိဖြင့် မရှုအပ်။

ယံ-အကြင်ခန္ဓာ နာမ်ရုပ်သဘာဝကို၊ ဒိဋ္ဌံ- ဝိပဿနာပညာဉာဏ် မျက်စိဖြင့်ရှုအပ်၏။ တံ- ထို ဝိပဿနာ ဉာဏ်မျက်စိဖြင့် ရှုမြင်အပ်သော သဘာဝနာမ် ရုပ်ခန္ဓာကို၊ နပဿတိ-ပကတိ မျက်စိဖြင့် မမြင်ကြရဟု၊ ပေါရာဏာ- ရှေးသူဟောင်း အရိယာသူတော်ကောင်းတို့သည်၊ အာဟု- ဉာဏ်အမြင်, ထင်ထင်လင်းလင်း များလှပေ့ါရယ် မိန့်ဆိုတော်မူကြကုန်၏။

http://www.dhammadownload.con



(၈) ကိံ ဇီရတိ၊ ကိံ နဇီရတိ၊
ရူပံ ဇီရတိ မစ္စာနံ၊
နာမဂေါတ္တံ နဇီရတိ။

( သံ - ၁ - ၄၀ )

ကိံ ဇီရတိ-အဘယ်အရာသည် ဆွေးမြေ့ပျက်စီးသနည်း၊ ကိံ နဇီရတိ- အဘယ်အရာသည် မဆွေးမြေ့မပျက်စီးသနည်း၊ ရူပံ-နာမ် ရုပ်သဘာဝပရမတ်သည်၊ ဇီရတိ-ဆွေးမြေ့ယိုယွင်း အိုမင်းပျက် စီးပါ၏၊ သတ္တာနံ- သတ္တဝါတို့၏၊ နာမဂေါတ္တံ- အမျိုးအမည် အနွယ်သည်၊ နဇီရတိ- မဆွေးမြေ့ မပျက်စီး မယိုမယွင်း။

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊
တေသံသဘာဂဓမ္မာနံ နာမမတ္တံ နနာယတိ။

( ပရိဝါပါ ၁၅၇။ အပိုဒ် -၂၅၇ )

ဗုဒ္ဓစန္ဒေ- လမင်းကြီးအလား မြတ်စွာဘုရားသည်၊ဗုဒ္ဓါဒိစ္စေ- နေမင်းကြီးအတူ ရှင်တော်မြတ်ဘုရားသည်၊ အနုပ္ပန္နေ-မပွင့် မပေါ် ထွက်သည်ရှိသော်၊ အနုဂ္ဂတေ-ထွန်းလင်းတက်ပေါ် မလာသည် ရှိသော်၊ တေသံ သဘာဂဓမ္မာနံ၊ ထို အနိစ္စ စသော အချင်းအရာအားဖြင့် သဘောတူကုန်သောတရားတို့၏၊ နာမမတ္တံ-ဖဿ ပထဝီ စသည်များလှ အမည်နာမ မျှကိုပင်၊ နနာယတိ-မကြား မသိရချေ။

အမည်နာမများ မြတ်စွာဘုရားမှည့်သည် မဟုတ်၊

http://www.dhammadownload.con



သဘာဝဖြစ်လျှင် - အမည်နာမအလိုလိုရသည်။

( နီ - ၂၄၅- ရှု )

ဓမ္မာဓေ ပရိယေသိတဗ္ဗာ

( နီ ၁၅၁ )

ဓမ္မာဓေ- ဓမ္မသဘာဝဓါတ်သား၊ ပရမတ်ကိုသာလျှင် ပရိယေသိတဗ္ဗာ - ရှာမှီးအပ်ကုန်၏။

ဆောင် ။ ပြုပ်စေ့၌ စိတ်တွေ့သတ်သတ် အစပ်ကိုတည့် ရှုကြည့်ဘိသို့ သတ္တိကိုမျှ ရှုကြည့်ရ ပရမတ္ထမှာ -

(ဆရာတော်ကြီး အရှင်ပညာစက္က ခတ်ခြောက်ပါးမှ )

(ဃ) ဒုက္ခဋ္ဌေဝ ပညာပေမိ ဒုက္ခဿစ နိရောဓံ၊

(သံ - ၂- ၉၇ / ၅၅၂/ မ-၁-၁၉၃။)

ဒုက္ခဋ္ဌေဝ-ဒုက္ခအစုသည်သာဖြစ်သည်ကိုလည်းကောင်း၊ ဒုက္ခဿစနိရောဓံ - ဒုက္ခအစု၏ ချုပ်ငြိမ်းကြောင်း နိဗ္ဗာန်ကိုသာ လျှင်လည်းကောင်း၊ ပညာပေမိ-ငါဘုရား သိစေတော်မူ၏။

ဒုက္ခဋ္ဌေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊
ဒုက္ခံ နိရုဇ္ဈ မာနံ နိရုဇ္ဈတိ။

(သံ ၁ ၂၅၇/၈။)

ဥပ္ပဇ္ဇမာနံ- ဖြစ်သည်ရှိသော်၊ ဒုက္ခမေဝ- ဒုက္ခအစု သည်သာလျှင်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏။

http://www.dhammadownload.con



နိရုဇ္ဈမာနံ- ချုပ်ငြိမ်းသည်ရှိသော်၊ ဒုက္ခံဧဝ- ဒုက္ခအစုသည် သာလျှင်၊ နိရုဇ္ဈတိ- ချုပ်ငြိမ်း၏။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိစ၊
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတိ။ ( သံ-၁-၁၃၇ )

ဟိ- မှန်၏၊ ဒုက္ခမေဝ- ဒုက္ခသည်သာလျှင်၊ သမ္ဘောတိ- ဖြစ်ပေါ်၏။

ဒုက္ခံဧဝ-ဒုက္ခသည်သာလျှင်၊ တိဋ္ဌတိစ- တည်လည်း တည်၏၊ ဝေတိစ- ပျက်လည်းပျက်၏။

ဒုက္ခာ- ဒုက္ခမှ၊ အညတြ- ဖယ်ထား၍ တစ်ပါးသော အရာသည်၊ နသမ္ဘောတိ- မဖြစ်။

ဒုက္ခာ- ဒုက္ခမှ၊ အညံ-တစ်ပါး တစ်ခြားသည်၊ နနိရုဇ္ဈတိ- မချုပ်မငြိမ်း။

(င) သင်္ခတဓမ္မာ အနတ္တာ။

သင်္ခတ- ခပ်သိမ်းကုန်သော၊ ဓမ္မာ-တရားတို့သည်၊ အနတ္တာ- အနတ္တ မည်ကုန်၏။

နိဗ္ဗာနဉ္စေဝ ပညတ္တိ အနတ္တာဣတိနိစ္ဆယာ။
(ပရိဝါပါဠိတော် ၁၅၇။ အပိုဒ် - ၂၅၇ ။)

http://www.dhammadownload.con



နိဗ္ဗာနဉ္စပညတ္တိ- နိဗ္ဗာန် နှင့် ပညတ်ကိုလည်း၊ အနတ္တာ ဣတိ- အနတ္တဟူ၍၊ နိစ္ဆယာ- ဆုံးဖြတ်အပ်ကုန်၏။

ဥပ္ပါဒေါ ဒုက္ခံ၊

အနုပ္ပါဒေါ သုခံ နိဗ္ဗာနံ။ ( ၃-၉-၅၇ )

ဥပ္ပါဒေါ- စိတ်, စေတသိက်, ရုပ်, ဖြစ်ပေါ်ခြင်းသည် ဒုက္ခံ- ဒုက္ခ မည်၏။

အနုပ္ပါဒေါ- မဖြစ်ပေါ်ခြင်းသည်၊ သုခံ- သုခမည်၏၊ နိဗ္ဗာနံ - နိဗ္ဗာန်မည်၏။

(စ) နတ္ထိ ခန္ဓသမာ ဒုက္ခာ၊

နတ္ထိ သန္တိပရံ သုခံ။ ( ဓမ္မပဒ - ၂၀၅ )

ခန္ဓသမာ- ခန္ဓာနှင့်တူသော၊ ဒုက္ခာ- ဒုက္ခမည်သည်၊ နတ္ထိ- မရှိ။

သန္တိပရံ- နိဗ္ဗာန်ထက် လွန်ကဲသော၊ သုခံ- သုခမည်သည်၊ နတ္ထိ- မရှိ။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ ဘာရာဟာရော ပုဂ္ဂလော၊

ဘာရာဒါနံ ဒုခံ လောကေ၊

ဘာရနိက္ခေပနံ သုခံ။ ( သံ-၂-၂၂ )

ဟဝေ-စင်စစ်၊ ပဉ္စက္ခန္ဓာ-ခန္ဓာငါးပါးတို့သည်၊ ဘာရာ-ဝန်ထုတ်ကြီးသဖွယ် ဖြစ်ကုန်၏၊ လောကေ-လောက၌ ဘာရာဒါနံ- ခန္ဓာဝန်ကို၊ ယူရခြင်းသည်- ဒုက္ခံ -ဆင်းရဲလှ၏၊

http://www.dhammadownload.con



ဘာရနိက္ခေပနံ-ခန္ဓာဝန်ချထားရခြင်းသည်၊ သုခံ - ချမ်းသာ ပေစွတကား။

(ဆ) **ဣဒံဒုက္ခံ အယံဒုက္ခသမုဒယော၊**

(သုတ္တနိပါတ်ပါဠိတော် - ၃၉၂)

အယမေကာနုပဿနာ- ဤသို့ကြောင်းကျိုး တစ်စုံရှုသည် ဖြစ်၏။

ဣဒံ- ဤသည်ကား၊ ဒုက္ခံ- ဒုက္ခတည်း။

အယံ -ဤသည်ကား၊ ဒုက္ခသမုဒယော- ဒုက္ခ ဖြစ်ကြောင်းတည်း။

(ဇ) **နိရောဓသစ္စံ ထပေတွာ အဝသေသော၊**

နိရောဓေါ၊ နနိရောဓသစ္စံ။ (သစ္စယမိုက်)

နိရောဓသစ္စံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို၊ ထပေတွာ- ချန်ထား၍၊ အဝသေသော- ကြွင်းကျန်သော တရားသည်၊ နိရောဓေါ နိရောဓ- မည်၏၊ နနိရောဓသစ္စံ- နိရောဓသစ္စာ မမည်။

ဒုက္ခမေဝဟိ နေဒုက္ခီ၊
ကြိယာဝ နကာရကော၊
နိဗ္ဗုတိဝ နိဗ္ဗုတောန၊
မဂ္ဂေါဝ ဂမကောနိဓ။ (ဝိသုဒ္ဓိမဂ်-ဒု-၁၄၄)

http://www.dhammadownload.con



ဣဓ- ဤသာသနာတော်၌၊ ဒုက္ခမေဝ-ဆင်းရဲအစုသည်သာ အတ္ထိ ရှိ၏၊ နော ဒုက္ခိ-ဆင်းရဲကို ခံစားတတ်သူတစ်စိုးတစ်စိ မရှိ၊ ကြိယာဝ- ဒုက္ခဖြစ်ကြောင်း တရားသည်သာ၊ အတ္ထိ-ရှိ၏၊ နကာရကော- ဒုက္ခကို ပြုလုပ်တတ်သူမရှိ၊ နိဗ္ဗုတိဝ ငြိမ်းချမ်းသော နိဗ္ဗာန်သည်သာ၊ အတ္ထိ-ရှိ၏၊ နိဗ္ဗုတော- နိဗ္ဗာန်ကို ခံစားတတ်သူ၊ န အတ္ထိ- မရှိ မဂ္ဂေါဝ- နိဗ္ဗာန်ရောက်ကြောင်း တရားသာ၊ အတ္ထိ-ရှိ၏၊ ဂမကော- သွားတတ်သူ၊ န အတ္ထိ- မရှိ။

(ဈ) သနိမိတ္တာ ဘိက္ခဝေ ဥပ္ပဇ္ဇန္တိ၊
ပါပကာ အကုသလာဓမ္မာ။
နော အနိမိတ္တာ။ (အံ - ၈၀)

ဘိက္ခဝေ- အို ရဟန်းတို့၊ သနိမိတ္တာ- နိမိတ်ကို အာရုံပြုကြကုန်သောကြောင့်၊ ပါပကာ-ယုတ်မာကုန်သော၊ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ ဥပ္ပဇ္ဇန္တိ - ဖြစ်ကြကုန်၏၊ အနိမိတ္တာ-နိမိတ်ကို အာရုံမပြုကြကုန်သောကြောင့်၊ နော ဥပ္ပဇ္ဇန္တိ-အကုသိုလ်တရားတို့ မဖြစ်ကြကုန်။

ရူပံ ဒိသွာ သတိမုဋ္ဌါ ပိယနိမိတ္တံ မနသိကရောတော(လ)
ဇဝံ အာစိနတော ဒုက္ခံ အာရာနိဗ္ဗာနဝုစ္စတိ။
(သံ- ၂ - ၄၉၆)

http://www.dhammadownload.con



ရူပံ-အဆင်းရူပါရုံကို၊ ဒိသွာ-မြင်သည်ရှိသော်၊ သတိ မုဋ္ဌါ-ကမ္မဋ္ဌာန်းသတိ လွတ်ခြင်းကြောင့်၊ ပိယနိမိတ္တံ-သာယာ ဖွယ်နိမိတ်ကို၊ မနသိကရောတော-နှလုံးသွင်းသောသူအား (လ) ဇဝံ-ဤသို့၊ ဒုက္ခံ-ဒုက္ခကို၊ အာစိနတော-ပွားစေသောသူအား၊ အာရာနိဗ္ဗာန ဝုစ္စတိ-နိဗ္ဗာန် နှင့် ဝေး၏ဟု ဆိုအပ်၏။

နတွေဝ စက္ခုဝိညေယျေသု ရူပေသု၊
အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။ (သံ - ၂ - ၃၇၇)

စက္ခုဝိညေယျေသု-စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော၊ ရူပေသု-အဆင်းတို့၌၊ အနုဗျဉ္ဇနသော-လက်ခြေသဏ္ဌာန် ပြုံး ဟန်၊ ရယ်ဟန်စသော အသေးစိတ် ထင်ရှားသော အမှတ် အသားကို ယူခြင်းသည်။ နိမိတ္တဂ္ဂါဟော-ယောကျ်ား မိန်းမ လှ မလှဟု အသေးစိတ် အမှတ်အသားကို ယူခြင်းသည်။ နတွေဝ ဝရဲ-မမြတ်သည်သာလျှင်တည်း။

ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ သုညသော သမာဓိ

အနိမိတ္တောသမာဓိ အပ္ပဏိဟိတောသမာဓိ အယံဝုစ္စတိ ဘိက္ခဝေ

အသင်္ခတဂါမိမဂ္ဂေါ။ (သံ - ၃ - ၃၆၉ ပိုဒ်)

(မြန်-၂-၅၃၅)

ဘိက္ခဝေ-အို ရဟန်းတို့၊ အသင်္ခတဂါမိမဂ္ဂေါ-နိဗ္ဗာန်သို့ သွားရာရောက်ကြောင်း လမ်းခရီးကောင်းကား၊ ကတမောစ-

http://www.dhammadownload.con



အဘယ်ပါနည်း၊ အနိမိတ္တောသမာဓိ-နိမိတ်စင်လှ သဘာဝပရ မတ်၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် အမြင်သန်သည့် တည် ကြည်မှုသည်၊ အတ္တိ - ထင်ရှား မသေွ ရှိပါပေ၏။

ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤသည်ကို၊ အသခ်ံတဂါမိမဂ္ဂေါ-နိဗ္ဗာန်သွားလမ်းခရီးကောင်းဟု၊ ဝုစ္စတိ-ဆိုအပ်ပါပေ၏။

အနိမိတ္တဉ္စ ဘာဝေဟိ မာနနုသယ မုဇ္ဇဟ-တတော မာနာဘိသမယာ ဥပသန္တော စရိဿတိ၊ သုတ္တနိပါတ် ပါဠိတော်။ (၃၄၄-၂-စူဠဝဂ္ဂေါ)

အနိမိတ္တဉ္စ-အနိမိတ္တ အမည်ရသည့် အနိစ္စ ဒုက္ခ အနတ္တ ဘာဝနာကိုလည်း၊ ဘာဝေဟိ-မနေမနား ကြိုးစားပွားများပါ လော့။ ဥပသန္တော-ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းသည်ဖြစ် ၍၊ စရိဿတိ-အငြိမ်းဓာတ် နိဗ္ဗာန်မြတ် နှင့် စိတ်အစဉ်ဟပ်လျက် ငြိမ်းချမ်းစွာ နေရပေလိမ့်မည်တည်း။

(ည) သက္ကာယသမုဒယဂါမိနိပဋိပဒါတိ။
ဧတံ မမ၊ ဧသောဟမသ္မိ၊
ဧသော မေ အတ္တာတိသမနုပဿတိ၊ (မ-၃း၃၃၁)

သက္ကာယ သမုဒယဂါမိနီ ပဋိပဒါတိ-သက္ကာယ အတ္တ ဖြစ်ကြောင်း အကျင့်ကား၊ ဧတံမမ-ငါ့၊ ဧသော ဟမသ္မိ - ငါဥစ္စာ၊ ဧသောမေအတ္တာတိ-ငါ့အလိုသို့လိုက်၏ဟု၊ သမနုပဿတိ-အထပ်ထပ်ရှု၏။

http://www.dhammadownload.con



'အယံမေအတ္တာတိ' ဗာလဇနေန ပရိဂ္ဂဟိတတ္တာ
အတ္တဘာဝေါ ဝုစ္စတိ သရီရမ္ပိ ခန္ဓပဉ္စကမ္ပိ။
(နီ-၃၄၆/အပိုဒ်-၅၆၉)

ဗာလဇနေန-နာမ်ရုပ်သဘော ဖြစ်ပျက်မမြင် လူရှင်မိုက်ကန်းသည်၊ သရီရမ္ပိ-ကိုယ်ကိုလည်းကောင်း၊ ခန္ဓပဉ္စကမ္ပိ-ခန္ဓာငါးပါးကိုလည်းကောင်း၊ အယံ-ဤကိုယ်ခန္ဓာကား၊ မေ-ငါ၏၊ အတ္တာတိ-အလိုသို့ လိုက်စေ၏ဟု၊ ပရိဂ္ဂဟိတတ္တာ-သိမ်းပိုက်အပ်သည်၏ အဖြစ်ကြောင့်၊ အတ္တဘာဝေါ - အတ္တ၏ အဖြစ်ကို၊ ဝုစ္စတိ-မိန့်ဆိုအပ်၏။

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ( ပဋ္ဌာန်းပါဠိတော် ပဉ္စဝါရ။ )

ဒါနံ-အလှူကို၊ ဒတွာ-ပေးလှူ၍၊ သီလံ-သီလကို၊ သမာဒိယိတွာ-ဆောက်တည်၍၊ ဥပေါသထကမ္မံ-ဥပုသ်ကံကို၊ ကတွာ-ပြု၍၊ တံ-ထိုဒါန သီလဥပုသ်ကို၊ အဿာဒေတိ-သာယာ၏၊ အဘိနန္ဒတိ-အလွန်နှစ်သက်၏။ တံ-ထိုဒါနသီလဥပုသ်ကို၊ အာရဗ္ဘ-အာရုံပြု၍၊ ရာဂေါ-ရာဂသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဒိဋ္ဌိ-အတ္တဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

http://www.dhammadownload.con



**အဟံဝိပဿာမိ မမဝိပဿနာတိ၊**
**ဂဏှာ၊ တော ဟိ ဒိဋ္ဌိ၊ ( ဝိသုဒ္ဓိမဂ် )**

အဟံ-ငါသည်၊ ဝိပဿာမိ-ဝိပဿနာရှု၏။ ဝိပဿနာ-ဝိပဿနာသည်၊ မမ- ငါ့ ဝိပဿနာဟု၊ ဂဏှာတော-ယူသောသူအား၊ ဒိဋ္ဌိ-အတ္တဒိဋ္ဌိ ဖြစ်၏။

**ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ၊**
**တံ ပစ္စဝေက္ခတိ သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿိန္တိ၊**
**(ပဋ္ဌာန်ပါဠိ)**

ဒါနံဒတွာ-အလှူပေး၍၊ သီလံသမာဒိယိတွာ-သီလ စောင့်၍၊ သေက္ခာဝါ-သေက္ခသည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ-ပုထုဇဉ်သည်လည်းကောင်း၊ ကုသလံ-ကုသိုလ်ကို၊ အနိစ္စတော-အနိစ္စဟု၊ ဒုက္ခတော-ဒုက္ခဟု၊ အနတ္တတော-အနတ္တဟု၊ ဝိပဿန္တိ-ဝိပဿနာရှုကုန်၏။ တံ-ထို ဒါန သီလဥပုသ်ကို၊ ပစ္စဝေက္ခတိ-ရှုဆင်ခြင်၏။

**သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ၊ ပ၊ ဒိဋ္ဌိ၊**
**ဥဂ္ဃါဋနံနာမ ဟောတိ၊ (ဝိသုဒ္ဓိမဂ်)**

http://www.dhammadownload.con



သင်္ခါရာဝ-ရှုဆင်ခြင်တတ်ပြား သင်္ခါရတရားတစ်စု ကသာလျှင်၊ သင်္ခါရေ-အရှုခံတရား သင်္ခါရတို့ကို၊ ဝိပဿန္တိ- ဝိပဿနာ ရှုကုန်၏ဟု၊ ဂဏှာတော-နှလုံးပိုက်ထား ယူသူအား၊ ဒိဋ္ဌိ-အတ္တာဒိဋ္ဌိကို၊ ဥဂ္ဃါဋေန္တိ နာမ-ပယ်ခွာခြင်းမည်သည်၊ ဟောတိ- ဖြစ်၏။

❀ ❀ ❀

## ၁၉ ။ ဒိဋ္ဌိ နှင့် ဉာဏ်

ဒိဋ္ဌိ နှင့် ဉာဏ် နှစ်တန်အားသျှည်း ပွားပယ်နည်းကို နိဿျည်းရရ ကြိုးလုံလနှင့် မချရုံခါ စဉ်မကွာပဲ နတ်ရွာ ခြောက်တန် ပြဟွာဆန်သည် နိဗ္ဗာန်ရောက်စေ ဆင့်ကဲတည်း။ (မယဒေဝ)

မည်သူပင်ဖြစ်စေ အိပ်ပျော်သည်မှတပါး အသိ ခြောက် မျိုး တစ်မျိုးမျိုးသိ သိနေသည်။ သိနေသည်ကိုပင် ဝိပဿ နာရှုဆင်ခြင် ကျင့်သုံးရမည်။ မသိကြလျှင် အသို့ကျင့်သုံးကြမည် နည်း။

http://www.dhammadownload.con



မြင်သိဟူသည် မျက်နှာဝန်းအလယ် ပိုးစုန်းကြူး အရောင် ဝင်းကနဲ ဝင်းကနဲ တစ်လက်လက် မြင်တိုင်း ဖြစ်ပျက်နေသကဲ့သို့ မပြတ် ဖြစ်ပျက်သည့် အကြည်ဓာတ် သဘာဝကို စက္ခုပသာဒ ဝတ္ထုရုပ်ဟု ဆိုအပ်၏။

မြင်စရာအဆင်းလည်း ဖြစ်ပျက်မပြတ် ဖြစ်ပျက်နေသည့် အဆင်းဓာတ် သဘာဝကို ရူပါရုံဟု ဆိုအပ်၏။

မှန်နှင့် မျက်နှာဆုံမိလျှင် မျက်နှာရိပ် ပေါ်သကဲ့သို့ မျက်စိ အကြည် နှင့် မြင်စရာအဆင်း ဆုံမိလျှင် မြင်သိစိတ် ဖြစ်လာ၏။

မျက်စိအကြည်သည် မှန် နှင့် တူ၏၊ မြင်စရာအဆင်းသည် မျက်နှာ နှင့် တူ၏။ မြင်သိစိတ်သည် မျက်နှာအရိပ်နှင့် တူ၏။ မှန် နှင့် မျက်နှာသည် အမြဲမဆုံ၊ ဆုံမှ မျက်နှာရိပ်ပေါ်၏ မဆုံမပေါ် မှန်ထဲမှာလည်း မျက်နှာရိပ် အမြဲမရှိ၊ မျက်နှာနှင့် မှန် တိုက်ဆိုင်ခိုက် မျက်နှာရိပ် ဖြစ်ပေါ်သည်။

မျက်စိအကြည့်နှင့် မြင်စရာလည်း အမြဲမဆုံ ဆုံမှ မြင်သည်၊ မဆုံ မမြင် မြင်သိစိတ် မျက်စိအကြည်ထဲမှာ အမြဲမရှိ မြင်စရာနှင့်တိုက်ဆိုင်မှ မြင်သိစိတ် ဖြစ်လာသည်။ <u>မြင်သိစိတ်ကို ဉာဏ်အမြင် စိုက်ရှုလျှင် ပိုးစုန်းကြူးအရောင် ဝင်းကနဲ ဝင်းကနဲ မြင်ရသည့်အခါ ဖြစ်ပျက်သကဲ့သို့ ဖြစ်ပျက် မပြတ် ဖြစ်ပျက်နေသည့် သိမြင်မှု သဘာဝကို စက္ခုဝိညာဏ်ဟု ဆိုအပ်ပါပေ၏။</u>

http://www.dhammadownload.con



မျက်စိက မြင်သည်ဆိုရာ မျက်စိက မြင်လို့မရ၊ မျက်စိကပညတ်၊ မြင်သည့် သဘာဝက ပရမတ်၊ ပညတ်ဟူသည် မရှိ၊ မရှိလျှင် မသိတတ်၊ ပရမတ်က ထင်ရှားရှိ၊ ရှိမှသိ၏။ အိမ်မှာရှိသည့် လူအများက ဆူညံနေသည်ကို ဒီအိမ်က ဆူညံသည်ဟု ဆိုသကဲ့သို့၊ မျက်စိမှာ မြင်သိသဘာဝ ဖြစ်ပျက်ကြသည်ကို၊ မျက်စိက မြင်သည်ဟု ဆိုခြင်းမျှသာ ဖြစ်သည်။ ထင်းကို စွဲလောင်၍ တောက်သော မီးကို၊ ထင်းမီးဟု ဆိုသကဲ့သို့၊ မျက်စိအကြည်ဓာတ်ကို အစွဲပြုအမှီပြု အကြောင်းခံ၍ဖြစ်သော၊ မြင်သိစိတ်ကို မျက်စိက မြင်သည်ဟု ဆိုခြင်းမျှသာ ဖြစ်ပေသည်။

## မြင်သည်နှင့် တပြိုင်နက် ဓာတ်သဘာဝ ၁၀မျိုး ပေါင်းဆုံမိခြင်း

(၁) မျက်စိအကြည်ဓာတ်။ (စက္ခုပသာဒ)

(၂) အဆင်းဓာတ်။ (ရူပါရုံ)

(၃) မြင်သိစိတ်။ (စက္ခုဝိညာဏ်)

(၄) မျက်စိအကြည်နှင့် မြင်စရာအဆင်း မြင်သိစိတ် သုံးမျိုး တိုက်ဆိုင်သည့်ဓာတ်။ (ဖဿ)

(၅) မြင်စရာအာရုံခံစားသည့်ဓာတ်။ (ဝေဒနာ)

(၆) မြင်စရာအာရုံ မှတ်သားသည့်ဓာတ်။ (သညာ)

http://www.dhammadownload.con



(၇) မြင်စရာအာရုံ စေ့ဆော်သည့်စာတ်။ (စေတနာ)

(၈) မြင်စရာ အာရုံသို့ သက်ဝင်သည့်ဓာတ်။ (ဧကဂ္ဂတာ)

(၉) မြင်စရာ အာရုံကို နှလုံးသွင်းသည့်ဓာတ်။ (မနသိကာရ)

(၁၀) မြင်တတ်သည့် သဘာဝတို့ကို အစိုးတရ စောင့်စည်းသည့် ဓာတ်။ (ဇီဝိတိန္ဒြေ)

၁၊ ၂။ ရူပက္ခန္ဓာ

၃။ ဝေဒနက္ခန္ဓာ

၆။ သညာက္ခန္ဓာ

၄၊ ၇၊ ၈၊ ၉၊ ၁၀။ သင်္ခါရက္ခန္ဓာ

၃။ ဝိညာဏက္ခန္ဓာ

ဓာတ်သဘာဝ- ၁၀မျိုး။ (တနည်း) ခန္ဓာငါးပါး မယုတ်မလွန် အညီအညွတ် စုစည်းပေါင်းဆုံ ဖြစ်ပေါ်လျှင် မြင်သိဖြစ်သည်။ မပေါင်းဆုံ မစုစည်းမိလျှင် မဖြစ်ပေါ်၊ လူသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း၊ တန်ခိုးရှင်သည် လည်းကောင်း၊ ဓာတ် (၁၀)မျိုး စုစည်းပေါင်းစုံမိစေရန် မတတ်နိုင်။ မပြုလုပ်နိုင်ကြချေ။ မပေါင်းဆုံမစုစည်းမိစေရန်လည်း မတားမြစ်နိုင်ကြချေ။ ပေါင်းဆုံစည်းဝေးစုစည်းမိပြန်လည်း၊ မြင်သိစိတ် မဖြစ်ပေါ်စေရန် မတားမြစ်နိုင်ကြချေ။

မျက်စိအကြည် မြင်စရာအဆင်း အကြောင်းတရားတို့ ပေါင်းဆုံမိလျှင် မြင်သိစိတ် အကျိုးတရား ဖြစ်ပေါ်ကြရပေမည်။

http://www.dhammadownload.con



မျက်စိအကြည် အဆင်းရုပ်တို့သည် ရှေးရုပ်စဉ်နှင့် နောက်ရုပ်အစဉ် မတူကွဲပြား ဖောက်ပြန်တတ်သော သဘောကြောင့် ရုပ်ဟုဆို၏။ မြင်သိစိတ်သည် သိစရာ မြင်စရာ အဆင်း အာရုံကို ညွှတ်၍ သိတတ်သောကြောင့် နာမ်ဟု ဆို၏။

မြင်သိစိတ်သည် အဆင်းမြင်စရာကို မြင်ချင်တိုင်း မြင်လို့မရ။ မြင်သိစိတ်၏ မှီရာ မျက်စိအကြည်၊ ကြည်ကြည်လင်လင်ကို မှီရပါမှ ထင်ထင်လင်းလင်း မြင်ရသည်။

**မျက်စိအကြည်သည် နိဿယပစ္စည်း။**

**မြင်စရာအဆင်းသည် အာရမ္မဏပစ္စည်း။**

**မြင်သိစိတ် စသည် သဟဇာတပစ္စည်း။**

ပစ္စည်းပြိုင်မှ မြင်သိဖြစ်သည်ဟု ဟောတော်မူ၏။

**ဒိဋ္ဌိအမြင်မှာ-**

ဆိုခဲ့ပြီး ဓာတ်သဘာဝ (၁၀)မျိုး, ခန္ဓာငါးပါး ပစ္စည်းပြိုင် ညီညွတ်စုဝေးပေါင်းဆုံသည့် ပရမတ်ဓာတ်သားတို့ ဖြစ်ပျက် မပြတ် ဖြစ်ပျက်ကြသည်ကို၊ မျက်စိ နှင့် မြင်သည် ငါမြင်သည်၊ ပုဂ္ဂိုလ်မြင်သည်၊ ကိုယ်မြင်သည်၊ တစ်မြင်ထဲ မြင်သည်၊ အလိုရှိတိုင်း မြင်ရသည်ဟု သိမြင်ကြမှုသည်၊ ဒိဋ္ဌိစေတသိက်က ဆိုးဆိုးဝါးဝါး ချွတ်ချွတ်ယွင်းယွင်း ဖောက်ပြန်မှားယွင်းစွာ သိမ်းပိုက်သည်ဟု ဆိုအပ်ပါပေ၏။

http://www.dhammadownload.con



ဉာဏ်အမြင်မှာ-

ပုဂ္ဂိုလ်က မြင်သည်မဟုတ် ငါက မြင်သည်မဟုတ် သူက မြင်သည်မဟုတ် ကိုယ်က မြင်သည်မဟုတ် မျက်စိက မြင်သည်မဟုတ် အလိုရှိတိုင်း မြင်ရသည်မဟုတ် ဆိုခဲ့ပြီး၊ သဘာဝဓာတ်သား ပရမတ်အစစ် ဓာတ်အနှစ် - ဆယ်မျိုး မယှုတ်မလွန် အညီအညွတ် ပေါင်းဆုံစုဝေးမိလို့ မြင်သည် သိသည်ဟု ဆိုအပ်၏။ မျက်စိဒွာနဒ္ဒ ရုပ်နာမ်နှစ်ပါး အကြောင်း အကျိုးတရား ခန္ဓာငါးပါး မယှုတ်မလွန် အညီအညွတ် ဖြစ်ပေါ်ခိုက် မြင်သည် သိသည်ဟု ဉာဏ်အမြင်ပိုင်ပိုင်ကြီး သဘောကျရာ၏။

ဝိပဿနာ ရှုဆင်ခြင် ကျင့်သုံးနည်းမှာ-

ဆိုခဲ့ပြီး ပရမတ်အစစ် ဓာတ်အနှစ် (၁၀)မျိုးကိုလည်း ကောင်း၊ တစ်ခုခုကို လည်းကောင်း၊ ခန္ဓာငါးပါး အဖြစ်ဖြင့်လည်း ကောင်း၊ ဆရာထံတွင် သင်ကြား မှတ်သားပြီးလျှင် သဘာဝ ပရမတ် ဆယ်တန် တရားအမှန် ခန္ဓာတို့ကို အာရုံပြု နှုတ်ဖြင့် လေ့ကျက်။ စိတ်ဖြင့် ကပ်ရှု ဉာဏ်အမြင်ထိုးထွင်းသိအောင် နှလုံးသွင်း ပွားများကျင့်သုံးရာသည်။

ဝိညာဏက္ခန္ဓာဖြစ်သည့် စက္ခုဝိညာဏ် မြင်သိစိတ်ကိုပင် စံပြုအနေ နမူနာအဖြစ်ဖြင့် ကွက်ရှုကြည့်ကြစို့.-

မျက်စိအကြည် ရုပ်နှင့် မြင်စရာ အဆင်းရုပ်တို့ မတိုက်ဆိုင် မဆုံမိက မြင်သိစိတ် မဖြစ်ပေါ်သေး။ တိုက်

http://www.dhammadownload.con



ဆိုင် ဆုံမိမှ ဖြုန်းကနဲ မြင်သည့် စိတ်နာမ်တရား ဖြစ်ပေါ်လာလေ၏။ ဖြစ်ပြီးနောက် ဖြတ်ကနဲ ချုပ်ကွယ် ပျောက်သွားလေ၏။ အမြဲမတည် လျင်လျင်မြန်မြန် ချုပ်ကွယ်ပျောက်သွားသည့် မြင်သိစိတ်ကို ပိုးစုန်းကြူးအရောင် ဝင်းကနဲ ဝင်းကနဲ မြင်သည့်အခါ ဖြစ်ပျက်နေသကဲ့သို့ ဉာဏ်အမြင်ဖြင့် ရှုကြည့်လျင် ဖြစ်ပျက်မပြတ် ဖြစ်ပျက်နေသည့် မြင်သိစိတ်ကို အနိစ္စဟု ရှုဆင်ခြင် နှလုံးသွင်း ကျင့်သုံးအပ်ပါပေ၏။ အော်-အမြဲ မရှိပါတကားဟု ထင်ဟပ် နှလုံးသွင်းရာသည်။

မြင်သိစိတ်, နှလုံးသွင်း ဉာဏ်အမြင်ရှင်း ကျင့်သုံးအပ်သကဲ့သို့၊ ကြားသိစိတ်, နံသိစိတ်, ထိသိစိတ်, ကြံသိစိတ် , သိစိတ်, ခြောက်မျိုးလုံး နှလုံးသွင်း ကျင့်သုံးကြရပေသည်။

ကြားသိစိတ်ဆိုလျင် နားအကြည် ကြားစရာအသံစသည် ပြောင်းလဲ၊ ကျန်သိစိတ်များလည်း အကြည်ခေတ်သိစရာ အာရုံ လဲလှယ်ထည့်၊ ကြည့်ရှုနိုင်ကြပါစေ။

## ၂၀။ ဝိပဿနာ ကမ္မဋ္ဌာန်း လှုတ်လျှင်

မြင်လျှင် ကမ္မဋ္ဌာန်းသတိလွတ်ခြင်းကြောင့် နှစ်သက်ဖွယ် ပုံပန်းနိမိတ် နှလုံးသွင်းသူအား ပြင်းစွာ တပ်မက် ခံစား၏။ တဏှာနိုင်ငံ အလိုလိုက် လွှမ်းမိုးခံရ၏။

http://www.dhammadownload.con



အလိုကြီးခြင်း, ညှဉ်းပန်းနှိပ်စက်ခြင်းများ ကပ်၍ နှိပ်စက်၏၊ ဤသို့ ဆင်းရဲဒုက္ခတိုးပွားလျှင် နိဗ္ဗာန် နှင့် ဝေးတော့၏။

မြင်လျှင် ကမ္မဋ္ဌာန်းလွတ်ပြီး နိမိတ်ပုံပန်း ဖြပ်ယူရခြင်းထက် ရဲရဲငြိငြိ သံပူချောင်းကြီးဖြင့် မျက်စိ ထိုးဖောက်ခြင်းကား ကောင်းသေး၏။ ပုံပန်း နိမိတ်ယူရခြင်းကား မကောင်း။ နိမိတ်ပုံပန်း ယူမိလေလျှင် ငရဲ နှင့် တိရစ္ဆာန် တစ်ခုခုကျရောက်ဖြစ်ရာ၏။

ယခုပင်လျှင် စက္ခုအကြည်သည် အနိစ္စမမြဲ။
အဆင်းမျိုးစုံ ရူပါရုံသည် အနိစ္စမမြဲ။
မြင်သိစိတ်သည် အနိစ္စမမြဲဟု စသည်ဖြင့်
လက္ခဏာရေး သုံးပါး ရှုဆင်ခြင် နှလုံးသွင်းနေပေတော့အံ့။

## မရဏ (၃)မျိုး

တစ်ဘဝ တစ်ခါ သေရခြင်းကို သမ္မုတိမရဏ ဟု ဆိုအပ်၏။

သိစိတ်တစ်ကြိမ်ဖြစ် တစ်ကြိမ်ပျက်ကို သန္တတိမရဏ ဟု ဆိုအပ်၏။

သင်္ခတပရမတ် သဘာဝတို့ ဖြစ်ခဏ ပျက်ခဏကို ခဏိကမရဏ ဟုဆိုအပ်၏။

သင်္ခတပရမတ် ဓာတ်သဘာဝတို့ သံသရာ တစ်ခုလုံး အပျက်ကြီး ပျက်ကြသဖြင့် ဖြစ်ခဏကို ဇာတိမီး ဟု

http://www.dhammadownload.con



ဆိုအပ်၏။ ပျက်ခဏသို့ ညွတ်ခြင်းကို ဇရာမီး ဟု ဆိုအပ်၏။ ပျက်ခဏကို မရဏမီး ဟု ဆိုအပ်၏။

ဤသို့လျှင် ကာမဘဝ ရူပဘဝ အရူပဘဝ ဟူသော ဘုံသုံးဝကို မီးတစ်ဟုန်းဟုန်း တောက်လောင်နေသည့် သစ်ရွက်မိုး တဲကုတ် သုံးလုံးကဲ့သို့ ထင်မြင်လာအောင် ဉာဏ်အမြင် ကပ်ရှုနှလုံးသွင်း လေ့ကျင့်ပွားများရာသည်။

ခြောက်ပါးဝိညာဉ်၊ ခြောက်ဝိညာဉ်လည်း၊ မီးပင်မပြတ်
လောင်တတ်အပ်၏။ ဆယ့်တစ်ဖြာမီး၊ မီးသီးသီးသို့၊
လောင်ကြီးလောင်လှ၊ သတ္တဝါသ၊ ဘုံကိုးဝတွင်
တစ်ဟုန်းဟုန်းတောက်၊ လောင်ရမနဲ၊ စိတ်ထဲစွဲယူ၊
မီးပူဝိုင်းရံ၊ ဤရုပ်နာမ်ကား၊ မီးပဒေသာ၊ တူလှစွာ၏။

**အနိစ္စေယေဝ ဘိက္ခဝေ ဘိက္ခု**
**သင်္ခါရေ အနိစ္စာတိ ပဿတိ။** ( သံ-၂ - ၄၂ )

ဘိက္ခဝေ-ရဟန်းတို့၊ အနိစ္စေယေဝ-အနိစ္စသာလျှင် ဖြစ်သော၊ သင်္ခါရေ-သင်္ခါရတရားတို့ကို၊ ဘိက္ခု-ရဟန်းသည်၊ အနိစ္စာတိ- အနိစ္စဟု၊ ပဿတိ-ရှုမြင်၏။

**ဟန္ဒာဟံ ဣဒမေဝ မနသိကရောမိ။** (သံ-၂-၃၇၈)

အဟံ-ငါသည်၊ ဟန္ဒ-ယခုပင်၊ ဣဒမေဝ-ဤစက္ခုစသည်ကိုသာလျှင်၊ မနသိကရောမိ-အနိစ္စ ဒုက္ခ အနတ္တဟု နှလုံးသွင်းနေပေတော့အံ့။

http://www.dhammadownload.con



**ဝိဇာနာတိတိခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိဝုစ္စတိ။**

(သံ - ၂)

ဘိက္ခဝေ-ရဟန်းတို့၊ ဝိဇာနာတိ-အထူးသိတတ်၏၊ တသ္မာခေါ-ထို့ကြောင့်လျှင်၊ ဝိညာဏန္တိ-ဝိညာဏ်တို့ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

**စက္ခုဝိညာဏံ အနိစ္စံ။** ( သံ-၂-၂၅၇ )

**စက္ခုဝိညာဏံ မြင်သိစိတ်သည် အနိစ္စ မမြဲ။**

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။**

( သံ- ၂-၂၆၁ )

စက္ခုဉ္စ-မျက်စိအကြည်ကိုလည်းကောင်း၊ ရူပေစ-အဆင်းမျိုးစုံ ရူပါရုံကိုလည်းကောင်း၊ ပဋိစ္စ-အစွဲပြုအကြောင်းခံ၍၊ စက္ခုဝိညာဏံ-မြင်သိစိတ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

**ယေါ စက္ခုဝိညာဏံ အဘိနန္ဒတိ**

**ဒုက္ခံ သော အဘိနန္ဒတိ။**

**ယော ဒုက္ခံ အဘိနန္ဒတိ။**

**အပရိမုတ္တော သော ဒုက္ခသ္မာတိ။**

**ဝဒါမိ။** (သံ-၂)

http://www.dhammadownload.con



ယော-အကြင်သူသည်၊ စက္ခုဝိညာဏံ-မြင်သိစိတ်ကို၊ အဘိနန္ဒတိ-နှစ်သက်၏။ သော-ထိုသူသည်၊ ဒုက္ခံ-ဒုက္ခကို၊ အဘိနန္ဒတိ-နှစ်သက်သည် မည်၏။ ယော-အကြင်သူသည် ဒုက္ခံ -ဒုက္ခကို၊ အဘိနန္ဒတိ-နှစ်သက်၏။ သော-ထိုသူသည်၊ ဒုက္ခသ္မာ-ဒုက္ခအပေါင်းမှ၊ အပရိ မုစ္စောတိ - မလွတ်မြောက်နိုင် ဟု အဟံ-ငါဘုရားသည်။ ဝဒါမိ - ဟောတော်မူ၏။

ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယနိမိတ္တံ မနသိကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသာယ တိဋ္ဌတိ။
တဿဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာစ ဝိဟေသာစ စိတ္တမဿုပ ဟညတိ။

ဧဝံ အာစိနတော ဒုက္ခံ အာရာနိဗ္ဗာန ဝုစ္စတိ။

ရူပံ-အဆင်းရူပါရုံကို၊ ဒိသွာ-မြင်သည်ရှိသော်၊ သတိ မုဋ္ဌာ-ဝိပဿနာ ရှုဆင်ခြင်ကမ္မဋ္ဌာန်းလွတ်ခြင်းကြောင့်၊ ပိယ နိမိတ္တံ-ချစ်နှစ်သက်ဖွယ် ပုံပန်းနိမိတ်ကို၊ မနသိကရောတော -နှလုံးသွင်းသောသူအား၊ သာရတ္တစိတ္တော-ပြင်းစွာတပ်မက်သော စိတ်ရှိသည်ဖြစ်၍၊ ဝေဒေတိ-ခံစား၏။ တဉ္စ-ထိုအာရုံကိုလည်း၊ အဇ္ဈောသာယ-တဏှာဖြင့် လွှမ်းမိုး၍၊ တိဋ္ဌတိ-တည်၏။ တဿ-ထိုသူအား၊ အနေကာ-တစ်ပါးမက များစွာကုန်သော၊ ရူပသမ္ဘဝါ-အဆင်မျိုးစုံ ရူပါရုံကြောင့်ဖြစ်ကုန်သော၊ ဝေဒနာခံစားခြင်း တို့သည်၊ ဝဍ္ဎန္တိ - တိုးပွားကုန်၏၊ အဿ - ထိုသူ၏

http://www.dhammadownload.con



စိတ္တံ-စိတ်ကို၊ အဘိဇ္ဈာစ-အလိုရမ္မက်သည်လည်းကောင်း၊ ဝိဟေသာစ-ညှင်းပန်းနှိပ်စက်ခြင်းတို့သည်လည်းကောင်း၊ ဥပ ဟည တိ- ကပ်၍ နှိပ်စက်၏။ ဇဝံ-ဤသို့ ဒုက္ခံ-ဒုက္ခကို၊ အာစိနတော-ပွားစေသူအား၊ အာရာနိဗ္ဗာနဝူစ္စတိ-နိဗ္ဗာန် နှင့် ဝေး၏ဟု မိန့်ဆိုအပ်၏။

<u>ဝရံ ဘိက္ခဝေ</u> တတ္တာယ အယောသလကာယ
စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ အနုဗျဥ္ဇနသော နိမိတ္တဂ္ဂါဟော နတွေဝ ဝရံ။
ယံဒ္ဒိန္နံ ဂတီနံ အညတရံ ဂတိံ ဂစ္ဆေယျ။
နိရိယံဝါ တိရစ္ဆာနယောနိံ ဝါ။ ( သံ-၂-၃၇၇ )

ဘိက္ခဝေ-ရဟန်းတို့၊ တတ္တာယ-ရဲရဲငြိငြိ ပြောင်ပြောင်တောက်သော၊ အယောကသလကာယ-သံပူချောင်းဖြင့်၊ စက္ခုန္ဒြိယံ-စက္ခုန္ဒြေကို၊ သမ္ပလိမဋ္ဌံ-ထိုးဖောက်ခြင်းသည်၊ ဝရံ-မြတ်သေး၏။ အနုဗျဥ္ဇနသော နိမိတ္တဂ္ဂါဟော-လက်ခြေသဏ္ဌာန် ပြုံးဟန်, ရယ်ဟန်, ယောက်ျား, မိန်းမ အမှတ်အသား နိမိတ်ကို ယူရခြင်းသည်၊ နတွေဝ ဝရံ-မမြတ်သည်သာတည်း။

နိရိယံဝါ-ငရဲသို့လည်းကောင်း၊ တိရစ္ဆနယောနိံဝါ-တိရစ္ဆာန်ဘုံသို့ လည်းကောင်း၊ ဒွိန္နံ-နှစ် မျိုးကုန်သော၊ ယံဂတီနံ-အကြင်လားရာတို့တွင်၊ အညတရံ-တစ်ပါးပါးသို့၊ ဂစ္ဆေယျ-လားရောက်ရာ၏။

http://www.dhammadownload.con


ဝိပဿနာ ရှုဆင်ခြင်လျှင် ဒိဋ္ဌိပြုတ်သည်။

အနိစ္စဟု ရှုလျှင် မိစ္ဆာဒိဋ္ဌိ ပြုတ်၏။

ဒုက္ခဟု ရှုလျှင် သက္ကာယဒိဋ္ဌိ ပြုတ်၏။

အနတ္တဟု ရှုလျှင် အတ္တဒိဋ္ဌိ ပြုတ်၏။

အဝိဇ္ဇာလည်း ပယ်၏။ ဥပါဒါန်လည်း ပယ်သေး၏။

ကထံနုခေါ ဘန္တေ ဇာနတော ကထံပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ။

စက္ခုံဝိညာဏံ အနိစ္စတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ။

စက္ခုံဝိညာဏံ ဒုက္ခတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ။

စက္ခုံဝိညာဏံ အနတ္တတော ဇာနတော ပဿတော အတ္တဒိဋ္ဌိ ပဟီယတိ။

စက္ခုံဝိညာဏံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ။ (သံ-၂--၃၅၈/၉)

ဝိဗ္ဗုပ္ပါဒါ နေဝ ဥပါဒါနံ ဥပါဒိယတိ။ (မ-၁-၃၁၀)

ဘန္တေ-အရှင်ဘုရား၊ ကထံဇာနတော-အသို့သိသူအား၊ ကထံပဿတော-အသို့မြင်သူအား၊ မိစ္ဆာဒိဋ္ဌိ-မိစ္ဆာဒိဋ္ဌိသည်၊ ပဟီယတိနုခေါ-ပယ်ပါသနည်း။ စက္ခုံဝိညာဏံ-မြင်သိစိတ်ကို၊ အနိစ္စတော-မမြဲသောအားဖြင့်၊ ဇာနတော-သိသောသူအား၊ ပဿတော-မြင်သောသူအား၊ မိစ္ဆာဒိဋ္ဌိ-မိစ္ဆာဒိဋ္ဌိကို၊ ပဟီယတိ-ပယ်၏။ အဝိဇ္ဇာ-အဝိဇ္ဇာကို၊ ပဟီယတိ-ပယ်၏။

http://www.dhammadownload.con



ဝိဇ္ဇာ-ဝိဇ္ဇာသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

ဝိဇ္ဇုပ္ပါဒါ-ဝိဇ္ဇာဉာဏ်ဖြစ်ခြင်းကြောင့်၊ ဥပါဒါန်-ဥပါဒါန်သည်၊ နေဝဥပါဒိယတိ-မစွဲလမ်းပြီ။

**သင်္ခါရာဝ ဘိဇ္ဇန္တိ တေသံဘေဒေါ မရဏံ။**

(ဝိသုဒ္ဓိမဂ် - ၂-၂၈၀ )

သင်္ခါရာဝ-စိတ်, စေတသိက်, ရုပ် သင်္ခါရတရားတို့သည်၊ ဘိဇ္ဇန္တိ- ပျက်ကုန်၏။ တေသံ-ထိုတရားတို့၏၊ ဘေဒေါ-ပျက်ခြင်းသည်၊ မရဏံ-သေသည်မည်၏။

**ဥဒယတော ပုဗ္ဗေ သင်္ခါရာ နတ္ထိ၊**

**ဝယတော ပရံ နဂစ္ဆန္တိ၊**

**ဓေတ္တေ၀ အန္တရဓါယန္တိ။** (ဝိသုဒ္ဓိမဂ် - )

ဥဒယတော-ဖြစ်သည်မှ၊ ပုဗ္ဗေ-ရှေးအဘို့၌၊ သင်္ခါရာ-စိတ်, စေတသိက်, ရုပ်, သင်္ခါရတရားတို့သည်၊ နတ္ထိ နသန္တိ-မရှိနိုင်ကြကုန်။ ဝယတော-ပျက်သည်မှ၊ ပရံ-နောက်ကာလ၌၊ နဂစ္ဆန္တိ - အရပ်တစ်ပါးသို့ ရောက်မသွားကြကုန်။ ဓေတ္တေ၀-၌ ဖြစ်ရာ၌ပင်လျှင်၊ အန္တရဓါယန္တိ-ကွယ်ပျောက်ကြကုန်၏။

http://www.dhammadownload.con



ပဉ္စန္နံ ခန္ဓာနံ သမဝါယေ၊

အာလောက ဝိလောကနံ၊ ပညာယတိ။

( သမ္မော - ၁-၄ )

ပဉ္စန္နံ-ငါးပါးကုန်သော၊ ခန္ဓာနံ-ခန္ဓာတို့၏၊ သမဝါယေ-ပေါင်းဆုံစုဝေးမိသည်၊ သတိ ရှိသော်၊ အာလောက ဝိလောကနံ - တည့်တည့်ကြည့်ခြင်း စောင်းငဲ့ကြည့်ခြင်းသည်၊ ပညာယတိ - ထင်ရှား၏။

စတုန္နံအာယတနာနံ၊ သမဝါယေ၊

အာလောကဝိလောကနံ၊ ပညာယေတိ။

တတ္ထ ကော၊ အာလောကေတိ။

ကော၊ ဝိလောကေတိ။

ခန္ဓာ၊ အာယတနာ၊ ပရမတ္ထဓါတ်သားတို့ ပေါင်းစုမိကြမှ၊ မြင်သိ ဖြစ်နိုင်လေသည်။ ကြည့်ရှုတတ်သော အဘယ်လူ, နတ်, ဗြဟ္မာ, တစ်စုံတစ်ယောက် ရှိချေအံ့နည်း။

http://www.dhammadownload.con



## ၂၁။ ဝိပဿနာဉာဏ်ရှင်တို့ အားရစရာ

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ(ဧကဂ္ဂတာ)၊ ပညာ။

ယင်းစေတသိက် (၅) မျိုးသည် မဂ်စိတ် ဖိုလ်စိတ် ဖြစ်ပေါ်လာသောအခါ၌ တပြိုင်နက်ဖြစ်ပေါ်၏။ ထိုအခါ လောကုတ္တရာ ဣန္ဒြေ (၅) မျိုးဟု သိအပ်၏။

ယင်းစေတသိက် (၅) မျိုးသည်ပင် ဝိပဿနာ ရှုဆင်ခြင်သော လောကီမဟာကုသိုလ်စိတ်တို့ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း (ဝါ) ဝိပဿနာ ရှုဆင်ခြင်နေတိုင်း တစ်ပြိုင်နက် အတူတူဖြစ်ပေါ်နေသည်။ ထိုအခါ လောကီဣန္ဒြေ (၅) မျိုး ဟု ဆိုအပ်သည်။

သူမြတ်သည် လောကုတ္တရာမဂ်ဖိုလ် ဣန္ဒြေ ငါးပါးသို့ ဆိုက်ရောက်ရန် လောကီဣန္ဒြေငါးပါးကို အကြိမ်ကြိမ် ဆည်းပူးရပေသည်။

"အကြွင်မဲ့လောက် ဆည်းပူး၏။ ထိုမျှလောက်၊ ဣန္ဒြေ ရင့်သန်လာ၏။" ရှင်းပေးခဲ့ဦးအံ့။

ဝိပဿနာ ဘာဝနာ ရှုဆင်ခြင်နေခြင်းသည်၊ တစ်စုံ တစ်ယောက်မဟုတ်၊ ယောကျ်ား၊ မိန်းမမဟုတ်။ ရဟန်းရှင် လူမဟုတ်။ ပုဂ္ဂိုလ် သတ္တဝါ၊ ငါကိုယ်မပါချေ။ စိတ်, စေတသိက်, ဖြစ်သော ဓမ္မသဘာဝတစ်စုက။ ဓမ္မသဘာဝ နာမ်ရုပ်အစုကို ရှုဆင်ခြင် နေခြင်းမျှသာ။

( သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ ) ဖြစ်၏။

http://www.dhammadownload.con



မဟာကုသိုလ် စိတ်ရှစ်ခု တို့တွင် ဉာဏသမ္ပယုတ်ကား တစ်မျိုး။ အညာသမာန်းစေတသိက်ကား (၁၃)။ သဒ္ဓါ စသော သောဘဏသာဓာရဏ စေတသိက်ကား (၁၉)။ ပညိန္ဒြေ စေတသိက်ကား (၁) ＝ +

ယင်း - စိတ်တစ်မျိုးနှင့် - စေတသိက် (၃၃) မျိုးတို့ ဖြစ်ပေါ်လာသည်ကို ဝိပဿနာ ရှုဆင်ခြင်နေသည်ဟု သိအပ်၏။

၎င်းစေတသိက် (၃၃) မျိုး၌ ပါရှိသော သဒ္ဓါ, သတိ, ဝီရိယ, ဧကဂ္ဂတာ, ပညိန္ဒြေ- ဖြစ်သော စေတသိက် (၅) မျိုးကို လောကီမဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် နှင့် တပြိုင်နက် အတူတကွ ဖြစ်ပေါ်သောကြောင့် လောကီဣန္ဒြေ (၅) မျိုးဟု ဆိုအပ်သည်။

ယင်းဣန္ဒြေ (၅) မျိုး ရာနှုန်းပြည့်လာသောအခါ မဂ်ဖိုလ်လောကုတ္တရာ ဣန္ဒြေသို့ ဆိုက်ရောက်မည်ဖြစ်၏။ ထိုအခါ အပါယ်လေးပါးတံခါး တိကျစွာပိတ်၏။ ဝိပဿနာ အကြိမ်ကြိမ် ရှုဆင်ခြင်နေခြင်းဖြင့် - ဣန္ဒြေ ငါးပါး ရာနှုန်းပြည့်စေရန် အားထုတ်နေခြင်းဖြစ်၏။ ယင်းသို့ ဝိပဿနာအကြိမ်ကြိမ်ရှုဆင်ခြင် နေခြင်းဖြင့် ရာနှုန်းတက်လာပြီး ＝ အောက်အဘို့မသက်ပဲ။ အထက်အဘို့သာ တက်ရှိသဖြင့် အပါယ်လေးပါးမှ လွတ်မြောက်နိုင်သောကြောင့် ဝိပဿနာ ရှုသူတို့ အားရစရာ ကျေနပ်ဘွယ် ရှိလှပေသည်။

http://www.dhammadownload.con



ထို့ကြောင့် ။ ထိုပုဂ္ဂိုလ် (၆) မျိုးတို့ကို အားကျ၍ ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကို ဆထက်ထပ်ပိုး တိုး၍ ကြည်ညိုကြပြီးလျှင် ဝိပဿနာ ဘာဝနာကိုကြိုးစားအားထုတ် တော်မူကြစေလိုပါသည်။

သူတော်မြတ်အပေါင်းတို့ ။

## ၂၂။ မဟာပဒေသတရားလေးပါး

အံ - ၁ - ၄၈၈/ဧ/ဒီ - ၃-၁၀၃/၄

အတိုချုပ်မှာ - ငါရှင်တို့ . . .

၁။ ဤဓမ္မဝိနယကို ဗုဒ္ဓမြတ်စွာ မျက်မှောက်တော်မှ ကြားနာသင်ယူခဲ့ရပါသည်။

၂။ ဤဓမ္မဝိနယကို ဗဟုသုတ တိပိဋကဓရ-သံဃာတော်များထံမှ ကြားနာသင်ယူခဲ့ရပါသည်။

၃။ ဤဓမ္မဝိနယကို တိပိဋကဓရ မထေရ်ကြီးများ၏ထံမှ ကြားနာသင်ယူခဲ့ရပါသည်။

၄။ ဤဓမ္မဝိနယကို တိပိဋကဓရ မထေရ်ကြီး၏ထံမှ ကြားနာသင်ယူခဲ့ရပါသည်။

ဤသို့ မည်သည့် ပုဂ္ဂိုလ်က ဟောပြောသည် ဖြစ်စေ လွယ်ကူစွာ လက်ခံခြင်း ပယ်မြစ်ခြင်း မပြုရ။ ဗုဒ္ဓမြတ်စွာ (သာမုက္ကံ သိက ) စကားတော် ပါဠိတော်နှင့်ကိုက်ညီမှုလက်ခံ၊

http://www.dhammadownload.con



မကိုက်ညီလျှင် ပယ်မြစ်ဟု မိန့်တော်မူရင်းဖြစ်၏။

အာစရိယ ဝါဒေါပိ သုတ္တေန သမေန္တောယေဝ ဂဟေတဗ္ဗော န ဣတရော အတ္တနောမတိ ပန သဗ္ဗဒုဗ္ဗလာ။ ( ဒီ-ဋ္ဌ-၁၅၈ )

## ၂၃။ ဝိပဿနာ ဘာဝနာ ပွားများလိုလျှင်

၁။ အတ္တနည်းဖြင့် မရှုရ၊ အနတ္တနည်းဖြင့် ရှုရ၏။

၂။ ဗုဒ္ဓမြတ်စွာပွင့်ပွင့် မပွင့်ပွင့် - အတ္တနည်း ရှိ၏။ အနတ္တနည်းသည် ဘုရားရှင်တို့ပွင့်မှ ရှိ၏။

၃။ အတ္တဖြင့်ရှုလျှင် အမြတ်ဆုံးဝိပဿနာ-အကျင့်မဖြစ်။

၄။ ပရမတ်ခတ်သား ဒုက္ခ-အစု၏ အရိပ်နိမိတ်ကို လူ နတ် သူ ငါ သတ္တဝါ ခေါ်ရသည်။

၅။ အခြေခံသမုတိ + ပရမတ်၊ သစ္စာ-၂ ရပ်၊ ပိုင်းခြားရှုရသည်။

၆။ လက္ခဏာသည် သဘာဝမဟုတ်၊ သဘာဝကိုသာ ရှာမှီးရမည်။

၇။ ဗုဒ္ဓမြတ်စွာ မပွင့်လျှင် သဘာဝကို သိဘို့ဝေးစွ၊ သဘာဝနာမည်မျှကိုပင် မသိရချေ။

၈။ အရိပ်နိမိတ်ကို ရှုလို့ ကမ္မဋ္ဌာန်းမှန်လျှင်-သမထ။

၉။ ဝိပဿနာ ဘာဝနာ၏ အာရုံဘူမိ တိကျမှန်ကန်အောင် - ပညတ် + ပရမတ်ကွဲအောင် ရှုရမည်။

http://www.dhammadownload.con



## ၂၄။ ဝိပဿနာ ပညာမြတ်ပူဇာ နှမော၊ တော၊ ဗုဒ္ဓဝိရုဏ္ဍ၊

ဗုဒ္ဓမြတ်စွာအား ဝိပဿနာပညာအကျင့်မြတ်ဖြင့် ပူဇော်ခြင်းသည် အမြတ်ဆုံး။ ( ဒီ-၂-၁၁၄။ အပိုဒ် -၁၉၉ )

<u>ဝိပဿနာပညာအဓိက-အချက်ကြီး-၃ ချက်</u>

၁။ အတ္တ-နဲ့-အနတ္တကွဲရမည်။ (အံ-၂-၃၅၈/ခု-၉-၄၁၀)

၂။ လက္ခဏာရေး-၃ ပါးဖြင့် ရှုဆင်ခြင်ရမည်။ (ဗုဒ္ဓဝင်-၄-၃၁၈)

၃။ နိဗ္ဗာန်သို့ စိတ်စေလွှတ်ပေးရမည်။ (မ-၂/၉၉)

ယင်း-၃ ချက် မပြည့်စုံလျှင် အပါယ်တံခါးမပိတ်၊ သောတာပန်မဖြစ်၊ နတ်ပဲဖြစ်မည်။

၁။ စ-ပေအံ့။

ရှင်တော်ဘုရားတို့-မပွင့်မီပင်လျှင် ကာမဂုဏ်၏အရသာကိုပယ်သတ်၍၊ ကမ္မာကိုဆက်၍ အသက်ရှည်နိုင်သောဗြဟ္မာကြီးတို့ဖြစ်နိုင်သော လောကီကျင့်စဉ်-ရှိ နှင့် နေပေ၏။

ရှင်တော်ဘုရားတို့ ပွင့်တော်မူသော်-ကာမဂုဏ်အရသာသည် ဖြစ်လွယ်ပျက်လွယ် စက်ဆုပ်ရွံ့ရှာဖွယ်အတိပြည့်၏။

http://www.dhammadownload.con



ကာမဂုဏ်အရသာပယ်ဖြတ်၍၊ ငါတို့ပြဟ္မာ့ထံ လာနေလင့်ဟု ပြဟ္မာကြီးတို့ ဆိုကြပေသည်။

ရှင်တော်မြတ်ဘုရားသည် ကာမဂုဏ်အရသာ ပယ်ဖြတ်ခါမျှသည်၊ စိမ်းစိုသစ်ပင် ကိုင်းခက်လက်ကို၊ တစ်ဖန်ထိုထက် စည်ပင်အောင် ခုတ်ချိုင်သကဲ့သို့ ရှိကြ၏။ အမြစ်အရင်းမပြတ်။

ကျောက်စရစ်မှန်က ဆန်ကျိုးမျှလည်း ရေမှာကျက မုချစင်စစ် အောက်သို့စုံစုံနစ်၏သို့- ထို့အတူ မိစ္ဆာအယူမှန်က အတ္တ+သက္ကာယဒိဋ္ဌိ မျှလည်း ငါကိုယ်ငါကောင်၊ စွဲယောင်စွဲမှား၊ စွဲလမ်းသေမူ၊ မချွတ်ပါယ်ရွာ၊ လားရောက်ရာ၏ဟု မိန့်တော်မူ၏။

ဝိပဿနာပညာ မြတ်ပူဇာ ဒုလ္လဘ။
လေးသင်္ချေ - နှဲ့ - ကမ္ဘာပေါင်း တစ်သိန်းအတွင်း။

တစ်ဆယ့်နှစ် ကမ္ဘာမျှသာ ဘုရားရှင်ပေါင်း - ၂၈ ဆူ ပွင့်တော်မူ၏။ ကျန်လေးသင်္ချေနှင့် ကမ္ဘာပေါင်း-၉၉၉၈၈ ကမ္ဘာမှာ- ဘုရားရှင်တို့ မပွင့်ကြ။ ဝိပဿနာ ဘာဝနာ ပညာရပ် မရှိ။

လောကီအတ္တလုပ်ရပ်ရှိကြ၏။ အနတ္တလုပ်ရပ် မရှိ။ လေးသင်္ချေနှင့် ကမ္ဘာပေါင်းတစ်သိန်းအတွင်း -၂၈ ဆူမျှပွင့်၍၊ ဝိပဿနာ ပညာ + အနတ္တတရား - ၂၈ ကြိမ်သာ ပေါ်လာတော်မူ၏။

http://www.dhammadownload.con



ယခု - ရှင်တော်မြတ် ဂေါတမသည် ကျင့်ရတာက လေးသင်္ချေ နှင့် ကမ္ဘာတစ်သိန်း ဘုရားဖြစ်၍၊ နေသွားရတာက ၄၅-ဝါ။ ၄၅ နှစ်။ ကျင့်ရတာ နှင့် ရ၍ဖြစ်ရတဲ့ဘုရားရှင်၏ဘဝ နှိုင်းယှဉ် ကြည့်ပါမူ။ မရေတွက်နိုင်အောင် နှစ်ပေါင်းများစွာ မိုယ်းမှောင် ကြီး-တသမတ်တည်း ကျနေခိုက် လျှပ်စစ်တစ်ခါမျှ လက်တဲ့ အခါကမှ ကြာပေဦးမည်။ ဘုရားသာသနာ ဝိပဿနာ ပေါ် လာခိုက် မလွတ်တမ်းအားခဲ့ကြရပေမည်။

> ဘုရားရှင်တို့ - ပွင့်ပွင့် မပွင့်ပွင့် အတ္တနည်းရှိ၏။
> ဝိပဿနာပညာ အနတ္တနည်းသည် ဘုရားရှင်ပွင့်မှ ရှိ၏။

အကိုင်း အခက်ကို ခုတ်ချိုင်ခြင်းသည် မငြိမ်း။ ထို့ထက်တစ်ဖန် စည်ပင်ခြင်းသို့သာ ရောက်ရာ၏။ အမြစ်အရင်း တူးဖြိုရသည်။ (မ-၁-၉၅-အချုပ်အားဖြင့်-)

ဥပါဒါန်-၄ ပါး အနက်။ ၁။ ကာမုပါဒန်။
၂။ ဒိဋ္ဌုပါဒါန်။
၃။ သီလဗ္ဗတုပါဒါန်။

ယင်း -၃ -ပါးကို အတ္တနည်းဖြင့်ပင် ပယ်သတ်လို့ရ၏။ လောကီရေးတွင်-အတ္တနည်းဖြင့် သွားရ၏။ ပြဟ္မာ့ပြည် အထိ ရောက်၏။ ဘုရားပွင့်ပွင့် မပွင့်ပွင့် ကျင့်လို့ရ၏။

http://www.dhammadownload.con



အပါယ်တံခါးမပိတ်၊ သောတာပန်မဖြစ်၊ အကိုင်းအခက် ခုတ်ချိုင်သည်နှင့်တူ၏။

### ၄။ အတ္တဝါဒုပါဒါန်။

ယင်း-အတ္တဝါဒုပါဒါန်ကို၊ ဝိပဿနာပညာ+အနတ္တနည်းဖြင့် ပယ်သတ်ရ၏။ ဤဝိပဿနာပညာအနတ္တနည်းကို တစ်ဆူတစ်ဆူသော ဘုရားရှင်တို့ ပွင့်တော်မူမှသာ - ထုတ်ဖော်ဟောကြားတော်မူ၏။ အပါယ်တံခါးပိတ်စေ၏။ သောတာပန်ဖြစ်၏။ ဝိသာခါ - အနာထပိန်တို့လိုဘုံစဉ်စံလိုက စံနိုင်၏။ အတ္တနည်းဖြင့် ရှုက အရိယာမဂ် အားလျော်သော ဝိပဿနာဉာဏ်ကို မရနိုင်။ အနတ္တနည်းဖြင့် ရှုမှ ရနိုင်၏ဟု မိန့်တော်မူ၏။

**အတ္တနည်း -**

စိတ်, စေတသိက်, ရုပ်ခေါ်ဆို ပရမတ်ဓါတ်သား၊ ယင်းဓါတ်သား သဘာဝ၏ ဖြစ်ပျက် မြန်ဆန် ဒြပ်သဏ္ဌာန် အရိပ်နိမိတ်ပေါ်ထွက်၏။ ယင်း-အရိပ်နိမိတ် သဏ္ဌာန်ဒြပ် အစဉ်သန္တာန်ကိုပင် လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ သူငါ ခေါ်ဝေါ်၏။ ဓါတ်သဘာဝကို ဉာဏ်မထင် အရိပ်နိမိတ် အစဉ်ကိုပင် သူသူငါငါ စွဲလမ်း သိမ်းပိုက်ခြင်းသည် အတ္တနည်း ဖြစ်၏။

**အနတ္တနည်း -**

ပရမတ်ဓါတ်သား သဘာဝတရားဖေါက်ထွင်း ရှုမြင်၏။ ဓါတ်သား သဘာဝ၏ ဖြစ်ပျက်မြန်ဆန် အစဉ်သန္တာန်၊ ဤကား-

http://www.dhammadownload.con



ရုပ်ဟု အရိပ်နိမိတ် ပေါ်ထွက်နေသော သူငါ စသည်အပြားပညတ်များကိုလည်း ခွဲခြမ်း ရှုမြင် သိရှိ၏။ အရိပ်နိမိတ်မထွက်၊ ဓာတ် သဘာဝ တစ်ခုတည်းသက်သက် နိဗ္ဗာနဓာတ်ကိုလည်း နှိုင်းဆ သိမြင်၏။ ဤအလုံးစုံ ခပ်သိမ်းသောတရားကို၊ အနတ္တသာ တည်းဟု ပိုင်ပိုင်ကြီး အယုတ်အလွန်မရှိ အတိအကျ သိရှိခြင်းသည် အနတ္တနည်း ဖြစ်ပေသတည်း။

ထို့ထက် အချုပ်အားဖြင့် သိရှိတော်မူကြရမည်မှာ -

သူမြတ်သည် နိဗ္ဗာန်သို့ စိတ် စေတသိက် ရုပ်ဖြင့်သာ သွားရမည်ဖြစ်၏။ အခြားသောအရာမည်မရှိ၊ ထို့ကြောင့် စိတ်, စေတသိက်, ရုပ်၏ အနတ္တဖြစ်နေခြင်းကို ကြေညက်စွာ သိရှိရမည်ဖြစ် သည်။ စိတ်, စေတသိက်, ရုပ်သည်- ခက်ခဲနက်နဲလှ၏။

မုန့်ညှင်းဆီ, နှမ်းဆီ, ပဲဆီ, ကြက်ဆူဆီ, အသားဆီ, များကို နယ်နယ်ပယ်ပယ် မွှေနှောက် အိုးစရည်းကြီးထဲထည့်ပြီးမှ တစ်မျိုး တစ်ခြားစီ၊ ဤကား-နှမ်းဆီ၊ ဤကား မုန့်ညှင်းဆီ စသည် ဖြင့် ခွဲခြမ်း ရယူဘို့ရာထက်လည်းကောင်း၊ မြစ်ကြီးငါးသွယ်မှ စီးဆင်းလာသောရေသည်၊ မဟာသမုဒ္ဒရာ၌ ပေါင်းဆုံပြီးမှ ဤကား-ဂင်္ဂါရေ၊ ဤကား-အစိရဝတီရေ၊ ဤကား-မဟီရေ ဤကား-ယမုံနာရေ၊ ဤကား-သရဖူရေဟု ခွဲခြမ်းစိတ်ဖြာ တစ်မျိုးခြင်း ရယူဘို့ရာထက်လည်းကောင်း၊ ဤကား-စိတ်၊ ဤကား-စေတသိက်သိမြင်ဘို့ရန် မနှိုင်းယှဉ်နိုင်အောင် ခက်ခဲနက်နဲလှပေသည်။

http://www.dhammadownload.con



တစ်ဆူ တစ်ဆူသော ဘုရားရှင်တို့ ပွင့်တော်မူမှ ထုတ်ဖော် ဟောကြားတော်မူသော အနတ္တနည်း ဝိပဿနာ ပညာမျက်စိဖြင့် စိတ်, စေတသိက်, ရုပ်တို့ကို ခွဲခြမ်းရှုမြင်နိုင်သော အကျင့်မြတ် ရှိပေသည်။

ဝိပဿနာ ပညာဉာဏ်မျက်စိရှိသူတို့သာ ရှုမြင်နိုင်ကြပေသတည်း။

## အတ္တနည်းဖြင့် ဝိပဿနာမရှုရ
## အနတ္တနည်းဖြင့် ရှုရ၏။

သူမြတ်သည်၊ ဤသို့လျှင်၊ အနတ္တဓမ္မသဘာဝ သိရှိတော်မူရန် အရေးကြီးလေသည်။

ဒေဝတာအမေး. . . ။ ရှင်တော်ဘုရားအဖြေ . . . ။

သတ္တိယာ ဝိယဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။

ကာမရာဂပဟာနာယ၊ သတောဘိက္ခုပရိဗ္ဗဇေ။

သတ္တိယာဝိယဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။

သက္ကာယဒိဋ္ဌိပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။

(သံ-၁၊ ၁၂)

http://www.dhammadownload.con



သတ္တိယာ-လှံဖြင့်၊ ဩမဋ္ဌောဝိယ-ရင်ဝစူးဝင်အပ်သူကဲ့သို့ရင်း၊ မတ္ထကေ-ဦးခေါင်း၌၊ ဒယှမာနေဝ-မီးစွဲလောင်အပ်သူကဲ့သို့ရင်း၊ ကာမရာဂ ပဟာနာယ-ကာမဂုဏ်ကို ပယ်သတ်ဘို့ရန်၊ သတော-သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ဘိက္ခု-ရဟန်းသည်၊ ပရိဗ္ဗဇေ-ကျင့်ရာ၏။

သတ္တိယာ-လှံဖြင့်၊ ဩမဋ္ဌောဝိယ-ရင်ဝစူးအပ်သောသူကဲ့သို့ရင်း၊ မတ္ထကေ-ဦးခေါင်း၌၊ ဒယှမာနေဝ-မီးစွဲလောင်အပ်သူကဲ့သို့ရင်း၊ သက္ကာယဒိဋ္ဌိပဟာနာယ-အတ္တ + သက္ကာဒိဋ္ဌိပယ်ရန်၊ သတော-သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ဘိက္ခု-ရဟန်းသည်၊ ပရိဗ္ဗဇေ-ကျင့်ရာ၏။

သော ဝတ ဘိက္ခဝေ ဘိက္ခု ကိစ္စိမဲ့ အတ္တတော
သမနုပဿန္တော အနုလောမိကာယ ခန္တိယာ
သမန္နာဂတော ဘဝိဿတီတိနေတံ ဌာနံ ဝိဇ္ဇတိ။

(အံ-၂-၃၅၈)

သော ဝတ ဘိက္ခဝေ ဘိက္ခု သဗ္ဗဓမ္မေ အနတ္တတော
သမနုပဿန္တော အနုလောမိကာယ ခန္တိယာ
သမန္နာဂတော ဘဝိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။

( ခု-၉-၄၁၀ )

ဘိက္ခဝေ-သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းလိုကြသော၊ အို-ရဟန်းအများတို့၊ ဝတ-စင်စစ်၊ ကိဉ္စိ မဲ့-စိုးစဉ်း အနည်းငယ်မျှသော တရားကို၊ အတ္တတော - အတ္တအားဖြင့်

http://www.dhammadownload.con


သမနုပဿန္တော-ရှုသော၊ သောဘိက္ခု-ထို ရဟန်းသည်၊ အနုလောမိကာယ-အရိယာမဂ် အားလျော်သော၊ ခန္တိယာ-ဝိပဿနာဉာဏ်နှင့်၊ သမန္နာဂတော-ပြည့်စုံခြင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ-ဤသို့၊ ဌာနံ-ထိုအကြောင်းသည်၊ နဝိဇ္ဇတိ-မရှိ။

ဘိက္ခဝေ-ရဟန်းတို့၊ ဝတ-စင်စစ်၊ သဗ္ဗဓမ္မေ-ခပ်သိမ်းကုန်သော တရားတို့ကို၊ အနတ္တတော-အနတ္တအားဖြင့်၊ သမနုပဿန္တော-ရှုသော၊ သောဘိက္ခု-ထိုရဟန်းသည်၊ အနုလောမိကာယ-အရိယာမဂ်အားလျော်သော၊ ခန္တိယာ-ဝိပဿနာဉာဏ်နှင့်၊ သမန္နာဂတော-ပြည့်စုံခြင်းသည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ ဣတိ-ဤသို့၊ ဌာနံ - ထိုအကြောင်းသည်၊ ဝိဇ္ဇတိ-ရှိ၏။

**အပရိညာတာ ဘိနိဝေသောဟိ-ဓ စန္ဒာ သဗ္ဗနိမိတ္တာနိပိ**
**အတ္တတော သမနုပဿတိ။**
**ပရိညာတ ဘိနိဝေသောပန အနတ္တတော ပဿတိ**
**နောအတ္တတော။ ( သံ-၄-၃-၁၆ )**

အပရိညာတာဘိနိဝေသော-စိတ်,စေတသိက်, ရုပ်ပရမတ္ထ ဓာတ်သားတို့၏ အကြောင်းကြောင့် ဖြစ်ပျက်ခြင်း ရှိကုန်၏ဟူ၍ ပိုင်ပိုင်ကြီး သဘောကျအောင် ပိုင်းခြား၍ နှလုံးမသွင်းသော သူသည်၊ သဗ္ဗနိမိတ္တာနိ-ခပ်သိမ်းကုန်သော အရိပ်နိမိတ်တို့ကို၊ အတ္တတော- အတ္တအားဖြင့် သမနုဿတိ-အဖန်ဖန်ရှု၏။ ပရိညာတ ဘိနိဝေသော - ပရမတ္ထဓာတ်သား၊ အရိပ်နိမိတ်ပိုင်းခြား နှလုံးသွင်းသောသူသည်၊ အနတ္တတော-

http://www.dhammadownload.con



အနတ္တအားဖြင့်၊ ပဿတိ-ရှုမြင်၏၊ နောအတ္တတော-အတ္တ အား ဖြင့် မရှုမမြင် . . .။

**အတ္တအမြင် ရှိလျှင်၊ အမြတ်ဆုံး**
**ဝိပဿနာ အကျင့်မြတ်မဖြစ်။**

ဒိဋ္ဌိယာ သတိ ဗြဟ္မစရိယဝါသော န ဟောတိ။

( သံ-၁-၂၉၁ )

ဒိဋ္ဌိယာ-အတ္တ-အမြင်သည်၊ သတိရှိသော်၊ ဗြဟ္မ စရိယ ဝါသော-ဝိပဿနာ အကျင့်မြတ် ကျင့်သုံးခြင်းသည်၊ နဟောတိ-မဖြစ်။

တာ သဗ္ဗာပိ မဂ္ဂဝရဏာ န သဂ္ဂဝရဏာ။

( သံ-၂-၄-၂၅၃/ခု-၁-၄-၃၈၈ )

သဗ္ဗာပိ-ခပ်သိမ်းကုန်လည်း ဖြစ်ကုန်သော၊ တာ- ထို အတ္တဒိဋ္ဌိတို့သည်၊ မဂ္ဂဝရဏာ-မဂ်ကို ပိတ်ပင်တားမြစ် တတ် ကုန်၏၊ နသဂ္ဂဝရဏာ-နတ်ရွာကို မပိတ်ပင် မတားမြစ် တတ် ကုန်။

http://www.dhammadownload.con



**အရဟတ္တမဂ္ဂဿ ပဋိပဒါဝိသုဒ္ဓိအာဒိ။**

အရဟတ္တမဂ္ဂဿ-အရဟတ္တမဂ်၏၊ အာဒိ-အစကား၊ ပဋိပဒါဝိသုဒ္ဓိ-ရောက်ကြောင်း အကျင့်စင်ကြယ်ခြင်းပေတည်း။ (နိဿယ - ၁၉၄ )

**ဟေဋ္ဌိမဃရံ အကရိတွာ ဥပရိမံဃရံ၊**
**အာရောပေဿာမီတိ နေတံ ဌာနံ ဝိဇ္ဇတိ။**

(သံ-၃-)

ဟေဋ္ဌိမဃရံ-အိမ်၏ အောက်ပိုင်းကို၊ အကရိတွာ-မပြု လုပ်မူ၍၊ ဥပရိမံဃရံ-အိမ်၏အထက်ပိုင်းကို၊ အာရောပေဿာ မီတိ-အမိုးတင်အံ့ဟူ၍၊ ဧတံဌာနံ-ဤအကြောင်းသည်၊ နဝိဇ္ဇ တိ-မရှိ။

ယထာ ဟိ မုဂ္ဂမာသပ္ပမာဏာပိ ပါသာဏသက္ခရာ ဥဒကေ၊

ပက္ခိတ္တာ ဥပ္ပိလဝမာနာ နာမ နတ္ထိ၊ ဧကန္တံ ဟေဋ္ဌါဝ ပဝိသတိ။ ( အံ- ၅ - ၁ - ၃၆၉ )

ဟိ-မှန်၏၊ မုဂ္ဂမာသပမာဏာ-ပဲနောက်ဆန်ကျိုးမျှ သော၊ ပါသာဏသက္ခရာပိ-ကျောက်စရစ်အိုးခြမ်းမျှသည်လည်း၊ ဥဒကေ-ရေ၌၊ ပက္ခိတ္တာ-ပစ်ချအပ်သည်ရှိသော်။ ဥပ္ပိလဝမာ နာနာမ-ပေါ်လောပေါ်ခြင်း မည်သည် နတ္ထိမရှိ။ ဧကန္တံ-စင် စစ်ကေန်၊ ဟေဋ္ဌါဝ-အောက်အဘို့သို့သာလျှင်၊ ပဝိသတိယထာ- စုံးစုံး နစ်ဝင်သကဲ့သို့၊ ပဝိသတိ-အတ္တ + သက္ကာယဒိဋ္ဌိ မှန်သမျှ စုံးစုံး နစ်မြုပ် ဝင်သည် သာတည်း။

http://www.dhammadownload.con



**အဓိက အရေးအကြီးဆုံးက -**

ရင်ဝလှုံ့နှုတ်ရေး၊ ခေါင်းကမီးငြိမ်းသတ်ရေးထက်၊ အတ္တဒိဋ္ဌိ ပယ်သတ် ဝိပဿနာ ကျင့်ဘို့က အရေးကြီးလှပေသည်။

အတ္တနည်းဖြင့် ဝိပဿနာရှုက သောတာပန် မဖြစ်။ အပါယ် တံခါး တိကျစွာ မပိတ်။ အနတ္တနည်းဖြင့် ရှုမှ ဖြစ်သည်။

အတ္တနည်းဖြင့် ရှုလျင် နတ်ပဲဖြစ်မည်။

**'အစကောင်းမှ အနှောင်းသေချာသည်'** ဆိုရိုးရှိသကဲ့သို့ အိမ်၏ အောက်ခြေက တစ်ခုမှ မပြုလုပ်ဘဲ -

အိမ်အထက် အမိုးတင် မရသကဲ့သို့။ အစထဲက အတ္တ နဲ့ အနတ္တ မကွဲလျှင်၊ ပဲနောက် ဆန်ကျိုးမှ - ကျောက်စရစ် ရေမှာ နစ်၏သို့ သံသရာအယဉ်၌ စုံးစုံး နစ်မြုပ် ရပေဦးမည်။

## သမုတိသစ္စာနည်း နှင့် ပရမတ္ထသစ္စာနည်း မကွဲလျှင်

ပရမတ္ထသစ္စာ ＝ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် - ၄ မျိုး၊ ၎င်း - ၄ မျိုးက လွဲလျှင်၊ ကျန်အားလုံး ＝ သမုတိသစ္စာ။

http://www.dhammadownload.con



၁။ သမုတိသစ္စာ-အဟုတ်မရှိ သမုတ်ရှိ ဉာဏ်ဖြင့် ရှာဖွေ မတွေ့နိုင်။

၂။ ပရမတ္ထသစ္စာ = အဟုတ်ရှိ၊ ဉာဏ်ဖြင့်ရှာဖွေတိုင်း တွေ့မြင်ရသည်။

-ဤသို့လျှင် လွယ်ကူသည် ထင်ရ၏။ မလွယ်ကူ ခက်ခဲနက်နဲသောအရာဖြစ်သည်။

အသျှင်ယမကသည် ယင်း- သစ္စာ - ၂ ပါး မကွဲခြင်းကြောင့်၊ အာသဝေါ ကုန်ပြီးသော ရဟန်းသည် ဘဝသစ် တစ်ဖန်မဖြစ်ဟု မိစ္ဆာအယူရှိနေ၏။ အရှင် သာရိပုတြာမထေရ်မြတ်က ခွဲခြား၍- ဓမ္မသဘာဝတို့ကို ထုတ်ဖော် ဟောကြားလိုက်မှ အရှင်ယမကသည် အာသဝေါကုန်ခမ်း ရဟန္တာ ဖြစ်လေ၏။

အသျှင်ယမက-အယူသည် သာမန်အားဖြင့် မှန်၏ဟု ထင်မှတ်ဖွယ်ရှိ၏ မမှတ်အပ်။ သမုတိသစ္စာ၌ ရဟန်းရှိ၏၊ ပရမတ္ထသစ္စာ၌ ရဟန်းမရှိ၊ ခန္ဓာငါးပါး ဒုက္ခသာရှိ၏၊ ဖြစ်ပေါ်၏၊ ချုပ်ငြိမ်း၏။ ထို့ကြောင့် - ခန္ဓာငါးပါး ဝဋ်ဒုက္ခ အစဉ် ချုပ်ငြိမ်းခြင်းကိုသာ (ခိဏာဇာတိ+ခိဏာသဝ)ဟု အဓိပ္ပါယ်ကို အလိုရှိအပ်လေသည်။

ဥပမာ = သားရတနာ ဖွားမြင်ခြင်းသည် သမုတိသစ္စာ၌ - သားရတနာရှိ၏။

http://www.dhammadownload.con



ပရမတ္ထသစ္စာ၌ - သားရတနာမရှိ၊ စိတ်, စေတသိက်, ရုပ်, ခန္ဓာ ငါးပါး ဒုက္ခသာရှိ၏၊ ဖြစ်ပေါ်၏။

ဟို -အခါက ဝေဿန္တရာမင်းကြီးသည် ယခုအခါ ငါဘုရားဖြစ်လာ၏။

ဟို - အခါက မဒ္ဒီမိဖုရားသည်၊ ယခုအခါ ရာဟုလာမယ်တော်ဖြစ်လာ၏။

ဟို-အခါက - ဇူဇကာပုဏ္ဏားသည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။

သမုတိသစ္စာ၌ ဝေဿန္တရာ, မဒ္ဒီ, ဇူဇကာ, ရှင်တော်ဘုရား, ရာဟုလာမယ်တော်, ဒေဝဒတ်-မှန်၏။ ပရမတ္ထသစ္စာ၌-လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါမရှိ။ စိတ်, စေတသိက်, ရုပ်ခန္ဓာငါးပါး ဒုက္ခသာရှိ၏၊ ဖြစ်ပေါ်၏၊ ချုပ်၏။

ကောင်းမှုရှင် - ဟု ဆိုကြ၏။

သဒ္ဓါ - စေတနာ ဖြစ်ပေါ်မှ အလှူရှင် ရှိ၏။

သဒ္ဓါ - စေတနာသည် မဖြစ်ပေါ်လျှင် ကောင်းမှုရှင် မရှိ။

သဒ္ဓါ - စေတနာသည် ကောင်းမှုရှင် မဟုတ်။

ကောင်းမှုရှင်သည် သဒ္ဓါ စေတနာ မဟုတ်။

သဒ္ဓါ စေတနာတစ်ခြား ကောင်းမှုရှင် တစ်ခြား။

သို့ရာတွင်-သဒ္ဓါ စေတနာ ဖြစ်ပေါ်လာလျှင် -

ကောင်းမှုရှင် ဖြစ်ပေါ်လာတော့၏။

သူခိုး - သူခိုး ဟု ဆိုကြ၏။

http://www.dhammadownload.con



လောဘဖြစ်မှ သူခိုးရှိ၏။ မဖြစ်က မရှိနိုင် လောဘသည် သူခိုးမဟုတ် သူခိုးသည် လောဘမဟုတ်။ (တစ်ခြားစီ )

သို့ရာတွင် - လောဘဖြစ်ပေါ်လာလျှင် သူခိုး ရှိပေတော့၏။

## မီးလျှံ နှင့် မီးရောင်၊ သစ်ပင် နှင့် အရိပ်

မီးဟု ဆိုကြ၏ -

မီးသည် မီးလျှံတစ်ခြား၊ မီးရောင်တစ်ခြား။

မီးလျှံသည် မီးရောင်မဟုတ်။

မီးရောင်သည် မီးလျှံမဟုတ်။

မီးလျှံဖြစ်ပေါ်လျှင် မီးရောင်ပေါ်ထွက်မြဲ။

သစ်ပင်ရိပ်ဟု ဆိုကြ၏။ ( ခု-၉-၁၄၀ )

သစ်ပင်တစ်ခြား အရိပ်တစ်ခြား၊

သစ်ပင်သည် အရိပ်မဟုတ်၊ အရိပ်သည် သစ်ပင် မဟုတ်။

သို့ရာတွင် သစ်ပင်ဖြစ်ပေါ်က အရိပ်ရှိရာ၏။

( ခု-၉-၁၄၀ )

http://www.dhammadownload.con


ဤအတူပင် -

**စိတ်, စေတသိက်, ရုပ်သည် အကြောင်းတရားကို စွဲ၍ ဖြစ်သောကြောင့် - သခ်တ - ဟု ဆို၏။**

**များစွာမက ဒုက္ခတို့ ဝဲမျိုရာ ဖြစ်သောကြောင့် - ခန္ဓာ။**

**ဒုက္ခကိုချဲ့ထွင်ရာဖြစ်သောကြောင့် -အာယာတန- ဟု ဆို၏။**

**မိမိ- မိမိတို့၏ သဘောကို ဆောင်သောကြောင့် - ဓာတ် ဟု ဆို၏။**

ဖြစ်ပျက်-ဒုက္ခ၊ စိတ်,စေတသိက်,ရုပ် တို့ဖြစ်ပေါ်လာလျှင်၊ လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ ဖြစ်ပေါ်လာရတော့ပေ၏။

ဖြစ်ပျက်- ဒုက္ခ၊ စိတ်,စေတသိက်, ရုပ်သည် မီးလျှံ သစ်ပင် တူရာသည်။ လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါတို့သည် မီးရောင် သစ်ပင်ရိပ်တူရာသည်။

ဖြစ်ပျက်-ဒုက္ခ၊ စိတ်,စေတသိက်,ရုပ်သခ်တတို့ ကြိမ်ဖန်များစွာ ဖြစ်ပျက် မြန်ဆန်လှချေသောကြောင့်၊ အစဉ် သန္တာန် ဖြစ်ပျက် ဟန်ဒြပ် ထင်ရမြင်ရ၏။ ယင်းဖြစ်ပျက် မြန်ဆန်သန္တာန် အစဉ်ကိုပင် - သူငါ ခေါ်ဆို ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ သမုတ်ကြသည်။

ဖြစ်ပျက်တစ်ခြား အစဉ် သန္တာန်တစ်ခြား။

ဖြစ်ပျက်တွေ မြန်ဆန်လှ၍-အစဉ် သန္တာန်ပေါ်ထွက်ချေသည်။

ပရမတ္ထသစ္စာ ။ ဖြစ် - သဘာဝ၊ ပျက် - သဘာဝ။

http://www.dhammadownload.con



သမုတိသစ္စာ ။ အစဉ် သန္တာန်ဖြစ် ပုဂ္ဂိုလ် သတ္တဝါ စသည်။

ဥပမာ-မိုက်မှောင်အတိကျရာ၌ မီးစကို အားကောင်း မောင်းသန် လုလင်ပျိုက ကိုင်ရမ်းနေရာ၊နှစ်မိုင်ခန့်မှ ကြည့်မြင် ရသူမှာ မီးစကို မမြင်။ မီးကွင်းသာ မြင်ရပေမည်။ မီးကွင်းမဟုတ် မီးစသာဟုတ်၏၊ ရမ်းမှု မြန်ဆန်လှ၍ အစဉ်သန္တာန် ပေါ်ထွက် ၏။ မီးကွင်းထင်ရပေသည်၊ သဘော မိမိထင်ဟတ် ရှိစေ. . .။

## သမုတိ ပရမတ် သစ္စာ – ၂ ရပ်
## ပိုင်ပိုင်ကြီး နှလုံးသွင်း ရှုဆင်ခြင်နည်း

စိန်နားကပ်ကြီးကို ဤသို့မြင်ပါ။ ( ၁၉၆၉-ရေး) ဒကာ တို့ ဒကာမတို့ -

ဥပမာအားဖြင့် စိန်နားကပ်ကြီးသည် ဟိုတုံးကသုံးလေး ထောင်ပဲ ပေးရတာ၊ အခု သုံးလေးသိန်း မကဘူး၊ မှန်၏။ အဲသည့် စိန်နားကပ်ကြီးကို စိန်နားကပ်ကြီးအတိုင်း အဟုတ် အဟတ် အမှန်တကယ် စွဲယူမိချေက သေသည့်အခါကျတော့ - အပါယ် လေးပါး ကျောက်ပေါက်တိုးမိတော့တာပါပဲ။

http://www.dhammadownload.con



အချိန်အခါမရွေး မည်သည့်အခါမဆို စိန်နားကပ်ကြီးကို ဝတ်ဆင်တိုင်း၊ ဟာ - စိန်နားကပ်ကြီးဆိုတာ ဓာတ်ကြီးလေးပါးပါပဲလားဟု အကြိမ်ကြိမ် ဆင်ခြင်ထားပါ။ ခုကထဲက ကြိုတင်ပြီး ဆင်ခြင်ထားပါမှ သေခါနီးကျတော့ တန်ရုံပဲ ရှိတယ်။ ဒီတော့မှ အနေလည်းကောင်း၊ အသေလည်း ဖြောင့်မည် -

အိုးအိမ်တိုက်တာ၊ မော်တော်ကား၊ ဆွဲကြိုး၊ လက်ကောက်၊ လက်ဝတ်ရတနာ အသုံးအဆောင်များစွာကိုလည်း - ဤအတိုင်း - ဆင်ခြင်ထားပါမှ သင့်လျော်ပေမည်။

ဘုန်းကြီးရဲ့ ကျောင်းဟာလေ ဟိုတုန်းက နှစ်သောင်းကျော်လောက်ပဲ ကုန်ခဲ့တာ၊ ခု ခုနှစ်သိန်း ရှစ်သိန်း မကဘူး တန်နေပြီ မှန်ပေသည်၊ အဲသည့်အတိုင်း ကျောင်းကြီးကို ကျောင်းကြီးပဲဟု မြင်နေရင်, ထင်နေရင်, အဟုတ်အဟတ် စွဲယူမိချေက ပျံတော်မူသည့်အခါကျ၊ သေသည့်အခါကျ အပါယ်လေးပါး ချောက်ပေါက်ကို တန်းတိုးတော့တာပါပဲ။

ကျောင်းကြီးပေါ်မှာ သီတင်းသုံးတိုင်း၊ သီတင်းသုံးတိုင်း မည်သည့်အခါမဆို - ဪ - ကျောင်းကြီးဆိုတာ ဓာတ်ကြီးလေးပါးပါပဲလားဟု ကြိုတင်ပြီး အကြိမ်ကြိမ် ဆင်ခြင်ထားပါမှ သေခါနီးကျမှ လုပ်လို့မရဘူး ခုကတည်းက ကြိုတင်ပါမှ တော်ရုံပဲကျတယ် - အရှင်ဘုရားတို့ . . . ဒကာတို့. . . ။

http://www.dhammadownload.con



သက်နီး အသုံးအဆောင် ဘီရို၊ ကုလားထိုင်၊ စားပွဲ၊ ပန်းကန်များကိုလည်း ဆင်ခြင်ထားမှ တော်မယ် အရှင်ဘုရားတို့ -

ယင်း သစ္စာ -၂ ပါးကို ပိုင်ပိုင်နိုင်နိုင် သဘောကျအောင်- အကြမ်းအားဖြင့် အကြိမ်ကြိမ် ခွဲခြား၍၊ ရှုမြင်ဆင်ခြင် ထားရလျှင် အတော်နေရာကျနေပြီ။ သေသောအခါ အပါယ်လေးပါး ကျောက်ပေါက်လွဲ၍ လူနတ်ချမ်းသာတန်းနေပေပြီ။ သူမြတ်တို့ -

ဤကား - သမုတိသစ္စာ နှင့် ပရမတ္ထသစ္စာ -

အကြမ်းပြင်း - ကွဲနေခြင်း၊ ရှုမြင်နေခြင်း၊ အကျိုးကျေးဇူးပေတည်း။

## ဒုက္ခအစုဝရဓတ်ခေတ်သား၏
## အရိဝိနိမိတ်ဆို
## လူ နတ် မြဗ္ဗာ သဗ္ဗဝါ ခေါ်ဝေါ်သည်

ဒုက္ခေ္ခဝေ ပညာပေမိ ဒုက္ခသဓနိရောခံ။

သံ - ၂-၉၇/၃-၅၅၂/မ-၁-၁၉၃

ဒုက္ခေ္ခဝ စိတ်, စေတသိက်, ရုပ် - ဒုက္ခကိုသာလျှင်လည်းကောင်း။

ဒုက္ခသဓ နိရောခံ-ဒုက္ခ၏ချုပ်ကြောင်း နိဗ္ဗာန်ကိုသာလျှင်လည်းကောင်း။

http://www.dhammadownload.con



ပညာပေမိ-ဟိုရှေးအခါ နှင့် ယခုလည်း ငါဘုရားသည် သိစေတော်မူ၏။

ဥပ္ပါဒေါဒုက္ခံ အနုပ္ပါဒေါ နိဗ္ဗာနံ ( ခု-၉ )

ဥပ္ပါဒေါ-စိတ်,စေတသိက်,ရုပ် ဖြစ်ပေါ်ခြင်းသည်၊ ဒုက္ခံ-ဒုက္ခမည်၏။

အနုပ္ပါဒေါ-စိတ်, စေတသိက်, ရုပ် မဖြစ်ခြင်းသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်မည်၏။

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊
ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ။ (သံ - ၁-၂၅၇/၈)

ဥပ္ပဇ္ဇမာနံ- စိတ်, စေတသိက်, ရုပ်ဖြစ်သည်ရှိသော်၊ ဒုက္ခမေဝ-ဒုက္ခသည် သာလျှင် ဥပ္ပဇ္ဇတိ ဖြစ်၏။

နိရုဇ္ဈမာနံ-စိတ်,စေတသိက်, ရုပ် ချုပ်သည်ရှိသော်၊ ဒုက္ခံဝေ-ဒုက္ခသည် သာလျှင်၊ နိရုဇ္ဈတိ-ချုပ်၏။

ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္ထစ္ဆာယာကာရေန
စိတ္တုပ္ပါဒါန မာအာရမ္မဏဘူတာ။ (သင်္ဂဟ + ပစ္စယ)

ပရမတ္ထတော-ပရမတ်ခတ်အားဖြင့်၊ အဝိဇ္ဇမာနာပိ-လူ သူ ငါ ထင်ရှားမရှိသော်လည်း၊ အတ္ထစ္ဆာ ယာကာရေန-ပရခတ်သား၏ အရိပ်နိမိတ် အတုအရောင်ဟူသော

http://www.dhammadownload.con



အခြင်းအရာအားဖြင့်၊ စိတ္တုပ္ပါဒါန့်-စိတ်, စေတသိက် တို့၏၊ အာရမ္မဏာဘူတာ-အာရုံအဖြစ်ဖြင့် သိစရာဖြစ်ကြကုန်၏။

**ဧတ္ထစတေ ဒိဋ္ဌေဝဓမ္မေ သစ္စတော ထေတတော**

**တထာဂတေ**

**အနုပလဗ္ဘိယမာနေ ကလ္လံနု တေ တံဝေယျာကရဏံ။**

(သံ-၂-၉၇)

စ-ဆက်ဦးအံ့၊ တေ-သင်၏၊ ဧတ္ထ-ဤလူရှိ မရှိ သေပြီးဖြစ်-မဖြစ် စသည် အမေး၌၊ တထာဂတေ-သတ္တဝါကို၊ ဒိဋ္ဌေဝဓမ္မေ-မျက်မှောက်၌ပင်၊ သစ္စတော-အမှန်အားဖြင့်၊ ထေတတော-အခိုင်အမာအားဖြင့်၊ အနုပလဗ္ဘိယမာနေ-မရအပ်ပါပဲလျက်၊ တေ-သင်၏။ တံဝေယျာကရဏံ-သေလျှင်ဖြစ်၏။ မဖြစ်စသည် ဖြေဆိုခြင်းသည်၊ ကလ္လံနု-သင့်လျော်ပါမည်လော။ (နောဟေ တံဘန္တေ )

**ပုတ္တမတ္ထိ ဓနမတ္ထိ ဣတိဗာလော ဝိဟညတိ။**

**အတ္တာပိ အတ္တနော နတ္ထိ ကုတော ပုတ္တော ကုတော ဓနံ။** ( ဓမ္မပဒ - )

ပုတ္တံ-သားသမီးသည်၊ အတ္ထိ-ရှိ၏၊ ဓနံ-ပစ္စည်းဉစ္စာသည် အတ္ထိ-ရှိ၏၊ ဣတိ-ဤသို့၊ ဗာလော-သူမိုက်သည်၊ ဝိဟညတိ-

http://www.dhammadownload.con



ကိုယ်စိတ်ပင်ပန်းရ၏၊ အတ္တာပိ-မိမိသည်လည်း၊ နိတ္ထိ-မရှိပါပဲလျှက်၊ အတ္တနော-မိမိ၏၊ ပုတ္တော-သားသမီးသည်၊ ကုတော-အဘယ်လျှင် ရှိနိုင်ပါအံ့နည်း၊ ဓနံ-ပစ္စည်းဥစ္စာသည်၊ ကုတော-အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

ငါ-မှမရှိပဲ နှင့် ငါ့သားသမီး၊ ငါ့-ပစ္စည်းဥစ္စာ၊ အဘယ်မှာ ရှိနိုင်ပါမလဲ။

ပရမတ္ထဓာတ်သား၏ အရိပ်နိမိတ်ကို ရှုလျှင် အတ္တ - ထင်ရမြင်ရမည်။

ပရမတ္ထ ဓာတ်သားပေါက်အောင် ဉာဏ်အမြင်ဆိုက်လျှင်၊ အတ္တမရှိ၊ အနတ္တချည်း မြင်သည်။

ဒုက္ခအစုအဝေး ပရမတ္ထ ဓာတ်သားချုပ်ငြိမ်းလျှင် အရိပ်နိမိတ် လူနတ် ကိုယ်ဒြပ်သဏ္ဌာန် မပေါ်မထွက်နိုင်တော့ချေ။ (ခိဏာဇာတိ)

http://www.dhammadownload.con



## ပညတ်နှင့် ပရမတ် ခွဲရှုရာ၏။

ဝိပဿနာဘာဝနာရှုရာ၌ ပညတ်မရှုရ၊ ပရမတ် ရှုရမည်ဖြစ်၏။

ဤသို့လျှင် သူမြတ်သည် ခွဲခြားသိမြင်တော်မူရန် အရေးကြီးလာ၏။

ပညတ် - ၆ ပါးအနက်၊ ဤ၌-အလိုရှိအပ်သည်မှာ -

အဝိဇ္ဇမာနပညတ် နှင့် ဝိဇ္ဇမာနပညတ်။

ဖြစ်ပျက် သဘာဝ တစ်ခုစီ၏ ဖြစ်ပျက် အစဉ် သဏ္ဌာန် အရိပ်နိမိတ် ဖြစ်တဲ့ - လူ နတ် ဗြဟ္မာ စသည် ရေမြေ၊ တောတောင်၊ သစ်ပင် စသည် အဝိဇ္ဇမာနပညတ်။

ဖြစ်ပျက်သဘာဝ နှင့် မဖြစ် မပျက် သဘောသည် ဝိဇ္ဇမာနပညတ်၊ ပညတ် နှင့် ပရမတ် ခွဲလိုက်သောအခါ၊ သမ္မုတိသစ္စာ-ပရမတ္ထသစ္စာ - ၂ ပါးစလုံးသည် ပညတ်သို့ သက်ဝင်သွား၏၊ **ပရမတ်ကား** -

၁။ ပရမတ်ဓာတ်သားမှ ပေါ်ထွက်နေသော အရိပ်နိမိတ် လူ နတ် သူငါ စသည်လည်း ရှိနေ၏။

၂။ ပရမတ်ဓာတ်သားများကို ခေါ်ဝေါ်သော အမည်နာမတွေလည်းရှိနေ၏။

http://www.dhammadownload.con



၃။ ပရမတ်ဓာတ်သားကို သိမှတ်ကြောင်း၊ လက္ခဏာတွေလည်းရှိနေ၏။

၄။ အမည်နာမမှည့်ခံ၊ သိမှတ်ကြောင်းဖြင့် သိအပ်သော သဘာဝဓမ္မတွေလည်းရှိ၏။

၁။ အဝိဇ္ဇမာနပညတ်။

၂။ ဝိဇ္ဇမာနပညတ် (နာမပညတ် )။

၃။ လက္ခဏာပညတ်။

၄။ ပရမတ်။

ထိုတရားတို့တွင် - ဝေဒနာ ဖြစ်ပေါ်လာလျှင် -

၁။ ခံစားတတ်သူ (အဝိဇ္ဇမာနပညတ်)

၂။ ဝေဒနာ ဟု အခေါ်အဝေါ်နာမည် (ဝိဇ္ဇမာနပညတ်)

၃။ ဝေဒယိတလက္ခဏာ (ဝိဇ္ဇမာန+ လက္ခဏာပညတ် )

၄။ ဝေဒနာ ဟု အမည်ခံသက်သက် သဘာဝသာ-ပရမတ်။

အားလုံး - သဘာဝ = ပရမတ်ဓာတ် = ၈၂ မယုတ်မလွန် ရှိသည်။

သိစရာအာရုံကို သိတတ်သော လက္ခဏာအားဖြင့် စိတ် = ၁ ခု။ လက္ခဏာ အသီးသီးအားဖြင့် စေတသိက်သည် = ၅၂ ခု

လက္ခဏာ အသီးသီးအားဖြင့် ရုပ်သည် = ၂၈ ခု။

သန္တိလက္ခဏာအားဖြင့် နိဗ္ဗာန်သည် = ၁ ခု။

http://www.dhammadownload.con



ထိုဓမ္မသဘာဝဓာတ်သား (၈၂) သည်။

အားလုံးပေါင်း = ၈၂ ပါး။

လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ အတို့, အရှည်, အလုံး, အခဲ မဟုတ်၊ ဒြပ်သဏ္ဍာန် မရှိ၊ အရိပ်နိမိတ် ကင်းစင်၏။ အလေးအပေါ့ မရှိ၊ ချိမ ရွှေ့ ပြောင်းယူငင်မရ။

သဘောသဘာဝ သက်သက်မျှသာဖြစ်သည်၊ ဝိပဿနာ ဉာဏ်မျက်စိရှိသူတို့သာ ရှုမြင်သိရှိတော်မူနိုင်ကြပေသည်။ နိဗ္ဗာန်ဓာတ်မှ တစ်ပါးသော (၈၁) ဖြစ်ပေါ်မှသာ လောကဓာတ် +စကြာဝဠာ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါတို့ ရှိနိုင်ပေသည်။ မဖြစ်မပေါ်လျှင်မရှိ။ လူ နတ် သူ ငါဆိုတဲ့ အရိပ်နိမိတ်တွေ ပေါ် ထွက်နေတိုင်း (၈၁)။ သင်္ခတ ဓမ္မသဘာဝတို့ ဖြစ်ပျက်နေကြပေသည်။

ဖြစ်ပျက်၊ ဖြစ်ပျက်၊ အစဉ်သည် - အရိပ်နိမိတ် - ပညတ်၊

ဖြစ်ပျက် သဘာဝ၏ အမည်နာမ နှင့် မှတ်ကြောင်းလက္ခဏာ သည်၊ ပညတ်၊

ဖြစ်ပျက်၊ ဖြစ်ပျက်နေသော သဘောသဘာဝ သက်သက် သည်သာ - ပရမတ်၊

http://www.dhammadownload.con



**လက္ခဏာသည် - ဓမ္မသဘာဝ မဟုတ်၊**
**ဓမ္မသဘာဝကိုသာ ရှာမှီးရှုရသည်။**

လက္ခဏံနာမ ပညတ္တိဂတိကံ နဝတ္ထုဗ္ဗ ဓမ္မဘူတံ။

( နီ- ၂၆၉ )

လက္ခဏံနာမ လက္ခဏာမည်သည်၊(ဝါ) ဓမ္မသဘာဝ ဓာတ်သား သိမှတ်ကြောင်း လက္ခဏာသည်။ ပညတ္တိဂတိကံ- ပညတ်ဖြစ်၏။ (ဝါ) သိမှတ်ကြောင်းမျှ ပညတ်ဖြစ်၏။ ဓမ္မဘူတံ- ဓမ္မသဘာဝဓာတ်သား၏ အဖြစ်ကို၊ နဝတ္တဗ္ဗံ-မဆိုအပ်။

*ဓမ္မသဘာဝဓာတ်သားက တစ်ခြား။*
*ဓါတ်သား၏ အမည်နာမက တစ်ခြား။*
*ဓာတ်သားကို သိမှတ်ကြောင်း လက္ခဏာ ပညတ်က တစ်ခြား။*

အမည်နာမ နှင့် လက္ခဏာသည်-ပညတ်။ ဓမ္မသဘာဝ ဓာတ်သားသည်သာ -

ပရမတ်အစစ်။ ဓာတ်အနှစ်။

ပညတ်မရှုရ။ ပရမတ်အစစ် ဓာတ်အနှစ် ဖောက်ထွင်းရှု။

ပုဗ္ဗာပရတ္တမောနာမ နပရိယေသိတဗ္ဗော။

ဓမ္မာဧဝ ပရိယေသိတဗ္ဗော။ ( နီ-၁၅၀ )

http://www.dhammadownload.con



ပုဗ္ဗာပရက္ကမောနာမ-သဒ္ဒါရနာမ်ရုပ်အကြောင်း အကျိုး တရားတို့၏ ရှေးနောက်မည်သည်ကို၊ နပရိယေသိတဗ္ဗော - မရှာမှီးအပ်၊ ဓမ္မာဝေ-ဓမ္မသဘာဝဓာတ်သားကိုသာလျှင်၊ ပရိယေသိတဗ္ဗော-ရှာမှီးရှုအပ်၏။

သဒ္ဒါရောစ နလက္ခဏံ၊ လက္ခဏံ နသဒ္ဒါရော၊
နစ သဒ္ဒါရေန ဝိနာ လက္ခဏံ ပညာပေတုံသက္ကာ၊
နာပိ လက္ခဏံ ဝိနာ သဒ္ဒါရော၊
လက္ခဏေန ပန သဒ္ဒါရော ပါကဋော ဟောတိ။

( သံ-၃-၂၄၆ )

သဒ္ဒါရောစ-သဒ္ဒါရသည်လည်း၊ နလက္ခဏံ-လက္ခဏာ မဟုတ်၊ လက္ခဏံ-လက္ခဏာသည်၊ နသဒ္ဒါရော-သဒ္ဒါရမဟုတ်။ သဒ္ဒါရေန-သဒ္ဒါရနှင့်၊ ဝိနာ-ကင်း၍၊ လက္ခဏံ-လက္ခဏာကို၊ ပညာပေတုံ-သိစေခြင်းငှာ၊ နစသက္ကာ-တတ်လည်း မတတ် ကောင်း။ လက္ခဏံဝိနာ-လက္ခဏာနှင့်ကင်း၍ သဒ္ဒါရော-သဒ္ဒါရကို၊ ပညာပေတုံ-သိစေခြင်းငှာ၊ နာပိသက္ကာ- တတ်လည်း မတတ်ကောင်း။ လက္ခဏေနပန-လက္ခဏာဖြင့်သာလျှင်၊ သဒ္ဒါရော-သဒ္ဒါရသည်၊ ပါကဋ္ဌေါ-ထင်ရှားသည်။ ဟောတိ- ဖြစ်၏။

သူမြတ်သည် လက္ခဏာ မှတ်ကြောင်းဖြင့် ဓမ္မသဘာဝ ဓါတ်သားပေါက်အောင် ရှုဆင်ခြင်နှလုံးသွင်းလေ့ကျင့်ရပေမည်။

http://www.dhammadownload.con



## သာဝကတို့မှာ အကြောင်း -၂ ပါး ပြည့်စုံရသည်

ပစ္စေကဗုဒ္ဓါ နှင့် သဗ္ဗညု ဘုရားရှင်တို့သည်၊ ပရတောဃောသ-မလိုအပ်၊ ယောနိသောမနသိကာရဖြင့် သာလျှင် ပြီးပြည့်စုံတော်မူကြသည်။

သာဝကတို့မှာ - ပရတောဃောသ-သူတစ်ပါးထံမှ နာယူသင်ကြားရခြင်း အားကြီးသော အကြောင်းခံရှိပါမှ၊ ယောနိသော မနသိကာရ - မိမိ၏သင့်လျော်သော နှလုံးသွင်း ရရှိနိုင်ပေသည်။

သာဝကတို့တွင် အထက်မြက်ဆုံး အရှင်သာရိပုတြာ သည်ပင် တစ်သင်္ချေ နှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ထားတော်မူ ပါလျက်၊ ရှင်အဿဇိမထေရ်ထံမှ တစ်လုံးတစ်ပါဒမျှ မကြားနာရလျှင်၊ မိမိအလိုအလို အနုမြူမျှ-စိုးစဉ်းမျှ ကိလေသာကို မပယ် ဖျောက်နိုင်ပေ။

**ထေရာဟိ ကပ္ပသတသဟဿာဓိကံ၊ ဧကံ အသင်္ချေယျံ ပါရမီယော ပူရေတွာပိ၊**

**အတ္တနော ဓမ္မတာယ အနုမတ္တမ္ပိ ကိလေသံ ပဇဟိတုံ နာသက္ခိ။**

( မ-၃-၅-၂၄၆ )

ဟိ-မှန်၏၊ ကပ္ပသတသဟဿာဓိကံ-ကမ္ဘာတစ်သိန်း အလွန်ရှိသော၊ ဧကံအသင်္ချေယျံ-တစ်သင်္ချေသော၊ ပါရမီယော - ဖြည့်ကျင့် ဆည်းပူးတော်မူခြင်းတို့ကို၊ ပူရေတွာပိ-ဖြည့်ကျင့်

http://www.dhammadownload.con



တော်မူပြီးသော်လည်း၊ ထေရော-မထေရ်မြတ်သည်၊ အတ္တနော-ဓမ္မတာယ-မိမိအလိုလို၊ အနုမတ္တံ-အနည်းငယ်မျှသော၊ ကိလေသမ္ပိ- ကိလေသာကိုလည်း၊ ပဇဟိတုံ-ပယ်စွန့်ခြင်းငှာ၊ နာသက္ခိ-မစွမ်းနိုင်။

ယေဓမ္မာဟေတုပဘာဝါတိ။ (ဝိ-၃-၅၁-လာ)။ ယေဓမ္မာ ဟေတု- ပဘာဝါဟူသော ဂါထာကို၊ အဿဇိထေရတော-အရှင်အဿဇိ မထေရ်မြတ်ထံမှ၊ သုတွာဝ-ကြားနာရသော ကြောင့် သာလျှင်၊ အဿ-ထိုရှင်သာရိပုတြာအား၊ ပဋိဝေဓေါ-နိဗ္ဗာန်ကို ထိုးထွင်း သိမြင်သော မဂ်ဉာဏ်သည်၊ ဇာတော-ဖြစ်ပေါ်၍ လာ၏။

ဝိပဿနာ ပညာယ၊ လက္ခဏာ ပဋိဝေဓေန၊
အာရမ္မဏာတော ဇာနန် ကတိတံ။

(ဇင်း - ၂၄၅ )

ဝိပဿနာ - ဉာဏ်ဖြင့် လက္ခဏာကိုထိုးထွင်း၍၊ အာရုံပြုသောအားဖြင့် သိခြင်းကို ဆိုအပ်၏။

http://www.dhammadownload.con



ဘုရားရှင်တို့သာ မပွင့်လျှင်၊
သဘာဝ ဓမ္မ သိဘို့ ဝေးစွ၊
အမည်နာမ မှုပင် မသိရှိရချေ။

**ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊**
**တေသံသဘာဂ ဓမ္မာနံ၊ နာမမတ္တံ၊ န နာယတိ။**

( တေသံသဘာဂဓမ္မာနံ ) ပရိဝါပါဠိတော်- ၁၅၇ ။ အပိုဒ် - ၂၅၇ )

ဗုဒ္ဓစန္ဒေ- လမင်းကြီးသဖွယ် ဖြစ်တော်မူပါသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ အနုပ္ပန္နေ-ပွင့်ထွန်းမပေါ်ထွက်သည်ရှိသော်၊ ဗုဒ္ဓါဒိစ္စေ-နေမင်းကြီး နှင့် တူတော်မူပါပေသော ရှင်တော်မြတ်ဘုရားသည်၊ အနုဂ္ဂတေ-ထွန်းလင်းတက်ပေါ် မလာသည်ရှိသော်၊ တေသံသဘာဂဓမ္မာနံ- ထို သဘာဝ ဓမ္မ ဓာတ်သားတို့၏၊ နာမမတ္တံ - ဖဿ, ဝေဒနာ, ပထဝီ,အာပေါ အစရှိသော နာမည်မျှကိုပင်၊ န နာယတိ-မကြားသိရချေ။ (တေသံ သဘာဂ ဓမ္မာနံ၊ ထို အနိစ္စစသော အခြင်းအရာအား ဖြင့် သဘောတူကုန်သော တရားသဘောတို့၏။ )

http://www.dhammadownload.con



**တေသု ဥပ္ပန္နေသု တေသံနာမံ ဥပ္ပန္နမေဝ ဟောတိ(လ)၊ နာမဂ္ဂဟာနကိစ္စံ နတ္ထိ၊ နာမံ - ဥပ္ပန္နမေဝ ဟောတိ။**

( အဋ္ဌသာလိနီ - ၄၂၀ )

တေသု-ထိုနာမ်ရုပ် (၈၁)ပါး၊ ဓမ္မသဘာဝ ဓာတ်သားတို့သည်၊ ဥပ္ပန္နေသု-ထင်ရှားဖြစ်ကုန်သည်ရှိသော်၊ တေသံ-ထို ဓမ္မသဘာဝ ဓာတ်သားတို့၏ နာမံ-အမည်နာမသည်၊ ဥပ္ပန္နမေဝ-ဖြစ်သည်သာလျှင်၊ ဟောတိ-ဖြစ်၏။ နာမဂ္ဂဟာနကိစ္စံ-နာမည်မှည့်ယူခြင်း ကိစ္စသည်၊ နတ္ထိ-မရှိ၊ နာမံ-အမည်နာမ ပညတ်သည်၊ ဥပ္ပန္နမေဝ- သြပပတ် အလိုလိုဖြစ်သည်သာလျှင်၊ ဟောတိ-ဖြစ်၏။

ရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ရောက်သည်နှင့် တစ်ပြိုင်နက်၊ ဉာဏ်တော် အမြင်သည်၊ သခ်တ (၈၁)ပါး၊ အသခ်တ (၁)ပါး၊ ဓမ္မသဘာဝဓာတ်သား (၈၂)ပါးကိုလည်း သိမြင်တော်မူ လိုက်၏။ ထိုမှမက-ထိုဓာတ်သားတို့၏ အမည်နာမကိုလည်း ပရိယာယ် ဝေဝုစ်မျိုးမည်များစွာ ကုန်စင်အောင် သိမြင်တော်မူ၏။ ထိုဓာတ်ဓမ္မတို့ကို သိကြောင်းအမှတ်လက္ခဏာများကိုလည်း ထိုးတွင်းသိမြင်တော်မူ၏။

ဖဿ, ဝေဒနာ, ပထဝီ, အာပေါ အစရှိသော အမည်နာမများကို ရှင်တော်မြတ်ဘုရားက အမည်နာမပေးထားသည် မဟုတ် အနတ္တာ။

http://www.dhammadownload.con



## အရိပ်နိမိတ် ၊ ပုံပန်းသဏ္ဍာန် ၊ အထည်ကိုယ်ဒြပ် = မရှုရ

နနိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ။

( မ-၁-ပဒ-၂၉၅။ နိကါယ်ငါးရပ် များစွာရှိ )

နနိမိတ္တဂ္ဂါဟီ-ယောက်ျား မိန်းမ လှ-မလှဟု အကြမ်းအား ဖြင့် ခွဲခြမ်းသော အမှတ်အသားကို ယူလေ့မရှိသည်၊ ဟောတိ-ဖြစ်၏။

နာနုဗျဉ္ဇနဂ္ဂါဟီ-လက်ခြေသဏ္ဍာန် ပြုံးဟန် ရယ်ဟန်စသော အသေးစိတ် ထင်ရှားအမှတ်အသားကို ယူလေ့မရှိသည်၊ ဟောတိဖြစ်၏။ (မ-၁-နိသျ-၁၉၇ )

ယံ ပဿတိ နတံ ဒိဋ္ဌံ၊

ယံ ဒိဋ္ဌံ တံ နပဿတိ။

ယံ-အကြင်ယောက်ျား မိန်းမ ပုံပန်းသဏ္ဍာန် အထည်ဒြပ်ကို၊ ပဿတိ-ပကတိ မျက်စိဖြင့် မြင်ရ၏။ တံ-ထို ပကတိ မျက်စိဖြင့် မြင်ရသော ဒြပ်သဏ္ဍာန်ကို၊ နဒိဋ္ဌံ-ဝိပဿနာ ပညာ မျက်စိဖြင့် မရှုရ ၊ ယံ- အကြင်မဟာဘုတ် ဥပဒါရုပ်

http://www.dhammadownload.con



စသော ရုပ်နာမ်ကို၊ နပဿတိ - ပကတိမျက်စိဖြင့် မမြင်ကြရ၊ တံ-ထိုနာမ်ရုပ်ကို၊ ဒိဋ္ဌ- ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏။

လူ နတ် သတ္တဝါသည် သမုတ်ရှိ အဝိဇ္ဇမာနပညတ်၊ ဝိပဿနာ မရှုရ၊ အရိပ် နိမိတ် ရှည်တို သဏ္ဌာန် အမည်နာမ မှတ်ကြောင်း လက္ခဏာ ကင်းစင်သော ဓမ္မသဘာဝသတ္တိကို ဉာဏ်မြင်စိုက်၍ ဝိပဿနာရှုဆင်ခြင်ရသည်။

အနိမိတ္တဉ္စ ဘာဝေဟိ ဥပသန္တော စရိဿတိ။

( သုတ္တနိပါတ် ပါဠိတော်။ ၃၂၉ )

အနိမိတ္တဉ္စ-အနိမိတ္တ-အမည်ရသည့် အနိစ္စ ဒုက္ခ အနတ္တ ဘာဝနာကိုလည်း၊ ဘာဝေဟိ-မနေမနား ကြိုးစားပွား များပါလော။

ဥပသန္တာ-ကိလေသာဟူ အပူခပ်သိမ်းငြိမ်းသည်ဖြစ်၍၊ စရိဿတိ-သန္တိသုခ၊ အငြိမ်းဓာတ်နိဗ္ဗာန်မြတ်နှင့် စိတ် အစဉ်ဟတ် ၍ ငြိမ်းချမ်းစွာ နေရလိမ့်သတည်း။

သဗ္ဗနိမိတ္တာနံ အမနသိကာရာ အနိမိတ္တံ၊

စေတောသမာဓိ ဥပသမ္ပဇ္ဇ ဝိဟာရတိ။ (အံ-၂ ။ ၃၄၈)

http://www.dhammadownload.con



သဗ္ဗနိမိတ္တာနံ - အလုံးစုံသော နိမိတ်တို့ကို၊ အမနသိကာ ရာ-နှလုံးမသွင်းခြင်းကြောင့်၊ အနိမိတ္တံ-နိမိတ်စင်သော၊ စေ တောသမာဓိ-စိတ်၏ တည်ကြည်ခြင်းသို့ဥပသမ္ပဇ္ဇ-ကပ် ရောက် ၍၊ ဝိဟရတိ-လျှောင်း၊ ထိုင်၊ ရပ်၊ သွား-လေးပါး အခြင်းအရာ ဖြင့်၊ သူမြတ်သည် ရွှင်ပြုံးနှစ်သက် ကြည်လင်စွာ နေရ၏။

## ဝိပဿနာဘာဝနာ ၏ အာရုံဘူမိသည် အရိပ်နိမိတ် စင်ရသည်။

သင်္ခတဓာတ်-၈၁ ပါး သည်၊ ပင်ကိုယ် - ပကတိအား ဖြင့်၊ ဓာတ်သဘာဝ တစ်ခုခြင်း ဖြစ်ပျက်နေ၏။ လုံးခဲသဏ္ဌာန် ဒြပ် အကောင်အထည်မရှိ၊ အရိပ်နိမိတ် ကင်းစင်၏၊ အနိမိတ္တ။

ဖြစ်ပျက် မြန်ဆန် အစဉ်သဏ္ဌာန်မှ အရိပ်နိမိတ်လုံးခဲ ပုံစံသဏ္ဌာန်ထင်၍ သနိမိတ္တ။

http://www.dhammadownload.con



# သညာ နှင့် ပညာ

သညာ-သည် သနိမိတ္တကို သိနိုင်မှတ်နိုင်၏၊ အနိမိတ္တ-ဓာတ်သဘာဝ မသိနိုင်။

ပညာသည် သနိမိတ္တ နှင့် အနိမိတ္တကို ပိုင်းခြား၍ လည်း သိနိုင်၏။

သင်္ခတဓာတ်၊ အသင်္ခတဓာတ်- ၈၂ ပါး ကိုလည်း ပိုင်ပိုင် ကြီး သိနိုင်၏။

၈၂ ပါးသော ဓာတ်သဘာဝ၏ အနတ္တဖြစ်နေခြင်း ကိုလည်း ပိုင်ပိုင်ကြီးသိ၏။

ဓာတ်သဘာဝ တစ်ခုခြင်း၏ အမည်နာမကိုလည်း ကုန်စင်အောင် သိမြင်၏။

ယင်း ဓာတ်သဘာဝတို့၏ မှတ်ကြောင်းလက္ခဏာ အသီးသီးကိုလည်း သိမြင်၏။

သင်္ခတဓာတ်-၈၁ ပါး၏၊ ဖြစ်ပျက် မြန်ဆန် အစဉ် သဏ္ဍာန် မှ -လုံးခဲသဏ္ဍာန် ဒြပ်ဟန်ဖြင့် လူ,နတ်, ပြဟ္မာ, သတ္တဝါ, ခေါ်ဆို၊ အရိပ် နိမိတ် ပေါ်ထွက်နေဟန်ကို လည်း ခွဲခြမ်း စိတ်ဖြာ သိမြင်၏။

သင်္ခတဓာတ်ပရမတ်- ၈၁ ပါး နှင့် အမည်နာမ မှတ်ကြောင်း လက္ခဏာ ဝိဇ္ဇာမာန ပညတ်၊ လူ နတ် ပြဟ္မာ သတ္တဝါစသည် အပြား များပြားလှစွာ -အဝိဇ္ဇာမာနပညတ်။ နိဗ္ဗာနဓါတ်-အလုံးစုံ

http://www.dhammadownload.con



ခပ်သိမ်းကုန်သော တရားအပေါင်းတို့သည်၊ အနတ္တ ပေတည်းဟု - ပိုင်ပိုင်ကြီး သဘောကျအောင် သိနိုင်စွမ်းပေသော ပညာပေတည်း။

ဤသို့လျှင်- ဝိပဿနာ ဉာဏ်ပညာဖြင့်၊ ရှုကြည့် နှလုံးသွင်းရသော ရှုကွက်အာရုံဘူမိသည်၊ အမည်နာမ ပညတ်လည်း စင်၏။ မှတ်ကြောင်း သိကြောင်း လက္ခဏာပညတ်လည်း စင်၏။ သဏ္ဍာန်ဒြပ် အရိပ်နိမိတ်လည်း စင်၏။

နိမိတ်ပညတ်စင်သော ဓာတ်သားပရမတ်၏၊ ဖြစ် ပျက်နေခြင်းကို အနိစ္စစသည်ဖြင့် လက္ခဏာရေးသုံးပါးတင် ရှု ပွားများရပေသည်။

နိမိတ်ကို ရှုလျှင်၊ ဤသို့ အပြစ်ရ၏။

နိမိတ်ကို နှလုံးသွင်းသောသူ - ပြင်းစွာတပ်မက်သော စိတ်ဖြင့်ခံစားရ၏၊ တဏှာဖြင့် လွှမ်းမိုး၍တည်၏။ အလိုရမ္မက် ကြီးခြင်း ညှင်းပန်းနှိပ်စက်ခြင်း တရားတို့သည် ကပ်၍ညှဉ်းဆဲ၏၊ ဒုက္ခကို တိုးပွားစေ၏၊ နိဗ္ဗာန် နှင့် ဝေး၏။

( သံ-၂-၄၉၆/ ၈ )

ယောဂီသူမြတ်သည် သနိမိတ္တကိုရှုနေကား၊ အလိုရှိ အပ်သော နိဗ္ဗာန်နှင့်ဝေး၏။ ဆင်းရဲဒုက္ခကိုတိုးပွားစေ၏။

ထို့မျှမက၊ နိမိတ်အရိပ်ကို သာယာခိုက်၊ သေမူ- ငရဲ နှင့် တိရစ္ဆာန် တစ်ခုသော ဘဝသို့ ရောက်ရာ၏ဟု ဗုဒ္ဓမြတ် စွာ မိန့်တော်မူခဲ့၏။ ( သံ-၂-၃၇၇ )

http://www.dhammadownload.con



သနိမိတ္တကို အာရုံပြုက-ယုတ်မာသော အကုသိုလ်တရားတို့ဖြစ်၏။ အနိမိတ္တကို အာရုံပြုက - မဖြစ်။ အနိမိတ္တဖြစ်တဲ့-အနိစ္စ ဒုက္ခ အနတ္တကို ရှုဆင်ခြင်တော်မူကြပါမှ - ငါဟု မှတ်ထင်မှု - အတ္တပြုတ်၍။ နိဗ္ဗာနဓါတ် - သိစိတ်အစဉ် - ဟတ်ပြီး ငြိမ်းချမ်းစွာ နေရပေမည်။

ထို့ကြောင့် - သင်္ခါရနိမိတ် ကင်းစင်နေတဲ့ - သခ်ီတ ဓါတ်-၈၁ ပါး၊ ပရမတ်ကို-ရှုကွင်း ရှုကွက် အာရုံဘူမိ မှန်အောင် ရှုမြင်နှလုံးသွင်းကြရသည်။

## ၂၅ ။ လယ်တီ၊ ဉာဏ်၊ လက်ာများ

၁။ ခန္ဓာဒိနည်း, ဖွဲ့စည်းပြီးကာ, သုံးဖြာလက္ခဏာ, သုံးသပ်ရ - သမ္မသနဉာဏ်။

ယခု, ရှေး, နောင်လျှင်, အတွင်း, အပြင်, အကြမ်း, အနုနှစ်ခုယုတ်မြတ် , နီးကပ်, ဝေးကွာ, ဆယ့်တစ်ဖြာ စုလာများခန္ဓာ။

၂။ ဖြစ်ပွားပျက်မှု, အစုံရှု - ဥဒယဗ္ဗယဉာဏ်။

၃။ အပျက်ကိုသာ, ရှုတုံ့ပါ, သညာ-ဘင်ဂ်ဉာဏ်။

http://www.dhammadownload.con



၄။ အပျက်မြင်က, ဘယမစွ, ပျက်မှုခပင်း ဘေးသေ မင်း-ဟု ကြောင်းခင်းထွေထွေ, ရှုတုံပေ, မှတ်လေ- ဘယဉာဏ်။

၅။ ကြောက်ဖွယ်ခပင်း, မြင်တုံလျှင်းက, ဘေးဘယမျိုး, နာမ်ရုပ်ဆိုး၌, ကိုးရာမရှိ, ခက်မှန်းသိ-အာဒီနဝဉာဏ်။

၆။ ကိုးရာမထင်, ခက်ပုံမြင်က, မရွှင်မလန်း, စိတ်ကုန်ခမ်း ၍, မချမ်းမမြေ့, ငြီးငွေ့သောထွေ, စိတ်အနေ, မှတ်လေ- နိဗ္ဗိန္ဒ ဉာဏ်။

၇။ ငြီးငွေ့အားသန်, စိတ်ပူပန်က, လျင်မြန်တစိ, လွတ်လို ဘိ- မုဉ္စိတုကမျတာဉာဏ်။

၈။ လွတ်လိုလှ၍, လွတ်ရရန်ငှာ, ဘာဝနာ, လေးဆယ်, အကျယ်ဖြန့်ချိ အားတိုက်ဘိ-ပဋိသင်္ခါဉာဏ်။

၉။ အားတိုက်ရှု၍, လွတ်မှုလွတ်ရန်, အမြင်သန်က, နာမ် ရုပ်ဓမ္မ, သင်္ခါရဝယ်, မတွယ်သမှု, လျစ်လျူရှု - သင်္ခါရုပေက္ခာဉာဏ်။

၁၀။ ရှေးဉာဏ်, နောက်ဉာဏ်, လျော်ကန်- အနုလောမ ဉာဏ်။

http://www.dhammadownload.con



## ၂၆။ ဉာဏ်စဉ်-၁၆ ပါး၊ အကျဉ်း ကျင့်စဉ်များ၊

ယောဂီ ရဟန်းသူမြတ်သည် -

သွားလိုလျှင်၊ သွားမည့်အာရုံညွတ်သိမှုက- နာမ် ။

သွားလိုစိတ် နှင့် တစ်ပြိုင်နက်လှုပ်ရှားမှုက- ရုပ် ။

ရပ်လို, ထိုင်လို, လျောင်းလိုစသည်-နည်းမှီယူကျင့်။

စားလိုလျှင် စားသည့်စိတ် နှင့် စားမည့်အာရုံ ညွတ်သိမှုက - နာမ်။ တစ်ပြိုင်နက်၊ လှုပ်ရှားမှု နှင့် စားစရာ အာဟာရက- ရုပ် ။

* သောက်လို, လျက်လို စသည် နည်းမှီယူကျင့်။

အဆင်းဓာတ်ရူပါရုံ မျက်စိအကြည် ထင်လျှင် မြင်သိစိတ် ဖြစ်သည်၊ အဆင်းရူပါရုံ နှင့် မျက်စိအကြည်က ရုပ်။ မြင်သိစိတ် နှင့် ထင်လျှင်ဟူသော အဆင်းရူပါရုံ, ထိတွေ့,ခံစား, မှတ်သား -စသည်များက - နာမ်။ * အသံ သဒ္ဒါရုံ နားအကြည် - စသည်၊ နည်းမှီ နာမ်ရုပ်ခွဲ - ရှု -။

နာမ်ရုပ် -၂ ပါး ဉာဏ်အမြင် ထင်လင်းစွာ ရှုဆင်ခြင်မှု လေ့ကျက် အားထုတ်ရာသည်။

ပိုင်ပိုင်နိုင်နိုင် ဉာဏ်အမြင် နာမ်ရုပ် ခွဲခြားသိမြင်လျှင်-

http://www.dhammadownload.con



၁။ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်သည်။

ပုဂ္ဂလ သတ္တဇီဝ ဟူ အသက်လိပ်ပြာ ငါသူ မဟုတ်၊ နာမ်နှင့်ရုပ်သာ ဟုတ်မှန်သည်ဟု ရှုမြင်ခြင်းသည်၊ အမြင်စင်ကြယ်သည် မည်၏။

၂။ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်။

တံ ပဿတော ရူပါရူပတော ဥဒ္ဓံ အညံ သတ္တံနာမ နုပဿတိ။ (ဝိသုဒ္ဓိမဂ် )

တံ-ထိုနာမ်ရုပ်ကို၊ ပဿတော-ရှုမြင်သောသူအား၊ ရူပါရူပတော-နာမ်-ရုပ်မှ၊ ဥဒ္ဓံ-အလွန်၊ အညံ-တစ်ပါးသော၊ သတ္တံနာမ-သတ္တဝါ မည်သည်ကို၊ နုပဿတိ-မမြင်။

ကမ္မဿ နာမရူပဿ ဥပ္ပတ္တိတော ပုဗ္ဗေ၊
အနုပ္ပန္နဿ ရာသိဝါ နိစယောဝါ နတ္ထိ၊
ဥပ္ပဇ္ဇမာနဿပိ ရာသိတောဝါ၊
နိစယတောဝါ အာဂမန်နာမ နတ္ထိ၊
နိရုဇ္ဈမာနဿာပိ ဒိသာဝိဒိသာ၊
ဂမန်နာမ နတ္ထိ။
နိရုဒ္ဓမာနဿာပိ ကေသ္မိဉ္စိဌာနေ ရာသိတော၊
နိစယတော နိဓါနတော အဝဋ္ဌာန်နာမ နတ္ထိ။

နာမ်ရုပ်သဘာဝ၊ ဝိသုဒ္ဓိမဂ် ဒုတိယတွဲ -၂၆၆ မှာ ပြသထားသည်။

http://www.dhammadownload.con



# နာမ်ရုပ်သဘာဝပြ အနက်

ဣမသ္မိ နာမရူပသ္မိ-ဤနာမ်ရုပ်၏၊ ဥပ္ပတ္တိတော-ဖြစ်သည်မှ အနုပ္ပန္နဿ-မဖြစ်မီ၊ ပုဗ္ဗေ-ရှေးအဘို့၌၊ ရာသိဝါ-အစုအပုံသည်လည်းကောင်း၊ နိစယောဝါ-အစိုင်အခဲသည်ဇင်း၊ နတ္ထိ-မရှိ။ ဥပ္ပဇ္ဇမာနဿပိ- ဖြစ်ဆဲဖြစ်သော၊ နာမ်ရုပ်၏လည်း၊ ရာသိတောဝါ-အစုအပုံမှလည်းကောင်း၊ နိစယတောဝါ-အစိုင်အခဲမှလည်းကောင်း၊ အာဂမနံနာမ-လာခြင်းမည်သည်၊ နတ္ထိ-မရှိ။ နိရုဇ္ဈမာနဿာပိ-ချုပ်ဆဲဖြစ်သော၊ နာမ်ရုပ်၏လည်း၊ ဒိသာဝိဒိသာဂမနံနာမ- ထို ထိုသော အရပ်သို့ရောက်သွားခြင်းမည်သည်၊နတ္ထိ-မရှိ။ နိရုဒ္ဓမာနဿာပိ-ချုပ်ပြီးသော နာမ်ရုပ်လည်း။ ဧကသ္မိံဌာနေ-တစ်ခုသော ဌာန၌၊ ရာသိတော-အစုအပုံအားဖြင့်၊ + နိစယတော-အစိုင်အခဲအားဖြင့်၊ နိဓါနတော-မြှုပ်နှံထားသောအားဖြင့်၊ အဝဋ္ဌာနံနာမ-သက်ဝင် တည်ရာမည်သည်၊ နတ္ထိ-မရှိ။

**ရှေးသူကောင်းသူမြတ်တို့ နာမ်ရုပ်မြင်သည်မှာ -**

နာမ်ရုပ်မြင်လျှင် ပုဂ္ဂိုလ်သတ္တဝါ သူ ငါ မမြင်ပြီ။ မြင်သော နာမ်ရုပ်သည်လည်း မဖြစ်မီ၊ ရှေးက အစုအပုံ အစိုင်

http://www.dhammadownload.con



အခဲအားဖြင့်မရှိ။ ဖြစ်ဆဲမှာလည်း အစုအပုံ အစိုင်အခဲမှ လာသည်မဟုတ်၊ ချုပ်ဆဲမှာလည်း တစ်ခုခုသော အရပ်မျက်နှာသို့ ရောက်သွားသည် မဟုတ်။ ချုပ်ပြီးတော့လည်း တစ်ခုခုသော ဌာနမှာ အစုအပုံ အစိုင်အခဲ မြုပ်နှံသက်ဝင်တည်ရာမည်သည် မရှိ - ဟု - ရှုမြင်တော်မူကြသည်။

ငါသည်လည်း ရှေးသူတော်ဟောင်းတို့ လမ်းရိုးကျင့်စဉ်လိုက်သူပဲဟု နှလုံးသွင်းရာသည်။

သွားလိုလျှင် - စသည့်အခါ။ စားလိုလျှင်စသည့်အခါမှာ - အကြောင်းတရားက -နာမ်။ အကျိုးတရားက-ရုပ်။

မြင်သည် ကြားသည်-စသည့်အခါမှာ -

အကြည်ဓါတ်ပသာဒ နှင့် အဆင်းအာရုံ စသည် - ရုပ်တရားက အကြောင်းတရား။

၁။ နာမရူပပရိစ္ဆေဒ ॰ ဤကား-နာမ်၊ ဤကား - ရုပ်။

၂။ ပစ္စယပရိဂ္ဂဟ ॰ ဤကား-အကြောင်း၊ ဤကားအကျိုး ဟု အကြိမ်ကြိမ်ရှုဆင်ခြင် နှလုံးသွင်းလေ့ကျင့်ရာသည်။

http://www.dhammadownload.con



## နှလုံးသွင်း လေ့ကျင့်နိုင်လျှင် ရရှိသောအကျိုးမှာ -

ဤကမိနာပန ဉာဏေန သမန္နာဂတော ဝိပဿကော၊ ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော၊ နိယတဂတိကော စူဠသော တာ ပန္နောနာမ ဟောတိ။

ဤကမိနာပနဉာဏေန- ဤနာမ်ရုပ် နှင့် အကြောင်း အကျိုး သိမြင်သော ဉာဏ်နှင့်၊ သမန္နာဂတော-ပြည့်စုံပြီးမှ၊ ဝိပဿကော-ဝိပဿနာ ရှုသူသည်၊ လဒ္ဓဿာသော-သက်သာ ရာရသည်။ လဒ္ဓပတိဋ္ဌော-ထောက်တည်ရာရသည်။ နိယတဂတိ ကော-ဂတိမြဲသည်၊ စူဠသောတာပန္နောနာမ-စူဠသောတာပန် မည်သည်၊ ဟောတိ-ဖြစ်၏။

နာမ်ရုပ် နှင့် အကြောင်းအကျိုး ဉာဏ်အမြင်ပိုင်လျှင် -အပါယ် မကျ။ စူဠသောတာပန်ဘဝ ရောက်ပေပြီ။

ထိုမျှအကျိုးများပေသည်။

## ရှေးဉာဏ် (၂) ပါးပိုင်မှ ဝိပဿနာ ရှုရာသည်။

၃။ သမ္မသနဉာဏ်ကျင့်နည်းမှာ -

ဉာဏ်အမြင်ဖြင့် ရှုမြင်ပြီးသော နာမ်ရုပ် နှင့် အကြောင်း အကျိုးတရားတို့သည်၊ ပုဂ္ဂိုလ်သတ္တဝါ ယောက်ျား မိန်းမမဟုတ်။ ဖြစ်လျှင်ပျက်ကြ သဘာဝသည်၊ အနိစ္စ, ဒုက္ခ, အနတ္တသာ ဟုတ်

http://www.dhammadownload.con



သည်ဟု ရှုဆင်ခြင် နှလုံးသွင်း လေ့ကျင့်ရာသည်။

**နာမရူပံ အတီတာ နာဂတပစ္စုပ္ပန္နံ၊**

**အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ၊**

**ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ**

**နိရောဓဓမ္မန္တိ။** ( ခု- ၉ - ၅၂ )

အတီတာနာဂတ-ပစ္စုပ္ပန္နံ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော၊ နာမရူပံ-နာမ်ရုပ်သည်၊ အနိစ္စံ-မမြဲ၊ သင်္ခတံ အကြောင်းတရား ပြုပြင်စီရင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ-အကြောင်းကို စွဲ၍ဖြစ်၏၊ ခယဓမ္မံ-ကုန်ခြင်းသဘော၊ ဝယဓမ္မံ-ပျက်ခြင်းသဘော၊ ဝိရာဂဓမ္မံ-ကင်းခြင်းသဘော၊ နိရောဓဓမ္မံ-ချုပ်ငြိမ်းခြင်း သဘောဟု ရှုဆင်ခြင်ရာသည်။

၄။ ဥဒယဗ္ဗယ ဉာဏ်ကျင့်နည်းမှာ -

၁။ နာမ်ရုပ် ခွဲရှုမြင်ခြင်း။

၂။ အကြောင်းအကျိုး ခွဲရှုမြင်ခြင်း။

၃။ နာမ်ရုပ် အကြောင်းအကျိုးကို အနိစ္စ စသည်ဖြင့် ရှုမြင်ခြင်း။

ရှုမြင်ရသောတရားများ ခန္ဓာနည်း။ တစ်ခုစီ တစ်ပုံစီ - ရှုကြည့်လျှင် -

http://www.dhammadownload.con



(၁) ဖောက်ပြန်တတ်သော ရုပ်အစုက-တစ်ပုံ၊
ခံစားတတ်သော သဘောတစ်စုက-တစ်ပုံ၊
မှတ်သားတတ်သော သဘောတစ်စုက-တစ်ပုံ၊
ပြုပြင်စီရင်တတ်သော သဘောတစ်စုက-တစ်ပုံ၊
သိတတ်သော သဘောတစ်စုက -တစ်ပုံ၊

သတ္တဝါမှန်သမျှ၊ ဤအစုအဝေး ငါးမျိုးသာရှိချေသည်။ အစုအဝေးအပုံ ငါးပုံမှာ-ဖြစ်(၅) ပါး၊ ပျက်(၅) ပါး-ပေါင်း-၁၀ ပါး။

| | | | | |
|---|---|---|---|---|
| ရုပ်၏အကြောင်းကား = | အဝိဇ္ဇာ | တဏှာ | ကံ | အာဟာရ |
| ခံစားမှုအစု၏အကြောင်းကား= | 〃 | 〃 | 〃 | ဖဿ |
| မှတ်သားမှုအစု၏အကြောင်းကား= | 〃 | 〃 | 〃 | ဖဿ |
| ပြုပြင်စီရင်မှုအစု၏အကြောင်းကား= | 〃 | 〃 | 〃 | ဖဿ |
| သိမှုအစု၏ အကြောင်းကား= | 〃 | 〃 | 〃 | (နာမ်ရုပ်) |

ခန္ဓာ = အစုအပုံ၊ အစုအပုံ-တစ်စုတစ်ပုံလျှင်၊ အကြောင်း (၄) မျိုးစီရှိသောကြောင့် -

အစုအပုံ (၅)ခုလျှင်၊ အကြောင်းပေါင်း (၂၀) ပါး။

အကြောင်းတရားကား=ဖြစ်(၂၀)၊ ပျက်(၂၀)=ပေါင်း (၄၀)ပါး။

အကျိုးတရား အစုအပုံ ခန္ဓာ (၅) ပါး- ဖြစ် (၅)၊ ပျက် (၅)=ပေါင်း (၁၀) ပါး ။

ဤသို့လျှင် ဖြစ် (၂၅)၊ ပျက် (၂၅)=ပေါင်း ဖြစ်ပျက် (၅၀) ပါး ရှုမြင်လျှင် . . . . .

http://www.dhammadownload.con



(တရုဏ) - နုပျိုသောဝိပဿနာဉာဏ်ရှင် ခေါ်ဝေါ်ခြင်းသို့ ရောက်သည်။ မြင်အောင်ရှုလေ - ဆက်ခဲ့ဦးအံ့-

နာမ်ရုပ် အကြောင်းအကျိုး မသိ မမြင်လျှင်-အဝိဇ္ဇာ။

မသိမမြင်ခြင်းကြောင့် ငါပဲ သူပဲ ထင်မှတ် တပ်မက်မှု

ဖြစ်လျှင်- တဏှာ။

တပ်မက်သောကြောင့် ပြုလုပ်ကြလျှင်- ကံ။

အထောက်အပံ့- အာဟာရ။

ဤသို့လျှင် အကြောင်းနှင့် အကျိုးတို့ ဆက်စပ်နေကြပေသည်။

## <u>တရုဏ ဝိပဿနာဉာဏ်ရှင်</u>

ဝယဓမ္မ မေဝ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နဉ္စ ဝယံ ဥပေတီတိ၊

ဣမိနာ အာကာရေန သမပညာသလက္ခဏာနိ၊

ပဋိဝိဇ္ဈိတွာ ဌိတံ ဥဒယဗ္ဗယာနုပဿနံ နာမ၊

တရုဏ ဝိပဿနာဉာဏံ အဓိဂတံ ဟောတိ၊

ယဿာဓိဂမာ အာရဒ္ဓဝိပဿကောတိ သင်္ခ ဂစ္ဆတိ။

( ဝိသုဒ္ဓိမဂ် -၃-၂၆၉ )

ဝယဓမ္မမေဝ-ပျက်သောတရား အစုသည်သာလျှင်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

http://www.dhammadownload.con



ဥပ္ပန္နဋ္ဌ-ဖြစ်သောတရားအစုသည်သာလျှင်၊ ဝယံ-ပျက်ခြင်းသို့၊ ဥပတိ-ရောက်၏။

**( စိတ်, စေတသိက်, ရုပ်, သင်္ခါရသာ- ပျက်သည်-ဖြစ်သည်၊ ဖြစ်သည်-ပျက်သည်။)**

ဣတိဣမိနာအာကာရေန-ဤသို့သော အချင်းအရာအားဖြင့်၊ သမပညာသ လက္ခဏာနိ-အမျှငါးဆယ်သော လက္ခဏာတို့ကို၊ ပဋိဝိဇ္ဈိတွာ-ထိုးထွင်း၍၊ ဌိတံ-တည်သော ဉာဏံဉာဏ်သည်၊ ဥဒယဗ္ဗယာ နုပဿနံနာမ-ဖြစ်ပျက် မြင်သော ဉာဏ်အမြင်မည်၏။ တရုဏ ဝိပဿနာဉာဏံ-နုပျိုသော ဝိပဿနာဉာဏ်ကို၊ အဓိကတံ-ရသည်၊ ဟောတိ-ဖြစ်၏။ ယဿ-အကြင်သူအား၊ အဓိဂမာ-နုပျိုသော ဝိပဿနာ ဉာဏ်ဖြင့် ဖြစ်ပျက် ရှုမြင်ရခြင်းကြောင့်၊ အာရဒ္ဓ ဝိပဿကောတိ- အားထုတ်အပ်သော ဝိပဿနာ ဉာဏ်ရှိသူဟူ၍၊ သင်္ခ-ခေါ်ဝေါ်ခြင်းသို့၊ ဂစ္ဆတိ-ရောက်၏။

<u>သန္တတိပစ္စုပ္ပန်ကိုသာ ရှုရသည်မှာ -</u>

စိတ်ကြိုက်အာရုံ တွေ့ကြုံရလျှင်၊ ဟာ-ကောင်းလေးစွ ဖြစ်သောအခါ -

သုခဝေဒနာ - တစ်ခါဖြစ်, တစ်ခါပျက်၊ အဲဒါ သန္တတိ ပစ္စုပ္ပန် တစ်ချက်ပဲ။

http://www.dhammadownload.con



အလိုမကျအာရုံ တွေ့ကြုံရလျှင်၊ ဟာ-မဟန်ပါဘူး ဟု သိသောအခါ-

ဒုက္ခဝေဒနာ-တစ်ခါဖြစ်, တစ်ခါပျက်၊ အဲဒါ သန္တိ ပစ္စုပ္ပါန် တစ်ချက်ပဲ။

ယင်းသို့ ခံစားမှုအစုအဝေး ဖြစ်ပျက်ခိုက် ရှုဆင်ခြင်နှလုံးသွင်း လေ့ကျင့်ပွားများ အားထုတ်ရာသည်။

*(ကျန် – အစုအပုံ – ၄ ခု နည်းမှီကျင့် )*

သန္တတိပစ္စုပ္ပန္န ဝ သေန၊ ဝိပဿနာဘိနိဝေသော ကာတဗ္ဗော။ ( ဝိသုဒ္ဓိမဂ် - ဋီ ဒု- ၄၁၉ )

ဖြစ်ပျက် ။ (၅၅၀) ပါး ရှုရမည်မှာ -

ဉဒယဗ္ဗယဉာဏ် ။ ၅၀ နှင့်။ ယခု ရှေးနောင်လျှင်၊ အတွင်းအပြင်၊ အကြမ်း အနု၊ နှစ်ခု ယုတ်မြတ်၊ နီးကပ် ဝေးကွာ။ (၁၁) ဖြာ စုလာများ ခန္ဓာဟူသည်နှင့်အညီ -

| | | |
|---|---|---|
| အတိတ်ကလည်း ဖြစ်ပျက် | ။ | ၅၀ ပါး |
| ပစ္စုပ္ပါန်လည်း ဖြစ်ပျက် | ။ | ။ |
| အနာဂါတ်မှာလည်း ဖြစ်ပျက် | ။ | ။ |
| အဇ္ဈတ္တမှာလည်း ဖြစ်ပျက် | ။ | ။ |
| ဗဟိဒ္ဓမှာလည်း ဖြစ်ပျက် | ။ | ။ |

http://www.dhammadownload.con



စသည်ဖြင့် (၁၁) ဌာနေမှာ - ၅၀ ပါးစီ ။ပေါင်း (၅၅၀) ပါး၊ ဖြစ်ပျက် ရှုဆင်ခြင် နှလုံးသွင်းအောက်မေ့ လေ့ကျက်ပွားများအားထုတ်ရာသည်။

**ပထမံ ပစ္စုပ္ပန္နဓမ္မာနံ ဥဒယဗ္ဗယံ ဒိသွာ၊**

**အထ အတီတာနာဂတေ နယံ နေတိ။** (ဝိ-ဋီ ဒု-၄၂၃)

ဟိ-မှန်၏၊ ပထမံ-ရှေးဦး၊ ပစ္စုပ္ပန္နဓမ္မာနံ-ပစ္စုပ္ပါန်တရားတို့၏၊ ဥဒယဗ္ဗယံ-ဖြစ်ပျက်ကို၊ ဒိသွာ-ရှုမြင်၍၊ အထ-ထို့နောင်မှ၊ အတီတာနာဂတေ-အတိတ်အနာဂတ်တို့ကို၊ နယံ-ဖြစ်ပျက်ချည်းပဲဟု ရှုမြင်နည်းကို၊ နေတိ-ဆောင်ရာ၏။

**ဧတ္တာဝတာတိ ယွာယံ "ဇာတံ ရူပံ ပစ္စုပ္ပန္န" န္တိ အာဒိ ပါဠိနယာနုသာရေန "ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္န" န္တိ အာဒိ ပါဠိနယာနုသာရေန ဝါ ယာဝ ဥဒယဗ္ဗယ ပဋိဝေဓါ ဘာဝနာဝိဓိ အာရဒ္ဓေါ။** ( ဝိသုဒ္ဓိ- ဋီ၊ ဒု-၄၂၆ )

ဧတ္တာဝတာတိ-ဤမျှသောစကား အစဉ်ဖြင့်ကား၊ ယံကိဉ္စိရူပံ အတီတာနာဂတ ပစ္စုပ္ပန္န န္တိ အာဒိပါဠိနယာ နုသာရေန-အတိတ် အနာဂတ် ပစ္စုပ္ပါန်ဖြစ်သော အလုံးစုံသော ရုပ်သည် ဤသို့ အစရှိသော မြတ်စွာဘုရား စကားတော် အစဉ်မှီးသဖြင့်၊ ယာဝဥဒယဝယပဋိဝေဓါ-အခု နောင် ရှေး စသည် (၁၁) ဌာနဖြစ်ကုန်သော တရားတို့၊ ဖြစ်ပျက်ကို ထိုးထွင်းသိမြင်သည့်တိုင်အောင်၊ ဘာဝနာဝိဓိ-ပွားများသော အစီရင်ကို၊ အာရဒ္ဓေါ-အားထုတ်ရာသည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.con



၅။ ဘင်္ဂဉာဏ်ကျင့်နည်းမှာ -

သူမြင်သည် အဆင်းဓါတ်ရူပါရုံ ထင်လျှင် ရုပ်တရားပါတကားဟု ရှုရာသည်။ ထို့နောက် အဆင်းရူပါရုံ ရုပ်တရားသည် "ခယ,ဝယ" ကုန်ခမ်းပျက်စီးတတ်သော သဘောပါတကားဟု ရှုရာသည်။

"ခယ ဝယ" ဟုရှုဆင်ခြင်သော စိတ်၏ ပျက်ခိုက်ကို ပိုင်းခြားအာရုံပြု၍ - လက္ခဏာရေး (၃) ပါး၊ ဝိပဿနာ(၄) ပါးဖြင့် ရှုဆင်ခြင်ရမည်မှာ -

၁။ အနိစ္စတော အနုပဿတိ နော နိစ္စတော။

၂။ ဒုက္ခတော အနုပဿတိ နောသုခတော။

၃။ အနတ္တတော အနုပဿတိ နောအတ္တတော။

၄။ နိဗ္ဗိန္ဒတိ နောနန္ဒတိ။

၅။ ဝိရဇ္ဇတိ နောရဇ္ဇတိ။

၆။ နိရောဓေတိ နောသမုဒေတိ။

၇။ ပဋိနိဿဇ္ဇတိ နောအာဒိယတိ။ (ခု-၉-၅၅)

ခယ ဝယ ကုန်ခမ်း ပျက်စီးပါတကားဟု ရှုဆင်ခြင်သော စိတ် ၏ ပျက်ခိုက်သည်။

၁။ မမြဲပါလား မြဲသည်မဟုတ်။

၂။ အချည်းနှီး စက်ဆုပ်စရာ ဒုက္ခပါလား ချမ်းသာသည် မဟုတ်။

http://www.dhammadownload.con


၃။ ကိုယ် အထည်အကောင် အတ္တမဟုတ်၊ အလိုမပါ၊
အစိုးမရ အနတ္တပါလား။
၄။ ငြီးငွေ့စရာပဲ၊ နှစ်သက်ဖွယ်မဟုတ်။
၅။ တက်မက်ဖွယ် ကင်း၏၊ တက်မက်စရာမရှိ။
၆။ ချုပ်ငြိမ်းသည့် သဘောပဲ ဖြစ်စေသည် မဟုတ်။
၇။ စွန့်လွှတ်ဖွယ်ပဲ၊ သိမ်းပိုက်ဖွယ် မဟုတ်။

တံရူပါရမ္မဏံ ပဋိသင်္ခါ ဇာနိတွာ ခယတော ဝယတော ဒိဿာ တိအတ္တော။ တံရူပါရမ္မဏံ-ထိုအဆင်းခြတ် ရူပါရုံကို၊ ပဋိသင်္ခါ-ဉာဏ်ပညာဖြင့်ဆင်ခြင်၍၊ဇာနိတွာ-သိ၍၊ခယတော -ကုန်သော အားဖြင့်၊ ဝယတော-ပျက်သောအားဖြင့်၊ ဒိဿာ- ရှုမြင် ၍၊ က္ကတိ အယံ-ဤသည်ကား၊ အတ္တောအဓိပ္ပါယော- အလို ရှိအပ်သော အနက်အဓိပ္ပာယ်ပေတည်း။

တဿစိတ္တဿ ဘင်္ဂံ အနုပဿတိတိ
ယေနစိတ္တေန တံရူပါရမ္မဏံ
ခယတော ဝယတော ဒိဌ္ဌ
တဿစိတ္တဿ အပရေနစိတ္တေန
ဘင်္ဂံ အနုပဿတီတိအတ္တော။

တဿစိတ္တဿ ဘင်္ဂံ အနုပဿတီတိ-ထိုစိတ်၏ ဘင်ကို ရှု၏ဟူသည်ကား၊ ယေနစိတ္တေန-အကြင်စိတ်ဖြင့်၊ တံ ရူပါရမ္မဏံ- ထိုရူပါရုံကို၊ ခယတော ဝယတော-ကုန်ခမ်းပျက်စီးသောအားဖြင့်

http://www.dhammadownload.con



ဒိဋ္ဌ-ရှုမြင်၏၊ တဿစိတ္တဿ-ရှုပါရုံကို၊ ခယဝယဟု-ရှုသော စိတ်၏၊ ဘင်္ဂ-အပျက်ကို၊ အပရေန စိတ္တေန- တစ်ပါးသောစိတ်ဖြင့်၊ အနုပဿတိ-အနုပဿနာ (၇) ပါးဖြင့်ရှု၏။ ဣတိအတ္ထော-ဤသို့ အလိုရှိအပ်၏။

## အတိတ် အနာဂါတ်လည်း ရှုရမည့်မှာ -

အပိုဒ် - (၇၄၅) ယထာဣဒံ တထာ အတီတေပိ
သင်္ခါရဂတံ ဘိဇ္ဇိတ္ထ။ အနာဂတေ
ပိ ဘိဇ္ဇိဿတီတိ။

( ဝိ-ဒု-၂၇၈/၂၈၀)

သင်္ခါရာဝ ဘိဇ္ဇန္တိ တေသံဘေဒေါ။
မရဏံန အညော ကောစိ အတ္ထိ။

ဣဒံယထာ- ဤပစ္စက္ခ ဖြစ်ဆဲတရားသည်၊ ပျက်သကဲ့သို့ နှလုံးသွင်း အာရုံအစဉ်အလျှောက်ရှုသော အချင်းအရာအားဖြင့်၊ တထာ-ထို့အတူ၊ အတီတေပိ-အတိတ်လည်းဖြစ်သော၊ သင်္ခါရဂတံ-သင်္ခါရဖြစ်သော တရားသည်၊ ဘိဇ္ဇိတ္ထ-ပျက်ပြီးပြီ။ အနာဂတေပိ-အနာဂါတ်လည်းဖြစ်သော တရားသည်လည်း၊ ဘိဇ္ဇိဿတိ-ပျက်လတ့်၊ ဣတိ-ဤသို့နှလုံးသွင်း အောက်မေ့ဆင်ခြင်ရာသည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.con


သင်္ခါရာဝ-စိတ် စေတသိက် ရုပ်ဖြစ်သော သင်္ခါရ အစုသည်သာလျှင်၊ ဘိဇ္ဇန္တိ-ပျက်ကြကုန်၏။ တေသံ-ထိုတရားတို့၊ ဘေဒေါ-ပျက်ခြင်းသည်၊ မရဏံ-မရဏမည်၏။ ဝါ- သေသည်မည်၏။ အညော-တစ်ပါးတစ်ခြားသော၊ ကောစိ- လူ နတ် တစ်စုံ တစ်ယောက်သည်၊ နအတ္ထိ-စင်စစ် မရှိပေ။

ဖြစ်သောတရားများသာလျှင် ပျက်နေသည်။

ပျက်သည်မှတစ်ပါး နတ် လူ မရှိ။

တစ်ပျက်တည်း- ပျက်။ တစ်သေတည်းသေနေသည်ဟု ရှု။(ဥပမာ)-ရွှဲတစ်လုံးအပေါက် စိန်ဖြင့် ထွင်းဖောက်သူသည် ရွှဲလုံးအဆင်းအရောင်ကို နှလုံးမသွင်းမိပဲ၊ ရွှဲလုံး၏ အပေါက်ကိုသာ အာရုံပြု၍ နှလုံးသွင်း ထွင်းဖောက်သကဲ့သို့ ဖြစ်ခြင်းသဘော၊ ရှုဆင်ခြင်မှု လွှတ်ပြီး၊ ပျက်ခြင်း သဘောကိုသာ ရှုရာသည်။

အရှုခံ ပျက်သောတရားသည် လည်းကောင်း၊
ရှုတတ်သော ဉာဏ်အမြင်သည် လည်းကောင်း၊
နှစ်ပါးစုံသော တရားတို့သည် ပျက်ကြကုန်၏ -
ဟု ရှုဆင်ခြင် နှလုံးသွင်း လေ့ကျင့်ပွားများရာသည်။
( ဉာတဥ္စ ဉာဏဥ္စ ဥဘောပိ ဝိပဿတိ )
အသံသဒ္ဒါရုံ -စသည်လျှင်လည်း ဤနည်းမှီရှု -

http://www.dhammadownload.con


## ၆။ ဘယဉာဏ် ဖြစ်ပေါ်လာသည်မှာ -

အတိတ်တရားသည်-ပျက်ပြီး။ ပစ္စုပ္ပန်တရားလည်း - ပျက်ဆဲ။ အနာဂတ်တရားလည်း- ပျက်ဦးမည်ဟု ရှုသော သူအား ကြောက်ဖွယ်ထင်သော ဉာဏ်မည်သည် ဖြစ်၏။

( ဝိသုဒ္ဓိမဂ် - ဒု-၂၈၂ )

ငါသည် ယခုဘဝ သေခြင်းလျှင် အဆုံးရှိသည်၊

သေရမည်။ လွန်ခဲ့သော ဘဝကြီးငယ်ကလည်း သေခဲ့ဘူးလှလေပြီး။ နောင်ဘဝများစွာလည်း သေရဦးမည်ဟု၊ အဖန်ဖန်ရှုမြင် နှလုံးသွင်းအောက်မေ့ လေ့ကျက်ရာသည်။

လောကသုံးပါး ဘုံဘဝများ ကြောက်ဖွယ် ဘေး အဖြစ်ထင်ပါလိမ့်မည်။

အနိစ္စ = မမြဲဟုရှုလျှင် နိမိတ်ကို ကြောက်ဖွယ်ထင်လာ၏ -

ဒုက္ခ အနတ္တ စသည်ဖြင့် (ခု-၉-၂၆၀)

ဥပမာ = သားသုံးယောက် မိခင်သည် ရာဇဝတ်မင်းဒဏ်ဖြင့် သားကြီးလည်ပြတ်ပြီးသည်ကိုမြင်ရခြင်း။ သားလတ်လည်ဖြတ်ဆဲကို မြင်ရခြင်းဖြစ်သဖြင့်၊ သားငယ်လည်း လည်ဖြတ်ခံရတော့မှာပါလားဟု သုံးယောက်သော သားများ တပ်မက် ခြင်းကင်းသောမိခင်အလား -

စိတ် စေတသိက် ရုပ်ဖြစ်သည့် သင်္ခါရတရားတို့၏ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးပါးလုံး၌၊ ယောဂီ ရဟန်းသူမြတ်

http://www.dhammadownload.con


သည် တပ်မက်ခြင်းကင်းပြီး ကြောက်မက်ဖွယ် ဘေးအဖြစ်ဖြင့် ရှုမြင်နှလုံးသွင်း ဆင်ခြင်အောက်မေ့ လေ့ကျက်ပွားများ အားထုတ်နေပေတော့၏။

ဘယ်ဘဝ ဘယ်လူနတ် မဆို ဖြစ်လေရာရာမှာ ခန္ဓာဝန်ထမ်းသမားတွေချည်းသာ ဖြစ်ကြချေ၏။

ဘယဉာဏ် ရသူသည် ကြောက်လန့်နေသည် မဟုတ်၊ ခန္ဓာဝန် ဖြစ်ပျက် ဘဝအဆက်ဆက် အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလ သုံးပါးလုံး ကြောက်ဖွယ်ဘေးအဖြစ်သာ ရှုမြင်နေသည် - **ကုသိုလ် ဝိပဿနာ ဉာဏသမ္ပယုတ်စိတ်။**
(ဝိသုဒ္ဓိမဂ် - ဒု-၂၈၃/အပိုဒ် - ၇၅၁ )

ဥပမာ - မြို့တံခါးဝမှာ မီးကျီးတွင်းသည်ရှိ၏၊ မီးကျီးတွင်း-ရောက်လာသူ မုန်လျှင် ပျက်စီးခြင်းသို့ ရောက်ကြသူများချည်း ဖြစ်သည်ဟု၊ ရှုမြင်သော ပညာရှိသည် ကြောက်လန့်နေသည်မဟုတ်၊ ဖြစ်လျှင် ဖြစ်တိုင်း ပျက်ခြင်းသို့ ရောက်ကြကုန်သော၊ သင်္ခါရတရားတို့သည် ဘုံသုံးပါး၌ ခိုအောင်းစရာမရှိ၊ ဘုံသုံးပါး ဖြစ်ပျက်သမျှ သင်္ခါရတရားတို့၏ ပျက်ခြင်းကို ကြောက်ဖွယ်ဘေး အဖြစ်ဖြင့် ရှုမြင်နေကြရာသည်။

http://www.dhammadownload.con


## ၇။ အာဒီနဝဉာဏ် ဖြစ်ပေါ်လာသည်မှာ -

ဥပ္ပါဒေါ ဒုက္ခံ။

ဥပ္ပါဒေါ - စိတ်, စေတသိက်, ရုပ်ဖြစ်ပေါ်လျှင်၊ ဒုက္ခံ- ဒုက္ခ မည်၏။ ဖြစ်လျှင် ပျက်မည်မှာ သေချာသဖြင့် ဒုက္ခဟု ရှုမြင် နေခြင်းသည် (အာဒီနဝ) အပြစ် ရှုမြင်သော ဉာဏ်မည်၏။

အာဒိတ္တမိဝ အာဂါရံ

**မီးလောင်နေသော အိမ်အလယ် ကျရောက်နေသူကဲ့သို့။**

**စစ်မြေပြင်အလယ် ကျရောက်နေသူကဲ့သို့။**

**ခိုးသူပေါသော ခရီး၌သွားသော ဥစ္စာရှင်ကဲ့သို့။**

**အဆိပ်ရှိသော အစာကိုသိလျက် စားရသူကဲ့သို့။**

လောကကြီး သုံးပါးလုံး အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ပျက်ကြသော၊ စိတ်, စေတသိက်, ရုပ်ဖြစ်သည့် သင်္ခါရတရားတို့၏၊ ဖြစ်ပေါ်လျှင် ပျက်သည့်အပြစ်ကိုသာ ရှုမြင်နှလုံးသွင်း အောက်မေ့ နေမိပေတော့၏။

မနောဝကမ္မမေဝ ဘာဝနာ (နိ)

## ၈။ နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်လာခြင်း။

ဥပ္ပါဒေါ ဒုက္ခံ- ဖြစ်ဖြစ်သမျှ၊ ပျက်ကြရသော ဖြစ်ပျက်ဒုက္ခကိုသာ ရှုမြင်နေသဖြင့် ဘယ်လူနတ် ဘယ်ခန္ဓာ

http://www.dhammadownload.con


ဘယ်စည်းစိမ်ကိုမျှ မတပ်မက်ဘဲ မပျော်မမွေ့ ငြီးငွေ့နေတော့၏။

**တိဝိမေ သုဂတိ ဘဝေပိ နာဘိရမတိ။**

( ဝိသုဒ္ဓိမဂ် - ဒု - ၂၈၈ )

တိဝိမေ သုဂတိ ဘဝေဟိ- သုဂတိ ဘုံသုံးတန်၌လည်း နာဘိရမတိ- မမွေ့မလျော်။

**တီသုပန အနုပဿနာသုယေဝ ရမတိ။**

တီသုပန အနုပဿနာသုယေဝ- မမြဲခြင်း-စသည့် လက္ခဏာယဉ်သုံးတန် အဖန်ဖန် ရှုဆင်ခြင်ခြင်းတို့၌သာလျှင်၊ ရမတိ-မွေ့လျော် ပျော်ပိုက်နေပေတော့၏။

ဥပမာ - ရွှေဟင်္သာမင်း ဒွန်းစဏ္ဍာ ရွာဦး ရေကန်၌မပျော်မမွေ့သကဲ့သို့။ ဟိမဝန္တာ ယူဇနာ သုံးထောင် ပျော်မွေ့သော၊ ဆဒ္ဒန်ဆင်မင်း ရွှေချိုင့်မြို့တွင်း မပျော်မွေ့သကဲ့သို့။ သူမြတ်သည် ဘုံသုံးပါး၌ မပျော်မွေ့နိုင်ပေ -

**အနိစ္စ** - မမြဲခြင်းစသည် - နှလုံးသွင်း ပျော်မွေ့နေရာသည်. . . ။

၁။ နာမရူပ ပရိစ္ဆေဒညာဏ်၊

၂။ ပစ္စယပရိဂ္ဂဟညာဏ် - ၂ ပါးက အရှခံညာဏ်၊

http://www.dhammadownload.con


၃။ သမ္မသနဉာဏ်၊

၄။ ဥဒယဗ္ဗယဉာဏ်၊

၅။ ဘင်္ဂဉာဏ် - သုံးခုက - ရှုဉာဏ်၊

၆။ ဘယဉာဏ်၊

၇။ အာဒီနဝဉာဏ်၊

၈။ နိဗ္ဗိဒါဉာဏ်၊

၉။ မုစ္စိတုကမျတာဉာဏ်-လေးခုက - ပေါ်ဉာဏ်၊

၉။ <u>မုစ္စိတုကမျတာဉာဏ် ဖြစ်ပေါ်လာသည်မှာ -</u>

ဉာဏ်စဉ်- ၃။ ၄။ ၅။ ဉာဏ်ဖြင့် အကြိမ်များစွာ ရှုမြင်လျှင် သင်္ခါရနာမ်ရုပ် အကြောင်းအကျိုး -အဖြစ်အပျက် = ဘုံသုံးပါးမှ လွတ်မြောက်ချင်သော ဉာဏ်ဖြစ်ပေါ်လာပေသည်။

ဥပမာ - ပိုက်ကွန်မိငါး၊ လှောင်ထားကြက်၊မုဆိုးမိ သားသမင်၊ လှောင်ချိုင့်ထားဆင်၊ ဂဠုန်ချီနဂါး၊ ရာဟုဖမ်း-လ၊ လွတ်ချင်ဘိသကဲ့သို့။ ဖြစ်ခြင်း ပျက်ခြင်း လွတ်ကင်းမမြင် ဘုံသုံးခွင်မှ ဖြစ်ပျက်လွတ်ရာ လွတ်ချင်သော ဉာဏ်အမြင် ဖြစ်ပေါ်လာပေတော့၏။

http://www.dhammadownload.con



## ရှင်သာရိပုတြာမထေရ်မြတ် ချက်ချင်းပရိနိဗ္ဗာန်စံလိုခြင်း။

မထေရ်မြတ်သည် ဝေဒနာကမ္မဋ္ဌာန်းဖြင့် ရဟန္တာဖြစ်ချေလျှင်၊ ဖြစ်ဖြစ်ချင်း ဖြစ်ပျက်အလုံးစုံ အကုန်အစင် (၅၅၀) ပါး၊ ရှုမြင်လိုက်ရသောကြောင့် တပည့်တော် ပရိနိဗ္ဗာန် စံမြန်းပါရစေတော့ဟု - မြတ်စွာဘုရားအား လျှောက်ထားလေသည်။

**အဝဿဖိမုနိတိ ပဉ္စက္ခန္ဓာ အနိစ္စာ။**

**ပဉ္စန္နံခန္ဓာနံ နိရောဓော နိဗ္ဗာနံ။**

**နိစ္စန္တိအာဒီနာနယေန၊ တုလယန္တော။**

**ဗုဒ္ဓမုနိဘာဝေ အာဒီနဝံ နိဗ္ဗာနေ စါနိသံသံ။**

**ဒိသွာ။ ( သံဌ-၃-၂၈၆)**

ဗုဒ္ဓမြတ်စွာသည် ဩော်-ခန္ဓာဝန်ကား အနိစ္စပါတကား။

ခန္ဓာငါးပါးတို့၏ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း နိဗ္ဗာန်ကား-မြဲ၏။ ချမ်းသာ၏ဟု နှိုင်းချိန်လျက်၊ ဗုဒ္ဓမုနိဘာဝေကို အပြစ်မြင်လျက်၊ နိဗ္ဗာန်၏အကျိုး-အာနိသင်ကို ရှုမျှော် လွတ်မြောက်တော်မူချင် ရှာပေတော့သည်။

http://www.dhammadownload.con



၁၀။ ပဋိသင်္ခါဉာဏ်ကျင့်နည်းမှာ -

တယောယရဲ့ အဒ္ဓုဝိယ = ဘုံသုံးပါး နှောင်အိမ်ကြီး အဖြစ် ရှုမြင်လျက်၊ ဥပ္ပါဒေါ- ဒုက္ခံ၊ ဖြစ်သမျှ= ဒုက္ခဟု ရှုမြင်လေ၊ ဘုံသုံးပါးမှ လွတ်မြောက်ချင်လေ၊ လွတ်မြောက်လိုလျှင် ဘုံသုံးပါး၌ ဖြစ်ပျက်နေသော တရားများကို ဒုက္ခ ဟု ရှုဆင်ခြင်လေ ဖြစ်သည်။

နံပါတ် - (၉) ဉာဏ်ဖြစ်ပေါ်လေ၊

နံပါတ် - (၁၀) ဉာဏ်ဖြင့် - သင်္ခါရဖြစ်ပျက်တရားတို့ကို တော (၁၁)တော။ တော (၄၀) အကျယ်ဖြန့်ချီရှုလေ ဖြစ်သည်။

တော (၄၀) ဝိသုဒ္ဓိမဂ်ရှု။ တော (၁၁) တော ထည့်သွင်း ပါပြီးပြီ။

ဉာဏ်စဉ် -(၁) (၂) ကို ၃, ၄, ၅ ဖြင့် ရှုရမည်။ ရှုဖန်များလျှင် - ဉာဏ်စဉ် - ၆ - ၇ - ၈ - ၉ -- ပေါ်ထွက်လာပေမည်။

ဉာဏ်စဉ် (၉) ပေါ်ထွက်လာလျှင် ဉာဏ်စဉ်-(၁၀) ဖြင့် ထပ် တလဲလဲ . . .။

ဝိပဿနာဉာဏ်များ -တော (၁၁) တော။ တော (၄၀) ဖြင့် အကျယ်ဖြန့်ချီ အားစိုက် ရှုဆင်ခြင် နှလုံးသွင်းအောက်မေ့ ပွားများအားထုတ်နေပေတော့သတည်း။

(အနိစ္စတော မနသိကရောတော နိမိတ္တံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ) ခု - ၉-၂၅၉။

http://www.dhammadownload.con



## ၁၁။ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာသည်မှာ-

ပဋိသင်္ခါဉာဏ်ဖြင့် ဝိပဿနာ အကျယ်ဖြန့်ချီ ရှုလာရာ ဖြစ်ပျက်ဒုက္ခအစုကိုချည်း၊ ရှုမြင်နေရာမှ ဖြစ်ပျက် ဒုက္ခအစု ဖြစ်သည့် နာမ်, ရုပ်, သင်္ခါရတို့ကို နှစ်သက်ခြင်းသည်လည်း မပြုရ။ ကြောက်ခြင်းလဲ မပြုရ၊ လိုလားခြင်းလဲ မရှိပဲ၊ သင်္ခါရ နာမ်ရုပ်ကို လျစ်လျူရှုသောဉာဏ် ဖြစ်ပေါ်လာသည်။

သင်္ခါရုပေက္ခာဉာဏ်သည် နာမ်, ရုပ် သင်္ခါရလျစ်လျူရှု လျက် ပူပန် ခပ်သိမ်း ငြိမ်းရာဖြစ်သော အမတဓါတ် နိဗ္ဗာန်ကို သန္တိအားဖြင့် အကယ်၍ ရှုသည်ဖြစ်အံ့။ ခပ်သိမ်းသော သင်္ခါရ တို့၏ ဖြစ်ခြင်းကိုစွန့်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်၏။ နိဗ္ဗာန် ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မရှုသည်ဖြစ်အံ့။ အဖန် တလဲလဲ သင်္ခါရတရားသာလျှင် အာရုံရှိသည်ဖြစ်၍-ဖြစ်၏။ ( ဝိသုဒ္ဓိမဂ် - နှာ - ၄၄၈/၉)

ဥပမာ ပင်လယ်သမုဒ္ဒရာတွင် ကမ်းခြေ အနီး အဝေး ကို စူးစမ်းသိလိုက လင်းယဉ်တိုင်မှ ကျီးတစ်ကောင် လွှတ်ကြည့် ရာသည်။ ကျီးတို့ ဓမ္မတာ ခရီးအကွာအဝေး နှစ်မိုင်ရှိလျှင် ခရီးတစ်ဝက် တစ်မိုင်သာပျံသည်။ နားနေစရာမရှိလျှင် မူလနား နေစရာသို့ ပြန်လာသည်။ လင်းယဉ်တိုင်သို့ ပြန်လာလျှင် ကမ်းခြေ နှင့် ဝေးသေး၏ဟု သိရာသည်။ ပြန်မလာလျှင် ကမ်းခြေနီးပြီဟု သင်္ဘောသားတို့ သိကြရသည်။

http://www.dhammadownload.con



သူမြတ်သည်လည်း ဖြစ်သဘောသင်္ခါရဒုက္ခ - အာရုံ မပြုပဲ၊ မဖြစ်သဘော သန္တိသုခနိဗ္ဗာန်သို့ စိတ်အာရုံ လွှတ်ကြည့်ရာ၊ မဖြစ်နိဗ္ဗာန်ဉာဏ် အသိမထင်အံ့၊ ဖြစ်ဒုက္ခကို အာရုံ ပြန်ပြု နေရာသည်။ ဖြစ်ကိုလွှတ်၍ မဖြစ်သို့ စိတ်ညွှတ်ခြင်း အဖန်ဖန် လေ့ကျင့် နှလုံးသွင်းနေသည်ကိုပင်၊ သင်္ခါရုပေက္ခာ ဉာဏ်ဖြစ်ပေါ်နေသည်ဟု ဆိုအပ်သည်။ နှလုံးသွင်း လေ့ကျင့်ရမည်မှာ သေချာ၏။ (ဝိသုဒ္ဓိမဂ် ဒု-၂၉၅)

၁၂။ <u>အနုလောမဉာဏ် ဖြစ်ပေါ်လာသည်မှာ -</u>

၁၃။ <u>ဂေါတြဘူဉာဏ် ဖြစ်ပေါ်လာသည်မှာ -</u>

အနုလောမဉာဏ်သည်- ဖြစ်ဒုက္ခကိုသာ သိနေ၏၊ မဖြစ်နိဗ္ဗာန်ကို မမြင်နိုင်။ ဂေါတြဘူဉာဏ်သည် မဖြစ် နိဗ္ဗာန်ကိုသာသိ၏၊ ဖြစ်ဒုက္ခကို မသိ။ နက္ခတ်လိမ္မာသူသည် လ - ကိုကြည့်ရာ တိမ်တိုက် ဖုံးလွှမ်းနေ၍ မမြင်ရာ။ သုံးကြိမ်သော လေဖြင့် မိုယ်းတိမ်ကို လွင့်စင်စေလျက် လမင်းကို ထင်လင်းစွာ တွေ့မြင်ရသကဲ့သို့ နက္ခတ်လိမ္မာသူသည် လ-ကိုသာ မြင်နိုင်၏။ မိုယ်းတိမ်ကို မလွင့်စေနိုင်သကဲ့သို့ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုသာ မြင်နိုင်၏၊ ကိလေသာကို မဖျက်ဆီးနိုင်။ သုံးတန်သော အနုလုံစိတ်သည်၊ ကိလေသာ အမိုက်တိုက် လွင့်စင်အောင် ခေါင်းပါးစေနိုင်၏။ နိဗ္ဗာန်ကိုကား မမြင်နိုင်ဟု မိန့်တော်မူသည်။

http://www.dhammadownload.con


## “ဥပ္ပါဒံ အဘိဘုယျိတွာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု”

ဥပ္ပါဒံ-ဖြစ်ဒုက္ခကို၊ အဘိဘုယျိတွာ-ဒုက္ခ ဒုက္ခဟု အဖန်တလဲလဲ ရှုခြင်းဖြင့် နှိပ်စက်လွှမ်းမိုး၍၊ အနုပ္ပါဒံ-မဖြစ် နိဗ္ဗာန်သို့ ပက္ခန္ဒတိ ပြေးဝင်တက်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ ဂေါတြဘု - ဂေါတြဘူ မည်၏။

ဖြစ်ဒုက္ခကို လွှမ်းမိုးနှိပ်စက်၍ မဖြစ်၊ နိဗ္ဗာန်သို့ ပြေးဝင်ခြင်းသည် ဂေါတြဘူ။ ပုထုဇဉ် အနွယ်ဖြတ်၍ အရိယာ အနွယ်သို့ သက်ဝင်ခြင်းသည်- ဂေါတြဘူဉာဏ်။

ဂေါတြဘူဉာဏ်သည် ဖြစ်ဒုက္ခ၊ ဝဋ်သံသရာ လောက ဓါတ်၊ ဤမှာဘက်ကမ်း မှ ထိုမှာဘက်ကမ်း နိဗ္ဗာန်မဖြစ်ရာသို့ ပြေးဝင်သည်မှာ -

ရေမြောင်းကြီးကိုခုန်၍ ထိုမှာဘက်ကမ်း ရပ်တည်လို သူသည် လျှင်မြန်စွာ ပြေးလတ်၍၊ ဤမှာဘက်ကမ်းရှိ သစ်ကိုင်းဝယ် ချည်နှောင်ဆွဲချိတ်ထားသော ကြိုးကိုလည်းကောင်း၊ ထောက်လှမ်းစရာ ဒုတ်ကိုလည်းကောင်း၊ ကိုင်၍ မြောင်း အထက်အဖို့ဖြင့် ခုန်၍ ကူးလေလျှင်၊ ထိုမှာဘက်ကမ်းသို့ ညွတ်ကိုင်းရှိုင်းသော ကိုယ်ရှိသည်ဖြစ်၍၊ ဒုတ် လုံ ကြိုးတို့ကို လွှတ်လျက်၊ ထိုမှာဘက်ကမ်း၌ဆင်း၍၊ တည်ငြိမ်စွာရပ်ခြင်းငှာ မစွမ်းနိုင်ဘဲ တုန်ရီစွာဖြင့် ဖြည်းဖြည်းတည်ဘိသကဲ့သို့။

http://www.dhammadownload.con



သံသရာ - ရေအလျှင်၏၊ တစ်ဘက်ကမ်း နိဗ္ဗာန်သို့ သက်ဝင်တည်လိုသော သူမြတ်သည် ဖြစ်ဒုက္ခ၊ ခန္ဓာသံသရာနှင့် မဖြစ်နိဗ္ဗာန် ဆန့်ကျင်ဘက်အာရုံပြု၊ စိတ်စေလွှတ်ခြင်းဖြစ်သည့် လျင်မြန်စွာ ပြေးခုန်လျက်၊ အတ္တဘောသစ်ကိုင်း၌ ဖွဲ့ချည်စရာ၊ ရုပ်ဖြစ်သည့်ကြိုး နှင့် ဝေဒနာစသည့် လုံ့ဖြစ်သော နာမ်ဒုတ် (ဝါ)ဖြစ်သဘောဒုက္ခကို၊ အနုလောမဉာဏ်၏ အာဝဇ္ဇန်းအဖြစ်ဖြင့် ကိုင်၍၊ နာမ်ရုပ် သံသရာ ခန္ဓာဒုက္ခ ဖြစ်သဘော အာရုံမလွှတ်မူ၍သာလျှင်၊ ရှေးဦး - အနုလုံစိတ်ဖြင့် ခုန်ကူးသည်ဟုဆိုအပ်၏။ ဒုတိယ-အနုလုံစိတ်ဖြင့် နိဗ္ဗာန်ဖြစ်သည့် ထိုမှာဘက်ကမ်းအဘို့သို့ နီးစွာရောက်သည်ဟုဆိုအပ်၏။အနုလုံစိတ်-ချုပ်လျှင်၊ ဤမှာဘက်ကမ်း ဖြစ်ပျက် သံသရာ ခန္ဓာဒုက္ခကို ကျော်လွန်ဖေါက်ထွင်းလျက် လွှမ်းမိုးလျက် ဖြစ်ပျက် အာရုံမပြုဘဲ၊ ထိုမှာဘက်ကမ်းနိဗ္ဗာန်သို့ ပြေးဝင် အာရုံပြုထိမိစွာ၊ ထိုမှာ ဘက်ကမ်းနိဗ္ဗာန်၌ ကျရောက်လေ၏။

ထိုမှာဘက်ကမ်း နိဗ္ဗာန်၌ ကျရောက် သက်ဝင်သော ဂေါတြဘူဉာဏ်သည်၊ အာသေဝနပစ္စည်း မရသောကြောင့်၊ တုံရီစွာ ကမ်းတစ်ဘက်၌ ကျရောက်သော ယောကျ်ားကဲ့သို့၊ မြဲမြံစွာ မတည်နိုင်သေးပေ။ မိမိ၏ အခြားမဲ့၌ဖြစ်မည့် မဂ်ဉာဏ်အား၊ မိမိသည် နိဗ္ဗာန်ကို အာရုံပြုသကဲ့သို့၊ အာရုံပြုစေရန် အမှတ်သညာပေးပြီး ချုပ်၏။ ထို့နောက် မဂ်သည်-နိဗ္ဗာန်မျက်မှောက်ပြုပေတော့၏။ (ဝိသုဒ္ဓိမဂ်-ဒု-၃၁၃)

http://www.dhammadownload.con



## ၂၇။ ဂေါတြဘုဉာဏ် နှင့် မဂ်ဉာဏ်

<u>အန္တရာအဗ္ဗောဟာရိက ဂေါတြဘု-</u>

ဤမှာဘက်ကမ်း ဖြစ်ပျက် လောကကြီးနှင့် မဖြစ်မပျက်၊ နိဗ္ဗာန်၏အကြား ကူးသန်းပေါက်ရောက် မပြောပလောက်သည့်၊ နိဗ္ဗာန်မဖြစ်ကို သိသောဉာဏ်ဟု ဆိုအပ်၏။

ထိုဉာဏ်သည် မဖြစ်နိဗ္ဗာန် အသိအမြင် ဆိုက်ရာအာသေဝနအား မရသောကြောင့်၊ ဖြစ်ပျက်ဒုက္ခကို ကုန်စင်အောင် အသိအမြင် ထွင်းဖောက်၊ မဖြစ် နိဗ္ဗာန်အသိအမြင်-ဆိုက်ရောက်သည့် မဂ်ဉာဏ်အား - မိမိကဲ့သို့ မဖြစ်နိဗ္ဗာန် သိမြင်ဘို့ - အမှတ်သညာပေးသကဲ့သို့ ဖြစ်ပေါ်ကြသည်မှာ -

လေးအတတ် လိမ္မာသူသည်- ရှစ်ဥသဘ ဝေးကွာရာ ပိတောက်နှစ်ပျဉ်၊ အချပ်တစ်ရာကိုထား မိမိမျက်နှာ ပုဆိုးအဝတ် လုံခြုံစွာ စည်းလျက်၊ အခြားသူသည် စက်ယန္တရား လှိမ့်လည်စေလျက်၊ အကြင်အခါ လေးသမားအား ပျဉ်ချပ်သည် ရှေးရှု တည့်သည်ဖြစ်၏။ ထိုအခါ ဒုတ်တစ်ချောင်းဖြင့် ခေါက် - အမှတ်သညာပေး။ ပေးသည့် အမှတ်သညာ မလွတ်စေဘဲ

http://www.dhammadownload.con



များကို ပစ်လျှင် ပိတောက်နှစ် ဖျဉ်အချပ် တစ်ရာ ဖောက်ထွင်း မှန်သကဲ့သို့၊ ဂေါတြဘူဉာဏ်ပေးသည့် အမှတ်သညာ မလွတ် စေဘဲ၊ မဖြစ်နိဗ္ဗာန် သက်ဝင်သိမြင် မျက်မှောက်ထင်ထင် ဆိုက် ရောက်လေတော့၏။

မဖြစ်နိဗ္ဗာန်သို့ သက်ဝင်သိမြင်လိုက်သော မဂ်ဉာဏ် သည်၊ နိဗ္ဗာန်မဖြစ်သဘောမှ အာရမ္မဏသတ္တိစသည့် သတ္တိ-ငြိမ်းသည့် ဓာတ်စွမ်းရလေလျှင်၊ အစမထင် ဘဝများစွာက မခွဲ စိတ်ဘူးသော၊ လောဘတုံး ဒေါသတုံး မောဟတုံး တို့ကိုလည်း ဖောက်ထွင်းခွဲစိတ်လေ၏။ အစမထင် ဝဋ္ဋဒုက္ခခန္ဓာ သံသရာ ရေအလျဉ်ကိုလည်း ခမ်းခြောက်စေ၏။ သဒ္ဓါ စသော သူတော် ဥစ္စာ (၇) ဖြာကိုလည်း ဒိဋ္ဌပြည့်စေ၏။ ရှင်တော်ဘုရား၏ ရွှေရင်တော်နှစ် သားတော်အစစ်ကိုလည်း ပြီးစေ၏။ ရတနာ သုံးပါး ဂုဏ်ကျေးဇူး မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းကို လည်း ပြီးစေ၏။ အရာမက များစွာသော အာနိသင်နှင့်ပြည့်စုံ သော သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေသည်ဟု မိန့်တော်မူ ၏။

(ဝိသုဒ္ဓိမဂ်-ဒု-၃၁၄/၅)

http://www.dhammadownload.con



## ၁၄။ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကိုထင်လင်းစွာသိမြင်သည်မှာ-

မျက်စိအမြင်ရှိသူသည် ညဥ့်မိုက်မိုက် ဤဘက်မှ - ထိုဘက်သို့ ကူးသန်းသွားစဉ် လျှပ်စစ် လျှပ်ရောင် ဖြုန်းကနဲ ပျက်လက်လိုက်သည်။ လျှပ်လက်ခိုက် လမ်းကို ထင်လင်းစွာ သိမြင်လိုက်သည်။ လျှပ်ရောင်ကွယ်လျှင် မှောင်မြဲမှောင်ကျ သွား၏။ လမ်းကိုကား ညဥ့်မိုက်မိုက် မမြင်ခင်ကထက် ထင် လင်းစွာ အာရုံပြုနိုင်လေသည်။

ဖြစ်ဒုက္ခ နှင့် မဖြစ်နိဗ္ဗာန် ဆန့်ကျင်ဘက် နှိုင်းယှဉ် ထောက်ဆ တင်ကူး လေ့ကျင့်ဖန်များလျှင် မဂ်ဉာဏ်ပေါ်လာ၏။ နိဗ္ဗာန်ထင်ထင် သိမြင်၏။ မဂ်ဉာဏ်သည် လျှပ်ပျက်ခိုက်နှင့် လမ်းကို မြင်သည်တူ၏။ မဂ်စိတ် တစ်ချက်ငြိမ်းပေမဲ့ ဖိုလ်စိတ် သည် နိဗ္ဗာန်ကို မဂ်ဖြင့်သိမြင်ပြီးသား အာသေဝနရ၏။ နိဗ္ဗာန် ကို ထင်လင်းစွာပင် အကြိမ်များစွာ အာရုံပြု သိမြင်နိုင်လေ တော့သည်ဟု မိန့်တော်မူ၏။

(နီ-၄၁၈/၁၃၀၃ အပိုဒ်)

၁၅။ ဖိုလ်ဉာဏ်။

၁၆။ ပစ္စဝေက္ခဏာဉာဏ်။

http://www.dhammadownload.con



# ၂၀။ ဖြစ်ချင်ဖြစ်၊ မဖြစ်ချင် မဖြစ်- သစ္စာလေးပါးအစစ်။

၁။ ဖြစ်ခြင်းပျက်ခြင်း ဖောက်ပြန်ခြင်း မယွင်းဒုက္ခမှတ်။

၂။ ဖြစ်ချင်ပြန်က သမုဒယ ဒုက္ခဖြစ်ကြောင်းမှတ်။

၃။ ဖြစ်ပျက်ကိုမြင် မဖြစ်ချင် မဂ္ဂင်တရားမှတ်။

၄။ မဖြစ်ပါမှ လမ်းမှန်ကျ မဂ္ဂသစ္စာမှတ်။

၅။ မဖြစ်ပါမှ နိရောဓ ဒုက္ခငြိမ်းကြောင်းမှတ်။

မြို့မိဆရာတော်ဘုရားကြီး

http://www.dhammadownload.con



# ပ - သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်

## ဝိပဿနာပညာတက္ကသိုလ်

ရွှေတိဂုံဘုရားရှေ့ဘက်မုခ်၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၃၇၇၇၃၁

---

# **ဝိပဿနာ ဘာဝနာ၊ အနှစ်ချုပ်၊**
# **ကျင့်ဖွယ် - ၂**

---

ပ-သုံးလုံး ပဓါန နာယကဆရာတော်

ဘဒ္ဒန္တဇောတိက

သာသနဓဇဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊

ဝိပဿနာပညာတက္ကသိုလ်ာဒိကမ္မိက (ကျမ်းပြု)

စီစဉ်တင်ပြသည်။

သာသနာတော်နှစ် - ၂၅၃၉ ၊ ကောဇာသက္ကရာဇ် - ၁၃၅၇။

http://www.dhammadownload.con



နမော တဿဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ၊

ဝိပဿနာပညာ အာရုံဘူမိ ရှုကွင်း ရှုကွက်အမှန် ဒုက္ခကိုသိရှိတော်မူကြရေးမှာ -

<u>အရေးအကြီးဆုံး</u> -

* ရင်ဝ စူးဝင်နေသော လှံ နှုတ်ရေးထက် လည်းကောင်း၊ ဦးခေါင်း လောင်နေတဲ့မီး ငြိမ်းသတ်ရေးထက်လည်းကောင်း အရေးကြီးသည် . . .

နံနက် နေ့လယ် ညချမ်း လှံအချက်တစ်ရာစီ တစ်နေ့ သုံးကြိမ်။ လှံချက်သုံးရာ နှစ်ပေါင်းတစ်ရာ အထိုးခံက - ဒုက္ခ အမှန် သိလတ့်ဟူက အထိုးခံသင့်၏။

အနက်ဆုံး ချောက်ကမ်းပါး ခုန်ချက ဒုက္ခအမှန် သိရလတ့် ဟူကခုန်ချသင့်၏။

ဒုက္ခကို ချည်း အက္ခရာတို့ဖြင့်ကောင်းကင်ပြင်၌ ရေးပြ ပြောပြလို့အတိုင်းအရှည်မရှိ-မကုန်နိုင်ရာဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူခဲ့၏။- (သံ-၃)

၁၃၅၅ခု ဝါခေါင်လပြည့်ကျော်- (၇) ရက် အင်္ဂါနေ့၊
နံက်-(၆)နာရီ စတင်ရေးသားသည်။
ပဓါနနာယကဆရာတော်။
ဘဒ္ဒန္တဇောတိက
သာသနဓဇဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊
ဝိပဿနာပညာတက္ကသိလာဒိကမ္မိက (ကျမ်းပြု)

http://www.dhammadownload.con



## ၂၉။ ဆင်းရဲအမှန်တိကျစွာသိရှိဘို့ ပဓါန အချက်တစ်ခုဖြစ်ပေသည်၊ (သစ္စသံယုတ်)

၁။ ဆင်းရဲအမှန်တိကျစွာ သိရလျှင် ဆင်းရဲ-ဖြစ်ကြောင်း၊ ငြိမ်းကြောင်း၊ ငြိမ်းရာရောက်ကြောင်း အကျင့်ကောင်းတို့ကို သိ၏ ဟုဆိုအပ်၏။

၂။ ဤကားဆင်းရဲအမှန်ဟု သိအောင်အားထုတ်ရမည်ဟု (၁၃၁) ကြိမ်တိုင်တိုင် မိန့်တော်မူ၏။

၃။ ဆင်းရဲအမှန်ကို မသိကြကုန်သောကြောင့် ကောင်းကင်သို့ ပစ်လွှင့်အပ်သော ဒုတ်သည်၊ တစ်ခါတစ်ရံ အရင်းဖြင့်ကျလိုက်၊ အဖျားဖြင့်ကျလိုက်ဖြစ်သကဲ့သို့ ဤသို့သည်မှ ထိုသို့၊ ထိုသို့သည်မှ ဤသို့၊ ဘဝစုံဆန် အိုနာသေဘေး ထောင်းထောင်းကြေကာ လှည့်လည်ခဲ့ကြရပေပြီ။

၄။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ မြက်သစ်ရွက် သစ်ခက်တို့ကို၊ စုစည်း တံစို့သီတန် ပြုလျက်၊ ကုန်းသတ္တဝါထက် အလွန်အကျွန်များပြား၊ ရေသတ္တဝါအားလုံးကို သီကုံး

၅။ မကုန် နိုင်သကဲ့သို့၊ ဤကားဆင်းရဲအမှန်ပင်တည်းဟု မသိကြသူ ကား များပြားလှချေ၏။

http://www.dhammadownload.con



၅။ ဤကား ဆင်းရဲအမှန်ပင်တည်းဟု မသိကြကုန်သော ကြောင့် လေယူရာလွင့်ပါသော ဝါဂွမ်းဆိုင်ကဲ့သို့ "ဤ အသျှင်သည် သိသင့်သည်ကို သိယောင်တကား၊ မြင် သင့်သည်ကို မြင်ယောင်တကား" ဟုထိုအသျှင်တို့ မျက် နှာကို လှည့်လည်မော်ကြည့်ရသော၊ ဘေးကြီးဆိုက်ကြ ရပေသည်။ (နာနာသတ္တာရ ဥလ္လောကန-ဘေးဆိုးကြီး)

**ဘာမှန်းမသိလျှင် ညာမှန်းမသိပေ။**

၆။ ဆင်းရဲအမှန်ကို သိကြကုန်သောကြောင့်၊ မြေပေါ်အ နက် ရှစ်တောင်စိုက်၊ မြေပေါ်အရှိ၊ ရှစ်တောင်အထိ၊ ကျောက်သားတိုင်ကြီး၊ အရပ်ရပ်မှ လေကြမ်းတို့ မတုန် မလှုပ်နိုင်သကဲ့သို့၊ "ဤအသျှင်သည် သိယောင်တကား၊ မြင်ယောင်တကား" ဟု ထိုအသျှင်တို့ မျက်နှာလှည့် လည် မော်မကြည့်ရပေပြီ။

၇။ လေးမြားအတတ်၊ ကျွမ်းကျင်လှစွာ၊ လိစ္ဆဝီမင်းသား ငယ်သည် သံကောက်ပေါက်-သော့ပေါက်၊ အကျဉ်း မြောင်းဆုံး၊ အကောက်အကွေ့ အများဆုံး၊ သော့ပေါက် ငယ် အဆင့်ဆင့်၊ တည့်တည့်မတ်မတ်၊ မြားစူးဝင်စေ ခြင်းထက်ပင်။ သားမြီးများအချင်းချင်း=သားမြီးဖျား တစ်ခုမှ တစ်ခုသို့-ယှက်နေခြင်းကို တိကျစွာ၊မြားများ အချင်းချင်း၊ သားမြီးများ တစ်ခုမှတစ်ခုသို့၊ ယှက်နေ ခြင်းကို တိကျစွာ မြားထိမှန်စေခြင်းက၊ ပို၍ပင်ခက်ခဲ၏။

http://www.dhammadownload.con



ထိုအခက်ခဲထက်ပင် အရိယာတို့၏ ထူးသော ဉာဏ်အသိအမြင်ဖြင့် သိမြင်အပ်သော ထူးသော ဆင်းရဲအမှန်ကို သိရှိတော်မူကြကုန်ရန်ကား၊ အခက်အခဲဆုံးဟု မိန့်ဆိုတော်မူခဲ့ပါပေ၏။

၈။ မိမိဦးခေါင်း အဝတ်ပုဆိုး- မီးလောင်နေခြင်း ငြိမ်းသတ်ဖို့ထက်၊ ဆင်းရဲအမှန်သိရှိအောင် အားထုတ်ဘို့ ပို၍ အရေးကြီးသည်ဟု မိန့်ဆိုအပ်၏။

၉။ အလွန်တရာမြင့်မား ပဋ္ဌိဘာနတောင် ချောက်ကမ်းပါး ပြုတ်ကျမည့် အရေးထက်၊ ဆင်းရဲအမှန် မသိရှိသည့် ချောက်ကမ်းပါး ပြုတ်ကျရောက်ရသည်ကား သာလွန်၍ ကြောက်မက်ဖွယ် ဘေးဆိုးကြီးပေတည်း။

၁၀။ တစ်နေ့လျှင် လှံချက်ပေါင်းသုံးရာ နေ့စဉ် နှစ်ပေါင်း တစ်ရာတိုင်တိုင် အထိုးခံက ဆင်းရဲအမှန် တိကျစွာ သိအံ့ဆိုက အထိုးခံသင့်၏ဟု မိန့်၏။

၁၁။ လောက၌ နေ လ မထွက်သေးသမျှ နေ့ညမထင်သေး၊ လ-လခွဲ ဥတု နှစ်တို့လည်း မထင်ကြသေး။ ထွက်ပေါ်မှ ထင်လာကြသကဲ့သို့၊ ဗုဒ္ဓမြတ်စွာ မပွင့်သေးသမျှ ဆင်းရဲအမှန်သိရန် ဉာဏ်အလင်း မဖြစ်ပေါ်သေး။ ပွင့်တော်မူမှ ဆင်းရဲအမှန်ကား- ဤသည်ပင်တည်းဟု ပြောပြသိစေ ဖွင့်လှစ်ဝေဘန် ပေါ်ပေါ်လွင်လွင် ပြုတော်မူပါပေ၏။

http://www.dhammadownload.con



၁၂။ အိမ်၏အောက်ခြေ စိုးစဉ်းမျှ မပြုလုပ်ပဲ၊ အမိုးတင်အံ့သောအကြောင်း မရှိနိုင်သကဲ့သို့၊ ဤသည်ပင်-ဆင်းရဲ အမှန်တည်းဟု မသိကြရပဲ၊ ဆင်းရဲ၏အဆုံး နိဗ္ဗာန်သို့ ရောက်နိုင်သော အကြောင်းသည် စင်စစ် မရှိဟုမိန့်၏။

၁၃။ ယင်းတိုက် သျှိသျှား၊ ထင်ရှူး၊ ရှားရွက်တို့ကို၊ ဖက်ခွက်ကတော့ပြုလုပ် ရေကို ယူမရသကဲ့သို့ရင်း။ ဖက်လိပ်၊ နားဋ္ဌောင်း၊ လက်ဝတ်တန်ဆာ ပြုလုပ်ပန်ဆင် မဖြစ်နိုင်သကဲ့သို့ရင်း၊ ဤသည်ပင် ဆင်းရဲအမှန် တိကျစွာမသိရှိပဲ ဆင်းရဲအဆုံး နိဗ္ဗာန်သို့ မရောက်နိုင်ဟု မိန့်၏။

၁၄။ ကြာပဒုမ္မာ၊ မာလောရွက်၊ ခွေးတောက်ရွက်၊ ပေါက်ရွက်တို့ကို ဖက်ခွက်ကတော့ပြု ရေကိုရယူနိုင်သကဲ့သို့ရင်း။ ဖက်လိပ်၊ နားဋ္ဌောင်း၊ လက်ဝတ်တန်ဆာ ပြုလုပ်ပန်ဆင်နိုင်သကဲ့သို့ရင်း၊ ဤသည်ပင် ဆင်းရဲအမှန်ပင် သိသောကြောင့် ဆင်းရဲအဆုံး နိဗ္ဗာန်သို့ရောက်၏။

၁၅။ မိုးကောင်းကင် ကျောက်သင်ပုန်းပြု၊ ဒုက္ခသစ္စာ ဆင်းရဲအမှန် ကုန်စင်အောင် ရေးပြခြင်းငှာ အက္ခရာ အတိုင်းအရှည်မရှိ မကုန်နိုင်ရာဟု မိန့်၏။

၁၆။ အမြင်မှန်ဟူသည် ဆင်းရဲအမှန် သိသောဉာဏ်အမြင်ပေတည်း ဟုမိန့်၏။

၁၇။ ဆင်းရဲအမှန်သိလျှင် အာသဝေါကုန်၏။ မသိလျှင် မကုန်ဟုမိန့်၏။

http://www.dhammadownload.con



၁၈။ အရှင်ဘုရား သာရိပုတြာ၊ အဘယ်လို့ဌာ ကျင့်သုံးပါ သနည်း၊ ဆင်းရဲအမှန် သိခြင်းအလို့ဌာ ကျင့်သုံး၏ဟု မိန့်၏။

ဒုက္ခကို တိကျစွာ သိတော်မူကြရန်၊ ထိုမျှ- အရေးကြီး ပေသတည်း။ ကြိုးစားတော်မူကြပါသူမြတ်တို့ -

## ၃၀။ ဆင်းရဲအမှန်ကိုတိကျစွာသိရချင်း များစွာအကျိုးကြီးပေသည်။

၁။ ရဟန်းတို့ မုန့်ညင်းစေ့၊ ခုနစ်ခုစာမျှ နှင့်၊ မြင့်မိုရ်တောင်ကို- နှိုင်း ခိုင်း ယှဉ်မရသကဲ့သို့၊ ဟိမဝန္တာတောင်မင်း နှင့်လည်း၊ နှိုင်းယှဉ်မရ၏သို့- ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ သရဖူ၊ မြစ်ကြီးငါးသွယ်၊ စီးဆင်းရာ မဟာသမုဒ္ဒရာရှိ ရေနှင့် သင်မန်းမြက်ဖျားမှ တစ်စက် နှစ်စက်ရေ နှိုင်းခိုင်းယှဉ်မရ ၏သို့ငှင်း၊ လျား နံ စောက် တူညီမျှတဲ့ ယူဇနာ ငါးဆယ်ရှိ ကန်ကြီးထဲမှ ရေနှင့် သင်မန်းမြက်ဖျား ရေစက် နှိုင်းယှဉ် မရသကဲ့သို့ငှင်း။

http://www.dhammadownload.con



ဒုက္ခဆင်းရဲကား၊ ဤမျှသာတည်း။ ဤထက်အလွန် အယုတ်မရှိဟု ပိုင်ပိုင်ကြီး သဘာဝကျအောင် သိသော အရိယာ၏ တပည့်သည်-

သင်မန်းမြက်ဖျားမှ ရေစက်မျှ ဆင်းရဲဒုက္ခကျန်ပြီ။ ဆီးကင်း, မုန်ညင်း, ပဲနောက်, ခုနှစ်စေ့မျှပဲ ဆင်းရဲ ဒုက္ခ ကျန်ပြီ။

မြင့်မိုရ် မဟာပထဝီ၊ ဟိမဝန္တာမျှကုန်ပြီ။ လျှား၊ နံ၊ စောက် ငါးဆယ်ယူဇနာမျှ၊ ရေအထုမျှ ကုန်ပြီ။ မဟာသမုဒ္ဒြာ ရေမျှ ကုန်ပြီဟု မိန့်တော်မူခဲ့ပါပေ၏။

၂။ ငါဘုရား လက်သဲဖျား၊ တင်ထားတဲ့ မြေမှုန့်အလား ဆင်းရဲ ဒုက္ခကျန်ပြီး၊ ကမ္ဘာမြေကြီးအမျှ ကုန်ပြီဟု အားရ နှစ်သိမ့် အောင်မိန့်၏။

၃။ မဟာသမုဒ္ဒြာ၌ အနှစ်တစ်ရာကြာမှ ပေါ်လာသော လိပ်ကန်းကြီးသည်၊ လှိုင်းကြမ်းလေထန် မျောချင်တိုင်း မျောနေသော ထမ်းပိုးပေါက်၌၊ လိပ်ကန်းထမ်းပိုး စွပ်မိ လျှင် စွပ်မိပေမည်။ လူအဖြစ်ပြန်ရရန် မလွယ်ကူချေ။

လူမိုက်သည် အပါယ်လေးပါးသို့၊ တစ်ကြိမ်မျှ ကျလျှင် လူအဖြစ်ပြန်ရရန် မလွယ်ကူချေ။

http://www.dhammadownload.con



ငါဘုရား လက်သဲဖျား တင်ထားတဲ့မြေမှုန့်အလား လူအဖြစ်ရသည်ကား နည်းလှ၏။ ကမ္ဘာမြေကြီးမှု အပါယ်လေးပါးကျသည်ကား များ၏။

အပါယ်ဘုံ၌ တရားနှင့် အညီကျင့်ခြင်း၊ မှုမှုတတကျင့်ခြင်း၊ မည်သည်မရှိ။ အချင်းချင်းစားခြင်း၊ အားနည်းသူကို စားခြင်းသာ ရှိ၏။ ကုသိုလ်ကောင်းမှု ပြုခြင်းမည်သည်မရှိချေ။

လိပ်ကန်း ထမ်းပိုး စွပ်မိခြင်းသည်ခက်ခဲ၏။ အကြောင်းညီညွတ်မှ ဖြစ်၏။

မြတ်ဗုဒ္ဓ အဆုံးအမသာသနာသည် ခက်ခဲ၏။ အကြောင်းညီညွတ်မှ ဖြစ်၏။ အို- သူမြတ်၊ ဗုဒ္ဓလည်းပွင့် အဆုံးအမ သာသနာလည်းရှိ၊ လူအဖြစ်လည်းရ၊ အကြောင်းညီညွတ်နေပေပြီ။ ဆင်းရဲအမှန် တိကျစွာ သိရှိဘို့ အခက်အခဲသာ၊ ဖြေချွတ်ဘို့အချက် မိမိတာဝန်ရှိချေပြီ ဖြေချွတ်သင့်ပေပြီ။

http://www.dhammadownload.con



စိတ်, စေတသိတ်, ရုပ် - နိဗ္ဗာန်

↓ ↓

ဒုက္ခ သုခ

အရှင်းဆုံးမှာ -

ဖြစ်သဘောသည်- ဒုက္ခ။ မဖြစ်သဘောသည်- သုခ။

ဖြစ်သဘောသည်- စိတ်, စေတသိတ်, ရုပ် ။

မဖြစ်သဘောသည် - နိဗ္ဗာန် ။

သမုတိသစ္စာမှာ - နတ် လူတို့ ချမ်းသာတာ သုခ မှန်တယ်။

သမုတိသစ္စာမှာ - လူ နတ် ပြဟ္မာတို့ ချမ်းသာတာသုခ မှန်တယ်။

ပရမတ္ထသစ္စာ- နိဗ္ဗာန်ကလွဲရင် အကုန်လုံး- ဒုက္ခချည်းပဲ။

လေးဆယ့်ငါးဝါကာလကြာ ဟောသမျှ ဒုက္ခ နဲ့ နိဗ္ဗာန်ကိုသာ မမြင်မြင်အောင် ညွှန်ပြပါပေသည်ဟု ဆိုအပ်ပေသည်။

ရှိရှိသမျှ သဘာဝဓာတ်သားက စိတ်, စေတသိက်, ရုပ် နိဗ္ဗာန်- လေးခုပဲ။ လိုချင်တာက-နိဗ္ဗာန်၊ နိဗ္ဗာန်ကို ရချင် ရောက်ချင်က စိတ်, စေတိသက်, ရုပ် ဖြင့်သာ သွားရ၏။ အခြားတစ်ပါးဖြင့် မရောက်နိုင် စိတ်, စေတသိက်, ရုပ်ကို အမှန်ကျသိလျှင် စိတ်, စေတသိက်, ရုပ်သည် လူသူငါမဟုတ် ဖြစ်လျှင်ပျက်ရ သဘာဝသည်-ဒုက္ခသာ ဟုတ်၏။

http://www.dhammadownload.con



စိတ်, စေတသိက်, ရုပ် ဖြစ်ပျက်နှင့်ကင်း၍ လွတ်ရာဘုံဌာန ဘဝခန္ဓာမည်သည် စိုးစဉ်းအနည်းငယ်မျှပင်မရှိ၊ ယခုရှေး ,နောင်လျှင် သူ - ငါ တို့မှာ-စိတ်,စေတသိက်, ရုပ် သဘာဝ ဖြစ်ပျက် အစုမျှသာ ရှိ၏ဟု၊ စိတ်, စေတသိက်, ရုပ်ကို ကောင်းစွာကြေညက် ဉာဏ်အမြင်ထက်ထက် ရှုကြည့်၍၊ ဒုက္ခကိုမြင်ပါလျှင် အလိုရှိအပ်သော နိဗ္ဗာန်သို့ ရောက်ရှိနိုင်ပေမည်။

ဒုက္ခကို ရှုမြင်သဖြင့် ဒုက္ခဖြစ်ကြောင်း၊ အဝိဇ္ဇာ တဏှာ စသော သမုဒယသစ္စာတို့ ချုပ်ငြိမ်း ပြတ်စဲကွယ်ပျောက်ခြင်းသည်ရင်း၊ အကြောင်းချုပ်ငြိမ်း ကွယ်ပျောက် ပြတ်စဲကုန်ဆုံးသွားသဖြင့် အကျိုးဝဋ်ဒုက္ခ ခန္ဓာစဉ် ချုပ်သွားခြင်းသည်ရင်း၊ အရိယာတို့ မဂ်ဉာဏ်ဖြင့် သိမြင်အပ်သော နိရောဓသစ္စာသည် နိဗ္ဗာန် မဟုတ်။

ဒုက္ခကိုရင်း ဒုက္ခ၏ ဖြစ်ကြောင်းကိုရင်း၊ အဖန်တလဲလဲ ရှုမြင်သော ဝိပဿနာဉာဏ် အရှိန်အဟုန် ရင့်သန်ပြီးဆုံး၍၊ တစ်ကြိမ် တစ်ခါဘူးမျှ မသိစဘူး မမြင်စဘူးသော အရိယာသစ္စာနိဗ္ဗာန်ကို သိမြင်လိုက်သည်ရှိသော်။ ဝါ။ မဂ်ဉာဏ်ဖြစ်ပေါ်လိုက်သည် ရှိသော်။ ဝါ။ မဂ္ဂသစ္စာ ဖြစ်ပေါ်လိုက်သည်နှင့် နိရောဓသစ္စာ ဆိုက်။ ဆိုက်က ဒုက္ခအကြောင်း သမုဒယသစ္စာငြိမ်း။ အကြောင်းသမုဒယငြိမ်းက အကျိုးဒုက္ခသစ္စာ ဆင်းရဲအမှန်တို့လည်း ငြိမ်းကြကုန်၏။

http://www.dhammadownload.con



ဆင်းရဲအမှန် ဒုက္ခသစ္စာဖြစ်ပေါ်နေမှု ဝါ။ စိတ်,စေတသိက်, ရုပ်တို့ ဖြစ်ပေါ်နေပါမှု လောကဓာတ်ကြီး လူ နတ် ပြဟ္မာ သတ္တဝါ အရိပ်နိမိတ်ကြီး ပေါ်ထွက်နေနိုင်သည်။

အလင်းရောင်၏ ဖြစ်နေခြင်းသည် ဆီကိုရင်း၊ မီးစာကိုရင်း၊ မီးလျှံကိုရင်း၊ ယင်း-သုံးပါးအပေါင်း အစွဲပြု၍ပေါ်နေ၏။ ဆီ၏ကုန်ခြင်း၊ မီးစာ၏ကုန်ခြင်းကို သိရသဖြင့်၊ မီးလျှံ၏ ခဏမစဲ တစ်ရိပ်ရိပ်ကုန်ခြင်းကို သိအပ်၏။ မီးလျှံငြိမ်းစဲက မီး၏ အရောင်အဘယ်သို့ ရောက်သွားသနည်း။ ငြိမ်းစဲ၍သာ သွားရာ၏။

ဝဋ်ဒုက္ခ ခန္ဓာအစဉ်သည် မီးလျှံနှင့်တူ၏။ ဒုက္ခ၏ အကြောင်းသည် ဆီမီးစာနှင့်တူ၏။ မီးအရောင်သည် လူ နတ် သူ ငါ အရိပ်အရောင်နိမိတ်နှင့် တူ၏။

မီးလျှံဝဋ်ဒုက္ခ ခန္ဓာစဉ် အစဉ်မပြတ် မစဲဖြစ်ပေါ်နေပေမဲ့ - ဒုက္ခ၏အကြောင်း၊ အဝိဇ္ဇာတဏှာစသော ဆီမီးစာကုန်ခြင်းကို ထောက်ဆသိသဖြင့်၊ အကြောင်းတရားမမြဲခြင်းကို ရှုမြင်သိရှိသဖြင့်၊ အကျိုးတရားလည်း အဘယ်မှာလျှင်မြဲအံ့နည်းဟု မမြဲခြင်းအဖန်ဖန် နှိပ်စက်ခံနေရသော ဒုက္ခအစု သံသရာ အယဉ်ကို ရှုမြင်သော ဉာဏ်သည် ဝိပဿနာဉာဏ်။

http://www.dhammadownload.con



၃၁။ စိတ်, စေတသိက်, ရုပ်- နိဗ္ဗာန်

↓ ↓

ဒုက္ခ သုခ

**အရှင်းဆုံးမှာ-**

ဖြစ်လျှင် - ဒုက္ခ, မဖြစ်လျှင် - သုခ။

ဖြစ်သည်- စိတ်, စေတသိက်, ရုပ် ။

မဖြစ်သည်- နိဗ္ဗာန်။

သမုတိသစ္စာမှာ- နတ် လူ တို့ ချမ်းသာတာ သုခမှန်တယ်၊

ပရမတ္ထသစ္စာမှာ - နိဗ္ဗာန်ကလွဲရင် အကုန်လုံး - ဒုက္ခ ချည်းပဲ။

လေးဆယ့်ငါးဝါ ကာလကြာ ဟောသမျှ ဒုက္ခ နဲ့ နိဗ္ဗာန် ကိုသာ မမြင်မြင်အောင်- ညွှန်ပြသည်ဟု ဆိုအပ်ပါပေ၏။

ရှိရှိသမျှ သဘာဝဓါတ်သားက စိတ်,စေတသိက်, ရုပ်, နိဗ္ဗာန်လေးခုပဲ။ နိဗ္ဗာန်ကို ရချင်ရောက်ချင်က စိတ်,စေတသိက်, ရုပ် ဖြင့်သာ ရနိုင်ရောက်နိုင်၏။ စိတ်, စေတသိက်, ရုပ်ကို အမှန် တိကျသိလျှင်၊ ဖြစ်လျှင်ပျက်ရ- သဘာဝသည် စင်စစ် သုခ မဟုတ် ဒုက္ခ ဖြစ်၏။ စိတ်, စေတိသက်, ရုပ် - ဖြစ်ပျက်နှင့်- လွတ်ကင်းရာ ဘုံဘဝခန္ဓာ ဌာနမည်သည် အနည်းငယ်စိုးစဉ်း မျှမရှိ။

http://www.dhammadownload.con


ယခု ရှေး, နောင်, မိမိ- သူတပါး စကြာဝဠာ ရှိသရွေ့ အကုန်။ စိတ်, စေတသိက်, ရုပ်, ဖြစ်ပျက် ဒုက္ခအစုမျှသာ ရှိ၏။ စိတ်, စေတသိက်, ရုပ်သည် လူ နတ် သူ ငါမဟုတ်၊ ဒုက္ခသာ ဟုတ်၏ ဟုကောင်းစွာ ကြေညက် ဉာဏ်-မြင်ထက်ထက် ရှုမြင်ပါလျှင်၊ အလိုရှိအပ်သော- နိဗ္ဗာန်သို့ရောက်ရှိနိုင်ပေသည်။

နိဗ္ဗာန်ကို စိတ်, စေတသိက်, ရုပ်ဖြင့်သာ သွားရ၏။ အခြားတပါးဖြင့် သွားလို့မရ။ အခြားတပါးလည်း မရှိချေ။

၁။ ဥပ္ပါဒေါ- ဒုက္ခံ၊ အနုပ္ပါဒေါ - သုခံ။

၂။ ဥပ္ပါဒေါ- သင်္ခါရာ၊ အနုပ္ပါဒေါ- နိဗ္ဗာနံ။(ခု-၉-၅၇)

၃။ ဒုက္ခမေ္ဝ ပညာပေမိ ဒုက္ခဿစနိရောဓံ။

(သံ- ၂-၉၇/၅၅၂/မ-၁-၁၉၃)-။

၁။ ဥပ္ပါဒေါ- မဖြစ်သဘောသည်၊ ဒုက္ခံ- ဒုက္ခမည်၏။

၂။ အနုပ္ပါဒေါ -မဖြစ်သဘောသည်၊ သုခံ- သုခ မည်၏။

၃။ ဥပ္ပါဒေါ- ဖြစ်သဘောသည်၊ သင်္ခါရာ - စိတ်, စေတသိက်, ရုပ် ဖြစ်ကုန်၏။

အနုပ္ပါဒေါ- မဖြစ်သဘောသည်၊ နိဗ္ဗာနံ- နိဗ္ဗာန်မည်၏။

၄။ ဒုက္ခမေ္ဝ- ဒုက္ခကိုသာလျှင် လည်းကောင်း။ ဒုက္ခဿ- ဒုက္ခ၏။ နိရောဓဉ္စ- ချုပ်ငြိမ်းကြောင်း နိဗ္ဗာန်ကိုသာ

http://www.dhammadownload.con



လျှင်လည်းကောင်း။ ပညာပေမိ- ယခုဖြစ်စေ ရှေးအခါက ဖြစ်စေ ငါဘုရားသည် သိစေတော်မူ၏-။

## ၃၂။ ဒုက္ခ .... နှင့် .... ဒုက္ခသစ္စာ

ဒုက္ခဟူသည် ကိုယ်စိတ်ဆင်းရဲပင်၊ ဗုဒ္ဓမြတ်စွာတို့ ပွင့်-ပွင့်၊ မပွင့်- ပွင့် အများသူငါသတ္တဝါတို့သိရှိကြပါသည်။

ဒုက္ခသစ္စာဟူသည်မှာ- ကိုယ်စိတ်ဆင်းရဲခြင်း အလျှင်းမပါမရှိဘဲ၊ ခန္ဓာငါးပါး ဝဋ်ဒုက္ခအစဉ် သံသရာ အယဉ် တစ်လျင်လျင် သွင်သွင်ကြီး ဆင်းရဲအမှန်၊ ဒုက္ခသစ္စာ သန့်သန့် သက်သက်ဖြစ်နေခြင်းကို ဗုဒ္ဓမြတ်စွာ ထုတ်ဖော် ဟောကြားမှ သိရှိကြရပေသည်။

ကာယိက ဒုက္ခဟူသည်- အဟိတ်အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ ယှဉ်သောဝေဒနာသည် ကိုယ်ဆင်းရဲ . . .။

စေတသိကဒုက္ခဟူသည်- ဒေါသမူဒွေး၌ ယှဉ်သောဝေဒနာသည် စိတ်ဆင်းရဲ၊ ယင်းဝေဒနာ သုံးခုမှ ကြွင်းကျန်သော ဝေဒနာများနှင့် စိတ်အားလုံး၊ စေတသိက်အားလုံး၊ ရုပ်အားလုံးသည် ဒုက္ခသစ္စာသန့်သန့် ဆင်းရဲအမှန် သက်သက်ဖြစ်နေကြပေသည်။

http://www.dhammadownload.con



ကိုယ်စိတ်ဆင်းရဲ အလျှင်းမပါမရှိပဲ ဆင်းရဲအမှန် သက်သက်မှာ-အားရဝမ်းသာ ပီတိဖြာ သုခဝေဒနာဖြစ်ပွားနေကြသူ။ ဈာန်ဝင်စားနေကြသူ။ စကြာမန္ဓာတ်၊ မိဖုရား ရတနာ၊ သိကြားပြဟ္မာ- စသည့်သူတို့မှာ ကုသိုလ် အစွမ်း ဣဋ္ဌာရုံ ငါးဖြာ 'ခံ'စားနေကြရသဖြင့် အသို့လျှင် ကိုယ်စိတ်ဆင်းရဲခြင်း ရှိချေအံ့နည်း။

'ခံ'စား၏ဟူသည် သုခဝေဒနာဖြစ်ပေါ်နေခိုက် 'ခံ'စားရ၏။ ပျက်ခိုက်မှာ 'ခံ' စားလို့မရ အဘယ်လျှင် ရနိုင်အံ့နည်း။ သုခ ဝေဒနာနှင့် တစ်ပြိုင်နက်အတူတစ်ကွ ဖြစ်ကြသော စိတ်၊ စေတသိက်ဖြစ်တဲ့ ခန္ဓာငါးပါး ဝဋ္ဋဒုက္ခ အစဉ်၏ ဆင်းရဲအမှန်ကိုလည်း၊ အသို့လျှင် ကိုယ်စိတ်ဆင်းရဲဟု ဆိုအံ့နည်း။ ကိုယ်စိတ် ဆင်းရဲအလျှင်း၊ မပါမရှိပဲ ဆင်းရဲအမှန် ဒုက္ခသစ္စာသန့်သန့် ဟောတော်မူခဲ့ပါပေ၏။

သိကြားမင်းကြီးသည် သိကြားမင်းစည်းစိမ်ချမ်းသာ 'ခံ' စားနေ၏ဟု ဆိုကြ၏။ သို့ရာတွင်- သုခဝေဒနာဖြစ်ပေါ်မှ 'ခံ'စားလို့ရ၏။ မဖြစ်ပေါ်ကမရ။ ဖြစ်ပေါ်တိုင်း အစဉ်သဖြင့် ဖြစ်တိုင်းပျက်နေတဲ့ သုခဝေဒနာ ဆင်းရဲအမှန်ဖြစ်နေခြင်းကို သိကြားမင်းကြီး မသိရှာချေ။ ဝိပဿနာပညာကျက်စားသူတို့သာ သိနိုင်ပေသည်။

<u>ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ အလျှင်းမပါ မရှိပဲ၊ စိတ်၊ စေတသိက်၊ ရုပ် ခန္ဓာငါးပါးတို့ ဆင်းရဲအမှန်ဖြစ်-</u>

http://www.dhammadownload.con



နေခြင်းကို ရှုမြင်ဆင်ခြင်နိုင်ကြပါမှသာ ဝိပဿနာ ပညာ၏ အာရုံဘူမိ - ရှုကွက်မှန်ပေသည်။

## ၃၃။ ဒုက္ခ နှင့် ဒုက္ခသစ္စာ နှိုင်းချိန်ချက်

၁။ ကိုယ်, စိတ်, ဆင်းရဲဒုက္ခ။ အကုသိုလ်စိတ်, စေတသိက်, အဖြစ်များက များများဆင်းရဲ။ နည်းက- နည်းနည်းဆင်းရဲ။ အကုသိုလ်ကံ အကျိုးပေး - ဆင်းရဲ ကာယိကဒုက္ခ။ စေတသိက်က ဒုက္ခခေါ်သည်။

ကိုယ်၏ ဆင်းရဲ, စိတ်၏ဆင်းရဲ-ဒုက္ခကို ပုထုဇဉ် လူပြိန်းတို့သိသည့် ဆင်းရဲကို၊ အရိယာတို့လည်း သိကြသည်ကို ဒုက္ခလည်း ဟုတ်၏။ ဒုက္ခသစ္စာလည်း ဟုတ်၏ဟု ဟောတော်မူခြင်းဖြစ်ပါပေ၏။

ကိုယ်ဆင်းရဲ၊ နူနာဝဲစွဲ ယားယံပေါက်ကွဲ စသော ဆင်းရဲသည့် ဆေးကောင်းသမားကောင်းတွေက အကြောင်းညီညွတ်က ပျောက်ကင်း၏။ ချုပ်ကွယ် ငြိမ်းပျောက်၏။ စိတ်ဆင်းရဲသည် ဝမ်းသာစရာကြုံက ချုပ်ကွယ်ငြိမ်းပျောက်၏။

http://www.dhammadownload.con



၂။ ကိုယ်, စိတ်ဆင်းရဲ လုံးဝမပါရှိ၊ ခန္ဓာငါးပါး ဝဋ်ဒုက္ခအစဉ်ဆင်းရဲအမှန်ကို ထူးသောတရား ရရှိထားသော အရိယာတို့၏ထူးသောဉာဏ်ဖြင့်သာ သိရ၏။ အရိယာဖြစ်ချင်သူ ယောဂီတို့ သိရမည့် တရား။ ပုထုဇဉ်လူပြိန်းတို့ အသို့လျှင် သိနိုင်အံ့နည်း၊ မသိသည်သာ- ဤသည်ကို ဒုက္ခသစ္စာသာ ဟုတ်၏။ ဒုက္ခကား မဟုတ်ဟု ဟောတော်မူခဲ့ ဖြစ်ပါပေ၏။

ယောဂီရဟန်း သူမြတ်တို့ ရှုမည့် ရှုကွင်း ရှုကွက် ဝိပဿ နာအာရုံဘူမိမှာ- ကိုယ်စိတ်ဆင်းရဲ ဒုက္ခ လုံးဝ မပါမရှိတဲ့ ခန္ဓာငါးပါး ဝဋ်ဒုက္ခ အစဉ်ဆင်းရဲ အမှန် ဒုက္ခသစ္စာ သက်သက်ရှု ကြရပေမည်။

ဝိပဿနာ၏ အာရုံဘူမိ ရှုကွက်မှန်မှ အလိုရှိအပ်သော အပါယ်တံခါး တိကျစွာ ပိတ်မည်၊ ဝဋ်ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရရှိရောက်ရှိနိုင်ပေမည်။ ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ ဘုံစဉ်စံလိုက စံနိုင်ကြပေမည်။

အချုပ်မှာ - ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း၊ ဒုက္ခနှင့်ကိုယ် စိတ်ဆင်းရဲလုံးဝ မပါမရှိတဲ့ စိတ်,စေတသိက်,ရုပ်တို့ လျှင်လျှင်မြန်မြန် ဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါး ဝဋ်ဒုက္ခ အစဉ်ဆင်းရဲ အမှန်ကို ကွဲပြားခြားနားစွာ သိမြင်ဘို့ အရေးကြီးဆုံး အချက်တစ်ချက်ဖြစ်ပေ၏. . . ။

http://www.dhammadownload.con



## ၃၄။ ရာဇဗြိုဟ်သူဌေးကြီး ဒုက္ခ

သူဌေးကြီး၏ ခေါင်းကိုက်ရောဂါဒုက္ခကား- တိုင်းပြည်ရှိ သမားတော်ကြီးများ နှစ်စုကွဲပြီး တစ်စုက ငါးရက်၊ တစ်စုက ခုနစ်ရက် ကြာလျှင်သေမည်ဟု သိရှိပြောနိုင်ကြသည်။ မကုသ နိုင်ကြချေ-

ထိုစဉ် တက္ကသိုလ်ပြည်မှ ပြန်ရောက်လာသော ဆရာ ဇီဝကအား - ဆရာ ကျွန်ုပ်ရောဂါ ကုသနိုင်ပါက သူဌေးကြီး စည်းစိမ် သားမယား ကျေးကျွန်အကုန်ပေးရုံမက တစ်သက် လုံးလည်း ကျွန်ခံဦးမည်ဟု ကတိဝန်ခံပြောဆို၏။ ထိုမျှ သူဌေးကြီး ဒုက္ခပြင်းထန်၏။ ကိုယ်,စိတ်ဆင်းရဲ၏။ ထိုမျှဆင်းရဲ ၏-ခန္ဓာငါးပါးကား ထို့ထက်ပင် ဆင်းရဲသေး၏။

ဆရာဇီဝကသည် ခုနစ်ရက်မျှဖြင့် ခေါင်းခွဲ ပိုးနှစ်ကောင် ထုတ် ကုသပေးနိုင်၏။ ပိုးအကြီးမြင်သူများက ငါးရက်၊ အငယ်မြင်သူများက ခုနစ်ရက်၊ ကြာလျှင် သေမည်ဟု ပြောဆို ကြခြင်းပင်ဖြစ်၏။

အရှေ့တိုင်းသား ဆရာဇီဝက - ဘီစီ - ၆၂၃ စော၏။

http://www.dhammadownload.con



အနောက်တိုင်းသား ယခုခေတ် ဆရာဝန်တို့၏ ဖခင်ကြီး ဟီပိုကရက်သည်ဘီစီ- ၄၉၀ ရှိ၏။ ဟီပိုကရက်ထက် ဆရာဇီဝကသည် နှစ်ပေါင်းတစ်ရာကျော်စော၏။ ဦး၏။ ဆေးပညာစွမ်းကလည်း ထက်မြတ် စွမ်းလှပေသည်။

ဘုရားရှင်တို့ပွင့်ပွင့် မပွင့်ပွင့်၊ လူပြိန်းသိ၊ ကိုယ်စိတ်ဆင်းရဲဒုက္ခသည် ဝမ်းသာရလျှင်၊ သမားဆေးကောင်းလျှင်၊ အကြောင်းညီညွတ်လျှင်၊ ကုသိုလ်အစဉ်သဖြင့် အကျိုးပေးနေလျှင်၊ ချုပ်ငြိမ်းကွယ်ပျောက် ချမ်းသာခြင်းသို့ ရောက်နိုင်ပေသည်။

လူပြိန်းတို့ မသိမမြင်နိုင်၊ အရိယာတို့သိမြင် အရိယာဖြစ်ချင်သူတို့သည် သိမြင်ရမည့်၊ ကိုယ်စိတ်ဆင်းရဲ မြူမှုန့် မသန်းခန္ဓာငါးပါးအစဉ် ဝဋ်ဆင်းရဲအမှန်သည်၊ ဝမ်းသာဖွယ် ကြုံလည်းမရ၊ သမားကောင်း ကုသလည်းမရ၊ ရွှေငွေ ရတနာအစုအပုံ- ပုံ လာဘ်ထိုးလည်းမရ။ ဘယ်လူနတ် ဘယ်ဗြဟ္မာဘယ်ခန္ဓာ အဖြစ်နှင့်မှ ပုန်းလျှိုးကွယ်ဖျောက်နေလို့လည်း မရ။ မြတ်ဗုဒ္ဓတစ်ဆူ တစ်ဆူပွင့်မှ ဝိပဿနာ မြတ်ပညာဖြင့် ရှုမြင်သိရှိတော်မူကြပါမှသာ ချုပ်ငြိမ်း ကွယ်ပျောက်ချမ်းသာခြင်းအစစ်သို့ ရောက်နိုင်ကြပေသည်။

ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း ဒုက္ခအစုဝေးသည် ထိုမှ ဆင်းရဲဒုက္ခကြီး၏။ ကိုယ်စိတ်ဆင်းရဲ မြူမှုန့်မသန်း၊ ခန္ဓာ

http://www.dhammadownload.con



ငါးပါး အစဉ် ဝင်ဆင်းရဲအမှန်နှင့် နှိုင်းချိန်ထောက်ဆကြည့် လျှင်-

ဒုက္ခထက်ပင် ဒုက္ခသစ္စာကား - ရာထောင်မက မနှိုင်း ယှဉ်နိုင်အောင်၊ အနှိုင်းမဲ့ အဆင်းရဲဆုံး ကြီးပါပေ၏ဟု မိန့်ကြား တော်မူခဲ့ပါပေသတည်း။

## ဒုက္ခ-ပြ ။ ပါဠိတော်များနှင့် အနက်များ။

ဒုက္ခံ ဒုက္ခန္တိ ဘန္တေ ဝုစ္စတိ။

**ကတမံနုခေါ ဘန္တေ ဒုက္ခန္တိ။** (သံ-၂-၁၆၀။ ပဒ- ၁၇၄)

ဘန္တေ-ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား၊ ဒုက္ခံ ဒုက္ခန္တိ-ဒုက္ခ- ဒုက္ခဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏ဘုရား။

ဘန္တေ- အရှင်ဘုရား၊ ဒုက္ခန္တိ -ဒုက္ခဟူသည်၊ ကတမံ နုခေါ- အဘယ်ပါနည်း ဘုရား။

ရူပံ - ဒုက္ခံ၊ ဝေဒနာ - ဒုက္ခာ၊ သညာ - ဒုက္ခာ၊

သင်္ခါရာ- ဒုက္ခာ၊ ဝိညာဏံ- ဒုက္ခံ။

ရာဓ -ချစ်သားရာဓရဟန်း၊ ရူပံ -ရူပက္ခန္ဓာသည်၊ ဒုက္ခံ-ဒုက္ခမည်၏။

ဝေဒနာ -ဝေဒနက္ခန္ဓာသည်၊ ဒုက္ခာ-ဒုက္ခမည်၏၊ သညာ - သညာက္ခန္ဓာသည်၊ ဒုက္ခာ- ဒုက္ခမည်၏။ သင်္ခါရာ-

http://www.dhammadownload.con



သင်္ခါရက္ခန္ဓာတို့သည်၊ ဒုက္ခာ-ဒုက္ခမည်ကုန်၏၊ ဝိညာဏံ-ဝိညာဏက္ခန္ဓာသည်၊ ဒုက္ခံ- ဒုက္ခမည်၏။

စက္ခုံ ဘိက္ခဝေ ဒုက္ခံ၊ သောတံ - ဒုက္ခံ၊ ဃာနံ-ဒုက္ခံ၊ ဇိဝှာ-ဒုက္ခာ၊ ကာယော- ဒုက္ခော၊ မနော- ဒုက္ခော။
(သံ - ၂ -၂၇၇)

ရူပါ ဘိက္ခဝေ ဒုက္ခာ၊ သဒ္ဒါ၊ ဂန္ဓာ၊ ရသာ၊ ဖောဋ္ဌဗ္ဗာ ဓမ္မာဒုက္ခါ။

ဘိက္ခဝေ- အိုရဟန်းတို့၊ စက္ခုံ- စက္ခုပသာဒ အကြည်သည်၊ ဒုက္ခံ- ဒုက္ခမည်၏။

သောတံ-သောတပသာဒ အကြည်ရုပ်သည်၊ ဒုက္ခံ- ဒုက္ခမည်၏။

ဃာနံ- ဃာနပသာဒ အကြည်ရုပ်သည်၊ ဒုက္ခံ- ဒုက္ခမည်၏။

ဇိဝှာ- ဇိဝှာပသာဒ အကြည်ရုပ်သည်၊ ဒုက္ခာ- ဒုက္ခံမည်၏။

ကာယော- ကာယပသာဒ အကြည်ရုပ်သည်၊ ဒုက္ခော- ဒုက္ခမည်၏။

မနော-စိတ်ဘဝင်မနော အကြည်ဓါတ်သည်၊ ဒုက္ခော- ဒုက္ခမည်ကုန်၏။

ဘိက္ခဝေ- ရဟန်းတို့၊ ရူပါ- အဆင်းဓါတ် ရူပါရုံတို့သည်၊ ဒုက္ခာ- ဒုက္ခမည်ကုန်၏။ သဒ္ဒါ- အသံဓါတ် သဒ္ဒါရုံတို့သည်၊ ဂန္ဓာ - အနံ့ဓါတ်တို့သည်၊ ရသာ - အရသာဓာတ်တို့သည်၊ ဖောဋ္ဌဗ္ဗာ- အတွေ့ အထိ ဓါတ်တို့သည်၊

http://www.dhammadownload.con



ဓမ္မာ-စိတ်ဘွင်၌ ထင်ပေါ် အကြံအစီ မှန်သမျှတို့သည်။ ဒုက္ကော-ဒုက္ကမည်ကုန်၏-။

ဒုက္ကဟူသည် လူနတ်ဗြဟ္မာ သတ္တဝါပညတ်ကို ဟောတော်မူသည်မဟုတ်။ ခန္ဓာငါးပါးနှင့် တကွ မျက်စိ၊ နား၊ နှာ လျှာ၊ ကိုယ်၊ စိတ်အစ (၆)ပါးမည် အကြည်မှန်၌၊ အဆင်း၊ အနံ့ စသည့် ခြောက်ဖြာအာရုံတို့ကို ဒုက္ခ – ဟု ဟောတော်မူခြင်း ဖြစ်ပေသည်။

<u>ကာယိကဒုက္ခ၊ စေတသိကဒုက္ခ- ပြု၊ ပါဠိတော် နှင့် အနက်</u>

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ။

ယံ ခေါ ဘိက္ခဝေ ကာယိကံဒုက္ခံ။

ကာယိကံ အသာတံ ကာယသမ္ဖဿဇံ။

ဒုက္ခံ အသာတံ ဝေဒယိတံ။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။ (မ- ၁၊ ၁၊ ၃)

ဘိက္ခဝေ- ရဟန်းတို့၊ ဒုက္ခံ- ကိုယ်၏ဆင်းရဲခြင်းသည်။ ကတမဉ္စ- အဘယ်နည်းဟူ မူကား. . .၊

ဘိက္ခဝေ-ရဟန်းတို့၊ ကာယိကံ-ကာယပသာဒ၌ မှီ သော။ ယံဒုက္ခံ- အကြင်ဆင်းရဲခြင်းသည်၊ ကာယိကံ-ကာယပသာဒ ၌ မှီသော၊ ယံအသာတံ - အကြင် မသာယာခြင်းသည်

http://www.dhammadownload.con



ကာယသမ္ဘဿဇံ- ကာယပသာဒ၌ မှီသော ဖဿကြောင့် ဖြစ်သော။ ဒုက္ခံ- ဆင်းရဲသော၊ အသာတံ- မသာယာ အပ်သော၊ ယံဝေဒယိတံ- အကြင်ဝေဒနာသည်၊ အတ္ထိ- ရှိ၏။

ဘိက္ခဝေ- ရဟန်းတို့သည်၊ ဣဒံ- ဤတရားကို၊ ဒုက္ခံ - ကိုယ်၏ ဆင်းရဲခြင်းဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏-။

**ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ။**

**ယံခေါ ဘိက္ခဝေ စေတသိကံဒုက္ခံ။**

**စေတသိကံ အသာတံ မနောသမ္ဘဿဇံ။**

**ဒုက္ခံ အသာတံ ဝေဒယိတံ ဣဒံ ဝုစ္စတိ ဘိက္ခဝေ**

**ဒေါမနဿံ။** (ဒီ - ၃)

ဘိက္ခဝေ- ရဟန်းတို့၊ ဒေါမနဿံ- နှလုံးမသာယာခြင်းသည်၊ ကတမဉ္စ- အဘယ်နည်းဟူမူကား -

ဘိက္ခဝေ- ရဟန်းတို့၊ စေတသိကံ- စိတ်၌မှီသော၊ ယံဒုက္ခံ- အကြင်ဆင်းရဲခြင်းသည်၊ စေတသိကံ-စိတ်၌မှီသော၊ ယံအသာတံ- အကြင်မသာယာခြင်းသည်၊ မနောသမ္ဘဿဇံ- စိတ်၌ မှီသော ဖဿကြောင့်ဖြစ်သော၊ ဒုက္ခံ- ဆင်းရဲသည်။ အသာတံ-မသာယာအပ်သော၊ ယံဝေဒယိတံ- အကြင်ခံစားခြင်း ဝေဒနာသည်၊ အတ္ထိ-ရှိ၏။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဒံ-ဤတရားကို၊ ဒေါမနဿံ- နှလုံးမသာယာခြင်း ဆင်းရဲဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

http://www.dhammadownload.con



ရဟန်းတို့ ကာယပဿဒ ကိုယ်အကြည်ဓါတ်မှန်ကိုမှီ၍ တွေ့ထိခြင်းကြောင့် ထိသိစိတ်နှင့် တကွ ဖြစ်သော မသာယာအပ်သော ခံစားခြင်း ဝေဒနာစေတသိက်သည် ကိုယ်၏ ဆင်းရဲခြင်းဖြစ်သည်။

မနောဘဝင် စိတ်အကြည်မှန်မှီ၍၊ တွေ့ထိခြင်းကြောင့် ကြံသိစိတ်နှင့် တကွ မသာယာအပ်သော နှလုံးမသာယာခြင်း၊ ခံစားသော ဝေဒနာ စေတသိက်သည် စိတ်ဆင်းရဲခြင်းဖြစ်သည်ဟု ငါဘုရားမိန့်၏။

## ကိုယ်ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း အသျှင်းမပါမရှိဘဲ ဆင်းရဲအမှန်-ပြ ပါဠိတော် နှင့် အနက်

ဒုက္ခံသစ္စံ ဒုက္ခန္တိ၊
ကာယိကံ ဒုက္ခံ စေတသိကံဒုက္ခံ၊
ထပေတွာ အဝသေသံ ဒုက္ခသစ္စံ နဒုက္ခံ၊
ကာယိကံဒုက္ခံ စေတသိကံဒုက္ခံ၊
ဒုက္ခသစ္စဉ္စေဝ ဒုက္ခဉ္စ။ (သစ္စာယမိုက် - ၂၀၈)

http://www.dhammadownload.con



ဒုက္ခသစ္စံ- ဒုက္ခသစ္စာမည်၏၊ ဒုက္ခံ - ဒုက္ခမည်သလော။ ကတိပုစ္ဆာယံ- ဤသို့သော အမေးတော်သည်၊ သတိ ရှိသော်-

ကာယိကံဒုက္ခံ- ကိုယ်၏ဆင်းရဲခြင်း- ဒုက္ခကို၊ စေတသိကံ ဒုက္ခံ-စိတ်၏ ဆင်းရဲခြင်းဒုက္ခကို၊ ထပေတွာ- ချန်ထား၍။ အဝသေသံ- ကြွင်းကျန်သော စိတ်, စေတသိက်, ရုပ်, ခန္ဓာငါးပါး အပေါင်းသည်။ ဝါ။ စိတ်တစ်ခု ယုတ်ကိုးဆယ် ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌၊ ယှဉ်သော ဝေဒနာ နှင့် ဒေါသမူဒွေး၌ ယှဉ်သော ဝေဒနာကြဉ်သော စေတသိက် ဒွေးပညာသရုပ်၊ အဋ္ဌဝီသ - သည်။ ဒုက္ခသစ္စံ- ဒုက္ခသစ္စာမည်၏၊ နဒုက္ခံ- ဒုက္ခမ မည်။

ကာယိကံဒုက္ခံ- ကာယိကဒုက္ခသည်၊ စေတသိကံ ဒုက္ခံ- စေတသိကဒုက္ခသည်၊ ဒုက္ခသစ္စဉ္စေဝ - ဒုက္ခသစ္စလည်း မည် ၏။ ဒုက္ခဉ္စ- ဒုက္ခလည်းမည်၏-။

၁။ နတ္ထိ ခန္ဓသမာ ဒုက္ခာ။

(ဓမ္မပဒ- သုခဝဂ်- အပိုဒ်- ၂၂)

၂။ ဒုက္ခမေဝဟိသမ္ဘောတိ။

ဒုက္ခံ တိဋ္ဌတိ ဝေတိစ။ (သံ-၁-၁၃၇)

၃။ ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ။

ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ။ (သံ -၁-၂၅၇/၈)

http://www.dhammadownload.con


၁။ ခန္ဓာသမာ- ခန္ဓာနှင့် တူသော၊ ဒုက္ခာ- ဒုက္ခမည်သည်၊ နတ္ထိ- မရှိ။

၂။ ဟိ- မှန်၏။ ဒုက္ခမေဝ- ဒုက္ခသည်သာလျှင်။ သမ္ဘောတိ- ဖြစ်ပေါ်၏။

ဒုက္ခံ - စိတ် စေရုပ်- ဒုက္ခသည်သာလျှင်။ တိဋ္ဌတိစ- တည်လည်း တည်၏။ ဝေတိစ- ပျက်လည်း ပျက်၏။

၃။ ဉပ္ပဇ္ဇမာနံ- ဖြစ်သည်ရှိသော်။ ဒုက္ခမေဝ- ဒုက္ခအစုသည်သာ။ ဉပ္ပဇ္ဇတိ- ဖြစ်၏။ နိရုဇ္ဈမာနံ- ချုပ်ငြိမ်းသည်ရှိသော်။ ဒုက္ခမေဝ- ဒုက္ခအစု- စိတ် စေတသိက် ရုပ်သည်သာလျှင် နိရုဇ္ဈတိ- ချုပ်ငြိမ်း၏-။

## ဒုက္ခသစ္စာ + ပြ – ပါဠိတော်များနှင့် အနက်များ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။
ဇာတိပိ- ဒုက္ခာ ဇရာပိ - ဒုက္ခာ မရဏမ္ပိ-ဒုက
သောကပရိဒေဝဒုက္ခဒေါနဿု ပါယာသာပိ- ဒုက္ခာ
အပ္ပိယေဟိ သမ္ပယောဂေါ- ဒုက္ခော
ပိယေဟိ ဝိပ္ပယောဂေါ- ဒုက္ခော
ယမ္ပိစ္ဆံ နလဘတိ တမ္ပိ- ဒုက္ခံ
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ (သံ - ၃)

http://www.dhammadownload.con


ဘိက္ခဝေ- ရဟန်းတို့၊ ဒုက္ခံ- ဒုက္ခဖြစ်သော၊ အရိယသစ္စံ- အရိယသစ္စာသည်၊ ကတမဉ္စ- အဘယ်နည်း။

ဇာတိပိ- ပဋိသန္ဓေနေခြင်းသည်လည်း၊ ဒုက္ခာ- ဆင်းရဲကြောင်းဖြစ်၏။

ဇရာပိ- ဆိုးရွားဟောင်းမြေ့ အိုမင်းမှည့်ပျော် ရင့်ရော်ခြင်းသည်လည်း၊ ဒုက္ခာ- ဒုက္ခမည်၏။ မရဏမ္ပိ- စုတိပြတ်ကြွေ သေလွန်ခြင်းသည်လည်း၊ ဒုက္ခံ- ဒုက္ခမည်၏။ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာပိ-စိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ကိုယ်၏ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်၏ လွန်စွာ ပင်ပန်းခြင်းတို့သည်လည်း၊ ဒုက္ခာ- ဒုက္ခ မည်ကုန်၏။

အပ္ပိယေဟိ- မချစ်အပ်ကုန်သော သတ္တဝါ သင်္ခါရတို့နှင့်၊ သမ္ပယောဂေါ- တကွတွေ့ကြုံ၊ ပေါင်းဆုံခြင်းသည်၊ ဒုက္ခော- ဆင်းရဲ၏။

ပိယေဟိ- ချစ်အပ်ကုန်သော အာရုံသင်္ခါရသတ္တဝါတို့နှင့်၊ ဝိပ္ပယောဂေါ- ကွေကွင်း ကင်းကွာခြင်းသည်၊ ဒုက္ခော- ဆင်းရဲ၏။

ယမ္ပိယေနပိစ္ဆမ္မေန- အကြင်မဂ်ကို ပွားစေခြင်းမှ တစ်ပါးသော တောင့်တခြင်းဟူသော အကြောင်းဖြင့်လည်း၊ အလဗ္ဘနေယျဝတ္ထုံ- ပဋိသန္ဓေနေခြင်းသဘော၏၊ မရှိခြင်း

http://www.dhammadownload.con


စသော မရအပ်သော ဝတ္ထုကို၊ ဣစ္ဆိ ဣစ္ဆန္တော- တောင့်တသောသူသည်၊ နလဘတိ- မရ ။ တမ္ပိဣစ္ဆန္တိ-ထိုမဂ်ကို ပွားစေခြင်းမှ တစ်ပါးသော အကြောင်းဖြင့် မရအပ်သော ဝတ္ထုကို တောင့်တခြင်းသည်လည်း၊ ဒုက္ခံ- ဆင်းရဲ၏။

သံခိတ္တေန- အကျဉ်းအားဖြင့်၊ ပဉ္စ- ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ- ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့သည်၊ ဒုက္ခာ- ဆင်းရဲကုန်၏-။

**ရဟန်းတို့ အရိယာတို့သစ္စာ – အမှန်ဆင်းရဲဟူသည်မှာ ပဋိသန္ဓေ–နာမက္ခန္ဓာကမ္မဇရုပ် မှစ၍ စုတိတိုင်အောင် ခန္ဓာငါးပါးအလုံးစုံပင်တည်းဟု မိန့်တော်မူခဲ့၏။**

**မျက်စိ၊ နား၊ နှာ စသည့် နာမ်ရုပ် ခန္ဓာသည် ဒုက္ခသာဖြစ်၍ ဒုက္ခများစွာ ဖြစ်ကြရ၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူသည်မှာ–**

ဧဝံ ဒီဃရတ္တံ ဝေါ ဘိက္ခဝေ ဒုက္ခံ ပစ္စနုဘူတံ။
တိဗ္ဗံ ပစ္စနုဘူတံ ဗျသနံ ပစ္စနုဘူတံ ကဋသိ ဝဍ္ဎိတာ။
(သံ -၁- ၃၈၇-၃၈၉-ထိ- ၂၃- ကြိမ်)

ဘိက္ခဝေ-ဒုက္ခအမှန် ရှုဉာဏ်ကိုပွား အို-ရဟန်း အများ တို့၊ ဒီဃရတ္တံ- ရှည်ကြာလှစွာ ကမ္ဘာသင်္ချေ မရေတွက်နိုင်အောင် ညဥ့် နေ့ ရက် လ ရှိသမျှကာလပတ်လုံး။ ဝေါ- သင်ရဟန်း တို့ အား ဒုက္ခံ နေ့တိုင်း ညတိုင်း ဖြစ်ဆင်းရဲ ပျက်ဆင်းရဲကို၊ ပစ္စနုဘူတံ- ခံစားခဲ့ရဘူးလှလေပြီ။ တိဗ္ဗံ-ထက်ထက် မြက်မြက် အသက်ပါအောင် နာကျင် ဆင်းရဲခြင်းကို၊ ပစ္စနုဘူတံ- တွေ့ရ ကြုံရ ခံခဲ့ရဘူးလေပြီ။ ဗျသနံ- ဆွေမျိုး စည်းစိမ် သေကြေပျက်စီး များလှထွေထွေ ဆင်းရဲခြင်း ဒုက္ခကို၊ ပစ္စနုဘူတံ- တွေ့ဘူး ကြုံဘူး ခံခဲ့ရဘူးလှလေပြီ။ ကဋသိ- ဖြစ်ရာဘဝဘုံဌာနဥ္စ ဖြစ်လျှင်ပျက်ရ သေကြေရသော၊ သချိုင်း သုသာန်ကြီးသည်၊ ဝဍ္ဎိတာ- များစွာ ဘဝ သေဘူးလှ၍ တိုးပွား ဖြစ်ထွန်းခဲ့ဘူး လှလေပြီ-။

အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ။

အလံဝိရဇ္ဇိတုံ အလံ ဝိမုစ္စိတုံ။

(သံ-၁-၃၈၇-၃၈၉ = ၂၃။ ကြိမ်/ ဒီ-၃-၁၆၁)

ဘိက္ခဝေ- ဒုက္ခဝဋ်ဘေး လွတ်လိုရေးကို မျှော်တွေး ရှုပြား အို ရဟန်းများတို့။ သဗ္ဗသင်္ခါရေသု- အလုံးစုံသော ဒုက္ခတို့၌။ ဝါ- ခပ်သိမ်းသော ဖြစ်လျှင်မုချ ပျက်ကြကုန် သော စိတ်, စေတသိက်, ရုပ် တို့၌၊ နိဗ္ဗိန္ဒိတုံ- ရွံမုန်းငြီးငွေ့ကြ ခြင်းငှာ၊ အလမေဝ- အသင့်ကြီး သင့်ကြပေပြီ။ ဝိရဇ္ဇိတုံ- ရွံရှာ

http://www.dhammadownload.con



စိတ်ပျက် မစုံမက်ပဲ နှစ်သက်ခင်တွယ် မရှိခြင်းငှာ၊ အလမေဝ- သင့်သမျှ- ကြာမြင့်စွာကပင်- အသင့်ပင် သိသင့်လှပေသည်။ ဝိမုစ္စိတုံ- ခပ်သိမ်းဉဿုံ အလုံးစုံ ဖြစ်ပျက်နေကြ စိတ်, စေတသိက်, ရုပ်, ဒုက္ခတွေ့မှ လွတ်မြောက်အောင် ရှာကြံ၍ နိဗ္ဗာန် ပေါက် ရောက်ခြင်းငှာ၊ အလမေဝ- အလွန်ပင် သင့်မြတ်လှ ပေတော့သည်တကား။

**မျက်စိ၊ နား၊ နှာ စသည့် စိတ်, စေတသိက်, ရုပ်, သည် = ဖြစ် ပျက် ဒုက္ခ။**
**မျက်စိ၊ နား၊ နှာ စသည့် စိတ်, စေတသိက်, ရုပ် မရှိတဲ့ နိဗ္ဗာန်သည် = မဖြစ် မပျက် သုခ။**

## ၃၅။ ဒုက္ခ နှင့် နိဗ္ဗာန်

၁။ ရဟန်းတို့ ငါဘုရားသည် ရှေးအခါ၌ လည်းကောင်း၊ ယခုအခါ၌ လည်းကောင်း၊ ဒုက္ခကို သာလျှင်လည်းကောင်း၊ ဒုက္ခ၏ ချုပ်ငြိမ်းကြောင်း နိဗ္ဗာန်ကို သာလျှင်လည်းကောင်း၊ သိစေတော်မူ၏။ ဟောကြားတော်မူ၏ဟု မိန့်တော်မူ၏။

http://www.dhammadownload.con



ဗုဒ္ဓမြတ်စွာသည် အမြိုက်တရား နာယူသူများ၏ အလို (အဇ္ဈာသယ) အလိုက် ရှုမြင်တော်မူ၍၊ တိုတို ရှည်ရှည် အကျဉ်း အကျယ် နည်းမျိုးစုံခြယ်ကာ (၄၅) ဝါ ကာလ ပတ်လုံး ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ်၊ ပိဋကတ် သုံးသွယ်သည် ဒုက္ခ နှင့် နိဗ္ဗာန်ကို မမြင်-မြင် အောင် ညွှန်ပြနေတော်မူခြင်းပင် တည်းဟုသိအပ်ပေ သည်။

ခပ်သိမ်းဥဿုံ အလုံးစုံ ရှိရှိသမျှ နိဗ္ဗာန်ကလွဲလျှင်၊ ဒုက္ခသာ ရှိ၏။ ဒုက္ခမှတစ်ပါး နိဗ္ဗာန်သာ ရှိ၏။

ဤစာကို ရေးသူသည် လည်းကောင်း၊ ဖတ်သူသည် လည်းကောင်း ဒုက္ခသာဖြစ်၏။ ထိုမျှမက နတ်လူများစွာ သတ္တဝါအနန္တ လောကဓါတ်အဝန်း စကြာဝဠာ ရှိသမျှ သည် နိဗ္ဗာန ဓာတ်ဘက်တည်း၌ မရှိ။ ဒုက္ခ အစုအဝေး ဘက်၌သာ တည်ရှိပေ၏ဟု <u>နိဗ္ဗာန်လိုချင်သူသည် စွဲမြဲစွာ အာရုံသတိ အစဉ် ရှိနေရပေမည်။</u>

၂။ အကြင်အရာ၌ နာမ်ရုပ်တရား ဖြစ်၏။
ထိုအရာ၌ နတ်လူ လောက တည်ရှိ၏ဟု မိန့်၏။

၃။ လူအပေါင်းသည် အဘယ်၌ တည်ပါသနည်း။
လူအပေါင်းသည် ဒုက္ခ၌တည်၏ဟု မိန့်တော်မူ၏။

http://www.dhammadownload.con



သူမြတ်သည် ရှေးဦးစွာ ဒုက္ခကို မြင်အောင် ကြည့်ရာ၏။ ဒုက္ခကို အစွမ်းကုန်မြင်လျှင် - နိဗ္ဗာန်ကို ဆိုက်တော့ သည်သာ ဖြစ်ပေသည်။

---

၁။ ဒုက္ခဒ္ဓေဝ ပညာပေမိ ဒုက္ခဿစနိရောဓန္တိ။
(သံ-၂-၉၇/ ၅၅၂/မ-၁-၁၉၃)

၂။ ယတ္ထ ခေါ သမိဒ္ဓိ အတ္ထိ မဗ္ဗာ။
အတ္ထိ တတ္ထ လောကာဝါ။
လောကပညတ္တိဝါ။ (သံ-၂-၂၆၇)

၃။ ကိသ္မိံ လောကော ပတိဋ္ဌိတော
ဒုက္ခေ လောကော ပတိဋ္ဌိတော။ (သံ-၃၇)

## ၃၆ ။ ကုသလာမဗ္ဗာ - အကုသလာမဗ္ဗာ - အဗျာကတာမဗ္ဗာ

ရှင်တော်မြတ်ဘုရား သုမေဓာရှင်ရသေ့ အလောင်းတော် ဘဝမှသည်၊ ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား ဖြစ်သည့်တိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာပေါင်း တစ်သိန်းမျှ ကာလပတ်လုံး

http://www.dhammadownload.con


မြင်နိုင်သော ဉာဏ်အမြင်တို့ကို သန့်ရှင်းထက်မြက်စေရန် အလေ့အကျင့်ပြု သွေးအပ်သဖြင့် အလုံးစုံ အကုန် သိမြင်နိုင်သော ဉာဏ်အမြင်ဖြင့် ခပ်သိမ်းများစွာ အကုန် အစင် သိမြင်တွေ့ရှိတော်မူလိုက်သော ဓမ္မသဘာဝသည် အကျဉ်းချုပ်အားဖြင့်-

ကုသလာဓမ္မာ- အကုသလာဓမ္မာ -အဗျာကတာဓမ္မာ။

ဤမျှသာတည်းဟု အဘိဓမ္မာ ခုနှစ်ကျမ်းတို့တွင် ထိပ်ဆုံးကျမ်း ဓမ္မသင်္ဂဏီပါဠိတော် ထိပ်ဆုံး၌ မိန့်တော်မူ၏။ ထိုသုံးမျိုးသော- ဓမ္မာ ကို၊ ရှိရှိသမျှ လောကဓာတ် အလုံး၌ ဖြစ်ကြပျက်ကြ ကြောင်းကျိုးရှိကြသော ဓမ္မတို့က တစ်စုတစ်စုံ။ မဖြစ်မပျက် ဓာတ်သဘာဝကတစ်မျိုး၊ ဓာတ်သားသဘာဝမရှိ၊ မဖြစ်မပျက် မရှိ၊ ပညတ်သဘာဝ ဤသို့ စသည်များလှ ခပ်သိမ်းသော ဓမ္မ- တို့ကို ဉာဏ်မြင်ဥသုံ အလုံးစုံ အကျယ်ဖြန့်၍ ထုတ်ဖော် ဟောကြားတော်မူလိုက်သောအခါ။ ဓမ္မသင်္ဂဏီ,ဝိဘင်း,ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း အားဖြင့်၊ အနန္တနယ- ကြီးကျယ်သော ဒေသနာတော်ကြီးဖြစ်ချေသည်။

ဤ၌ အမြွက်မျှ သိအပ်သည်မှာ -

ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာလုံးဝ မပါမရှိ။ ဖြစ်ပျက်မျှဟု အစုံပြုတော့သည်ကား - ယမိုက်ကျမ်း။ ဖြစ်ပျက်အစုသည်

http://www.dhammadownload.con



တန်ခိုးရှင် ဖန်ဆင်းသည်မဟုတ်၊ အကြောင်း အကျိုးမျှသာပဲဟု ထန်ကုန်အောင် တန်းကုန်အောင် ဟောဖော်ပြသည်မှာ ပဋ္ဌာန်း ကျမ်းကြီး ဖြစ်တော်မူပါပေသတည်း။

၁။ ကုသလာဓမ္မာ ဟူသည်မှာ-

ကုသိုလ်စိတ်-၂၁၊ စေတသိတ်-၃၈ ဖြစ်ကြသော ခံစား, မှတ်သား, ပြုပြင်အပ်ငြား, သိငြားအစု ဤလေးခုကား ခန္ဓာ ဖြစ်သည်။

၂။ အကုသလာဓမ္မာဟူသည်ကား-

အကုသိုလ်စိတ်-၁၂၊ စေတသိတ် -၂၇ ဖြစ်သော ခံစားမှု တစ်စု ,မှတ်သားမှု တစ်စု, ပြုပြင်မှု တစ်စု, သိမှု တစ်စု, အစုခန္ဓာ ဖြစ်သည်။

၃။ အဗျာကတာဓမ္မာဟူသည်မှာ-

ဝိပါတ်စိတ်-၃၆၊ ကြိယာစိတ်-၂၀၊ ရုပ်-၂၈ နိဗ္ဗာန်ဖြစ် သော ဖောက်ပြန်တတ်ငြား ရုပ်အစုတစ်ခု နှင့်၊ အာရုံ သိစရာ ညွတ်သိတတ်ငြား နာမ်အစုလေးစု, ခန္ဓာငါးပါးနှင့် ထိုမှ တစ်ခြား နိဗ္ဗာန်ဖြစ်၏။

၁။ ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ။

အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း၊ လက္ခဏာ ရှိကုန်သော။

၂။ အကုသလာ သာဝဇ္ဇဒုက္ခဝိပါက လက္ခဏာ။

http://www.dhammadownload.con



အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော။

၃။ **အဗျာကတာ၊ ကုသလာ ကုသလ ဘာဝေန အကထိတာ အညာဘာဝေနကထိတာ။**

ကုသိုလ် အကုသိုလ် အဖြစ်အားဖြင့်ကား မဟောကြားအပ်ကုန်၊ တစ်ပါးသော အဖြစ်အားဖြင့်သာ ဟောကြား အပ်ကုန်သော။

**ဓမ္မ နိသတ္တ၊ နိဇီဝ ဓမ္မ သဘာဝ။**

သတ္တလည်း မဟုတ်၊ ဇီဝလည်းမဟုတ်ကုန်သောသဘော တရားတို့သည်၊ သံဝိဇ္ဇန္တိ- ထင်ရှားရှိကုန်၏။ ရှင်တော်မြတ်ဘုရားသည် ဘုရားမဖြစ်မှီ ရှေ့အဘိုးတို့၌ ပုဂ္ဂိုလ်, သတ္တဝါ, နတ်, ဗြဟ္မာတို့ဖြင့် ရောထွေးယှက်တင်နေသော လောကကြီး၌၊ ကျေနပ်အားရခြင်းရှိတော်မမူ၍၊ လေးသင်္ချေနှင့် ကမ္ဘာပေါင်း တစ်သိန်းကာလပတ်လုံး ရှာဖွေတော်မူရာ၊ လူ , နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ အကောင်အထည် လုံးဝမပါ မရှိတဲ့၊ ဓမ္မသဘာဝ သက်သက် ကုသိုလ်, အကုသိုလ်, အဗျာကတာ တရားသုံးမျိုး အကျဉ်းအကျယ် ဘုရားအဖြစ်သို့

http://www.dhammadownload.con



ရောက်ရှိတော်မူသောအခါ ဉာဏ်အမြင်ဖြင့် သိမြင်လိုက်ရာ ဤသည်ပင်တည်းဟု သွားတွေ့တော်မူလိုက်ပေတော့၏။

## ၃၇။ ရူပဓာတ် - အရူပဓာတ် - နိရောဓဓာတ်

ရဟန်းတို့ ဓာတ်တို့သည် ဤသုံးမျိုးတို့ပေတည်း။

အဘယ်သုံးမျိုးတို့နည်းဟူမူ-

ရူပဓာတ်, အရူပဓာတ်, နိရောဓဓာတ် ဤသုံးမျိုးတို့တည်း။

ရူပဓာတ်သည် = ရုပ်ဓာတ်။

အရူပဓာတ်သည်= နာမ်ဓာတ်။

နိရောဓဓာတ်သည် = နိဗ္ဗာန်။

နာမ်ဓာတ်သည် ဖြစ်ပျက်အာရုံ ညွတ်သိတတ်သော သဘာဝဓာတ်၊ စင်ကြယ်ကောင်းမြတ်သော ဓာတ်တို့ ဖြစ်ပေါ်လာလျှင် မဖြစ်မပျက် နိဗ္ဗာနဓာတ်၊ မိမိသို့ ညွတ်စေတတ်သော သဘာဝဓာတ် နှစ်မျိုးရှိ၏။ ဖောက်ပြန်ပျက်စီး ရုပ်ဓာတ်နှင့် ဖြစ်ပျက်အာရုံ ညွတ်သိ နာမ်ဓာတ်၊ နှစ်ခုသည် အကြောင်းမကောင်းဘဲ

http://www.dhammadownload.con



ဖြစ်ချည် ပျက်ချည်ဖြင့် အစဉ်သဖြင့် ဖြစ်ပျက်နေကြသော အချည်းအနှီး စက်ဆုပ်ဖွယ် ဒုက္ခအစု အဝေးကြီးက တစ်စု တစ်ပုံ ဤသည်ပင် လောကကြီးဖြစ်သည်။

ထိုမှ တစ်သီးတစ်ခြား စင်ကြယ်ကောင်းမြတ် ကုသိုလ် ဓာတ် ဖြစ်ပေါ်လာပါက မိမိသို့ ညွှတ်စေတတ်သော၊ ဒုက္ခမှ ထွက်ပေါက်- နိဗ္ဗာနဓာတ်ကြီး ရှိပေသည်။ နိဗ္ဗာန်မှလွဲလျှင် ဒုက္ခ၊ ဒုက္ခမှလွဲလျှင် နိဗ္ဗာန်။ အချုပ် ဤမျှသာတည်း။

ပုဂ္ဂိုလ် သတ္တဝါ အလျှင်းမပါမရှိ ဓမ္မသဘာဝ အနတ္တ ပရမတ္ထဓာတ်တို့ကို ထီးနန်း သားမယားစွန့်၍ ပြုနိုင်ခဲ့သော အကျင့်၊ ကျင့်စဉ်ကလည်းမသိခဲ့ရ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်စဉ်ကလည်း မသိခဲ့ရ။ ဗုဒ္ဓမြတ်စွာအဖြစ်သို့ ရရှိရောက်ရှိတော်မူပါမှ သိရှိတော်မူရခြင်း ဖြစ်ပေသတည်း။

---

၁။ တိဿော ဣမာဘိက္ခဝေ ဓါတုယော၊
ကတမာ တိဿော ရူပဓါတု အရူပဓါတု နိရောဓဓါတု။
(ဣတိဝုတ်ပါဠိတော် တိကနိပါတ်။ ၂၂၆ အပိုဒ်-၅၁)

# ၃၈။ နိရောဓ နှင့် နိရောဓသစ္စာ

နိရောဓ = ချုပ်ကာမျှ ငြိမ်းကာမျှ ချုပ်ငြိမ်းခြင်း ခုနှစ်မျိုး။

၁။ လျှပ်စစ်လက်ခိုက် အမှောင်ပျောက်ခိုက်ကဲ့သို့ ကုသိုလ်စိတ် ဖြစ်ခိုက်၊ အကုသိုလ် ချုပ်ငြိမ်းကာမျှသည်လည်းကောင်း၊ အကုသိုလ်စိတ် ဖြစ်ခိုက်၊ ကုသိုလ်စိတ် ချုပ်ငြိမ်းကာမျှသည်လည်းကောင်း။ (တဒင်္ဂနိရောဓ)

၂။ မှော်ရှိရေကန် ခဲကျက ခဲအဟုန်ကြောင့် မှော်ခွဲသကဲ့သို့ သမထစျာန်ဖြစ်ခိုက် နီဝရဏတရား ငါးပါး ချုပ်ကာမျှ ငြိမ်းကာမျှလည်းကောင်း။ (ဝိက္ခမ္ဘနနိရောဓ)

၃။ မိုယ်းကြိုးကျသကဲ့သို့ မဂ်ဉာဏ်ဖြစ်လျှင် နီဝရဏခြောက်ပါး ချုပ်ငြိမ်းကာမျှလည်းကောင်း။ (သမုစ္ဆေဒနိရောဓ)

၄။ မီးလောင်ရာ ရေလောင်းသကဲ့သို့ ဖိုလ်စိတ်ဖြစ်လျှင် ကိလေသာ အငွေ့အသက် အကြွင်းမဲ့ငြိမ်းကာမျှ ချုပ်ကာမျှသည် လည်းကောင်း။ (ပဋိပဿဒ္ဓိနိရောဓ)

၅။ စကြာမင်းဖျား နတ်ရွာလားက သားကြီးရတနာ မင်းဖြစ်သကဲ့သို့၊ ရဟန္တာ စုတိမှတစ်ပါး ရှေးစိတ်ချုပ်ပျက်

http://www.dhammadownload.con


နောက်စိတ်ဖြစ်လျက် ဖြစ်ဖြစ်သမျှ စိတ် စေတသိက်တို့ ချုပ်ဆုံး ပျက်သုံးငြိမ်းခါမျှသည် လည်းကောင်း။ (ဥပ္ပါဒခဏဘင်္ဂနိရောဓ)

၆။ မီးစာ, ဆီကုန်က မီးလျှံငြိမ်းသကဲ့သို့ ရဟန္တာတို့၏ စုတိသည့် စိတ်ပျက်သည်မှနောက်၊ တစ်စုံတစ်ခုသော နာမ်ရုပ်တရားတို့ စိုးစဉ်းအနည်းငယ်မျှ မဖြစ်ပဲ၊ ချုပ်ခြင်းငြိမ်းခြင်းသည်လည်းကောင်း။ (အနုပ္ပါဒဘင်္ဂနိရောဓ)

၇။ ဝန်ကိုဆောင်လား ခန္ဓာအားကို သုံးပုံနှစ်ပုံချ ဝန်ကျသကဲ့သို့၊ နိရောဓသမာပတ်ဝင်စားက ဝေဒနက္ခန္ဓာ နှင့် သညာက္ခန္ဓာ ချုပ်ငြိမ်းခါမျှသည် လည်းကောင်း။ (သညာ + ဝေဒယိတနိရောဓ)

ယင်း ချုပ်ငြိမ်းခါမျှ - ခုနှစ်မျိုးသည် . . .။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်အပ်သော နိဗ္ဗာန်မဟုတ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်အပ်သော နိဗ္ဗာန်ကို ဘုရားအစရှိသော အရိယာသူတော်မြတ်တို့ အာရုံပြုအလိုရှိတော်မူကြရပေသည်။

## ၃၉။ စိတ် စေတသိက် ရုပ်တို့ - ချုပ်ငြိမ်း ခါမျှသည် နိရောဓ သာမည။

စိတ်, စေတသိက်, ရုပ် ဟုလည်းကောင်း၊

ရုပ်, နာမ် ဟုလည်းကောင်း၊

ခန္ဓာငါးပါး ဟုလည်းကောင်း၊

ဒုက္ခအစု ဟုလည်းကောင်း၊

အခေါ်ဝေါ်သာ ကွဲပြား၏။

သဘောသဘာဝမှာ အတူတူ။

ထိုတရားတို့ ချုပ်ငြိမ်းခါမျှသည် နိရောဓဟု - ဗုဒ္ဓ မြတ်စွာ ဤသို့ ဟောတော်မူခဲ့၏။

**နိရောဓော နိရောဓောတိ ဘန္တေ ဝုစ္စတိ၊**

**ကတမေသာနံခေါ ဘန္တေ ဓမ္မာနံ၊**

**နိရောဓော နိရောဓောတိ ဝုစ္စတိ။** (သံ - ၂-၂၁)

ဘန္တေ- ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား၊ နိရောဓော နိရောဓောတိ- နိရောဓ နိရောဓော ချုပ်ငြိမ်း၏ဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။

ဘန္တေ-ဘုရား၊ ကတမေသာနံ ဓမ္မာနံ-အဘယ်မည်သော တရားတို့၏၊ နိရောဓော- ချုပ်ငြိမ်းခြင်းကို၊ နိရောဓောတိ-

http://www.dhammadownload.con


ချုပ်ငြိမ်း၏-ဟု ၁ ဝါ။ နိရောဓ- နိရောဓ ဟူ၊ ဝုစ္စတိ- ဆိုအပ်ပါ သနည်း။

ရူပံ ခေါ အာနန္ဒ အနိစ္စံသင်္ခတံ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ တဿ နိရောဓေါ နိရောဓေါ တိ ဝုစ္စတိ။

ဝေဒနာ အနိစ္စာ၊ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ တဿ နိရောဓေါ နိရော ဓေါတိဝုစ္စတိ။ (သညာ - သင်္ခါရာ)

ဝိညာဏံ အနိစ္စံ။ ပ။ နိရောဓဓမ္မံ တဿ နိရောဓေါ နိရောဓေါတိ ဝုစ္စတိ။

ဣမေသာနံ ခေါ အာနန္ဒ ဓမ္မာနံ နိရောဓေါ နိရောဓေါ တိ ဝုစ္စတိ။

အာနန္ဒ- အို အာနန္ဒာ။
အနိစ္စံ - မမြဲသော။
သင်္ခတံ - အကြောင်းတရားတို့သည် ပြုပြင်အပ်သော။
ပဋိစ္စသမုပ္ပန္နံ - အကြောင်းကိုစွဲ၍ ဖြစ်သော။
ခယဓမ္မံ - ကုန်ခြင်းသဘောရှိသော။
နိရောဓဓမ္မံ - ချုပ်ငြိမ်းခြင်းသဘောရှိသော။
ရူပံ -ဖောက်ပြန်တတ်ခြား ရုပ်တရားသည်။

http://www.dhammadownload.con



ဝေဒနာ- ခံစားတတ်ပြား ဝေဒနာတရားသည်။
သညာ- မှတ်သား တတ်ပြား သညာတရားသည်။
သင်္ခါရာ- ပြုပြင်တတ်ပြား သင်္ခါရာတရားသည်။
ဝိညာဏံ- အသိထင်ရှား ဝိညာဏ်တရားသည်။
အတ္ထိ- စင်စစ်ကေန် အမှန်ပင် ထင်ရှား ရှိပါပေ၏။
တဿ- ထိုသို့သဘောရှိပြား ခန္ဓာ အစုအဝေးတရား၏။
နိရောဓော- နိရောဓကို။ ဝါ။ ချုပ်ငြိမ်းခြင်းဟူ၍၊
ဝုစ္စတိ- ဆူဆူပွင့်ပြား မြတ်စွာဘုရားတို့ ထင်ရှားမိန့်ဟတော်မူခဲ့ပါပေ၏။

နိရောဓေါ နိရောဓသစ္စန္တိ
နိရောဓသစ္စံ ထပေတွာ အဝသေသော
နိရောဓေါ န နိရောဓသစ္စံ
နိရောဓသစ္စံ နိရောဓေါစေဝ။

နိရောဓသစ္စာဒ္ဒ (သစ္စယမက + ပဏ္ဏတ္တိဝါရ)

နိရောဓေါ- နိရောဓမည်၏၊ နိရောဓသစ္စံ- နိရောဓသစ္စာမည်သလော။ ဣတိပုစ္ဆာယံ - ဤသို့သော အမေးတော်သည်၊ သတိ ရှိသော်။ နိရောဓသစ္စံ- နိရောဓသစ္စာ မည်ထိုက်သော မဂ်ဖိုလ်အာရုံနိဗ္ဗာန်ကို။ ထပေတွာ- ချန်ထား၍၊ အဝသေသော ကြွင်းကျန်သော။ နိရောဓေါ- နိရောဓမှန်သမျှသည်။ဝါ။ အဝသေသော- ကြွင်းကျန်သော စိတ်, စေတသိက်, ရုပ်ဟု ဆိုအပ်သော ခန္ဓာနာမ်ရုပ်တို့သည်။ နိရောဓေါ-နိရောဓ မည်၏။ န နိရောဓသစ္စံ- နိရောဓသစ္စာမဟုတ်။ နိရောဓသစ္စံ- နိရောဓသစ္စာ မည်ထိုက်သော မဂ်ဖိုလ် အာရုံ နိဗ္ဗာန်သည်၊

http://www.dhammadownload.con


နိရောဓေါ်စေဝ-နိရောဓလည်း မည်၏။ နိရောဓသစ္စဥ္စ-နိရောဓသစ္စာ လည်းမည်၏။

နိရောဓတစ်ခြား - နိရောဓသစ္စာတစ်ခြား။

နိရောဓဟူသည် - ကိလေသာ ချုပ်ငြိမ်းခြင်း၊ နာမ်ရုပ်ခန္ဓာ ချုပ်ငြိမ်းခြင်း။

နိရောဓသစ္စာဟူသည်-မဂ်ဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်။

http://www.dhammadownload.con



# ပ - သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်

## ဝိပဿနာပညာတက္ကသိုလ်

ရွှေတိဂုံ့အရှေ့ဘက်မုခ်၊ ဘုရားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၃၇၇၇၃၁

---

# နိဗ္ဗာန် – အမြင်

---

ပ-သုံးလုံး ပဓါန နာယကဆရာတော်

**ဘဒ္ဒန္တဇောတိက**

သာသနဓဇဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊

ဝိပဿနာပညာတက္ကသီလာဒီကမ္ဘိက (ကျမ်းပြု)

စီစဉ်တင်ပြသည်။

သာသနာတော်နှစ် - ၂၅၃၉၊ ကောဇာသက္ကရာဇ် - ၁၃၅၇။

http://www.dhammadownload.con



## ရှေးသူတော်မြတ်တို့၏
## နိဗ္ဗာန်စိတ်စေလွှတ်နည်းမှာ . . .

နိ- နိဒါနကထာ။ ၁၃၃၈ - ခု၊နတ်တော်လဆန်း - ၄ ရက် ရေးသားသည်။

၁။ ဘဝများစွာသံသရာ၌၊ ကြိမ်ဖန်များစွာ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။ ဖြစ်လေရာရာဘဝ၌ ကြိမ်ဖန်များစွာ ကိုယ်၏ ပျက်စီးသေရခြင်းသည် ဆင်းရဲ၏။ အိုခြင်း၊ နာခြင်း၊ တရားနှိပ်စက်ခြင်းသည် - ဆင်းရဲ၏။

၂။ ငါသည် ကြိမ်ဖန်များစွာ ပဋိသန္ဓေနေရခြင်း အိုခြင်း နာခြင်း၊ သေခြင်း သဘောရှိသည်။

၃။ ငါသည် ပဋိသန္ဓေနေရခြင်း အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာ၊ ဘေးဥပါဒ်တို့ကင်းရာ၊ ငြိမ်းအေးရာ၊ နိဗ္ဗာန်ကို ရှာမှီးပေတော့အံ့။

၄။ ငါသည် အထူးထူးသော ကျင်ကြီး ကျင်ငယ်တို့ဖြင့် အတိပြည့်သော၊ ဤကိုယ်ကောင်ပုတ်ကို ငဲ့ကွက်ခြင်း၊ အလိုရှိခြင်း မရှိမူ၍၊ စွန့်လွှတ်သွားရပါမူကား ကောင်းလေရာ၏။

၅။ ငါသည် အကျင့်လမ်းခရီးဖြင့် ဘဝသံသရာ ဤခန္ဓာမှ ထွက်ခွာ လွတ်မြောက်ခြင်းသည် ဖြစ်ရာ၏။ ထိုလမ်းခရီး

http://www.dhammadownload.con



သည် မရှိသည်မဟုတ်၊ ရှိ၏။ ဘဝသံသရာ ဤခန္ဓာမှ လွတ်မြောက်ခြင်းငှာ ရှာမှီးပေတော့အံ့။

၆။ ဥပမာ- အပူသည်ရှိသော်၊ အအေးသည်ရှိရာ၏သို့၊ ရာဂ ဒေါသ မောဟ - မီးသုံးပါးရှိသော်၊ ထိုမီးသုံးပါငြိမ်းရာ နိဗ္ဗာန်သည် ရှိရပေမည်။

၇။ ဥပမာ- ဆင်းရဲရှိသော်၊ ချမ်းသာရှိရာ၏သို့ ကြိမ်ဖန်များစွာ ဖြစ်ရာဘဝ ရှိလတ်သော်၊ ထိုဘဝ၏ ငြိမ်းရာ နိဗ္ဗာန်သည် ရှိရပေမည်။

၈။ ဥပမာ- ကောင်းမှုရှိသော် မကောင်းမှုသည် ရှိရာ၏သို့ ပဋိသန္ဓေနေရခြင်းရှိသော်၊ ပဋိသန္ဓေနေရခြင်းကင်းရာ နိဗ္ဗာန်သည် ရှိ၏။

၉။ ဥပမာ- မစင်ဘင်ဘုတ်အတိ ပြည့်သောတွင်းသို့ ကျသော သူသည် စင်ကြယ်အေးမြကြည်လင်သော ရေကန်ကို မြင်ပါလျက်၊ ထိုရေကန်သို့ မသွားခြင်းသည် ရေကန်၏ အပြစ်မဟုတ်၊ ထိုသူ၏ အပြစ်သာဖြစ်ဘိ၏သို့ ထို့အတူ ကိလေသာ အညစ်အကြေးဖြင့်၊ လိမ်းကျံနေသော ငါသည် အညစ်အကြေးဆေးကြောသုတ်သင်ရာ အမြိုက်နိဗ္ဗာန်သည် ရှိပါလျက်၊ ထိုအမြိုက်နိဗ္ဗာန်သို့ မသွား မရှာမှီးခြင်းသည် အမြိုက်နိဗ္ဗာန်၏ အပြစ်မဟုတ် ငါ၏ အပြစ်သာလျှင် ဖြစ်ပေတော့သည်။

http://www.dhammadownload.con



၁၀။ ဥပမာ- ရန်သူများစွာ ဝိုင်းရံပိတ်ဆို့ခံရသော သူသည် ပြေးထွက်စရာ လမ်းရှိပါလျက်၊ မပြေးထွက်ခြင်းသည် လမ်း၏ အပြစ်မဟုတ်၊ ထိုသူ၏ အပြစ်ဖြစ်ဘိသကဲ့သို့၊ ကိလေသာ ရန်သူဝိုင်းရံ ပိတ်ဆို့သော ငါသည် ကိလေသာ ငြိမ်းရာ နိဗ္ဗာန်သို့ လမ်းခရီးကောင်း ရှိပါလျက်၊ နိဗ္ဗာန်သွားရာလမ်းကောင်း ခရီးလမ်းကောင်းကို မရှာမှီးမသွားခြင်းသည်၊ နိဗ္ဗာန်သွားရာ လမ်းခရီး၏ အပြစ်မဟုတ်၊ ငါ၏ အပြစ်သာလျှင် ဖြစ်လေတော့သည်။

၁၁။ ဥပမာ- နူနာဖြင့် နှိပ်စက်အပ်သောသူသည် ကုစားစရာ ဆေးသမားကောင်းရှိပါလျက်၊ မကုစားခြင်းသည် ဆေးသမားကောင်း၏ အပြစ်မဟုတ်၊ နူနာရှင်၏ အပြစ်သာ ဖြစ်ပေ၏။

ကိလေသာ နူနာဖြင့်နှိပ်စက်အပ်သော ငါသည် ကိလေသာ နူနာပျောက်ကင်းရာ နိဗ္ဗာန်ရှိပါလျက်၊ မရှာမှီးခြင်းသည် ကိလေသာ နူနာစွဲကပ်သော ငါ၏အပြစ်သာလျှင် ဖြစ်ပေတော့၏။

၁၂။ ဥပမာ-အဆင်းတန်ဆာ မြတ်နိုးခုံမင် လုလင်ပျိုသည်။ ရန်သူသည် မိမိလည်၌ ဆွဲချိတ်ဖွဲ့ချည်အပ်သော စက်ဆုပ်ဖွယ် မြွေကောင်ပုတ် ခွေးကောင်ပုတ်ကို ချမ်းသာစွာ

http://www.dhammadownload.con



ဖြေချွတ်၍၊ လွတ်လပ်စွာ သွားသော လုလင်ပျိုကဲ့သို့- ငါသည်လည်း မျိုးမည်များစွာ အပုပ်အသိုး စုဝေးရာ ကျင်ကြီးကျင်ငယ် အတိပြည့်သော၊ ဤကိုယ်ကောင်ပုပ်ကို ငဲ့ကွက်လိုလားခြင်းမရှိမူ၍၊ စွန့်လွှတ်၍၊ သွားရပါမူကား ကောင်းလေရာ၏။

၁၃။ ဥပမာ- အမျိုးသား အမျိုးသမီးတို့သည် ကျင်ကြီးကျင်ငယ် အပုပ်အသိုးတို့ဖြင့် စုဝေးရာ၊ ဤကိုယ်ကောင်ပုပ်ကို စွန့်လွှတ်၍၊ သွားရပါမူကား ကောင်းလေရာ၏။

၁၄။ ဥပမာ- လှေရှင်တို့သည် ယိုယွင်းဆွေးမြေ့ ကွဲပျက်သော လှေကို လိုလားငဲ့ကွက်ခြင်းမရှိဘဲ စွန့်၍၊ သွားကြဘိသကဲ့သို့၊ ငါသည် အမြဲမပြတ် ယိုစီးသော ကျင်ကြီးကျင်ငယ်, မျက်ဝတ်, မျက်ချေး, နှပ်, တံတွေး စသည်များစွာ။ ကိုးပေါက် ဒွါရမှ ယိုစီးပျို့လျှံ အံ၍ထွက်သော၊ ဤကိုယ်ကောင်ပုပ်ကို စွန့်ပစ်၍ သွားရပါမူ ကောင်းလေရာ၏။

၁၅။ ဥပမာ- ခိုးသူများနှင့်အတူ ခရီးသွား မှားသော ဥစ္စာရှင်သည်၊ ခိုးယူမည့်ဘေးမှ ကြောက်လျက်၊ ခိုးသူကို စွန့်လမ်းခွဲသွား၏သို့ ဤကိုယ်ကောင်ပုပ်ကြီးသည် ခိုးသူ

http://www.dhammadownload.con



နှင့်တူလေစွ၊ သဒ္ဓါ၊သီလ စသောသူတော်ဥစ္စာ ဆုတ်ယုတ်လုယက်အံ့သော၊ ဘေးမှ ကြောက်သည်ဖြစ်၍၊ ဤကိုယ်ကောင်ပုပ်ကို စွန့်ပယ်၍၊ အမြိုက်နိဗ္ဗာန်သို့ သွားရပါမူကား ကောင်းလေရာ၏။

၁၆။ ဝိသုဒ္ဓိမဂ်မှလည်း = ငတ်မွတ်ဆာလောင် နှိပ်စက်သူသည် အဖျော် ဘောဇဉ်စသည် တောင့်တဘိကဲ့သို့၊ ဝဋ်သံသရာခန္ဓာ ငတ်မွတ်ခြင်း တောင့်တသည်ဖြစ်၍၊ အမြိုက်နိဗ္ဗာန်ကို ရှာမှီး တောင့်တပေတော့၏။

၁၇။ ရေငတ်သူသည် အဖျော်စသော အရည်ကို တောင့်တဘိသကဲ့သို့၊ ဝဋ်ဒုက္ခ ခန္ဓာစဉ် သံသရာအလျဉ် ရေငတ်မွတ်သည်ဖြစ်၍၊ အရိယာမဂ် အဖျော်ကို ရှာမှီးတောင့်တပေ၏။

၁၈။ အချမ်းဖြင့် နှိပ်စက်သူ အပူကိုလည်းကောင်း၊ အပူဖြင့် နှိပ်စက်သူ အအေးကိုလည်းကောင်း၊ တောင့်တဘိသကဲ့သို့၊ ဝဋ်ဒုက္ခ ခန္ဓာ ပြင်းစွာ ပူလောင်သူသည် ငြိမ်းအေးရာ နိဗ္ဗာန်ကို ရှာမှီးတောင့်တလိုလား၏။

၁၉။ အမှောင်ဖြင့် နှိပ်စက်ခံရသူသည် အလင်းကို လိုလားတောင့်တဘိသကဲ့သို့၊ အဝိဇ္ဇာအမှောင် ဒုက္ခဖြင့် နှိပ်စက်ခံရသော ငါသည်၊ နိဗ္ဗာန်အလင်းကို လိုလားတောင့်တ ရှာမှီးပေတော့အံ့-

http://www.dhammadownload.con



## သံသရာခန္ဓာ ဤမှာ ဘက်ကမ်းမှ - ဟိုမှာ ဘက်ကမ်း နိဗ္ဗာန်သို့ ကူးသန်းနည်း။

ရဟန်းတို့သည် ခန္ဓာငါးပါးတို့ကို ရဲရဲညီညီ ဇာတိစသည် (၁၁) မီး လောင်မြိုက်၏ဟု ရှုမြင်သော ရဟန်းသည်၊ အရိယာမဂ် အားလျော်သော ဝိပဿနာဉာဏ်ကိုရ၏။ ဇာတိစသည့် (၁၁) မီး ငြိမ်းအေးကြောင်း မြတ်နိဗ္ဗာန်ကို ရှုမြင်သော ရဟန်းသည်၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော အရိယာ မဂ်ဉာဏ်သို့ သက်ဝင်၏ဟု မိန့်တော်မူ၏။

(ခု- ၉- ၄၁၃ စတ္တာလီသခ်ေျ ပကာသိတံဒဠ္ဍံ)။

ဘာရဒါနံ ဒုခံ လောကေ၊
ဘာရနိက္ခေပနံ သုခံ။ (သံ - ၂- ၂၂ )

လောကေ- လောက၌၊ ဘာရဒါနံ- ခန္ဓာဝန်ကို ယူရခြင်းသည်၊ ဒုက္ခံ- ဆင်းရဲလှ၏။ ဘာရနိက္ခေပနံ- ခန္ဓာဝန်ကို ချထားရ ခြင်းသည်၊ သုခံ- ချမ်းသာပေစွ။

နတ္ထိ ခန္ဓသမာ ဒုက္ခာ။
နတ္ထိ သန္တိပရံ သုခံ။ (ဓမ္မပဒ - ၄၇)

http://www.dhammadownload.con



ခန္ဓာသမာ - ခန္ဓာ နှင့် တူသော၊ ဒုက္ခာ-ဆင်းရဲမည်သည်၊ နတ္ထိ- မရှိ။

သန္တိပရံ - နိဗ္ဗာန်ထက်လွန်ကဲသော။ သုခံ- ချမ်းသာမည်သည်၊ နတ္ထိ - မရှိ။

**ဥပ္ပါဒေါ သင်္ခါရာ၊**

**အနုပ္ပါဒေါ နိဗ္ဗာနံ။** (ခု-၉-၅၈)

**ဥပ္ပါဒေါ ဒုက္ခံ၊**

**အနုပ္ပါဒေါ နိဗ္ဗာနံ။**

သင်္ခါရာ- စိတ်, စေတသိက်, ရုပ်သည်၊ ဥပ္ပါဒေါ- ဖြစ်တရားတည်း။

နိဗ္ဗာနံ - နိဗ္ဗာန်သည်၊ အနုပ္ပါဒေါ- မဖြစ်တရားတည်း။

ဥပ္ပါဒေါ- ဖြစ်တရားသည်၊ ဒုက္ခံ- ဒုက္ခတည်း။

အနုပ္ပါဒေါ- မဖြစ်တရားသည်၊ နိဗ္ဗာနံ- နိဗ္ဗာန်တည်း။

**ဩရိမံ တီရံ သာသင်္ကံ သပ္ပဋိဘယံ။**

**ပါရိမံတီရံ ခေမံ အပ္ပဋိဘယံ။** (သံ - ၂-၃၈၃)

ဩရိမံတီရံ - ခန္ဓာသံသရာ ဤမှာဘက်ကမ်းသည်၊ သာသင်္ကံ- ရွံရှာဖွယ်ရှိ၏၊ သပ္ပဋိဘယံ - ဘေးဘျမ်းများလှ၏။ပါရိမံတီရံ- ထိုမှာ ဘက်ကမ်း နိဗ္ဗာန်သည်၊ ခေမံ - ဘေးကင်း၏။ အပ္ပဋိဘယံ - ဘေးဘျမ်းမရှိပေ။

**ဒုက္ခေ ဝိဇ္ဇန္တေ သုခံနာမ ဝိဇ္ဇတိ။** (နိ- ၃၄)

http://www.dhammadownload.con



ဒုက္ခေ- ဒုက္ခသည်၊ ဝိဇ္ဇန္တေ- ထင်ရှားရှိသော်၊ သုခံနာမ- ချမ်းသာမည်သည်၊ ဝိဇ္ဇတိ -ရှိရာ၏။

**ဩရိမံတီရံဝိယ သက္ကာယော။**

**ပါရိမံတီရံဝိယ နိဗ္ဗာနံ။** (အံ၄ ၂ ၃၅၃)

သက္ကာယော - ဉပါဒါန်အာရုံ ခန္ဓာငါးပါးကို၊ ဩရိမံတီရံ ဝိယ- ဤမှာဘက်ကမ်းကဲ့သို့၊ နိဗ္ဗာနံ - နိဗ္ဗာန်ကို၊ ပါရိမံတီရံ ဝိယ- ထိုမှာ ဘက်ကမ်းသို့၊ ဒဋ္ဌဗ္ဗံ - ရှုအပ်၏။

ဤသို့ -နည်းမှီ အာရုံပြု နှလုံးသွင်းရှုဆင်ခြင်မှု ကြိမ်ဖန်များစွာ လေ့ကျင့်အားထုတ်ကြရပေမည်။

## အရှင်သာရိပုတြာ နှင့် အရှင်အနုရုဒ္ဓါ

၁၃၃၈ ခု၊ နတ်တော်လဆန်း (၄) ရက်

အရှင်အနုရုဒ္ဓါသည် ရှေးဦးကပင် သမာပတ် ရှစ်ပါးလည်းရ၊ လောကဓါတ် တစ်ထောင်ကိုလည်း လွယ်ကူစွာ မြင်ရသည်။ သို့ပေမဲ့ နိဗ္ဗာနဓါတ်ကို မသိမမြင်ရချေသောကြောင့် အရှင်သာရိပုတြာထံ ချဉ်းကပ် တောင်းပန်လေလျှင်-

http://www.dhammadownload.con



အရှင်ဘုရား အနုရုဒ္ဓါ တပည့်တော်တောင်းပန်ပါ၏။ သုံးပါးသော တရားကိုပယ်၍၊ နှလုံးမသွင်းပဲ နိဗ္ဗာနဓာတ်သို့ စိတ် စေလွှတ်စေချင်ပါသည်ဟု နိဗ္ဗာန် စိတ်လွှတ်နည်း ကမ္မဋ္ဌာန်း ပေးတော်မူပါသည်။

၁။ မာန= ဉာဏ်အမြင်ထက်လွန်းသည်ဟု အထင်ကြီးခြင်း။

၂။ ဥဒ္ဓစ္စ= ဝီရိယလွန်ပြီး နိဗ္ဗာန်မထင်လေခြင်းဟု ပြန့်လွင့်ခြင်း။

၃။ ကုက္ကုစ္စ = အလိုလိုဖြစ်ပူပန်ခြင်း။

ထိုတရားသုံးပါးနှလုံးမသွင်းပဲ နိဗ္ဗာန်အာရုံ စိတ်အကြံစေလွှတ်ပါဟု မိန့်တော်မူ၏။

❖ ❖ ❖

http://www.dhammadownload.con



## ဝိပဿနာ စိတ်အစဉ်ရပ် နိဗ္ဗာန်စိတ် အစဉ်ထင်မှာပ်ပါ။
( မ-၂၊ ၉၉/အံ-၃၊ ၅၂၅ )
၁၃၃၈ - ခု နတ်တော်လဆန်း (၄) ရက်ရေး။

တောမမွေ-ထိုခန္ဓာငါးပါးနာမ်ရုပ်တရားတို့ကို -

၁။ အနိစ္စတော = မမြဲသောအားဖြင့်။
၂။ ဒုက္ခတော = အချည်းနှီးစက်ဆုပ်ဖွယ်အားဖြင့်။
၃။ ရောဂတော= အနာ နှင့် တူသောအားဖြင့်။
၄။ ဂဏ္ဍတော = အိုင်အမာအနာ နှင့် တူသော အားဖြင့်။
၅။ သလ္လတော = ဆူးငြောင့် နှင့် တူသောအားဖြင့်။
၆။ အဃတော = ဆင်းရဲသောအားဖြင့်။
၇။ အာဗာဓတော = ထိုးကျင့်နှိပ်စက်အပ်သော ဖျားနာစသည် နှင့် တူသောအားဖြင့်။
၈။ ပရတော = ကိုယ်မပိုင် စိုးမရ ပြင်ပသူစိမ်း နှင့် တူသော အားဖြင့်။
၉။ ပလောကတော = ပျက်စီးတတ်သောအားဖြင့်။
၁၀။ သုညတော = ကင်းဆိတ်သော အားဖြင့်။
၁၁။ အနတ္တတော = အတ္တကိုယ်မဟုတ်သော အားဖြင့် သမနုပဿတိ ရှု၏။ (၎င်း နိသျ-၁၀၄/၅)

သောတေဟိမွေဟိ စိတ္တံ ပဋိဝါပေတိ။

http://www.dhammadownload.con



**သောတေဟိမေမွဟိ စိတ္တံ ပဋိဝါပေတွာ အမတာယ ဓါတုယာစိတ္တံ ဥပသံ ဟာရတိ။ (မ - ၂- ၉၉)**

သော- ထိုရဟန်းသည်၊ တေဟိဓမ္မေဟိ- ထိုခန္ဓာနာမ်ရုပ်တို့၊ စိတ္တံ- ဝိပဿနာ ရှုဆင်ခြင်သော စိတ်ကို၊ ပဋိဝါပေတိ- ပယ်ခွာစေ၏။ ပဋိဝါပေတွာ- ပယ်ခွာစေပြီး၍၊ အမတာယဓါတုယာ- အမြိုက်နိဗ္ဗာန်ဓါတ်သို့၊ စိတ္တံ- စိတ်ကို၊ ဥပသံဟာရတိ- ရှေးရှုဆောင်ရ၏။

**မဂ္ဂစိတ္တံ နိဗ္ဗာနံ အာရမ္မဏကရဝသေနေဝ၊**
**တေသန္တံ တေပဏီတန္တိ နဇဝံ ဝဒေတိ။**
(မ - ၂-၄-၁၀၂/၃)

## ၄၄။ မဟာပုရိသဝိတက်

ယောက်ျားမြတ်တို့ ကြံစီတော်မူကြသည်မှာ-
မဂ်ဖိုလ် နိဗ္ဗာန် တရားမြတ်သည်။

၁။ အလိုနည်းသူ အားသာ ဖြစ်၍ အလိုကြီးသူများ မဖြစ်နိုင်။
၂။ ရောင့်ရဲလွယ်သူ အားသာ ဖြစ်၍ မရောင့်ရဲနိုင်သူများ မဖြစ်နိုင်။
၃။ ဆိတ်ငြိမ်မှု ရှိသူမှာသာ ပြည့်စုံ၏။ မရှိသူများ မပြည့်စုံနိုင်။

http://www.dhammadownload.com


၄။ လုံ့လရှိသူမှာသာ ပြည့်စုံ၏၊ မရှိသူမှာ မပြည့်စုံနိုင်။
၅။ သတိထင်သူမှသာ ပြည့်စုံ၏၊ မထင်သူမှာ မပြည့်စုံနိုင်။
၆။ တည်ကြည်သည့်စိတ်ရှိသူမှာသာ ပြည့်စုံ၏၊ မတည်ကြည်သူများ မပြည့်စုံ။
၇။ ပညာဖြင့်ရှုမြင်သူမှာ ပြည့်စုံ၏၊ မရှုသူများ မပြည့်စုံ။
သာဝကတို့သည် ဤခုနှစ်ခုမျှသာ ဆင်ခြင်နိုင်ကြကုန်၊ ရှေးဆက်၍ သာဝကတို့ ဓမ္မတာ သဘောသည်၊ မဆင်ခြင်နိုင်ကြကုန်။ သာဝကတို့သည် ဆင်ခြင်ရန် ဝန်လေးမြဲ ပင်ပန်းမြဲ ဓမ္မတာပင်။

ထိုအခါ မြတ်စွာဘုရား ကြွလာတော်မူ၍ ရှစ်ခုမြောက် ကြံဦးလော့ဟု မိန့်တော်မူ၏။

နိဗ္ဗာန်အာရုံ ယူသောသူအားသာ ပြည့်စုံနိုင်၏။
မယူသူအား မပြည့်စုံနိုင်ဟု မိန့်တော်မူ၏။
နိဗ္ဗာန်အာရုံပြု ကမ္မဋ္ဌာန်း ဘုရားရှင်ပေးတော်မူခြင်းပင်။
အရှင်သာရိပုတြာ မထေရ်မြတ်သည်လည်း-အရှင်အနုရုဒ္ဓါအား မာန, ဥဒ္ဓစ္စ, ကုက္ကုစ္စ တရားသုံးပါးပယ်၊ တရားသုံးပါး နှလုံးမသွင်းပဲ။
နိဗ္ဗာန်အာရုံပြု ကမ္မဋ္ဌာန်းညွှန်ပြတော်မူ၏။
ထို့ကြောင့်- နိဗ္ဗာန်အာရုံပြု ကမ္မဋ္ဌာန်းယူကြရပေမည်။

http://www.dhammadownload.con


၅၅။ **နုတ်ဖြင့်လေ့ကျက် စိတ်ဖြင့်ကပ်၍ ဉာဏ်အမြင် ထိုးထွင်းသိမြင်ရမည့် အချက်များမှာ –**

တုလမတုလဉ္စ သမ္ဘဝံ။ (ဒီ-၃)
ဓမ္မသခ်တမပ္ပဋိကူလံ။ (ဝိမာန- ၇၆)
တောယ ဒုက္ခနိရောဓံ ဂစ္ဆတိ။
အာရမ္မဏာဝသေနေဝ။ (ဝိသုဒ္ဓိမဂ် - ၂-၁၂၆)

အတုလဉ္စ- မနှိုင်းယှဉ်အပ်ပြား၊ နိဗ္ဗာန်တရားကိုလည်းကောင်း။ သမ္ဘဝဉ္စ-အဖန်ဖန်ဖြစ်ပွား ဘဝသုံးပါး၊ ခန္ဓာတရားကိုငင်း။ တုလံ တုလန္တော-ခန္ဓာငါးဝ သခါရကား၊ အနိစ္စသာ မှန်လှစွာ၏။ ခန္ဓာငါးတန်-ချုပ်ရာမှန်သည့် နိဗ္ဗာန်မည်ပြား၊ ဤတရားမူ ပျက်ပြားမရှိ မြတ်လှဘိဟု နှိုင်းယှဉ်သုံးသပ်ပညာရပ်ဖြင့် ဆုံးဖြတ်တော်မူပါပေသည်တကား။

အသခ်တဉ္စ- ဖြစ်ပျက်လည်း မရှိထသော၊ အပ္ပ ဋိကူလဉ္စ- စက်ဆုပ်ဖွယ်လည်း မရှိထသော၊အဇာတိဉ္စ-ဘဝသုံးရပ်အဆုံးသတ်၍ ထပ်မျှတစ်ဖန် စပ်ရပြန်သော သန္ဓေကင်းကုန် ဇာတိလည်း မြုံထသော။ အဇရံစ- မယို

http://www.dhammadownload.con


မယွင်း နဂိုရ်ရင်းပင်၊ အိုမင်းခြင်းလည်း မရှိထသော။ အမတဋ္ဌ-ဘယ်ခါသမယ ဘယ်ကာလမှ အိုရချည်သေး နာရချည်းသေး နှင့် ဘယ်ဘေးဘယ်ဒဏ် ခံရဦးအံ့၊ မထိတ်လန့်ရဘဲ နိဗ္ဗာန် တရထည် အမြဲတည်လျက် မဖိမသွေ့ အရှည်နေရသဖြင့်၊ စုတေပြတ်ကြွေ သေလွန်ခြင်းလည်း မရှိထသော။ ဒုက္ခနိရောခံ-ဒုက္ခခပ်သိမ်း ငြိမ်းစဲရာ ငြိမ်းစဲကြောင်းဖြစ်သော။ ဓမ္မံ - နိဗ္ဗာန် မည်ငြား၊ မြတ်တရားကို၊ ဧတာယ- ဤမဂ်ဉာဏ်ဖြင့်၊ အာရမ္မဏ ဝသေန- အာရုံပြုသည်၏ အစွမ်းဖြင့်။ဂစ္ဆတိ- ဉာဏ်အမြင် ပေါက် အသိကြီး သိရောက်ပါပေတော့သည်တကား။

သင်္ခတံ - ဖြစ်ခြင်း ပျက်ခြင်းလည်းရှိထသော၊ ပဋိကူလ်-စက်ဆုပ်ဖွယ်လည်းရှိထသော။ ဇာတိ- ဘဝသုံးရပ် အဆုံး မသတ်ဘဲ ထပ်မျှတစ်ဖန် စပ်ရပြန်သော ပဋိသန္ဓေ နေခြင်းလည်း ရှိထသော။ ဇရံ- ယိုယိုယွင်းယွင်း နဂိုရ်ရင်းမတည် အိုမင်းမှည့် ပြီးလည်းဖြစ်ထသော။ မတံ- ဘယ်ခါသမယ ဘယ်ကာလမှ အိုရ ချည်သေး၊ နာရချည်းသေး၊ ဘယ်ဘေး ဘယ်ဒဏ်ခံရဦးအံ့ ထိပ်လန့်ကြောက်ရသည်နှင့် အမြဲမတည်၊ ဖိဖိသွေ့သွေ့ အရှည် မနေ စုတေပြတ်ကြွေ သေလွန်ခြင်းလည်း ရှိထသော။ သမ္ဘ ဝေါစ- ဖန်ဖန် ဖြစ်ပွား၊ ဘဝသုံးပါး ခန္ဓာတရားသည်ကား။

http://www.dhammadownload.con



ဟောတိ ဟောန္တိ- ဖြဟ္မာလူနတ် အရပ်ရပ်ဖြစ်ပွား မုချနေကြရ ပါကုန်သည်တကား။ ( အရကျက် နှလုံးသွင်း )

**စောရနဂရံဝိယ သက္ကာယော၊ (အံ့ဋ္ဌ - ပဉ္စက-၁၃၂)**

**ခေမနဂရံဝိယ နိဗ္ဗာနံ၊**

**မဟာယောဓေါဝိယ ယောဂါဝစရော။**

သက္ကါယော- စွဲလမ်းသိမ်းပိုက်ဖွယ် ခန္ဓာတရား ဤငါးပါး ကို၊ စောရနဂရံဝိယ- ခိုးသူများစွာ ကိလေသာတို့ လုကာတိုက် ဖျက် မြို့ပြင်ပျက်ကဲ့သို့။ နိဗ္ဗာနံ- ခန္ဓာဇာတ်သိမ်း ငြိမ်းအေး အမှန်၊ မြတ်နိဗ္ဗာန်ကို၊ ခေမနဂရံဝိယ-ဘေးရန်ခပ်သိမ်း၊ ငြိမ်း အေးသည်သာ၊ ရွှေပြည်မှာသို့။ ယောဂါဝစရာ- ယောဂီသူမွန် ပညာဝန်ကို၊ မဟာယောဓေါဝိယ-ခိုးသူများစွာ ကိလေသာကို ပယ်ခွာနှိပ်စက် တိုက်ဖျက်တွန်းလှန်သည့် စစ်ဗိုလ်ကြီးကဲ့သို့။ ဒဋ္ဌဗ္ဗော- ရှုအပ်၏။

http://www.dhammadownload.con



## ၅၆။ သူတော်မြတ်တို့ အမြတ်ဆုံး နှလုံးသွင်းအပ်ကြသည်မှာ

မြတ်စွာဘုရား၊ ထိုထိုဤဤ၊ စဉ်းစား စိတ်ကူးနေမည့် အစား၊ အဘယ်သို့ စိတ်ကူးစဉ်းစား၊ နှလုံးသွင်းနေပါက အမှန်မြတ်ဆုံး ဖြစ်ပါသနည်းဘုရား။

ညီချစ်အာနန္ဒာ ဤလောက၌ ခန္ဓာငါးပါး ဝဋ်ဒုက္ခ အစဉ်သံသရာအလျှင်တို့၏ မဖြစ်ရာ၊ ငြိမ်းအေးရာ၊ ငြိမ်းအေးကြောင်း မဂ်ဖိုလ်အာရုံဖြစ်သည့်၊ မြတ်နိဗ္ဗာန်အာရုံပြု နှလုံးသွင်း အောက်မေ့ စဉ်းစား စိတ်ကူးနေခြင်းသည် အမြတ်ဆုံးဟု မိန့်တော်မူ၏။

သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ
တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။

(အံ့-၃-ကောဒသက- မနသိကာရသုတ်) (စာ-၂၅၂)

သမထဘာဝနာ၌၊ ဥပသမာနုဿတိကမ္မဋ္ဌာန်း။ နိဗ္ဗာန် ၏ ရာဂ- စသော တရားတို့ ငြိမ်းအေးရာ၊ငြိမ်းအေးကြောင်း အဖန်တလဲလဲ နှလုံးသွင်းလေ့ကျင့်ပွားများထားပါလျှင်. . . ။

ဝိပဿနာဘာဝနာ၌ - သင်္ခါရုပေက္ခာဉာဏ်။ ဖြစ်ပျက်နှင့် မဖြစ်မပျက် ဆန့်ကျင်ဘက် ထောက်ဆတင်ကူး အာရုံပြုနှလုံး

http://www.dhammadownload.con



သွင်း၊ လေ့ကျင့်ပွားများ အားထုတ်သောအခါ များစွာအထောက် အကူ အာသေဝနပစ္စည်း ရရှိလေသည်။

အဘယ်ကို စိတ်ကူးနေသည်နည်း - ဟု ဗုဒ္ဓမြတ်စွာ မေးလေလျှင်-

ဥဒါယိသည် - ရွှေ့ပြောင်း နှောင်းဖြစ် အာရုံစိတ်ရောက် နေပါသည် ဘုရားဟုဖြေ၏။

အာနန္ဒာ - ဥဒါယိသည် ဤအဖြေ ဖြေဆိုသဖြင့် ဝိပဿနာ ဘာဝနာ မပွားများသည်မှာ သေချာ၏ဟု ဗုဒ္ဓမြတ်စွာ မိန့်တော် မူ၏။

ထိုထို ဤဤ စိတ်ကူးလျှင်
ဝိပဿနာမှ လွတ်နေပေပြီ။

❀ ❀ ❀

http://www.dhammadownload.con


## ၄၇။ သုပ္ပဝါသမင်းသမီး မမာနည်းယူခရာ

သုပ္ပဝါသ မင်းသမီးသည် ရှင်သီဝလိသားလျာ သန္ဓေ ခုနှစ်နှစ် ခုနှစ်လ၊ ခုနှစ်ရက် လွယ်ထားရ၏။

ယောက်ျားဖောင်စီး၊ မိန်းမမီးနေ-ဆိုသည့်အတိုင်း ဖွားမြင်ခါနီး မချိတင်ကဲ အလွန်ဆင်းရဲ နာကျည်းစွာရှိခိုက်၊ နိဗ္ဗာန်သို့ ဤသို့ အာရုံပြုလျက် ချောမောစွာ ဖွားသန့်စင်၏။

ငါ၏ ခန္ဓာမှာသာ၊ ဤသို့ဆင်းရဲခြင်းသဘောမည်သည် စင်စစ်ရှိ၏။ နိဗ္ဗာန်၌ကားမရှိ၊ ထိုနိဗ္ဗာန်သည် ဩော်- ချမ်းသာ စွာတကား။

**သုသုခံ ဝတ တံနိဗ္ဗာနံ ယတ္ထယိဒံ၊**

**ဧဝရူပံ ဒုက္ခံနာမ နသံဝိဇ္ဇတိ။**

ယတ္ထ- အကြင်နိဗ္ဗာန်၌၊ ဧဝရူပံ-ဤသို့သဘောရှိသော၊ ဣဒံဒုက္ခံနာမ-ဤဆင်းရဲဒုက္ခမျိုး မည်သည်၊ နသံဝိဇ္ဇတိ- မရှိ ကောန် အမှန်ပင်၊ တံနိဗ္ဗာနံ-အရိယာဇာတ် ထိုသူမြတ်တို့ သိမြင်အပ်သော၊ ထိုနိဗ္ဗာနဓာတ် တရားထူး တရားမြတ်သည်၊ ဝတ- အဘယ်အရာနှင့်မှ မနှိုင်းယှဉ်နိုင် စင်စစ်ကောန်၊ သုသုခံ- ဩော် - အချမ်းသာကြီး ချမ်းသာပေစွတကား။

http://www.dhammadownload.con


မှတ်ချက်။ ။ မိခင်လောင်းသည်လည်းကောင်း၊ သူနာပြု ဆရာမသည်လည်းကောင်း၊ နိဗ္ဗာန်အာရုံပြု နည်း အထူးလေ့ကျင့်ထားသင့်၏။

သို့မှသာ သားသမီးရတနာကောင်း ထွန်းကားဘို့ သေချာ၏။ ချမ်းသာချောမော ဖွားသန့်စင်နည်းကောင်းလည်း ဖြစ်၏။ အမေလေး ဘာလေးနဲ့ဆိုက၊ အကုသိုလ်ဒေါသဇော ဖြစ်နေလျှင် အဘယ်မှာလျှင် သားကောင်းဖြစ်နိုင်အံ့နည်း၊ ဖြစ်လာအောင် အတော်ကျိုးစားရပေမည်။

## ၄၈။ အကုသိုလ် စေတနာသတ္တိများ

နွားသတ်ယောက်ျားသည် နေ့စဉ် နွားသတ် အသက်မွေးမြူ၏။ နေ့စဉ် အမဲဟင်းလျှာဖြင့် ထမင်းစားသုံး၏။ တစ်နေ့သော် ချက်ပြုတ်ရန်ပေးခဲ့သည့် အမဲဟင်းလျှာ ဈေးကောင်းရ၍၊ ဇနီးသည် ရောင်းချလိုက်လေသည်။ ထိုနေ့ထမင်းပွဲ အမဲဟင်းလျှာ မပါရကောင်းလားဟု ခိုက်ရန်ဒေါသ ပြင်းပြကြ၏။ နွားခြံတွင်းရှိ အရှင်လတ်လတ် နွား၏ လျှာဖြတ် ချက်ပြုတ်စားသောက်လေလျှင်၊ နွားသတ်လုလင်သည် လျှာအတစ်လိုက်

http://www.dhammadownload.con



အတစ်လိုက် ပျက်ကျကာ (၇) ရက်ပတ်လုံး နွားလိုအော်- အော်ပြီး သေပွဲဝင် ငရဲကျရှာလေတော့သည်။

ဇေတဝန်ကျောင်းတော်နှင့် မလှမ်းမကမ်း ဝက်ထိုးသမားလည်း၊ ဤအတူပင် (၇) ရက်ပတ်လုံး ဝက်အော်- အော်ပြီး သေပွဲဝင်ရလေသည်။

တောလိုက်မုဆိုးလည်း၊ ခွေးတစ်အုပ်နှင့် တောလိုက်အထွက်၊ ရဟန်းဦးပြည်း၊ အယုတ်ကောင်မြင်၊ နိမိတ်မကောင်းသားကောင်၊ ယနေ့ရမည်မဟုတ်ဟု ရဟန်းအား ခွေးများရှူးတိုက် လိုက်ကိုက်စေရာ၊ ရဟန်းလည်းကြံရာမရ နီးရာသစ်ပင်အထက်၊ သစ်ကိုင်းပေါ်ရောက်လျှင်၊ ခွေးများကလည်းစားကမန်း ဝါးကမန်း၊ မုဆိုးကလည်း ရဟန်းခြေတွဲလဲ စူးဖြင့်အတင်းထိုးဆွရာ၊ ကြောက်ကြောက်လန့်လန့် တုံတုံရီရီရှိခိုက်၊ ကိုယ်ရုံ သင်္ကန်းပြုတ်အကျ၊ သစ်ပင်အောက်ကမုဆိုး သင်္ကန်းက အပေါ်မှ ကျခြုံရုံ အုပ်မိလေလျှင်၊ ရဟန်းကျလာပြီ အထင်နှင့် မုဆိုးအား ခွေးများဝိုင်းကိုက် သေပွဲဝင် ငရဲကျ ရှာလေသည်။

ဒေဝဒတ်အလောင်း မုဆိုးလည်း နန္ဒိယမည်တွင် မျောက်ညီနောင်က မျက်မမြင် မိအိုဖအိုများ မသတ်ပါနှင့် သူသတ် ငါ့သတ်ပါဟု တောင်းပန်ပေမဲ့၊ ညီနောင်ကိုလည်းသတ်၊ မျက်မမြင် မိအိုဖအိုကိုလည်းသတ်၊ ထမ်းပိုးပြန်အိမ်ရောက်လေလျှင်၊ အိမ်အမိုးထုတ်တန်း ပြုတ်ကျ ဦးခေါင်းကွဲ

http://www.dhammadownload.con


ငရဲမှမီးလျှံ မြေကိုခွဲထွက် မုဆိုးယုတ်အား မြေမျို ငရဲကျရ ရှာလေ သည်။

ထိုသို့ဖြစ်ရခြင်းသည် အကုသိုလ်စေတနာ ဆိုးဆိုးဝါးဝါး ဓာတ်သားသဘာဝ စုစည်းဖြစ်လာခြင်းကြောင့် ဖြစ်ရလေသည်။

ဝိပဿနာပညာ ရှုဆင်ခြင် နှလုံးသွင်းပွားများရာတွင် မိမိ သန္တာန် ဖြစ်ပျက်နေသော သဘောသဘာဝကို ထင်မြင် အောင် ဉာဏ်အမြင်ဖြင့်၊ ရှုဆင်ခြင် နှလုံးသွင်း အောက်မေ့ ရာသည်။ တစ်ခုသော ဓာတ်သားသဘာဝ ရှုမိလျှင် ကျန် ဓာတ်သား သဘာဝများလည်း၊ ဤအတိုင်းပင် ဖြစ်ပျက် နေကြပေသည်ဟု ဆင်ခြင်ရသည်။

## ၄၉။ မောဟ နှင့် ဒေါသသတ္တိ

မောဟဟူသည်မှာ မြို့၏ တံခါးများ ပိတ်ပြီး၊ တံခါးကျည်မင်းတုံး ချထားချေက၊ မြို့တွင်း မြို့ပြင် အသွား အလာ လူများပြတ် ကုန်၏သို့ အကြင်သူ၏ ဉာဏ် တံခါးဝ၌၊ အဝိဇ္ဇာမောဟ မင်းတုံး ချထားပိတ်မိလျှင်၊ ထိုသူခပ်သိမ်း ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေ သည့် ပညာဉာဏ်အသွား လုံးဝပြတ်တောက် ချေသောကြောင့်

http://www.dhammadownload.con



အဝိဇ္ဇာ- မောဟကို မင်းတုံးဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူ၏။

(အဝိဇ္ဇာလင်္ကာ)

ဒေါသ (ဖါးပွ) ဟူသည်မှာ-ပင်ကိုယ်ကကြီးလှသည် မဟုတ် လက်သဲခွံမျှရှိ၏။ သစ်ရွက်ဟောင်း ချုံနွယ်များ အကြား နေလေ့ရှိ၏။ ဒုတ်ဖြင့်ဖြစ်စေ၊ နွယ်ဖြင့်ဖြစ်စေ၊ မြေမှုန်ဖြင့် ဖြစ်စေ၊ ထိမိ ခိုက်မိလျှင် ဒေါသအမျက် ဟုန်းဟုန်း ထွက်ကာ၊ တဖြည်းဖြည်း ကိုယ်ခန္ဓာကြီးပြင်းလာ၏။ ဘဲဥနှင့် တူစွာ ဝန်း ဝိုင်းလာ၏။ ဥသျှစ်သီးခန့်မျှ ကြီးလာ၏။ ခြေလေးဘက်မိုး မျှော်ကာ ပက်လက်လန်နေတတ်၏။ ထိုအခါ ဖါးပွသည် အသွားပြတ်လေတော့၏။ ကျီးငှက်စသော ရန်သူနိုင်ငံသို့ လိုက် ပါရတော့၏သို့ယမ်းပုံမီးကျ ဟုန်းဟုန်းထလျက် အမျက် ဒေါသ ရှောင်းရှောင်းထွက်မိချေက၊ ဖြစ်စမှာ စိတ်လက်မကြည် နောက် ကျူယုံမျှပင်၊ နှလုံးသွင်းကောင်းဖြင့် ဆင်ခြင်လျှင် လွယ်ကူစွာပင် ငြိမ်းစေနိုင်သေး၏။ မဆင်ခြင်နိုင်လျှင် မျက်နှာရှုံ့တွဲ့ မဲ့ရွဲ့ကြီး ထွားလာစေ၏။ ထိုအခိုက် ဆင်ခြင်နှိပ်ကွပ် မပြုမိလေလျှင်၊ ထို့ထက်ကြီးထွား သူတစ်ပါးဆဲရေး တိုင်းထွာဖို့ မေးတစ်လှုပ် လှုပ် ဖြစ်စေတော့၏။ ထိုအခိုက် မဆင်ခြင် မနှိပ်ကွပ်နိုင်လျှင် ဆဲရေးတိုင်းထွာ ကြမ်းတမ်းစကား ပြောကြားစေတော့၏။ ထိုအခိုက် မနှိပ်ကွပ် မဆင်ခြင်လျှင်၊ သူတစ်ဖက်သား အကူ အညီ ရှိ၊မရှိ သိအောင် ကြည့်ရှုခြင်းသို့ ရောက်စေတော့၏ ထိုအခိုက် ဆင်ခြင် နှိပ်ကွပ်မပြုနိုင်လျှင်၊ သူတစ်ဖက်သားအား

http://www.dhammadownload.con


ရိုက်ပုတ်ဖို့၊ ဆွဲငင်မှုပြုသော အခြေအနေသို့ ရောက်စေတော့၏။ ထိုစဉ် ဆင်ခြင် သတိမရရှိက ခဲ,ဒုတ်,လှံတန်,ဓါး,လက်နက်တို့ ကိုင်တွယ်သုံးသပ်ခြင်းသို့ ရောက်စေတော့၏။ ထိုခဏ မနှိပ်လျှင်၊ ဒုတ်ဖြင့်ရိုက်ခတ်၊ ခဲဖြင့်ပစ်ပေါက်၊ ဓါးလက်နက်ဖြင့် ခုတ်ဖြတ် သတ်ဖြတ်ခြင်း၊ ရာဇဝတ်သင့်လေတော့၏။ ထိုအခိုက် ဆင်ခြင် နှိပ်ကွပ်က တော်ပေသေး၏။မနှိပ်ကွပ်နိုင်ချေက မိမိသူ တစ်ပါး နှစ်ဦးသား သေပွဲဝင်ခြင်း အဆုံးလမ်း ရောက်ရချေတော့၏။

ဖါးပွသည် အခြေလေးချောင်း မိုးမျှော်ပက်လက် ဖြစ်ချေသော်၊ အသွားလုံးဝပြတ် ရန်သူအလို၊ ကျီးငှက်အစာ သို့ ရောက်ရသကဲ့သို့၊ ယမ်းပုံမီးကျ ဟုန်းဟုန်းထ အမျက်မာန်ပွား၊ ဒေါသတရား လွှမ်းမိုးခံရသော သူသည် ကမ္မဋ္ဌာန်း ဘာဝနာ တရားမပွားများ အားမထုတ်နိုင်တော့ပေ။ ဉာဏ်ပညာ အသွားလုံးဝ ပြတ်တောက်ရချေတော့၏။ ဒုက္ခခပ်သိမ်း ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ သွားရောက်စေတတ်သည့်၊ ဉာဏ်အသွား ပြတ်တောက်သွားလေသောကြောင့်၊ ဒေါသကို ဖါးပွဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူခဲ့၏။ (မ-၁-ဝမ္မိကသုတ်)။

(၂၈-၄-၉၆) ၁၃၅၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ နံနက်သင်ပြပြီး တနင်္လာနေ့ နံနက်ရေးသားသည်။

http://www.dhammadownload.con



## ၅၀။ အန္ဓဘာရလှုင် သဒ္ဓါစေတနာသတ္တိ

ထမင်းအတွက် အလွန်လျှင် ဝန်လေးသော လှင်ဖြစ်သောကြောင့်၊ ထိုသူဆင်းရဲကို အန္ဓဘာရလုင်ဟု ခေါ်သည်၊ လုင်သည် တောမှ အလုပ်လုပ်ရာက ပြန်ရောက်လျှင်၊ ဆာလောင်မွတ်သိပ်လှ၍ ဇနီးသည်အား မိမိအတွက်ဝေစု ဝေပုံထမင်းကျန်မကျန် မေးမြန်း၏။ အနည်းငယ်မျှ ကျန်ရှိ၍၊ ပေးလေလျှင် စားမည်ပြုစဉ်၊ နိရောဓသမာပတ်မှ ထလာသော ဥပရိဋ္ဌ မည်သော၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ဆွမ်းလာရပ်၏။ လှူဖွယ်လည်း မိမိအတွက် ဝေပုံကျရထား၏။ စေတနာကလည်း ရှေးကမလှူခဲ့၍၊ ယခုထမင်းအတွက် ဝန်လေးလှ၏။ မရှိ၍ မလှူ၊ မလှူ၍ မရှိ။ သဒ္ဓါရှိပေမဲ့ လှူဖွယ်မရှိ၊ လှူဖွယ်ရှိပေမယ့် အလှူခံမရှိ။ ယခုငါအား လှူဖွယ်လည်းရှိ၊ သဒ္ဓါလည်းရှိ။ အလှူခံလည်းရှိ၊ နောင်အရှည်သံသရာ ချမ်းသာစေအံ့ဟု နှလုံးသွင်း လောင်းလှူလိုက်၏။ နတ် ပြဟ္မာအပေါင်းဘဝင်မဆန့် ကောင်းချီးနှမော် သာဓုခေါ်ကြသည်။ ထိုသို့ သာဓုခေါ်ကြသည့်အထဲ၊ ထီးချက်စောင့် နတ်သမီးလည်း သာဓုခေါ်၏။ မင်းကြီးကြားလေလျှင် မေးမြန်းရာ၊ နတ်သမီးကအန္ဓဘာရ လုင် ဒါနအတွက် သာဓု ခေါ်ကြောင်းပြော၏။ ထိုသို့သော အကြောင်းကြောင့် ဗာရာဏသီပြဟ္မဒတ် မင်းကြီးက အန္ဓဘာရလုင်အား အိမ် မြေ နေရာပေးရာ မြေတူးဆွ

http://www.dhammadownload.con



ကြလျှင်၊ နေရာတိုင်းတွင် နခမ်းချင်း ထိစပ်လျက် မြေအဝန်းနှင့် အညီ ရတနာရွှေအိုးကြီးတို့သည် ပေါ်ထွက်လာကြကုန်၏။ မင်းကြီးအား ပြောကြားရာ မင်းမိန့်ဘဏ္ဍာအဖြစ် တူးကြသည်။ ရွှေအိုးကြီးတို့သည် တူးဆွတိုင်း တူးဆွတိုင်း တစ်ရွှေ့ရွှေ့နှင့် အောက်သို့သာ နစ်မြုပ်ကြကုန်၏။ မင်းကြီးအား အကြောင်းလျှောက်ကြားရာ အနွှဘာရလုင်အတွက် ဆိုပြီး တူးကြဟု မိန့်တော်မူမှ၊ မိန့်တော်မူသည့်အတိုင်း တူးကြလေလျှင် အလိုလိုတရွေ့ရွေ့နှင့် ရွှေအိုးကြီးတို့ ပေါ်လာကြကုန်၏။ လွယ်ကူစွာ တူးဖော်ရကြကုန်၏။ လုလင်အား - မဟာဓနသူဌေးဟု ချီးမြှောက်တော်မူ၏။ ငါတို့ မြတ်စွာဘုရားပွင့်သော်၊ မရှိစကားမကြားရသည့်၊ မရှိမုန့်စားရသည့်ကား ပိုမိုကောင်းသည်။ ထမင်းအိုးထဲမှ ထမင်းဖြစ်သည်ဟုဆိုသည့် အနုရူဒ္ဓါလုင်ဖြစ်လာလေသည်။

မိမိသဒ္ဓါ စေတနာကား မိမိအား အကျိုးပေးလေသည်။

http://www.dhammadownload.con



## ၅၁။ မဟာဘောဂသူဌေး သဒ္ဒါစေတနာသတ္တိ

မဟာဘောဂသူဌေးသည် နက္ခတ်လိမ္မာ ပုဏ္ဏား ဆရာ၏ ကြိုတင်တွက်ဆ အသိပေးမှုကြောင့်၊ ဒုဗ္ဘိက္ခန္တရကပ်-အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း၊ ဘေးကြီးမဆိုက်မီ၊ သုံးနှစ်ကြိုတင် လယ်ယာ မိုး မြေ၊ ဆန်ရေစပါး တိုးချဲ့ပြုလုပ် သိုမှီးခြင်းများစွာဖြင့်၊ မြေဒွိ တူးမြှုပ်ထားသည့်တိုင်၊ သိုမှီးထားလေသည်။ ကပ်ကြီးဆိုက်က နှစ်စဉ်နှစ်တိုင်း အစဉ်သဖြင့် စားသုံးလေက သိုမှီးထားသည့်၊ ကျည်ကျဘဏ္ဍာများသာမက အဆင့်ဆင့် စားသုံးကုန်ခမ်းလေ၏။ နောက်ဆုံး ဆန်တစ်ခွက်ချက်မျှ၊ မြေမှထုတ် ချက်ပြုတ်စီစဉ် စားမည်ပြုစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ဆွမ်းလာရပ်လေလျှင်၊ ငါတို့မိသားစုငါးဦး ယခုတစ်ခါ စားပြီးလျှင်လည်း စားစရာမရှိ၊ ငတ်မွတ်သည့်ဘေး သေကြရမည့် အရေးသာ ရှိတော့၏။ နောင်အရှည် သံသရာမှာသည် ဘေးမျိုးမှ လွတ်စေအံ့ဟု၊ စိတ်တူ စေတနာ သဒ္ဒါတူ လောင်းလှူလိုက်လေသည်။ မိသားစုများ ဆုအသီးသီး တောင်းကြလေသည်။ ထို့နောက် သူဌေးကြီးသည် ညနေချမ်းသို့ ရောက်လေလျှင်၊ ဆာလောင်မွတ်သိပ်လွန်း၍၊ သူဌေးကတော်ကြီးအားပြောပြရာ ရေဆေးပြီး မှောက်ထားသော ထမင်းအိုးသာ ရှိသည်ဟုပြောပြ၏။ ဆာလွန်းလှသည်ဟု ပြောလွန်းလှ၍၊ အိုးကို သွားကြည့်လေလျှင် ထမင်းအိုးအပြည့် ပကတိအတိုင်း တွေ့မြင်ရလေ၏။ မိသားစုငါးဦးသား စား၍မကုန်၊ ခူးခပ်ရာ

http://www.dhammadownload.con


မထင်၊ ထမင်းပြည့်မြဲ ပြည့်နေ၏။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ကျွေး၍လည်း မကုန်နိုင် ပြည့်မြဲပြည့်နေ၏။ ထိုနေ့မှာပင် - စပါးကျီ-၁၂၅၀ နှင့် အိုးစရည်းမှန်သမျှ ဆန်စပါး ပြည့်မြဲ ပကတိ အတိုင်း ပြည့်လျက်နေ၏။ ဇမ္ဗူဒိပ် တစ်ကျွန်းလုံး မျိုးရိက္ခာ ယူကြရာ ထိုဘောဂသူဌေးကို အမှီပြု၍ ချမ်းသာရာ ရကြ ကုန်၏။

ကုသိုလ်ကောင်းမှုတို့ မည်သည် ပြုသင့် ပြုထိုက်သော သဘောရှိပါပေကုန်စွ။

အလှူဒါနတို့ မည်သည် ပြုသင့် ပြုထိုက်သော သဘော ရှိပါပေစွတကား၊ ငါတို့ ဂေါတမမြတ်စွာဘုရား ပွင့်လေလျှင်၊ ဘောဂသူဌေးသည် မေဏ္ဍကသူဌေးကြီး ဖြစ်လာလေသည်။

ထိုသို့ဖြစ်လာရခြင်းသည် နတ်တို့၏ တန်ခိုးမဟုတ်၊ တန်ခိုး ရှင် ဖန်ဆင်းသောကြောင့်မဟုတ်၊ လှူဒါန်းခဲ့သည့် သဒ္ဓါ စေတနာ သတ္တိစွမ်းကြောင့် ဖြစ်ရပေသည်။

ဖြစ်ပျက်သဘောရှိသော သဒ္ဓါစေတနာ သတ္တိစွမ်းသည် အိုနာသေရေး၊ ဆင်းရဲဘေးကိုကား အစဉ်သဖြင့် မပယ်မဖျောက် နိုင်ပေ။

မဖြစ်မပျက် အစဉ်အမြဲ တည်ရှိသော နိဗ္ဗာန် ပရမတ် သည်ကား၊ အိုနာသေရေး ဆင်းရဲဘေး ခပ်သိမ်းဒုက္ခ ငြိမ်းအေး ပယ်ပျောက်နိုင်ပေသည်။

နိဗ္ဗာနဓါတ် ပရမတ်တစ်ချက် မြင်သိလိုက်လျှင်၊ ဘဝ ခန္ဓာ နောင်ခါ ခန္ဓာဘဝ ခပ်သိမ်း ဒုက္ခ ငြိမ်းစဲရပေတော့၏။

http://www.dhammadownload.con


## ၅၂။ ဇောတိကသူဌေး- သဒ္ဓါစေတနာသတ္တိ

ဇောတိက သူဌေးလောင်းလျာသည် ဝိပဿီ မြတ်စွာဘုရား ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့၏။ ကျောင်းတော်ကြီးအပြည့် ပုဆစ်ဒူးဝန်းထိမျှ ရွှေ ငွေ ကျောက်သံ သန္တာပုလဲ မြ ကျောက်မျက်ရွဲ ရတနာ အစုံ ကြဲဖြန်း လှူဒါန်းတော်မူခဲ့၏။ မြို့တွင်း မြို့ပြင် စည်မောင်းဖြင့် လှည့်လည်၍၊ မြတ်စွာဘုရား ဖူးမြင်လိုသူ၊ တရားနာလိုသူ အများ ရတနာ ရွှေငွေများ လက်တစ်ခုပ်စီမျှ သယ်ယူနိုင်ပါကြောင်း၊ ကြေငြာမောင်းတီးခတ် နှိုးဆော်စေ၏။ ရတနာ ခုနစ်ပါး ရွှေ ငွေ စသည်များ၊ လူအများ တစ်လက်ခုပ်စီမျှယူလျှင် ပထမ အကြိမ်ကုန်၏။ ဒုတိယအကြိမ်မြောက် ရတနာများ ကြဲဖြန့်တော်မူပြန်၏။ ကုန်ပြန်၏။ တတိယအကြိမ်မြောက်ကြဲဖြန့် လှူဒါန်းတော်မူခဲ့၏။ ရတနာများ လူတို့ယူကြရာ မြတ်စွာဘုရား ပလ္လင်တော်မှ တရားဟောလျှင် မြတ်ဘုရား မျက်နှာတော် အရောင်တော်ဟတ် တောက်ပစေရန် ပလ္လင် မြတ်ရှေ့ အရောင်တောက်ပသော၊ ကျောက်မျက်ရတနာ သခွား ကဆစ်သီးကြီး လှူဒါန်းထား၏။ ထိုသခွားကဆစ် ကျောက် မျက်ရတနာကြီးမှ မိဿာ ပုဏ္ဏား ယူလေလျှင် ကျောင်းဒါယကာ

http://www.dhammadownload.con



သူဌေး စိတ်မချမ်းမြေ့ကြောင်း၊ မြတ်ဘုရား လျှောက်ထား၏။ ဝိပဿီ မြတ်စွာဘုရားသည် မိမိပိုင်ပစ္စည်း သူတပါးမယူနိုင်အောင် ဆုတောင်း ဆုယူနည်း မိန့်ကြားတော်မူ၏။ ငါတို့ဘုရား လက်ထက် ဇောတိက သူဌေးဖွားမြင်လျှင်၊ အရောင်တလက်လက် တောက်ပလေသည်။ ရတနာတံတိုင်း ခုနှစ်ထပ်ဖြင့် ရတနာဗိမ္ဗာန်ကြီး ပေါက်လေ၏။ ဘဝတစ်ခု၌ ပစ္စေကဗုဒ္ဓါအား ကြံ့ပင်လှူခဲ့သောကြောင့်၊ ထန်းပင်ပမာဏ ရွှေကြံ့ပင်ကြီးများ မြေမှပေါက်၏။ ရတနာဗိမ္ဗာန်ကြီး၏ အထောင့်လေးဒေါင့်မှ ရွှေအိုးကြီးများပေါ်လာ၏။ တံတိုင်းခုနှစ်ထပ်အကြား ပဒေသာပင်များပေါက်၏။ လာကြည့်သူများ ရွှေအိုးကြီးတို့မှ လည်းကောင်း၊ ပဒေသာပင်တို့မှ လည်းကောင်း၊ အလိုရှိတိုင်း ယူကြပေမဲ့ ယူရာမထင် ပြည့်မြဲပြည့်၏။ ကုသိုလ်ပြုဖက် မြောက်ကျွန်းသူ ဇနီးသည် အတုလကာရီ ဆန်တခွက်ချက်၊ လာကြည့်သူများ နေ့စဉ်ခူးခပ် ကျွေးသော်လည်း၊ ခူးခပ်ရာမထင် ပြည့်မြဲပြည့်နေ၏။ ထိုသို့ ဖြစ်ရခြင်းမှာ နတ်တို့ တန်ခိုးမဟုတ်၊ တန်ခိုးရှင်တို့ ပြုလုပ်သည်မဟုတ် ပြုခဲ့ဘူးသော သဒ္ဓါစေတနာသည် ပင်လျှင်၊ ထိုမျှ သတ္တိ ရှိပါလျှင် မဖြစ်မပျက် အစဉ်ထင်ရှား ရှိသော၊ နိဗ္ဗာန်ပရမတ် သတ္တိစွမ်းကား - အဘယ်လျှင် ဆိုဘွယ်ရာ ရှိချေတော့အံ့နည်း။

http://www.dhammadownload.con



## ၅၃။ နေသည် လ ကဲ့သို့ အေးမြခြင်း။

မိထွေးတော်ဂေါတမီ ရဟန္တာမထေရ်မကြီးနှင့် ဘိက္ခုနီမငါးရာတို့ ပရိနိဗ္ဗာန်စံမြန်းတော်မူလျှင် မြတ်စွာဘုရား ကိုယ်တော်တိုင်လည်းကောင်း၊ ရှင်သာရိပုတြာမထေရ်မြတ်ကြီး ကိုယ်တော်တိုင်လည်းကောင်း ကြွရောက် သင်္ဂြိုဟ်တော်မူကြရာ၊ လ - နေတို့ကို လူတို့မြင်နေကြရကုန်၏။ နက္ခတ်ကြယ်များ စုံလင်စွာ ထွန်းလင်းတောက်ပနေသည်တို့ကို တွေ့မြင်နေကြရကုန်၏။ နေသည် မွန်းတည့်ချိန် ဖြစ်သော်လည်း အေးမြနေ၏။ ထိုသို့ဖြစ်ရခြင်းမှာ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့၏ နိဗ္ဗာန်ဓါတ်မြတ် ပရမတ်တိုင်အောင် ဉာဏ်ပညာ အသွားအဟုန်ကူးခပ် သွားလာထားတော်မူသောကြောင့်၊ နိဗ္ဗာန် ပရမတ်ဓါတ်အမြတ်မှသည်၊ အရိယာအရှင်မြတ်တို့ ပညာဉာဏ် အသွားအေးမြကြည်စေ သတ္တိအား ကျေးဇူးပြုမှုကြောင့်၊ နေသည် မွန်းတည့်ပူပြင်းချိန်ဖြစ်လျက် လ-ကဲ့သို့ အရိယာဇာတ် စခမ်းသိမ်းပွဲ၊ အေးမြစေတော်မူကြပါသည်။ နိဗ္ဗာန်ဓာတ် အေးမြငြိမ်းချမ်း သတ္တိစွမ်းကား၊ အံ့ဩမဆုံး ရှိချေစွတကား။

http://www.dhammadownload.con



## ၅၄။ စန္ဒပဒုမာဒေဝီ သဒ္ဓါ စေတနာသတ္တိ

ရှေးဘုရားလက်ထက် သံဃာတော်များအား ဆွမ်းအိုးဘယ်လက်ဖြင့်မ၊ ညာလက်ဖြင့် ယောက်ချိုကိုင်၊ ဆွမ်းဟင်း လျာပြည့်ပြည့်ဖြိုးဖြိုး လှူဒါန်းခဲ့သော၊ သဒ္ဓါ စေတနာသတ္တိကြောင့်၊ ဘယ်လက်ဖဝါးအပြည့်၊ ပဒုမာကြာပန်း လက္ခဏာ အမှတ်ထင်သည်။ ညာလက်ဖဝါးအပြည့် လဝန်းအသွင် လက္ခဏာ အမှတ်ထင်သည်။ သံဃာများရှိရာ ကျောင်းတိုက်တော်ကြီး၌ မောပန်းမှုမရှိ၊ လှည့်လည်သွားလာ ရေစစ်ယူကာ သောက်ရေလှူဒါန်းသော၊ သဒ္ဓါစေတနာ သတ္တိကြောင့်၊ ညာခြေဖဝါး-လဝန်းအပြည့်၊ ဘယ်ခြေဖဝါး ပဒုမာကြာပန်း လက္ခဏာ အမှတ်အသားထင်ပေါ်စေသောကြောင့် စန္ဒပဒုမဒေဝီဟု အမည်တွင်လေသည်။

ကဿပဘုရားရှင်လက်ထက် ဝိသာခါ ကျောင်းအမ လောင်းလျာသည်၊ သံဃာတော်များ ဆွမ်းပြည့်စုံပေမဲ့၊ အရှင်ဘုရားတို့-ဤအစားအစာသည်ကား သလိပ် သည်းခြေ လေဒေါသတို့ကို အထူးနိုင်နင်းပါသည်၊ စသည်ဖြင့် မစားချင်စား

http://www.dhammadownload.con


ချင်အောင် လျှောက်ထားခါ လိုသည်ထက်ပို၍ လျှော့ဒါန်းခဲ့သော သဒ္ဓါ စေတနာ သတ္တိ၊ ပုညဝမှုန အမျိုးသားအိမ်သို့ လိုက်သော အခါ၊ မိဘပေးသော နွားများ ရှစ်ဉသဘာတိုင်တိုင် ပြည့်၍ ခြံတံခါးကို ပိတ်ထားသော်လည်း၊ ကျန်နွားများ ခုန်လိုက်သွားကြသည်မှာ များပြားစွာ မရေမတွက်နိုင်အောင် ရှိလှချေသည်။

သဒ္ဓါစေတနာကား - ဖြစ်ပျက်၊

နိဗ္ဗာန်ကား- မဖြစ်ပျက် သတ္တိချင်းကွာလှ၏။

## ၅၅။ သုဇာတဆွမ်း နှင့် စုန္ဒဆွမ်းသတ္တိ

သုဇာတာ သူဌေးသမီး လျှော့ဒါန်းသော ဆွမ်းသည် ရှင်တော်ဘုရားသန္တာန် မြတ်သောရုပ်ကိုဖြစ်စေ၏။ မြတ်သော ရုပ်ကို မှီရာရသောကြောင့် (၄၅)ရက်ကာလပတ်လုံးဝိပဿနာ ဉာဏ်ကို ကျေးဇူးပြု၏။ ဝိပဿနာဉာဏ်မှသည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အားကျေးဇူးပြု၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ခပ်သိမ်းဒုက္ခ ငြိမ်းရာ နိဗ္ဗာန်ကိုသိမြင်၏။ သိမြင်လိုက်သည် နှင့် တစ်ပြိုင်နက် နိဗ္ဗာန်မှ သည် မဂ်ဖိုလ်အား အာရမ္မဏာဓိပတိ၊ ဥပနိဿယ(၃) သတ္တိဖြင့် အငြိမ်းဓာတ်သန္တိလက္ခဏာ ကျေးဇူးပြုလိုက်သည်။ နိဗ္ဗာန်မှသည် မဂ်ဖိုလ်အား ကျေးဇူးပြုသော သတ္တိကြောင့် ဝိပဿနာဉာဏ်

http://www.dhammadownload.con


မင်ဉာဏ် ဖိုလ်ဉာဏ်ဟူသော ဓမ္မ ကာယအစွမ်းဖြင့်၊ ရှင်တော်ဘုရားသန္တာန် ကိလေသာတို့ ငြိမ်းစဲရခြင်း၊ ကိလေသပရိနိဗ္ဗာန် ဝင်စံတော်မူရပါသည်။ ကိလေသပရိနိဗ္ဗာန်အား သုဇာတာ၏ ဆွမ်းအာဟာရက အကြောင်းထူးအဖြစ်ဖြင့် ကျေးဇူးပြုသည်ဟု မိန့်တော်မူကြပါသည်။

စုန္ဒလုင် ဆွမ်းဘုန်းပေးမှသည် ခန္ဓာပရိနိဗ္ဗာန်ဝင်စံသည် အထိ ဆွမ်းအာဟာရသတ္တိဖြင့်လည်း ကျေးဇူးပြုတော်မူသည်မှာ အလွန်လျှင် ထင်ရှားလှပါသည်။

**အာဟာရဇရုပ် - ဖြစ် ပျက်၊ နိဗ္ဗာန် - မဖြစ် မပျက်။**

# စိတ္တသူကြွယ် သဒ္ဓါစေတနာသတ္တိ

ကဿပ ဘုရားရှင်လက်ထက် စိတ္တသူကြွယ်လောင်းလျာသည် တောအုပ်၌ တရားအားထုတ်နေသော၊ ရဟန်းတစ်ပါးအား ဆွမ်း ဆွမ်းဟင်းလျာနှင့် အဆင်းငါးမျိုးရှိသော ပန်းတို့ကို လှူဒါန်းခဲ့ဘူးသော၊ ဒါန စေတနာ သဒ္ဓါ တရားသတ္တိကြောင့် ပန်းလှူပြီး၊ ဘဝမှသည် ကွယ်လွန်ပြီး နတ်ပြည်ဝယ် နတ်သားဖြစ်လျှင်၊ ပုဆစ်ဒူးဝန်းမြုပ်လုနီးနီး နတ်ပန်းမိုး ဖြိုးဖြိုးဖြိုင်ဖြိုင် ရွာသွန်း၏။

http://www.dhammadownload.con


ငါတို့ဘုရားလက်ထက် မာဂဓတိုင်း၊ မစ္ဆိကာသဏ္ဍာမြို့၌ စိတ္တသူကြွယ် ဖွားမြင်လျှင်၊ ပုဆစ်ဒူးဝန်း မြုပ်လုနီးမျှ အဆင်း ငါးမျိုးရှိသော ပန်းတို့ တစ်ဖြိုးဖြိုး တစ်ဖြိုင်ဖြိုင် ရွာသွန်း၏။

မြတ်စွာဘုရားကို လာရောက် ဖူးမျှော်စဉ်မှာလည်း ဤအတူပင် နတ်ပန်းမိုး ဖြိုးဖြိုးဖြိုင်ဖြိုင်ရွာသွန်း၏။ ဤသို့လျှင် နတ်ပန်းမိုး ရွာသွန်းခြင်းသည် နတ်တို့တန်ခိုးမဟုတ် လှူဒါန်း ခဲ့ဘူးသော သဒ္ဓါစေတနာ သတ္တိကြောင့် ဖြစ်သည်။ (စိတ္တသံယုတ်ရှု အလွန်ကောင်း၏)။

**သဒ္ဓါ စေတနာ - ဖြစ် ပျက်၊ နိဗ္ဗာန် - မဖြစ် မပျက်။**

## ၅၆။ နိဗ္ဗာန် နှင့် သဒ္ဓါ စေတနာ သတ္တိချင်းပြိုင် နှိုင်းချိန်ကြည့်ကြစို့

သဒ္ဓါကောင်း စေတနာကောင်း တို့သည်ကား၊

ဘုံကောင်း ဘဝကောင်း လူနတ်ခန္ဓာကောင်း တိုးပွားရစေနိုင်ကြပါသည်။

သဒ္ဓါဆိုး စေတနာဆိုး တို့သည်ကား၊

ဘုံဆိုး ဘဝဆိုး လူနတ်ခန္ဓာဆိုး တို့ကို

တိုးပွားရစေ ဖြစ်စေနိုင်ကြပါသည်။

http://www.dhammadownload.con



မည်သည့်ဘဝ မည်သည့်ဘုံ မည်သည့်
ခန္ဓာမဆို ဖြစ်ပေါ်လာလျှင် ပျက်ရမြဲ၊
အိုနာသေ ဆင်းရဲရရှိမြဲ ဖြစ်ရမြဲ ဖြစ်သောကြောင့်၊
လျှပ်တစ်ပျက်မျှ ဘဝခန္ဓာရခြင်းသည် အနည်းငယ်၊
မစင်သည် အပုတ်နံ့လှိုင်သကဲ့သို့၊
ငါဘုရား ချီးကျူးတော်မမူဟု မိန့်ဟော်မူ၏။

သဒ္ဓါ စေတနာသတ္တိကြောင့် ဖြစ်ပေါ်ရသည့်
ဘဝခန္ဓာမည်သည် ထိုမျှ ဆိုးဆိုးဝါးဝါး ဆင်းရဲဒုက္ခ
ကြီးလွန်းလှပေသည်။

နိဗ္ဗာန်တရားကို စိတ်အစဉ် နှင့် တစ်ခါမြင်သိ
သိရှိလိုက်ရသည် ရှိသော် အလွန်ဆုံး ဘဝခန္ဓာ
ခုနှစ်ကြိမ်ရရှိပြီး၊ နောင်ဖြစ်ရမည့် ဘဝခန္ဓာ
ခပ်သိမ်း ဒုက္ခငြိမ်းအေး ရပေသည်။

နိဗ္ဗာန်သတ္တိ သိမြင်လိုက်ရလျှင်၊ ဘဝခန္ဓာ ဒုက္ခ
ခပ်သိမ်း ငြိမ်းစဲကြရကုန်၏။
အော်- နိဗ္ဗာန်တရား မြတ်ကြီး မြတ်လှပေသည်တကား။

http://www.dhammadownload.con


## ၅၇။ ပုညသတ္တိ မဂ်သတ္တိ နိဗ္ဗာနဓါတ်သတ္တိ

၁၃၃၈-ခု၊ နတ်တော်လဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့ (၂၄. ၁၁. ၇၆)

ပုညသတ္တိ ။ ကုသိုလ်ကောင်းမှုသည် ကောင်း၏၊ အပါယ် မကျစေပဲ နတ်လူ ဖြဟ္မာခန္ဓာ ရစေ၏၊ နိဗ္ဗာန် ရခြင်း၏အကြောင်း အထောက်အပံ့ဖြစ်စေ၏။ သံသရာအလျဉ် ခန္ဓာစဉ်တို့တော့ ပြီးပြတ်အောင် မချုပ်ငြိမ်းစေနိုင်ဟု ဆိုအပ်၏။

မဂ်သတ္တိ ။ ဥပတိဿ ပရိဗိုဇ်သည် ရှင်အဿဇိထံမှ 'ယေ ဓမ္မာ ဟေတုပဘဝါ' နာကြားရလျှင် သောတာပတ္တိ မဂ်ဉာဏ်ဖြစ်သည်နှင့် လည်းကောင်း၊ ဥပတိဿထံမှကောလိတပရိဗိုဇ် နာကြားရလျှင် လည်းကောင်း၊ပရိဗိုဇ် (၂)ဦး သန္တာန်ဖြစ်သည့် မဂ်ဉာဏ် ဓမ္မကာယ၏ အစွမ်းဖြင့် တစ်ကြိမ်မျှ ပင် မတွေ့စဖူးသော မြတ်စွာဘုရား၏ ရူပကာယ- ကိုယ်တော်မြတ် ထင်လာပြီး၊ တပည့်တော်တို့၏ ဆရာမြတ်စွာဘုရား အဘယ်မှာ ပါနည်းဟု မေးမြန်းကြ၏။

(ဓမ္မံ ပဿန္တော မံ ပဿတိ)

တရားစစ်မြင်သူသည် ဘုရားအစစ်မြင်၏။

http://www.dhammadownload.con


နိဗ္ဗာနဓါတ်သတ္တိ ။ နိဗ္ဗာနဓါတ်ကို မဂ်ဉာဏ်တစ်ကြိမ် သိလိုက်က အပါယ်ခန္ဓာငြိမ်းစဲသွားစေ၏။ နှစ်ကြိမ်မြောက်သိလိုက်လျှင်၊ ကာမဘုံသို့ တစ်ကြိမ်သာလာတော့၏။ သုံးကြိမ်သိလိုက်လျှင် ကာမဘုံသို့ တစ်ကြိမ်မျှ မလာတော့ပြီ၊ လေးကြိမ်မြောက်လျှင် ဝဋ်ဒုက္ခ ခန္ဓာစဉ်ဖြစ်ပေါ်စေကြောင်းဖြစ်သည့် အဝိဇ္ဇာတဏှာ စသည်သည်လည်းကောင်း၊ အကြောင်းငြိမ်းသဖြင့် အကျိုးသံသရာအလျဉ် ခန္ဓာစဉ်သည် လည်းကောင်း၊ ငြိမ်းစဲပြတ်တောက် ကုန်ခမ်းခြင်း အဘာဝ သို့ရောက်စေနိုင်ကြသည်။

ထို့ကြောင့် အကြောင်း ကိလေသာအာသဝေါတရားနှင့် အကျိုးသံသရာအလျဉ် ဝဋ်ဆင်းရဲ၊ ခန္ဓာစဉ် ချုပ်ငြိမ်းရခြင်းသည် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်လိုက်ရပေသောကြောင့်၊ သံသရာ ခန္ဓာကိလေသာ ချုပ်ငြိမ်းကြောင်းဟု နိဗ္ဗာန်ဓါတ်ကို ဆိုအပ်၏။

နိဗ္ဗာန်၏ အာရမ္မဏာဓိပတိ၊ ဥပနိဿယသတ္တိ ကျေးဇူးပြုမှုဖြင့်၊ မဂ်သည် ကိလေသာကို ပယ်သတ်နိုင်ပေသည်။

http://www.dhammadownload.con



မဂ်ဉာဏ် ဖြစ်ဖြစ် မဖြစ်ဖြစ် နိဗ္ဗာနဓါတ်သည် အစဉ်သဖြင့် ထင်ရှားစွာ သန္တိသုခအနေဖြင့် ရှိပေသည်။

ဒုက္ခ၏ အကြောင်းကိလေသာနှင့် အကျိုးဝဋ်ဒုက္ခသံသရာခန္ဓာစဉ်၊ ငြိမ်းစဲကုန်ခမ်းစေနိုင်သော သတ္တိရှိသည့် နိဗ္ဗာနဓါတ်ဟု ဆိုအပ်ပါပေ၏။

သန္တိသုခ စွမ်းရည် ပေါ်လွင်သည်ဟု-
ဗုဒ္ဓမြတ်စွာ မိန့်တော်မူခဲ့ပါပေသတည်း။

## ၃၈။ မဖြစ်သေးမီ အရဟတ္တမဂ်သတ္တိ

ပဒုမ္မဒေဝီ သားငါးရာ ပစ္စေကဗုဒ္ဓါလောင်းလျာများ ရေမျှောခံခဲ့ရလေသည်။ အနာမဲ့ သျှင်ဗာကူ လောင်းလျာလည်း ရေမှာ နစ်မျှော ငါးမျိုခံရရှာပေသည်။ သျှင်သံကိစ္စ လောင်းလျာမှာ မိခင်ဝမ်း သန္ဓေရင့်မာစဉ်၊ မိခင်သေဆုံး မီးသင်္ဂြိုဟ်စဉ် မိခင်လောင်းသာပြာကျ၊ သားလျာကား မီးကျီးရဲရဲအတွင်း ရွှေဆင်းတုပမာ ထင်ရှားစွာ အသက်ရှင်လာပေသည်။ သျှင်ဒဗ္ဗလောင်းလျာလည်း မိခင်ဝမ်း သန္ဓေရင့်မာ သေဆုံးလျှင်၊ အလောင်းလျာသင်္ဂြိုဟ်ရာ၊ မိခင်ဝမ်းဗိုက် ဗုံးကနဲ ဖေါက်ခွဲခုန်ထွက် သမန်းမြက်ချုံသို့ကျရာ အဘွားကောက်ယူ မွေးမြူလေသည်။

http://www.dhammadownload.con



ဆိုခဲ့ပြီး လောင်းလျာသတ္တဝါတို့ အသက် (၇)နှစ် ပြည့်က ရဟန္တာဖြစ်ကြလေသည်။ ဤကား- မဖြစ်သေးသော၊ ဖြစ်ဘို့သေချာသော၊ အရဟတ္တမဂ်ဉာဏ်ကျေးဇူး သတ္တိထူးကြောင့်၊ ရေမျော,ငါးမျို,မီးရှို့ခံကြရသော်လည်း အသက် အန္တရာယ်သည်ပင် လွတ်မြောက်ကြရပေသည်။

ဒဗ္ဗ = သမန်းမြက်

ပစ္ဆာဇာတ ပစ္စယ်သတ္တိ။

အကြောင်းတရား၊ အရဟတ္တမဂ်ဉာဏ် မဖြစ်ပေါ်မီ အကျိုးသတ္တိစွမ်းများ ထွက်ပေါ်နှင့်လေပြီ။

မဂ်ဉာဏ် အဆင့်ဆင့်အား နိဗ္ဗာန်မှ- အာရမ္မဏာဓိပတိ၊ ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေးသောကြောင့်၊ မဂ်ဉာဏ်သည်ပင် ထိုမျှ သတ္တိစွမ်းရှိလျှင် နိဗ္ဗာန်၏သတ္တိစွမ်းကား အံ့မခန်း ဖြစ်ပေလိမ့်မည်ဟု၊ အနုမာနဉာဏ်- လျော်စွာသိ၊အောက်မေ့ နှလုံးသွင်း လေ့ကျက်ရာသည်။

မဂ်ဉာဏ်၏ အစကား-ဝိပဿနာဉာဏ်၊ ဝိပဿနာ ဉာဏ်ပွားများ အားထုတ်လျှင် ဆင်းရဲခပ်သိမ်းငြိမ်းအေး နိဗ္ဗာန် ရှေးဦးစွာ အာရုံပြု အားထုတ်ရာ၏။

နိဗ္ဗာန်သည် အာရုံပြုသူအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုရာ၊ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၍၊ အာရုံပြုသူလည်း စင်ကြယ်ပေသည် မညစ်နွမ်း မယုတ်ညံ့ပေ။

http://www.dhammadownload.con



**ယေဘိက္ခဝေ ဝိရာဂေ ဓမ္မေ ပသန္နာနံ အဂ္ဂေတေ ပသန္နါ အဂ္ဂေခေါပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။**

ယေ-အကြင်သူတို့သည်၊ ဝိရာဂေ ဓမ္မေ -ရာဂစင်ကြယ်ရာ နိဗ္ဗာန်၌၊ ပသန္နာနံ- ကြည်ညိုကုန်ကြ၏။ တေ- ထိုသူတို့သည်၊ အဂ္ဂေ- အမြတ်ဆုံး၌၊ ပသန္နာ- ကြည်ညိုသည်မည်ကုန်၏။ အဂ္ဂေခေါပန ပသန္နါနံ- အမြတ်ဆုံး နိဗ္ဗာန်၌ကြည်ညိုကုန်သော သူတို့အား၊ အဂ္ဂေါ- အမြတ်ဆုံး၊ ဝိပါကော- အကျိုးသည်၊ ဟောတိ- ဖြစ်၏။ (အံ / အဂ္ဂပသာဒသုတ်)

> **နိဗ္ဗာန်ကို မြင်သော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ထူးခြားသည် နိဗ္ဗာန်၌ကား မထူးခြားပေ။**
> **(တိပိဋကဓမ္မဒေသနာသိကျမ်း)**

ကောင်းကင်ပြင်ရှိ လပြည့်ညဥ့်အခါ၊ လ-ကိုကြည့်ရှုက၊ လ-ကိုမြင်သောသူ၏သန္တာန်မှာ ကြည်လင်ခြင်း၊ ချမ်းမြေ့ အေးမြခြင်းဖြင့် ထူးခြားစွာခံစားရသည်။ လ- ၌ကား မထူးခြားပေ။

http://www.dhammadownload.con


နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် သိမြင်သောသူ၏ သန္တာန်မှာ- သောတာပတ္တိမဂ်စိတ် ခဏ အခိုက်၌ အလုံးစုံသော အာသဝတို့ကို ဖျက်ဆီး၏။ နိဗ္ဗာန်ကို အာရုံပြု၏။

(ခု -ဓ-နိသျ-၁၂၅/ ၂၅၂/မြန်-၂၃၉)

**ဧကဝိဓေါဟိ နိဗ္ဗာနံ။**

**စန္ဒောဝိယ နိဗ္ဗာနံ။ (နိ)**

နိဗ္ဗာနံ- မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်အပ်သော နိဗ္ဗာန်သည်၊ ဧကဝိဓေါ- နှစ်ခု စသည်မပြား တစ်ပါးတည်းသာဖြစ်၏။

နိဗ္ဗာနံ- မဂ်ဖိုလ်အာရုံနိဗ္ဗာန်ကို၊ စန္ဒောဝိယ- အဇ္ဈာ ပြင်ကျယ် ကောင်းကင်အလယ်၌၊ ထွန်းလင်းလျှစွာ လမင်းကြီး ပမာပင်တည်း။

**နတ္ထိ ဧတေသံ ဥပ္ပါဒေဝါ ဌိတိယံဝါ။**

**ပစ္စယောတိ အပစ္စယော။ (နိ-ဓ၀)**

ဧတေသံ- ထိုနိဗ္ဗာနဓာတ်တရား မြတ်၏။ ဥပ္ပါဒေဝါ- ဖြစ်ပေါ်စေရန်လည်းကောင်း၊ ဌိတိယံဝါ- တည်နေစေရန် လည်းကောင်း၊ ပစ္စယော- တစ်စုံတစ်ခုသော အကြောင်းသည်၊ နတ္ထိ-မရှိ။ ဣတိတသ္မာ- ထို့ကြောင့်၊ သော-ထိုနိဗ္ဗာန်သည် အပစ္စယော - အကြောင်းကင်း၏။

မဂ် ဖိုလ် အာရုံ နိဗ္ဗာန်အတွက်၊
တစ်စုံတစ်ခုသော အကြောင်းမရှိပေ။

http://www.dhammadownload.con


နိဗ္ဗာန်သည်-သဘာဝဓါတ်သားလည်း တစ်ခုတည်းပင်။ စိတ်, စေတသိက်, ရုပ် တို့ကား ဓါတ်သားလည်းများ၏။ အကြောင်းပေါင်းများစွာကြောင့်၊ အကျိုးပေါင်းများစွာလည်း ဖြစ်ပျက်နေ၏။

နှလုံးသွင်း-ငါ့သန္တာန် စိတ်, စေတသိက်, ရုပ် တို့ ဤသဘောရှိ၏။ နိဗ္ဗာနဓါတ်ကား ဤသို့မဟုတ်ပေ။

> ဗုဒ္ဓဖြစ်တော်မူသည်ဖြစ်စေ မဖြစ်စေ
> နိဗ္ဗာန်လည်း ရှိနေ၏။ စိတ်, စေတသိက်, ရုပ်
> ဒုက္ခလည်းရှိနေ၏။

ဥပ္ပါဒါဝါ တထာဂတါနံ၊ အနုပ္ပါဒါဝါ တထာဂတာနံ၊ ဌိတာဝ သာဓါတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ သဗ္ဗေဓမ္မာ အနတ္တာ။

တထာဂတာနံ-ဘုရားရှင်တို့၊ ဥပ္ပါဒါဝါ-ပွင့်ထွန်းပေါ်ပေါက် သော်လည်းကောင်း၊ တထာဂတာနံ- ဘုရားရှင်တို့၊ အနုပ္ပါဒါဝါ- မပွင့်ထွန်း မပေါ်ပေါက်သော်လည်းကောင်း၊ သဗ္ဗေ ခပ်သိမ်းသော၊ အနတ္တာ- အနတ္တဖြစ်ကုန်သော၊ ဓမ္မာ- စိတ်

http://www.dhammadownload.con


စေတသိက်,ရုပ်,နိဗ္ဗာန်တရားတို့သည်၊ ဓမ္မဋ္ဌိတတာ- ဓမ္မသဘော တည်ရှိသည်၏ အဖြစ်ဖြင့်၊ ဓမ္မနိယမတာ- ဓမ္မသဘာဝ အစဉ်အလာ၏ အဖြစ်ဖြင့်၊ သာဓါတု- ထိုသဘာဝဓါတ်တို့သည်၊ ဋ္ဌိတာဝ- တည်ရှိ ကြကုန်သည် သာလျှင်တည်း။

## ဝဋ်ဒုက္ခ ခန္ဓာအစဉ် ချုပ်ငြိမ်းရန် နိဗ္ဗာန် အာရုံပြုပေးရသည်။

**ကရဏီယမတ္ထ ကုသလေန ယံတံသန္တံပဒံ၊**
**အဘိသမေစ္စ။**

သန္တံ- ဖြစ်ပျက်မရှိ ငြိမ်သက်စွာသော၊ ယံပဒံ-အကြောင်းနိဗ္ဗာန်သည်၊ အတ္ထိ-ရှိ၏။ ယံပဒံ- အကြောင်းနိဗ္ဗာန်ကို၊ အဘိသမေစ္စ- ဉာဏ်ဖြင့်သက်ဝင် အာရုံပြု၍၊ အတ္ထကုသလေန- အကျိုးစီးပွားကို လိုလားသော အမျိုးကောင်းသားသည်၊ ကရဏီယံ- သမ္မာ ပဋိပတ် အကျင့်မြတ်ကို ပြုကျင့်အားထုတ်အပ်၏။

သူမြတ်သည် ပြုအပ်သော ကုသိုလ်ကောင်းမှုကို မပြုမီ၊ ရှေးဦးစွာ နိဗ္ဗာန်ကို အာရုံပြု ရည်စူး၍၊ ဤကောင်းမှုသည် ဒုက္ခခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ကိုရကြောင်း ဖြစ်စေသတည်း

http://www.dhammadownload.con



ဟု - အာရုံယူ နှလုံးသွင်းပြီး၊ ကောင်းမှုကုသိုလ် ပြုကြရသည်၊ သို့မှလည်း ပါရမီကုသိုလ်ဖြစ်သည် အဓိက ရည်ရွယ်ရင်း မလွဲကြစေနဲ့။

**နိဗ္ဗာန် ကို ဒုက္ခနိရောဓ အရိယသစ္စာ ဟု**
**ဆိုလိုအပ်၏၊ ဆင်းရဲ၏ ချုပ်ခြင်းမျှကိုမဆို။**
(ဝိသုဒ္ဓိမဂ်-ပြန်-၂-၄၉၀)

နိဗ္ဗာနံ ပဋိစ္စ ကိလေသေ ပရိနိဗ္ဗာနေန၊
ပရိနိဗ္ဗုတော ပရိနိဗ္ဗာနကာလံ အာဂမေတိ။

(သံ-ဌ-၁-၂၈၈)

နိဗ္ဗာနံ- မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်အပ်သော နိဗ္ဗာန်ကို၊ ပဋိစ္စ- အစွဲပြုအကြောင်းခံ၍၊ ကိလေသာ- ဝဋ္ဋဒုက္ခ ခန္ဓာအစဉ်ကို အဖန်ဖန်ဖြစ်စေတတ်သော၊ ရာဂစသည့် ယုတ်မာညစ်မျိုး ကိလေသာ အယုတ်တရားတို့ကို၊ ပရိနိဗ္ဗာနေန- ကြွင်းမဲ့ဥဿုံ အလုံးစုံ အကုန်စဉ် ချုပ်ငြိမ်းတော်မူပါပေ၏။ ပရိနိဗ္ဗာနကာလံ - အကြွင်းမဲ့ဥဿုံ အလုံးအစုံအကုန်အစဉ်ချုပ်ငြိမ်းခြင်းဖြင့်၊ ပရိနိဗ္ဗုတော- နာမ်ရုပ်ခန္ဓာ တစ်ဖန်ထပ်မျှ စပ်ရပြန်သော

http://www.dhammadownload.con


ဇာတိပဋိသန္ဓေ-မရှိခြင်းဖြင့် ငြိမ်းရာကာလကို၊ အာဂမေတိ-သက်တော်စေ့င့ အချိန်ကျအောင် ဆိုင်းငံ့မသွေ နေတော်မူရပါသေး၏။

ရာဂက္ခယောတိ နိဗ္ဗာနံ အာဂမ္မ
ရာဂေါ ခီယတိ၊ တသ္မာ ရာဂက္ခ
ယောတိဝုစ္စတိ။ (သံဋ္ဌ-၃-၁၂၇)

ရာဂက္ခယောတိ- ရာဂက္ခယော ဟူသည်ကား၊ နိဗ္ဗာနံ-မဂ်ဉာဏ်ဖြင့် သိမြင်အပ်သော နိဗ္ဗာန်ကို၊အာဂမ္မ- အစွဲပြု အကြောင်းခံ၍၊ ရာဂေါ- အာရုံတပ်မက် ညွတ်လျှက်တဏှာကာမတရားသည်၊ ခီယတိ- ပြုတ်ပြုတ်မသွေ စင်စေလျက် ကုန်ခမ်းပေ၏၊ တသ္မာ -ထို့ကြောင့်၊ ရာဂက္ခယောတိ- ရာဂက္ခယောဟူ၍၊ ဝုစ္စတိ- ဆူဆူပွင့်ငြား မြတ်စွာဘုရားတို့ ထင်ရှားထုတ်ဖေါ် မိန့်ဟတော်မူခဲ့ပေ၏။

လျှမြတ်ထန္တာန် ထင်ရှားဖြစ်ပေါ်ထည့် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ထို မြင်ထိလိုက်လျှင်၊ လျှမြတ်ထန္တာန် ထိပေလော ဖြစ်ခွင့်ရေ အငြိမ်းကြီး ငြိမ်းသွား၏။ အကြောင်းထိပေလောတို့ ငြိမ်းကြ ရထုန်ထဖြင့်၊ အထိုးဝင်နိဗ္ဗ ခန္ဓာအစဉ်တို့လည်း အခုန်ဝင် အငြိမ်းကြီး ငြိမ်းကြထုန်၏။

http://www.dhammadownload.con



ကိလေသာသည် ခန္ဓာစဉ်မှာ ငြိမ်း၏။
နိဗ္ဗာန်မှာ-ငြိမ်းစရာ ကိလေသာမရှိပေ။

ချုပ်ငြိမ်းကုန်ဆုံး ပြတ်တောက်ခြင်းသည်
မရှိပညတ်= အဘာဝ၊ မဂ် ဖိုလ် အာရုံနိဗ္ဗာန်ကား
ထင်ရှားရှိသော ပရမတ်။

အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံ
ဝါဒံ နိသေဓေတိ။ (ဋီကာကျော် - ၁၉၃)

အဘာဝမတ္တံ - အကြောင်းကိလေသာ ချုပ်ငြိမ်းကြသဖြင့်၊ အကျိုး ဝဋ်ဒုက္ခ ခန္ဓာအစဉ် နာမ်ရုပ်တရားတို့၏ အပြီးတိုင် ချုပ်ငြိမ်း ကုန်ဆုံးပြတ်တောက်ကုန်သောကြောင့်၊ စိုးစဉ်းမျှ မရှိခြင်းကို၊ နိဗ္ဗာနန္တိ- အရိယာသူမြတ်တို့ အလိုရှိကုန်သော နိဗ္ဗာန်ဟူ၍၊ ဝိပ္ပဋိပန္နါနံ- ဖေါက်ပြန် ချွတ်ယွင်းစွာ အယူအကျင့် ရှိကြကုန်သော သူတို့၏၊ ဝါဒံ - အယူများကို၊ နိသေဓေတိ- တားမြစ်၏။

http://www.dhammadownload.con



နိဗ္ဗာန်သို့ ရောက်၏ဟူသည်၊
မဂ်စိတ် အခိုက်၌သာ ရောက်သည်။
စုတိနောင်မှ ရောက်စရာမလိုပေ။

(ဒီပဲရင်း)

ကမမာနန္တိ ဘဂဝါ မဟာဗောဓိမဏ္ဍေယေဝ။
အရိယာမဂ္ဂေန ဂတော နက္ခဒါနိ ဂစ္ဆတိ။
အတီတံ ပန ဥပါဒါယ ဣဒံ ဝုတ္တံ။ (သံ၅-၁-၈၀)

ကမမာနန္တိ- နိဗ္ဗာန်သို့ ကြွသွား၏ဟူသည်ကား၊ ဘဂဝါ- ဘုန်းတော်နေဝန်း ထွန်းလင်းလှစွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ မဟာဗောဓိ မဏ္ဍေယေဝ- မဟာဗောဓိမဏ္ဍိုင် အပရာဇိတပလ္လင်တော်ထက်ဝယ်၊ အရိယာမဂ္ဂေန- ဖြူစင်မြင့်မြတ် မဂ်ဉာဏ်ခါတ်ဖြင့်၊ ဂတော- နိဗ္ဗာန်ရွှေနန်း အောင်မြင်ခန်းသို့ ကြွသွားတော်မူပါပေ၏။ ဣဒါနိ- ပရိနိဗ္ဗာန်စံသည်မှ- နောက် ယခုရောက်က၊ နဂစ္ဆတိ- ဘယ်ရာဌာန ဘယ်ကာလမှ ကြွမြန်းတော်မမူပါချေ။

ပရိနိဗ္ဗာန်သည် -

၁။ ကိလေသာပရိနိဗ္ဗာန် (သဥပါဒိသေသနိဗ္ဗာန်)
၂။ ခန္ဓပရိနိဗ္ဗာန် (အနုပါဒိသေသနိဗ္ဗာန်)
၁။ ကိလေသာငြိမ်း၍ ခန္ဓာကြွင်းသေး၏။
၂။ ခန္ဓာအကြွင်းမရှိ အပြီးတိုင်ငြိမ်း၏။
၁+၁။ ၂+၂။ သဘောတူ၏။

http://www.dhammadownload.con


## ၅၉။ ထူတော်ထူမြတ်တို့ ဒုက္ခအစဉ် ငြိမ်းလိုလျှင်

ဗုဒ္ဓမြတ်စွာ ပွင့်ပွင့် မပွင့်ပွင့်၊
ဒုက္ခ နဲ့ နိဗ္ဗာန် ရှိနေ၏။
နိဗ္ဗာန်ကလွဲလျှင် - ဒုက္ခပဲ၊
ဒုက္ခကလွဲလျှင် - နိဗ္ဗာန်ပဲ၊
နိဗ္ဗာန်ကို - သိမြင်လိုက်လျှင်၊
ဒုက္ခအစဉ် ငြိမ်းသွား၏။

နိဗ္ဗာန် အသိအမြင် ပေါ်လာအောင် ပုဂ္ဂိုလ်သတ္တဝါ သူငါ မဖက် သက်သက် နာမ်ရုပ်။ သက်သက် အကြောင်းအကျိုး ဒုက္ခ - အစုပဲဟု ရှု . . .။

ဒုက္ခ- အစုဟူသည် စိတ်သည် လည်းကောင်း၊ စေတသိက် သည် လည်းကောင်း၊ ရုပ်များသည်လည်းကောင်း ဖြစ်လျှင် ပျက်ကြ သဘာဝ၊ အမှန်ဒုက္ခ- အစုပဲ။ စိတ်ဖြစ်ပေါ်လျှင် ဒုက္ခ ဟုမြင်အောင်ရှု။ စေတသိက်ဖြစ်ပေါ်လျှင် ဒုက္ခ-ဟုမြင်အောင် ရှု။ ရုပ်ဖြစ်ပေါ်လျှင် ဒုက္ခ-ဟု မြင်အောင်ရှု။

မည်သည့် စိတ်, စေတသိတ်, ရုပ်ဖြစ်ဖြစ် ပုဂ္ဂိုလ် သတ္တဝါ သူငါမဟုတ်၊ ဒုက္ခ - ဟုတ်သည်ဟု ရှုဉာဏ် ရင့်သန်လျှင်၊

http://www.dhammadownload.con


မဖြစ် မပျက် အစဉ်ငြိမ်းတဲ့၊ နိဗ္ဗာန် - မြင်တဲ့ အသိဉာဏ်ပေါ်အံ့။
နိဗ္ဗာန်ကို-သိမြင်လျှင် ဒုက္ခငြိမ်းသွား၏၊
မမြင်လျှင်-မငြိမ်းနိုင်ပေ။
နိဗ္ဗာန်ကို - အသိအမြင် ပေါ်လာအောင်-
ဒုက္ခကိုပင်ရှု - လူသူမဟုတ် စိတ်, စေတသိက်, ရုပ်
ဖြစ်တိုင်းပျက် ဒုက္ခအဟုတ်မြင်အောင်ရှု၊
နိဗ္ဗာန်မြင်က ဒုက္ခငြိမ်း၊
မမြင်က မငြိမ်း။

## ၆၀။ နိဗ္ဗာန်

◉ ဖြစ် မဖြစ် - ပရမတ် အစစ်၊
◉ ဖြစ် နှင့် မဖြစ် - သဘာဝနှစ်မျိုးသာရှိ၏။
◉ ဖြစ်သဘောကို ခန္ဓာဒုက္ခဟု ဟောတော်မူ၏။
◉ မဖြစ်သဘောကို နိဗ္ဗာန်ဟု ဟောတော်မူ၏။
◉ မဖြစ်သဘောကို အာရုံပြုပါများလျှင်၊
◉ ဖြစ်သဘော ငြိမ်းသွားရပါသည်။
◉ မဖြစ်နိဗ္ဗာန် အာရုံပြု ဝိပဿနာရှုရပါသည်။

http://www.dhammadownload.con



- ဖြစ်သဘောတို့ ငြိမ်းသည်ကိုပင်၊ 'ခီဏာဇာတိ' - ဟု ဟောတော်မူခဲ့ပါပေ၏။
- မဖြစ်နိဗ္ဗာန် အာရုံပြုလျှင် တရားမြင်သည်ဟု မိန့်တော်မူ၏။
- ရဟန်းတို့ မဖြစ်သဘောသည် ထင်ရှားရှိ၏။
- အကယ်၍ မဖြစ်သဘောသည် မရှိငြားအံ့။
- ဤလောက ဖြစ်သဘောမှ လွတ်မြောက်ရာသည်၊ မထင်ရှားရာ။
- အကြင်ကြောင့် မဖြစ်သဘောသည် ထင်ရှားရှိ၏။
- ထို့ကြောင့် မဖြစ်သဘောမှ ထွက်မြောက်ရာသည်၊ ထင်ရှား၏ ဟု မိန့်တော်မူ၏။

ယောဂီ ရဟန်းသူမြတ် အလိုရှိအပ်သော နိဗ္ဗာန်မှာ-

- အသင်္ခတ တရားလည်း ဖြစ်ရပါမည်။
- ပရမတ် တရားလည်း ဖြစ်ရပါမည်။
- နိဗ္ဗာန်သည် အနတ္တတရား ဖြစ်ရပါမည်။
- နိဗ္ဗာန်သည် နာမ်တရား ဖြစ်ရပါမည်။
- နိဗ္ဗာန်သည် ဗဟိဒ္ဓတရား ဖြစ်ရပါမည်။
- နိဗ္ဗာန်သည် ပစ္စည်းတရား ဖြစ်ရပါမည်။
- နိဗ္ဗာန်သည် အ-ပစ္စယတရား ဖြစ်ရပါမည်။
- နိဗ္ဗာန်သည် အ-ဗျာကတတရား ဖြစ်ရပါမည်။
- နိဗ္ဗာန်သည် အ-နိမိတ္တတရား ဖြစ်ရပါမည်။
- နိဗ္ဗာန်သည် ဥပါဒ်စွန်း ဘင်စွန်းမရှိ။

http://www.dhammadownload.con



နိဗ္ဗာန်ကို နိဗ္ဗာန်ဟု မမှတ်ရ၊ ထူးသော ဉာဏ်ဖြင့် မြင်မှ တိတိကျကျ သိ၏။ နိဗ္ဗာန်သည် နှစ်ခု သုံးခု-မရှိ၊ တစ်မျိုး တည်းသာရှိ၏။

ခယသဒ္ဒါ = ကုန်ကြောင်းအရ - မဂ်ဖိုလ် အာရုံနိဗ္ဗာန်။

ခယသဒ္ဒါ = ကုန်ရာအရ - အရဟတ္တဖိုလ်။

ခယသဒ္ဒါ = ကုန်ခြင်း-အရ - ကိလေသာမရှိခြင်း၊ (အဘာဝ) ပညတ်။

## ၆၁။ ယောအတွင်းဝန် ဦးဘိုးလှိုင် နှင့် နိဗ္ဗာန်

နိဗ္ဗာန်ဟူသည် ကိလေသာကုန်ခြင်း၊ ငြိမ်းခြင်းမဟုတ်။ ကိလေသာ၏ကုန်ကြောင်း၊ ငြိမ်းရာငြိမ်းကြောင်း အာရုံဖြစ်၏။ နာမ်တရားတို့မည်သည် အာရုံနှင့်ကင်း၍ မဖြစ်နိုင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော နာမ်တရားသည် နိဗ္ဗာန်ဟူသော အာရုံကိုမှီ၍၊ ကိလေသာကို ကုန်စေ ငြိမ်းစေသောကြောင့်၊ ကိလေသာ ကုန်ရာ ကုန်ကြောင်းကား - နိဗ္ဗာန်မည်၏။ ထို့ကြောင့် ကိလေသာ ကုန်ခြင်း ငြိမ်းခြင်းက မဂ်ဖိုလ် (ကာရဏူပစာ). . . ။

ကိလေသာ ကုန်ရာ ကုန်ကြောင်းကား နိဗ္ဗာန်ဖြစ်၏။ လောက၌ ငြိမ်းချမ်းသော အာရုံတွေ့လျှင် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းသည် ပူပန်သောအာရုံ နှင့် တွေ့လျှင်၊ ကိုယ်စိတ်နှလုံး ပူပန်သည်။ နွေအခါ နေပူ၍ ခရီးပန်းသောယောကျ်ားသည် လွင်တီးခေါင် နေပူပြင်းခြင်းကို မြင်သည်ရှိသော်၊ ပင်ပန်းခြင်း ဖြစ်သကဲ့သို့လည်းကောင်း၊ ဥယျာဉ် တောအုပ် စိမ့်စမ်းကို မြင်လျှင်၊ စိတ်၏ ငြိမ်းချမ်းခြင်း ဖြစ်သကဲ့သို့လည်းကောင်း မှတ်အပ်၏။

လူ့ပြည်တည်းဟူသော ဤမှာဘက်၌ရှိသော၊ လူတို့၏ ပူအိုက်ခြင်းကို ဟိုမှာ ဘက်ကမ်းဟူသော၊ နတ်ပြည် ကောင်းကင်၌ရှိသော တန်ဆောင်မုန်းအခါ လပြည့်ဝန်းသည် ဖျောက်နိုင်သကဲ့သို့၊အစမထင်အနမတဂ္ဂသံသရာမှ ဖြစ်သော၊ ဤမှာဘက် ဟူသော လောကီသံသရာစက်၌ လည်ကုန်သော သတ္တဝါတို့၏ ကိလေသာဟူသော ပူအိုက်ခြင်းကို၊ ထိုမှာဘက် လောကုတ္တရာ အာရုံဖြစ်သော လောကုတ္တရာဟူသော နိဗ္ဗာန်သည်၊ ထိုနိဗ္ဗာန် ကို အာရုံပြုသည်နှင့် တစ်ပြိုင်နက် ပျောက်ပျက်နိုင်ရကား၊ လပြည့်ဝန်းနှင့်တူသော-အလွန် ငြိမ်းချမ်းသော သဘောဇကန် အမှန်ဖြစ်သည်။

http://www.dhammadownload.con



## ဧကဝိဓေါဟိ နိဗ္ဗာနံ၊
## စန္ဒော၀ိယ နိဗ္ဗာနံ။ (၃)

ယောမင်းကြီး ဦးဘိုးလှိုင် နိဗ္ဗာန်အကြောင်း စာတမ်းမှာ- အလွန်ကောင်းသည်။ ၁၀ ကျပ် ပေးရသည်။

ၸင်းစာတမ်း ဖေါ်ပြသူ-မေမြို့ ဆရာမိုးကြည်အား ကျေးဇူးတင်ပါသည်။

❀ ❀ ❀

ပ-သုံးလုံး ဝိပဿနာပညာတက္ကသိုလ် ပဓါန နာယက ဆရာတော် ဘဒ္ဒန္တဇောတိက-၏ ဝိပဿနာ ဘာဝနာ အနှစ်ချုပ် ကျင့်ဖွယ်ကျမ်းမှ - ဝိပဿနာရှုဆင်ခြင် နှလုံးသွင်း ပွားများအားထုတ်နည်း နှင့် နှလုံးသွင်း အားထုတ်နည်းမှာ -

သဗ္ဗသင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

သဗ္ဗသင်္ခါရေ- ကံ စိတ် ဥတု အာဟာရ ဟု အကြောင်းတရား လေးပါးတို့သည်၊ ပေါင်းစု၍ ပြုပြင်အပ်ကုန်သော မိမိခန္ဓာ၊

http://www.dhammadownload.con


သူတစ်ပါးခန္ဓာ၊ ခပ်သိမ်းကုန်သော ရုပ်နာမ် ဓမ္မသင်္ခါရတရား တို့သည်။ အနိစ္စတော - အပျက်ကြီးပျက်, အပျက်သေးပျက်, တစ်ပျက်တည်းပျက်, ဖြစ်ပျက်မစဲ - ဖြစ်ပျက်ဖန်ဖန် ဧကန်မှန်လှ အနိစ္စ - အမြဲမရှိပါတကားဟု . . . ။

ဒုက္ခတော- အပျက်ကြီးပျက်, အပျက်သေးပျက်, တစ်ပျက်တည်း ပျက်, ဖြစ်ပျက်မစဲ- ဖြစ်ပျက်ဖန်ဖန် နှိပ်စက်ဒဏ်ကြောင့်၊ တစ်ရံ မစဲ လွန်ဆင်းရဲလှ၊ အချည်းနှီးစက်ဆုတ်ဖွယ် ဒုက္ခ-ဆင်းရဲအစု အဝေးကြီးပါတကားဟု . . . ။

အနတ္တတော - မဖြစ်စေလို မပျက်စေလို ကြောင်းကြဆိုလည်း၊ ဆိုတိုင်းမရ အလိုမပါ အနှစ်မရှိ အစိုးမရ အနတ္တချည်းပါ တကားဟု . . . ။

ဝိပဿန္တိ- ဝိပဿနာဉာဏ် အမြင်မြတ်ဖြင့် ရှုဆင်ခြင်နှလုံးသွင်း ပွားများ အားထုတ်ကြပါကုန်သည် ဘုရား။

တုလမတုလဉ္စ သမ္ဘဝံ။

သမ္ဘဝဉ္စ- ဖန်ဖန်ဖြစ်ပွား ဘဝသုံးပါးခန္ဓာတရားကိုလည်းကောင်း၊ အတုလဉ္စ-မနှိုင်းယှဉ်အပ်ငြား နိဗ္ဗာန်တရားကိုလည်းကောင်း၊ တုလံ - တုလန္တော ခန္ဓာငါး၀ သင်္ခါရကား အနိစ္စသာ မှန်လှ စွာ၏၊ နိဗ္ဗာန်မည်ငြား ဤတရားမူ ပျက်ပြားမရှိ မြတ်လှ ဘိဟု ခန္ဓာနှင့်နိဗ္ဗာန် ဆန့်ကျင်စွာသည် နှိုင်းယှဉ်သုံးသပ် ဝိပဿနာ ဉာဏ်အမြင် အထွဋ်တင်၍ စိတ်အစဉ်. . .

http://www.dhammadownload.con


ဘဝင်ငြိမ်းအောင် မျှော်ထောက်ရှုလျက် ပွားများခြင်းဖြင့် ဆုံးဖြတ်အားထုတ်တော်မူကြပါသည်ဘုရား။

သာဓု သာဓု သာဓုပါဘုရား။

- နိဗ္ဗာန် ------------ အနိမိတ္တ
- ဖိုလ်ဉာဏ် ------------ အနိမိတ္တ
- မဂ်ဉာဏ် ------------ အနိမိတ္တ
- ဝိပဿနာဉာဏ် ------------ အနိမိတ္တ
- နာမ်ရုပ်ခန္ဓာ ------------ အနိမိတ္တ

သနိမိတ္တ ⇨ နာမ်ရုပ်ခန္ဓာ ⇨ အနိမိတ္တ

နိမိတ်ခံလျှင် နိမိတ်မစင်လျှင် ဝိပဿနာမဟုတ်။ ခန္ဓာ နာမ်ရုပ် - ဝိပဿနာရှုရာ အနိမိတ္တတရား ဖြစ်ရမည်။ ရှုဉာဏ် ဝိပဿနာကလည်း အနိမိတ္တ တရားဖြစ်ရပါမည်။ အရှုခံ နာမ်ရုပ်ခန္ဓာကလည်း အနိမိတ္တတရား ဖြစ်ရပါမည်။ သို့မှသာ-အနိမိတ္တ ဖြစ်သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်နိုင်ပါသည်။ အနိမိတ္တဖြစ်သည့် နိဗ္ဗာန်အစစ် မျက်မှောက်ပြုနိုင်ကြပေမည်။

**သနိမိတ္တရှုနေသလော၊ အနိမိတ္တရှုနေသလောစိစစ်. . ။**

**နိဗ္ဗာနံ ရာဂါဒိနိမိတ္တာနံ၊ အဘာဝါ အနိမိတ္တံ၊ မဂ္ဂဖလာနိ နိမိတ္တကရဏာနံ၊ ကိလေသာနံ အဘာဝေန အနိမိတ္တာနံ၊ နိဗ္ဗာနမ္ပိ အနိမိတ္တမေဝ (သံ-ဋ္ဌ-၂-၁၃၅-/၇)**

http://www.dhammadownload.con


နိဗ္ဗာနံ - နိဗ္ဗာန်သည်၊ ရာဂါဒိနိမိတ္တါနံ- ရာဂအစရှိသော နိမိတ်တို့၏၊ အဘာဝါ- မရှိခြင်းကြောင့်၊ အနိမတ္တံ -အနိမိတ္တ မည်၏။

မဂ္ဂဖလာနံ- မဂ်ဖိုလ်တို့သည်၊ နိမိတ္တကရဏာနံ- နိမိတ်ကို ပြုတတ်ကုန်သော၊ ကိလေသာနံ-ကိလေသာတို့၏၊ အဘာဝေန - မရှိခြင်းကြောင့်၊ အနိမိတ္တာနိ - အနိမိတ္တ မည်ကုန်၏။ နိဗ္ဗာနမ္ပိ-နိဗ္ဗာန်သည်လည်း၊ အနိမိတ္တမေဝ-အနိမိတ္တ မည်သည် သာလျှင်တည်း။

**နိဗ္ဗာန်ကို အာရုံပြု၍ သစ္စာလေးပါးကို ရ၏။ သိ၏။ မြင်၏။ ထိုးထွင်း၍သိ၏ ဟုဆိုလိုသည်ဖြစ်၏။** (ဝိသုဒ္ဓိမဂ်-မြန်မာပြန်-၃-ဆဌမှု-၅၃၉) **နိဗ္ဗာန်ကို ဒုက္ခနိရောဓ အရိယသစ္စာ ဟုဆိုအပ်၏။ ဆင်းရဲ၏။ ချုပ်ခြင်းမျှကို မဆိုအပ်၏။**

(ဝိသုဒ္ဓိမဂ်-ပြန်-၂-ဆဌမှု-၄၉၀။)

http://www.dhammadownload.con


၃ = အာဂမယုတ္တိများ
ဥပ္ပါဒေါ ဒုက္ခံ။
အနုပ္ပါဒေါ နိဗ္ဗာနံ။ (ခုဋ္ဌ-၅၇)

ဥပ္ပါဒေါ- နာမ်ရုပ်ခန္ဓာ ဖြစ်ပေါ်ခြင်းသည်၊ ဒုက္ခံ- ဒုက္ခ မည်၏။

အနုပ္ပါဒေါ- စိတ်, စေတသိက်, ရုပ်, ခန္ဓာမဖြစ်ပေါ်ခြင်း သည်၊ နိဗ္ဗာနံ- နိဗ္ဗာန်ဖြစ်၏။

ပဝတ္တာ သင်္ခါရာ
အပဝတ္တာ နိဗ္ဗာနံ။

သင်္ခါရာ- စိတ်, စေတသိက်,ရုပ်သင်္ခါရတို့သည်၊ ပဝတ္တာ- ဖြစ်တရားတို့တည်း၊ နိဗ္ဗာနံ- နိဗ္ဗာန်သည်၊ အပဝတ္တာ-မဖြစ် တရားတည်း။

တဗ္ဗိပရိတေ နိဗ္ဗာနေ
တိန္နိန္နတာယ ပက္ခန္ဒတိ။
(ဝိသုဒ္ဓိမဂ်-ပ-၂၈၂/ပါရာဇိကဏ်-၄-၃၅)
(ပဋိသမ္ဘိဒါမဂ်-၁၀၂/၃)

တဗ္ဗိပရိတေ- ဖြစ်ဟူသော သင်္ခတတရား နှင့် ဆန့်ကျင် ဘက် မဖြစ်ဟူသော အသင်္ခတဖြစ်သော၊ နိဗ္ဗာနေ- နိဗ္ဗာန်၌၊ တိန္နိန္နတာယ- ထိုမဖြစ်နိဗ္ဗာန်၌ညွတ်သည်၏ အဖြစ်ကြောင့်၊ ပက္ခန္ဒတိ - အာရုံသက်ဝင် ပြေးဝင်တတ်၏။

http://www.dhammadownload.con


**ကရဏီယမတ္ထ ကုသလေန**
**ယံတံ သန္တံ ပဒံ အဘိသမေစ္စ (မေတ္တသုတ်)**

သန္တံ -ဖြစ်ပျက်မရှိ ငြိမ်သက်စွာထသော၊ ယံပဒံ-အကြင် နိဗ္ဗာန်သည်၊ အတ္ထိ- ရှိ၏။ တံပဒံ-ထိုနိဗ္ဗာန်ကို၊ အဘိသမေစ္စ-ဉာဏ်ဖြင့် သက်ဝင်စေ၍၊ အာရုံပြု၍၊ အတ္ထကု သလေန- မိမိအကျိုးစီးပွား လိုလားသော အမျိုးကောင်းသား/ သမီးသည်။ ကရဏီယံ- သမ္မာပဋိပတ် အကျင့်မြတ် ခေါ်ဆို ဒါန, သီလ, သမထ, ဝိပဿနာ လေးရပ် ကောင်းစွာမသွေ ပြုကျင့်အားထုတ်တော်မူ အပ်ပါပေသတည်း။

**ဓမ္မဒဿောတိ တမာဟု ပဏ္ဍိတတ္တံ။ (သံ-၁-၁၈၉)**

တံ-ထိုနိဗ္ဗာန်ကို၊ ပဏ္ဍိတတ္တံ- စိတ်စေလွှတ် အာရုံပြုသော ပုဂ္ဂိုလ်ကို၊ ဓမ္မဒဿောတိ- တရားကိုမြင်သောသူဟူ၍၊ အာဟု- ဘုရားအစ များလှဘိတောင်း အရိယာသူတော်ကောင်းတို့သည် ငြိမ်းညောင်းသံသာ မိန့်ဆိုတော်မူကုန်၏။

**သတဉ္စ ဝိဝဋံ ဟောတိ**
**အာလောကောပဿမိဝ။ (သုတ္တနိပါတ်-၃၉၇)**

အာလောကော-အလင်းရောင်သည်၊ ပဿမိဝ- အပိတ်အဆီးမရှိ ဟင်းလင်းပွင့် ရှုမြင်ရသကဲ့သို့၊ သတဉ္စ-သူတော်

http://www.dhammadownload.con


ကောင်းတရား နိဗ္ဗာန်သည်၊ ဝိဝဋ္ဋ- ဉာဏ်မျက်စိအမြင်ဟင်းလင်း ပွင့်သည်၊ ဟောတိ- စင်စစ်မသွေဖြစ်ပါပေ၏-။

**အတ္ထိ ဘိက္ခဝေ အဇာတံ၊**
**နော စေတံ ဘိက္ခဝေ အဘဝိဿ၊**
**နယိဓ ဇာတဿ။ ပ။ နိဿရဏံ ပညာယေထ၊**
**ယသ္မာစခေါ ဘိက္ခဝေ အတ္ထိ အဇာတံ၊**
**တသ္မာ ဇာတဿ ပ နိဿရဏံ ပညာယတိ။**

(ဥဒါန်းပါဠိတော်-၁၇၈/ဣတိဝုတ်ပါဠိတော်-၂၂၀)

ဘိက္ခဝေ- အိုရဟန်းတို့၊ အဇာတံ-မဖြစ်သဘော-နိဗ္ဗာန် သည်၊ အတ္ထိ- ထင်ရှားရှိ၏။ ဘိက္ခဝေ- အိုရဟန်းတို့၊ ဧတံ- ထိုမဖြစ်သဘော နိဗ္ဗာန်သည်၊ နောစေအဘဝိဿ-အကယ်၍ မရှိငြားအံ့။ ဣဓ- ဤလောက၌၊ ဇာတဿ- ဖြစ်သဘော ဒုက္ခ ၏၊ နိဿရဏံ- လွတ်မြောက်ရာသည်၊ နပညာယေထ- မထင် ရှားရာ။ ဘိက္ခဝေ- အိုရဟန်းတို့၊ ယသ္မာစခေါ- အကြင်ကြောင့် လျှင်၊ အဇာတံ- မဖြစ်သဘော နိဗ္ဗာန်သည်၊ အတ္ထိ-ထင်ရှား မသွေရှိပါပေ၏။ တသ္မာ- ထို့ကြောင့်၊ ဇာတဿ-ဖြစ်သဘော ဒုက္ခ၏၊ နိဿရဏံ- လွတ်မြောက်ရာသည်၊ ပညာယတိ- ထင် ရှား၏။

**ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ အဂ္ဂမက္ခာယတိ။**

(အံ-၁-၃၄၃)

http://www.dhammadownload.con


တေသံမွှာနံ- ထိုသင်္ခတ အသင်္ခတ တရားပေါင်းတို့တွင်၊ ဝိရာဂေါ-ရာဂကင်းရာဖြစ်သော နိဗ္ဗာန်ကို၊ အဂ္ဂအက္ခေါ- အမြတ်ဆုံးဟူ၍၊ အက္ခာယတိ - ငါဘုရား ဟောကြားတော်မူ၏။

**ပရမတ္ထံ နိဗ္ဗာနံ သစ္ဆိကရောတိ။**

(ခု-ဇ-၃၇၄/၃/၈)(မိလိန္ဒပဥှ-၂၅၈)

ပရမတ္ထံ-ဖြစ်ပျက်မရှိ ငြိမ်သက်စွာ ထင်ရှားရှိသော၊ နိဗ္ဗာနံ-ပရမတ်နိဗ္ဗာန်ကို၊သစ္ဆိကရောတိ-လျင်လျင်မြန်မြန် မျက်မှောက်ပြု၏။

**နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော။**

(ပဥ္စါဝါရ-၁၆၇/၄၁၀)

နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ မဂ္ဂဿ-မဂ်အား၊ အာရမ္မဏ ပစ္စယေန-အာရမ္မဏ ပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

**နိရောဓဿစ္စံ ထပေတွာ အဝသေသာ၊**
**နိရောဓေါ နနိရောဓသစ္စံ။** (သစ္စာယမိုက်၊ ပဏ္ဏတ္တိဝါရ)

နိရောဓသစ္စံ-နိရောဓသစ္စာထိုက်သောနိဗ္ဗာန်ကို၊ ထပေတွာ-ချန်ထား၍၊ အဝသေသော - ကြွင်းကျန်သောတရား

http://www.dhammadownload.con



အပေါင်းသည်၊ နိရောဓေါ- နိရောဓမည်၏၊ နနိရောဓသေစ္စံ- နိရောဓသစ္စာ မမည်။

**နိဗ္ဗာနဓေ္မဝ၊ ပညတ္တိအနတ္တာဣတိ နိစ္ဆယာ။**

ပရိဝါပါဠိတော်၊ (၁၅၇/အပိုဒ် - ၂၅၇)

နိဗ္ဗာနဓေ္မဝပညတ္တိ- နိဗ္ဗာန်နှင့်ပညတ်ကို၊ အနတ္တာဣတိ- အနတ္တဟူ၍၊ နိစ္ဆယာ- ဆုံးဖြတ်အပ်၏။

**အသင်္ခတာစဓါတု ဣဒံ ဝုစ္စတိနာမံ။**

ဓမ္မသင်္ဂဏီပါဠိတော်။ (၂၅၆/အပိုဒ် - ၁/၃၁၆။)

အသင်္ခတာစဓါတု- အသင်္ခတဓါတ် နိဗ္ဗာန်မြတ်သည်လည်း၊ အတ္ထိ-ရှိ၏။ ဣဒံ-သင်္ခတနာမ် ခန္ဓာလေးပါး နှင့် အသင်္ခတ-နိဗ္ဗာန်တရားကို၊ နာမံ- နာမ်ဟူ၍၊ ဝုစ္စတိ- မိန့်၏။

**ပဥ္စဝိဓမ္ပိ အရူပန္တိစ နာမန္တိစ ဝုစ္စတိ။**

(သဂြိုဟ် ပစ္စည်းပိုင်း - ၁၁၆)

ပဥ္စဝိဓမ္ပိ- နာမ်ခန္ဓာလေးပါး နှင့် နိဗ္ဗာန်တရား ငါးပါးကိုလည်း၊ အရူပန္တိစ- အရူပဟူ၍လည်းကောင်း၊ နာမန္တိစ- နာမ်ဟူ ၍ လည်းကောင်း၊ ဝုစ္စတိ-မိန့်၏။

**နိဗ္ဗာနံပန သဒ္ဒါပိ နိဗ္ဗာနမေဝါတိ၊**

**နာမကာရဏာဒ္ဓေန နာမံ၊ နိဗ္ဗာနံ။**

http://www.dhammadownload.con


**အာရမ္မဏာဓိပတိ ပစ္စယတာယ၊**

**အတ္တနိ အနဝဇ္ဇဓမ္မေ နာမေတိ။** (နိ - ၄၂၂)

နိဗ္ဗာနံပန- နိဗ္ဗာန်သည်ကား၊ သဒ္ဓါပိ- အခါ ခပ်သိမ်း လည်း၊ နိဗ္ဗာနမေဝါတိ-နိဗ္ဗာန်ဟူ၍သာလျှင်၊ နာမရကာဏဋ္ဌေန- နာမည်ကိုပြုတတ်သော အနက်သဘော သတ္တိကြောင့်၊ နာမံ- နာမ်မည်၏။

နိဗ္ဗာနံ- နိဗ္ဗာန်သည်။ အာရမ္မဏာဓိပတိ ပစ္စယတာယ- အာရမ္မဏာ-အဓိပတိပစ္စည်း၏ အဖြစ်ကြောင့်၊ အတ္တနိ- မိမိဟု ဆိုအပ်သော နိဗ္ဗာန်၌၊ အနဝဇ္ဇဓမ္မေ - အပြစ်ကင်းသောတရား တို့ကို၊ နာမေတိ- ညွတ်စေတတ်၏။

**နတ္ထိ ဧတေသ ဥပ္ပါဒေဝါ ဋ္ဌိတိယံဝါ ပစ္စယောတိ**

**အပစ္စယော။** (နိ - ၉၀)

ဧတေသံ- ထိုနိဗ္ဗာန်ဓါတ်၏၊ ဥပ္ပါဒေဝါ- ဖြစ်ပေါ်စေရန် လည်းကောင်း၊ ဋ္ဌိတိယံဝါ- တည်နေစေရန်လည်းကောင်း၊ ပစ္စယော-အကြောင်းသည်၊ နတ္ထိ-မရှိ။ ဣတိတသ္မာ-ထို့ကြောင့်၊ အပစ္စယော- နိဗ္ဗာန်၏ ဖြစ်ကြောင်းသည် မရှိ။

**နိဗ္ဗာနံ အာဂမ္မ ရာဂေါ ခီယတိ၊**

**တသ္မာ ရာဂက္ခ ယောတိ ဝုစ္စတိ၊**

**အစ္ဆုပိနော ဓမ္မာတိသင်္ဂဟိတတ္တာ၊**

**နကိလေ သက္ခယ မတ္တမေ ဝါတိ။**

http://www.dhammadownload.con



နိဗ္ဗာနံ- နိဗ္ဗာန်ကို၊ အာဂမ္မ- အကြောင်းခံ၍၊ ရာဂေါ -
ရာဂသည်၊ ခီယတိ-ကုန်၏။တသ္မာ- ထို့ကြောင့်၊ ရာဂက္ခယောတိ-
နိဗ္ဗာန်ကို ရာဂကုန်ကြောင်းဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။ အရှုပ်နေဘ
ဓမ္မာတိ သင်္ဂဟိတတ္တာ- နိဗ္ဗာန်ကို နာမ်တရားဟူ၍ ရေတွက်
အပ်သည်၏အဖြစ်ကြောင့်၊ နကိလေသက္ခယ မတ္တမေဝ-ကိ
လေသာကုန်ခါမျှ ကုန်ခြင်းမျှသည်၊ နိဗ္ဗာန်မဟုတ်သည်သာလျှင်
တည်း။ ဣတိ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏။

## ၆၂။ ရဟန္တာဖြစ်ခြင်း နှင့် ချုပ်ငြိမ်းခြင်း။

ခပ်သိမ်းသော တရားတို့သည်၊ သိစရာအာရုံနှင့် အသိ
အာရမ္မဏိက နှစ်မျိုးရှိ၏။ မှီရာအကြည် ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်
သော အသိနာမ်တရားတို့၏ ကျက်စားစရာသည် အာရုံမည်
၏။ ကျက်စားစရာ အာရုံကိုလည်း အစွဲပြု အကြောင်းခံ၍-
မှီရာဝတ္ထုရုပ်ကို မှီ၍၊ ဖြစ်ခြင်းသဘောသည် - အသိ - တရား
အာရမ္မဏိက မည်၏။ ထိုအသိ နှင့် သိစရာ (၂)မျိုးတို့တွင်-
နိဗ္ဗာန်တရားသည် ဓမ္မာရုံဖြစ်၍ သိစရာ အာရုံ၌ အကျုံးဝင်၏။

http://www.dhammadownload.con


သိစရာအာရုံဖြစ်သည့် နိဗ္ဗာန်တရားကို အာရုံပြု၍၊ ဝိပဿနာရှုလေလျှင် နိဗ္ဗာန်ကိုသိမြင်သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ဖြစ်ပေါ်လာ၏၊ မဂ်ဖိုလ်သည် ကိလေသာကို အကြွင်းမဲ့ပယ်သတ်သဖြင့် အရဟတ္တဖိုလ်ကို အစွဲပြု၍ ရဟန္တာခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ရဟန္တာဟု ခေါ်ဝေါ်သည့် ခန္ဓာရုပ်နာမ်သည် အဆုံးစွန်အကြွင်းမဲ့ ချုပ်ငြိမ်းသောအခါ မီးလျှံငြိမ်းသကဲ့သို့ ငြိမ်းတော်မူလေပြီ။

* နိဗ္ဗာန်ကို ဒုက္ခနိရောဓ အရိယသစ္စာဟု ဆိုအပ်၏၊ ဆင်းရဲ၏ ချုပ်ခြင်းမျှကိုမဆိုအပ်။

(ဝိသုဒ္ဓိမဂ်ပြန် ၂/ ၄၉၀)

* နိဗ္ဗာန်ကို အာရုံပြု၍ သစ္စာ-၄ပါးကိုရ၏,သိ၏,မြင်၏။ (၎င်း - ၃ /၅၃၉)

နိဗ္ဗာနံ ပဋိစ္စ ကိလေသ ပရိနိဗ္ဗာနေန ပရိနိဗ္ဗုတော။
ပရိနိဗ္ဗာနကာလံ အာဂမေတိ။ (သံ ဋ္ဌ - ၁ - ၂၈၈)

နိဗ္ဗာနံ- မဂ်ဖိုလ်ဖြင့် သိမြင်အပ်သော နိဗ္ဗာန်ကို၊ ပဋိစ္စ- အစွဲပြု၍၊ အကြောင်းခံ၍၊ ကိလေသပရိနိဗ္ဗာနေန- ကိလေသာအကြွင်းမရှိ ငြိမ်းခြင်းဖြင့်၊ ပရိနိဗ္ဗုတော - ကိလေသပရိနိဗ္ဗာန်သည်၊ ဟောတိ-ဖြစ်၏။ ပရိနိဗ္ဗာနကာလံ- ခန္ဓာနာမ်ရုပ် မီးလျှံ

http://www.dhammadownload.con


ငြိမ်းသကဲ့သို့ အပြီးတိုင် ငြိမ်းခြင်းကို၊ အာဂမေတိ- ဆိုင်းငံ့ရ သေး၏။

ဧဝံ ဝိမုတ္တစိတ္တော ဘိက္ခုတော ကုဟိံ ဥပပဇ္ဇတိ။
ယော တေ အယံ ပုရတော အဂ္ဂိ နိဗ္ဗုတော။
သော အဂ္ဂိတ္တော ကတမံ ဒိသံ ဂတော။

(မ-၂-၁၅၅/၆)

ဧဝံ- ဤသို့၊ ဝိမုတ္တစိတ္တော- ကိလေသာမှ လွတ်သော၊ ဘိက္ခု- ရဟန္တာသည်၊ ကုဟိံ- အဘယ်အရပ်၌၊ ဥပပဇ္ဇတိ- ဖြစ်သနည်း။ တေ- သင်၏၊ ပုရတော- ရှေး၌၊ အယံအဂ္ဂိ- ဤမီးလျှံသည်၊ နိဗ္ဗုတော- ငြိမ်းလေပြီ၊ သောအဂ္ဂိ- ထိုမီးလျှံသည်၊ ပုရတော-ဤမှ၊ ကတမံဒိသံ-အဘယ်သို့သော အရပ်သို့၊ ဂတော- ရောက်သွားသနည်း။ နိဗ္ဗုတ္တိ မိရာ ယထာယံပဒီပေါ-

http://www.dhammadownload.con



### ၆၃။ ချမ်းသာရကြောင်းအမြတ်တရား(၇) ပါး

လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ- နှစ်မျိုး လုံး ပင် **အထိကရ အရေးအကြီးဆုံးမှာ** -

မိမိချမ်းသာရာ ချမ်းသာကြောင်း ကိစ္စ၌ ဦးတည်ချက် ထား၍ -

၁။ အစဉ်သဖြင့် အောက်မေ့ အမှတ်သတိ ရှိရမည်။

၂။ စိစစ်ဝေဖန် နှိုင်းချိန်ဉာဏ်ရှိရမည်။

၃။ မတွန့်မဆုတ် လွန်စွာ အားထုတ်ရမည်။

၄။ နှစ်သိမ့်အားရ ကျေနပ်လာမည်။

၅။ ဆန့်ကျင်ဘက်အပူငြိမ်း အေးချမ်းလာမည်။

၆။ တည်ငြိမ်သက်ဝင် မပျံ့လွင့်ပဲ ရှိလာမည်။

၇။ သုခဘက်၊ ဒုက္ခဘက်၊ မယုတ်မလွန် အညီအမျှ သက်ဝင်မှု နှလုံးသွင်းနိုင်လာမည်။

ရှေးသုံးပါးက-အကြောင်း၊ နောက်လေးပါးက-အကျိုး။

အကြောင်းရှိသ၍၊ အကျိုးရနိုင်သည်။ ယင်းအကြောင်း အကျိုးတို့ အညီအညွတ် စည်ပင်ပြန့်ပြောခြင်းသို့ရောက်လျှင် အချမ်းသာဆုံး အထွဋ်အထိပ် နိဗ္ဗာန်သို့ရောက်နိုင်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့ပါပေ၏။

ခုနှစ်ပါးဟူသည် ဗောဇ္ဈင်ပင်။ အတွင်းရှု - ဆက်ရှု. . . ။

http://www.dhammadownload.con



# တိရစ္ဆာန် ပဏ္ဏာမျိုး

## ၆၄။ ဧကောဓမ္မော – ကမ္မဋ္ဌာန်း

## အာနာပါနဿတိ သမာဓိဘာဝနာ

အို - ယောဂီသူမြတ်၊ ရှူ-ဝင်လေ၊ ရှိုက်-ထွက်လေ

ရှူသတိ၊ ရှိုက်သတိ၊ မလွတ်ရ။

ရှည် တို ထင် စွာ ငြိမ်းစေရာ၏။

၁။ ရှည်လျှင် ရှည်မှန်း သိရမည်။

၂။ တိုလျှင် တိုမှန်း သိရမည်။

၃။ ထင်ရှားစွာ ရှူရှိုက်ကျင့်ရမည်။

၄။ ငြိမ်းစေအံ့-ဟု ရှူရှိုက် ကျင့်ရမည်။

ယင်း - ၄ မျိုးကိုက်ညီ၍ မငြိမ်းစဘူး ငြိမ်းသဖြင့် ထင်လာမည်မှာ -

၁။ နှစ်သိမ့်ခြင်း ထင်လျက် ရှူရှိုက်အံ့ - ဟု ကျင့်၏။

၂။ ချမ်းသာခြင်း ထင်လျက် ရှူရှိုက်အံ့ -

၃။ ခံစားခြင်း မှတ်သားခြင်း ငြိမ်းစေအံ့ဟု ထင်လျက် ရှူရှိုက် - ကျင့်၏။

http://www.dhammadownload.con


ခံစားမှတ်သားခြင်းတို့ မငြိမ်းစဘူး ငြိမ်းသဖြင့် သိလာမည်မှာ-

၁။ သိစိတ် ထင်ထင်ရှားရှားဖြင့် ရှုရှိုက်အံ့ဟု ကျင့်၏။

၂။ သိစိတ် ရွှင်ရွှင်ပြပြဖြင့် ရှုရှိုက်အံ့ဟု ကျင့်၏။

၃။ သိစိတ် ထင်သော အာရုံ၌သာထား အံ့ဟု ရှုရှိုက်ကျင့်၏။

၄။ နီဝရဏတို့မှ လွတ်စေအံ့ဟု ရှုရှိုက် ကျင့်၏။

ညစ်ငြူးကြောင်း နီဝရဏတို့မှ လွတ်သဖြင့် - ရှုမြင်ဆင်ခြင် နှလုံးသွင်းလာမည်မှာ -

၁။ မမြဲခြင်းကို ဖန်ဖန်ရှုလျှက် ရှုရှိုက်အံ့ ဟု ကျင့်၏။

၂။ တပ်မက်ခြင်း ကင်းခြင်းကို အဖန်ဖန် ရှုလျှက်၊ ရှုရှိုက်အံ့ ကျင့်၏။

၃။ ချုပ်ငြိမ်းခြင်းကို အဖန်ဖန်ရှုလျှက်၊ ရှုရှိုက်အံ့ ကျင့်၏။

၄။ စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုလျှက်၊ ရှုရှိုက်အံ့ ကျင့်၏။

http://www.dhammadownload.con


၄-၌။ ဝိပဿနာဉာဏ်သည် ဖြစ်ပျက်မြင်၍၊ တပ်မက်ခြင်း ရာဂကို စွန့်၏။

မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုမြင်၍၊ ကိလေသာ-အပြီးတိုင် စွန့်၏။

ဝိပဿနာဉာဏ် မဂ်ဉာဏ်ရ၍၊ ကိလေသာကို တစ်စ တစ်စနှင့်စွန့်ခဲ့ရာ၊ အကြွင်းမဲ့အကုန်အစင် ချုပ်ငြိမ်းလျှင်၊ အကျိုးဝဋ်ဒုက္ခ ခန္ဓာအစဉ် သံသရာအယဉ်ဆင်းရဲခပ်သိမ်းသည်၊ ဧကောဓမ္မော-အားထုတ်သဖြင့် အပြီးအပိုင် ဇာတ်သိမ်း ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်သည်ဟု ဟောတော်မူခဲ့၏။

၃-၌။ ဝိပဿနာဉာဏ်ဖြင့် သာမညနိရောဓ၊ ခဏိကပင် ချုပ်ပျက်၊ ကုန်ဆုံး ငြိမ်း၏ဟု မြင်၏။ မဂ်ဉာဏ်ဖြင့် သစ္စာနိရောဓ၊ နိဗ္ဗာန်ကိုမြင်၍ အကြွင်းမဲ့ ချုပ်ငြိမ်းသည်ကို မြင်၏။

၂-၌။ ဝိပဿနာဉာဏ်ဖြင့်၊ ခဏိက- တပ်မက်ဖွယ်ကင်း၏။ ကုန်၏။ ပယ်ခွာ၏။ စွန့်၏။ မဂ်ဉာဏ်ဖြင့် အစ္စန္တဝိရာဂ -အဆုံးစွန်၊ တပ်မက်ဖွယ်၊ ကင်း၏။ ကုန်၏။

၁-ကား - ဝိပဿနာဉာဏ်သက်သက်၊ ၂-၃-၄-ကား ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် နှစ်ပါးလုံး ဟောတော်မူ၏။

http://www.dhammadownload.con



## ၆၅။ ဘိရုတာန် ဝဏာမျှ ဝေဘာဝေမ္ဘာ မှ သတိပဋ္ဌာန်းသို့

ရဟန်းတို့ ဟိမဝန္တာတောင် အနောဝတတ် စသော အိုင်ကြီး ခုနှစ်အိုင်မှ စီးဆင်းသော၊ ဂင်္ဂါ, ယမုံနာ,အစိရဝတီ, မဟီ, သရဖူ မြစ်ကြီးငါးသွယ်မှ မြစ်ရေသည်၊ အရှေ့အရပ်သို့ ညွှတ်ကိုင်းရှိုင်း စီးဆင်းသကဲ့သို့၊ ဤမဟာသတိပဋ္ဌာန် (၄) ပါး ပွားများ အားထုတ်သည်ရှိသော်၊ နိဗ္ဗာန်သို့သာ ညွှတ်ကိုင်းရှိုင်း စီးဆင်းကြကုန်၏။

ရဟန်းတို့ ဤမဟာသတိပဋ္ဌာန် (၄) ပါးတို့သည် ပွါးများ အားထုတ်အပ်သည်ရှိသော်၊ ဤမှာဖက်ကမ်း သံသရာ ဆင်းရဲ ခပ်သိမ်းမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်သို့သွားရောက်ခြင်းငှါ ဖြစ်၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်မှာ-

သိန်းစွန်သည် ဗိလုံးငှက်အား ထိုးသတ် သုတ်ချီရာ၊ ဤသို့ ငိုကြွေးမည်တမ်း၏။ ငါတို့သာ အသရေမဲ့ကုန်၏။ ဘုန်းကံ မဲ့ကုန်၏။ မိရိုးဖလာ မိမိအဖ စားကျက်၌ မကျက်စားပဲ သူတစ်ပါးစားကျက် ကျက်စားမိ၍ ထိုးသုတ်ခံရကုန်၏။ မိမိ အဖစားကျက် ကျက်စားက၊ ဤသို့ ထိုးသုတ်ခြင်းသည် စစ်ထိုး စစ်ပြိုင်ခြင်းသာ ဖြစ်ရာ၏ဟု ငိုကြွေးမည်တမ်း၏။

http://www.dhammadownload.con



သင့်အဖ - စားကျက်က ဘယ်မှာနည်း။
ထွန်ဖြင့် ထွန်ယက်ခြင်းကို ပြုရာ ထွန်ချေးခဲ ထယ်ခဲ ရှိရာ အရပ်ပေတည်း။
သွားလော ငါ့လက်မှ မလွတ်နိုင်ရာ အောက်မေ့ လွှတ်လိုက်၏။

ဗီလုံးငှက်သည် ထယ်ခဲပေါ်သို့ သွားရောက်တက်၍၊ လာခဲ့ -သိန်းစွန်ကြီးဟု ကြိမ်းဝါးခေါ်၏။ သိန်းစွန်သည် စွမ်းအင်အဟုန်ပြင်းစွာ ထိုးသုတ် လိုက်ရာ ဗီလုံးငှက်သည် ထယ်ခဲအကြားသို့ လျင်မြန်စွာ ဝင်လိုက်၏။ သိန်းစွန်၏ ရင်ဝ ပြင်းပြစွာ ထယ်ခဲနှင့် ဆောင့်တိုက်မိ၍ ပျက်စီးခဲ့ဘူးလေပြီဟု မိန့်တော်မူ၏။

ရဟန်းတို့ မိမိစားကျက် မဟုတ်သော၊ သူတစ်ပါးစားကျက် ကျက်စားကြကုန်သော သူတို့အား၊ ကိလေသာမာရ်သည် ဖျက်ဆီးဖို့ အခွင့်ရ၏။

မိရိုးဖလာ မိမိအဖ စားကျက် ကျက်စားကုန်သော သူတို့အား၊ ကိလေသာမာရ်သည် ဖျက်ဆီးရန် အခွင့်မရ၊ ဖျက်ဆီးရန်အကြောင်းကို မရနိုင်ကုန်ဟု မိန့်တော်မူ၏။

ရဟန်းတို့ မိမိအဖဟူသည်၊ ငါဘုရားပင် မိရိုးဖလာစားကျက်ဟူသည်-မဟာသတိပဋ္ဌာန်ပင်။ သူတစ်ပါးစားကျက်ဟူသည်၊ ကာမဂုဏ်တရား ငါးပါးပင်တည်းဟု မိန့်တော်မူ၏။

http://www.dhammadownload.con



ရဟန်းတို့ အာနာပါနဿတိ သမာဓိ ပွားများလျှင် သတိပဋ္ဌာန် (၄) ပါးဖြင့် ပြည့်စုံ၏ဟု မိန့်တော်မူ၏။

**အာနာပါန - ပြန် - စကောက်ဦးအံ့။**

ကောစမွော - တစ်ခုတည်းသော တရားကမ္မဋ္ဌာန်း

အာနာပါနဿတိ ရှုသတိ၊ ရှိုက်သတိ မလွတ်ရ။

ရဟန်းတို့ ထွက်သက်၊ ဝင်သက် လေတို့သည် ပထဝီ စသော ကာယပေါင်းတို့တွင်၊ ဝါယောကာယ တစ်ပါးအပါအဝင် ဖြစ်သောကြောင့်၊ ကာယာနုပဿနာသတိပဋ္ဌာန် ဘာဝနာ ပွားသည်မည်၏။

ရှန်းရှင်းသော ရှူရှိုက်ခြင်း ငြိမ်းစေလျက်၊ ထပ်၍ ငြိမ်းစေလျက်၊ အထူးသဖြင့် ငြိမ်းစေလျက်၊ ချုပ်စေလျက် ရှူအံ့ ဟု ကျင့်၏။ ရှူရှိုက်ခြင်းကပ်၍တည်သော၊ သတိဖြင့် အဖန်ဖန် ရှု ဆင်ခြင်သော ဉာဏ်ပညာဖြင့်၊ ကပ်၍ ရှုသောကြောင့် ချုပ်၏၊ ငြိမ်း၏ဟု - ပဿမ္ဘယံကာယသင်္ခါရံ ကို အဋ္ဌကထာ အရှင်မြတ် ဖွင့်ပြတော်မူခဲ့၏။

( ဝိသုဒ္ဓိမဂ် - ပြန် - ပ- ၅၄၃/၄ )

ရှူရှိုက်ခြင်း၊ မငြိမ်းစဘူး၊ ငြိမ်းသဖြင့် နှစ်သိမ့် ချမ်းသာ ခံစားမှတ်သားခြင်းတို့ ထင်စွာသိမြင်၍၊ ငြိမ်းစေအံ့ဟု ရှူရှိုက် ကျင့်၏။

http://www.dhammadownload.con



ရဟန်းတို့ ရှုရှိုက်ခြင်းကို ကောင်းစွာ နှလုံးသွင်းသော သူအား၊ ဝေဒနာအပေါင်းတို့တွင် တစ်ပါးအပါအဝင် သုခဝေဒနာကို ရှုသောကြောင့်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန် ဘာဝနာ ပွားများသည်မည်၏။

ထင်လင်းစွာ သိရသော ခံစားမှတ်သားခြင်းတို့ သိမ်သိမ်မွေ့မွေ့၊ ငြိမ်းကြသဖြင့်၊ သိမြင်လာသည်မှာ အသိထင်ထင် စိတ်ရွှင်ရွှင် အာရုံ၌ တည်ထားစွာ၊ ကာမဂုဏ်နီဝရဏာမှ လွတ်စေအံ့ဟု ရှုရှိုက်ကျင့်ရာ၏။

ယင်းသို့ စိတ်ကို ကောင်းစွာ ရှုဆင်ခြင် နှလုံးသွင်းသောကြောင့်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ဘာဝနာ ပွားသည်မည်၏။

စိတ်သည် ကောင်းစွာထား၍၊ နီဝရဏာတို့မှ လွတ်ကင်းသဖြင့်၊ မမြဲခြင်း၊ တပ်မက်ဖွယ်ကင်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ စွန့်လွှတ်ခြင်း သဘောတို့ကို ရှုဆင်ခြင် နှလုံးသွင်းလျက် ရှုအံ့ ရှိုက်အံ့ဟု ကျင့်ရာသည်။

သဘောတရားတို့ကို ရှုဆင်ခြင် အားထုတ်ရာ ဖြစ်သောကြောင့်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဘာဝနာ ပွားများသည်မည်၏။

ဤသို့လျှင် ဧကောဓမ္မော မှ သတိပဋ္ဌာန် (၄)ပါး ပြည့်စုံစေ၏။

http://www.dhammadownload.con


# ၆၆။ တိရတန် ပဏာမျှ ကောဝေမ္မော မှ ဗောဇ္ဈင်သို့

ရဟန်းတို့ သတိပဋ္ဌာန်ပွားများလျှင် ဗောဇ္ဈင်နှင့် ပြည့်စုံခြင်းသို့ ရောက်သည်ဟုမိန့်၏။ ဗောဇ္ဈင်ပွားများခြင်းသည် ခန္ဓာသံသရာ ဤမှာဖက်ကမ်းမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်သို့ရောက်ခြင်းငှာ ဖြစ်၏။ ဗောဇ္ဈင်ပွားလျှင် နိဗ္ဗာန်ရောက်ကြောင်း မချွတ်ယွင်း၊ မပွားလျှင် ချွတ်ယွင်း၏။ သူဆင်းရဲ ဖျင်းအသူ ပညာမဲ့သူ ဖြစ်၏။ ပွားလျှင် ကြွယ်ဝသူ မဖျင်းသူ ပညာရှိသူ ဖြစ်၏ဟု မိန့်တော်မူ၏။

စကြာမင်းပေါ်လာလျှင် စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ မိန်းမရတနာ၊ ပတ္တမြားရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာ ဖြစ်ပေါ်လာသကဲ့သို့ မြတ်စွာဘုရား ထင်ရှားပွင့်လျှင် ဗောဇ္ဈင်(၇)ပါး ပေါ်လာ၏။

ရွှေသည်-သံ, ကြေး, ခဲပုတ်, ခဲမဖြူ, ငွေ ဟူသော အညစ်အကြေး (၅) မျိုးရှိနေလျှင်၊ နူးလည်းမနူးညံ့ ပြုလုပ်ခြင်းငှာမခံ့။ အရောင်လည်း မထွက်။ ကျွတ်ဆတ်၏။ လက်ဝတ်တန်ဆာပြုလုပ်ခြင်းငှာ မဖြစ်နိုင်သကဲ့သို့ နီဝရဏ (၅)ပါးသည်-

http://www.dhammadownload.con


စိတ်ကို လွှမ်းမိုးတတ်၊ ညစ်ညူးအောင် ပြုတတ်၊ မျက်စိမရှိကန်းအောင် ပြုတတ်၊ ပညာမဲ့အောင် ပြုတတ်ကုန်၏။ ပင်ပန်းခြင်းအတို့ ရှိကုန်၏။ ငြိမ်းအေးခြင်းငှာ မဖြစ်နိုင်ပေ။

ညောင်ဗုဒ္ဓဟောပင်၊ ပညောင်ပင်၊ ညောင်ကျပ်ပင်၊ ရေသဖန်းပင်၊ ခအောင်းပင်၊ ညောင်ချဉ်ပင် တို့သည် အစေ့သေးငယ်သော်လည်း၊ အပင်ကြီးသော သစ်ပင်ကြီးတို့ကို လွှမ်းမိုးတတ်၊ ဖျက်ဆီးတတ်၊ ချိုးဖဲ့တတ်၊ ပျက်ဆီးစေတတ် ကုန်သကဲ့သို့၊ နီဝရဏ(၅)ပါးတို့သည်လည်း၊ စိတ်ကို လွှမ်းမိုး ဖျက်ဆီးချိုးဖဲ့တတ်ကုန်၏။

ရဟန်းတို့ အရိုအသေပြုကာ နှလုံးသွင်းလျက် အလုံးစုံတို့ စိတ်၌ကောင်းစွာထားပြီး၊ စူးစိုက်နားထောင်သည်ဖြစ်၍၊ တရားတော်ကို နာကြားသောအခါ အရိယာတို့၏ တပည့်အားနီဝရဏ (၅) ပါးတို့သည် မဖြစ်ကုန်၊ ဗောဇ္ဈင်ခုနစ်ပါး တို့သည်ပွားများခြင်းသို့ရောက်ကုန်၏။

( မြန်မာပြန် - ၈၉ )

သီလ သမာဓိ ဉာဏ်ပညာ နှင့် ပြည့်စုံကုန်သောမထေရ်ကြီးတို့အား ဖူးမြင်ရခြင်းသည်၊ တရားနာကြားရခြင်းသည်၊ အောက်မေ့ အမှတ်သတိရခြင်းသည်၊ အတုလိုက်၍ရဟန်းပြုရခြင်းသည် ကျေးဇူးများလှ၏။

http://www.dhammadownload.con


ထိုမထေရ်ကြီးတို့၏ တရားဓမ္မ ဟောပြခြင်းကို အဖန်ဖန် အောက်မေ့ ကြံစည်ဆင်ခြင်သောအခါ၊ ဗောဇ္ဈင်ကို အားထုတ်၏။ ပွားများခြင်းသို့ ရောက်၏။ ပွားများသော စိတ်သည် မဖေါက်ဘူး၊ မခွဲဘူးသေးသော- လောဘတုံး၊ ဒေါသတုံး၊ မောဟတုံး တို့ကို ဖောက်ခွဲ၏ဟု မိန့်တော်မူ၏။

## ၆၇။ ဗောဇ္ဈင်ခုနစ်ပါး

၁။ အာနန္ဒာ အကြင်အခါ ကယာနုပဿနာ ရှုဆင်ခြင်သော၊ ရဟန်းတို့အား သတိမလွတ် ထင်သောသတိရှိသည်ဖြစ်၍၊ သတိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ပွားများ၏၊ ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၂။ အာနန္ဒာ ထင်သော သတိရှိသည်ဖြစ်၍၊ ထိုတရားတို့ကို ပညာဖြင့် စီစစ်သော၊ လှည့်လည်ကျက်စားသော၊ အထပ်ထပ် ဆင်ခြင်ခြင်းသို့၊ ရောက်သောရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပြည်စုံ၏။ ပွားများ၏၊ ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၃။ အာနန္ဒာ ထိုတရားတို့ကို ပညာဖြင့်စီစစ်သော၊ လှည့်လည်ကျက်စားသော၊ အထပ်ထပ်ဆင်ခြင်ခြင်းသို့ ရောက်သော ရဟန်းအား၊ မတွန့်မဆုတ်ကြိုးစားအား

http://www.dhammadownload.con


ထုတ်သော ဝီရိယသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ပွားများ၏၊ ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၄။ အာနန္ဒာ ကြိုးစားအားထုတ်သော ရဟန်းအား၊ ကိလေသာအပူ - အာမိသကင်းသော နှစ်သက် နှစ်သိမ့်ခြင်း ပီတိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ပွားများ၏၊ ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၅။ နှစ်သိမ့်သောစိတ် ရှိသောရဟန်းအား၊ ကိုယ်စိတ်ငြိမ်းအေးခြင်း၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ပွားများ၏၊ ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၆။ ကိုယ်စိတ် ငြိမ်းချမ်းသောရဟန်း၏ စိတ်သည် တည်ကြည်သဖြင့် သမာဓိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ပွားများ၏၊ ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၇။ တည်ကြည်သောစိတ်သည် ကောင်းစွာအညီအမျှရှုသဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ပွားများ၏၊ ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၈။ ရဟန်းသည် ထင်သောသတိ ရှိသည်ဖြစ်၍၊ ဝေဒနာတို့၌, စိတ်တို့၌, တရားသဘောတို့၌, ဝေဒနာ စိတ် သဘောတရားတို့ကို အကြိမ်ကြိမ် ရှုဆင်ခြင်လေ့ရှိသောအခါ၊ သတိပဋ္ဌာန် (၄)ပါး ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော်၊ ဗောဇ္ဈင်တရား(၇)ပါးတို့ကို ပြည့်စုံစေကုန်၏။

http://www.dhammadownload.con


အာနန္ဒာ တစ်ခုတည်းသော ရှုရိုက်ခြင်းနှင့် ယှဉ်သောစိတ်၏ တည်ကြည်ခြင်း = အာနာပါနဿတိ သမာဓိ ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ အလေ့ အလာ ပြုအပ်သည်ရှိသော် သတိပဋ္ဌာန်(၄) ပါး ပြည့်စုံ၏။ ဗောဇ္ဈင် (၇) ပါး ပွားများအပ်။ ကြိမ်ဖန်များစွာ အလေ့အလာ ပြုလုပ်အပ်လျှင်၊ အသိဉာဏ်ဝိဇ္ဇာ ကိလေသာမှ လွတ်မြောက်မှု - ဝိမုတ္တိရသ နှင့် ပြည့်စုံ၏ဟု မိန့်တော်မူ၏။

သူမြတ်သည် အကြောင်းကိလေသာ၊ အကျိုးဒုက္ခခပ်သိမ်းမှ လွတ်မြောက်လိုလျှင်၊ ဝိဇ္ဇာဉာဏ် လိုအပ်၏။ ဝိဇ္ဇာဉာဏ်ရရှိရေး ဗောဇ္ဈင်(၇) ပါးပွားများနိုင်ရေး၊ ဧကောဓမ္မော တစ်မျိုးတည်းသော အာနာပါနဿတိ သမာဓိ ပွားများတော်မူကြရပေမည်။

http://www.dhammadownload.con


# ၆၈။ တိရတနံ ဝဏ္ဏမျှ ဧကောဓမ္မော မှ သည် ဝိဇ္ဇာဝိမုတ္တိသို့

ရဟန်းတို့ မဟာသမုဒ္ဒရာ ရေ၏ အရသာသည်၊ ဆားငန်ရေ အရသာ တစ်မျိုးတည်းသာ ဖြစ်သကဲ့သို့၊ ဗုဒ္ဓ မြတ်စွာ သာသနာတော် ဓမ္မဝိနယ-အရသာသည် အကြောင်း ကိလေသာ၊ အကျိုး ဝဋ်ဒုက္ခ ခန္ဓာစဉ် ဆင်းရဲခပ်သိမ်းတို့မှ လွတ်မြောက်ခြင်း- ဝိမုတ္တိရသ တစ်မျိုးတည်းသာဖြစ်၏ဟု မိန့်တော်မူ၏။

လေးသင်္ချေ နှင့် ကမ္ဘာပေါင်းတစ်သိန်းမျှ အရင်းအနှီး တန်ဘိုးအနန္တ=စိုက်ထုတ်ကျင့်တော်မူ ရေးသည်ရင်း၊ (၄၅)ဝါ ကာလကြာအောင် ဟောကြားတော်မူရေးသည်ရင်း၊ ဟောကြားတော်မူသည့်အတိုင်း လိုက်နာ ကျင့်သုံးရေးသည်ရင်း၊ နတ်လူ စည်းစိမ် မင်း မိဖုရား ချမ်းသာရရှိရေး မဟုတ် ဝိမုတ္တိရသ ရရှိတော်မူရေး ဖြစ်ပေသည်။

ထိုရသကို ရချင်, ရောက်ချင်, သိချင်, မြင်ချင်, ခံစားချင်သော သူမြတ်သည်၊ ဧကောဓမ္မော=တစ်ခုတည်းသော အာနာပါနကို ပွားများရ၏။ ပွားများရလျှင် သတိမလွတ်သဖြင့်၊ သတိပဋ္ဌာန် (၄)ပါး ဉာဏ်အမြင် ထင်လာ၏။ ထင်လာလျှင် <u>သတိ ပညာ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ တတြမဇ္ဈတ္တ</u> ဖြစ်ကြ၏။

http://www.dhammadownload.con


သတိလည်းမလွတ်၊ ရှုဉာဏ်လည်းသွင်း အားထုတ်မှုပြုသဖြင့်၊ နှစ်သိမ့်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စိတ်တည်ကြည်ခြင်းကို ရ၏။ ရလျှင်ပင် စိတ်ကို မယုတ်မလွန် အညီအမျှ ရှုနိုင်, ထားနိုင်၏။ ထားနိုင်လျှင်ပင်-နိဗ္ဗာန်သိမြင် အကျိုးငှာ ဗောဇ္ဈင်-(၇) ပါး ပြည့်စုံခြင်းသို့ ရောက်၏။

ဗောဇ္ဈင်(၇) ပါးသည်လည်း-

၁။ ဝိဝေကနိဿိတ = ဆိတ်ငြိမ်ခြင်းမှီ၏။
၂။ ဝိရာဂနိဿိတ = တပ်မက်မှုကင်းခြင်းမှီ၏။
၃။ နိရောဓနိဿိတ = ချုပ်ငြိမ်းခြင်းမှီ၏။
၄။ ဝေါသဂ္ဂပရိဏာမ = အလုံးစုံ စွန့်လွှတ်ကြောင်း နိဗ္ဗာန်သို့ညွတ်၏။

ဗောဇ္ဈင်(၇)ပါးသည် - ၎င်း (၄)မျိုးသော သတ္တိထူးစွမ်းရည် စွမ်း၍၊ ဝိဇ္ဇာဉာဏ်ကို အပြီးတိုင် ရင့်ကျက်စေ၏။

**ဇကောစမွော မှသည် သတိပဌာန်**
**သတိပဌာန် မှသည် ဗောဇ္ဈင်တိုင်အောင်**

တစ်ဆင့်ထက်တစ်ဆင့်၊ ဉာဏ်ရည်မြင့်သည်ထက် မြင့်၍။ တစ်နည်း=အာနာပါန မှစ၍- သတိမလွတ်သဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ မိနေသော သတိပဌာန်၊ဗောဇ္ဈင်ပွားများ ဉာဏ်အမြင်ပေါက်သဖြင့်၊ ဇကောစမွော မှသည် ဝိဇ္ဇာဝိမုတ္တိသို့၊ ရရှိရောက်ရှိ ခံစားသိမြင်နိုင်ကြပါသည် သူမြတ်တို့ . . .။

http://www.dhammadownload.con


# တိရစ္ဆာန် ပဏာမျှ အာဂမယုတ္တိများ

ထုံးမှိုဝါကျ၊ ဆိုတတ်ကြမှု၊ ပွဲမလယ်မှာ၊ ခုံတည်ရာ၏။

သစ္စာဝါစိ၊ အရိုးမှိုရှိ၊ ဒင်္ဂြိုညာပက၊ အာဂုံပြုလျက်၊

သာတကေယုတ္တိ၊သဘောမိမှု၊ ပဏ္ဏိ-တကာ ယုံကြည်ရာ၏။

(မယဒေဝ-၂၁၆)

သော သတော၀ အဿသတိ၊ သတော၀ ပဿသတိ။

(သံ-၃-၂၇၁)

သော-ထိုရဟန်းသည်၊ သတော၀- သတိရှိသည် ဖြစ်၍ သာလျှင်၊ အဿသတိ- ထွက်သက်ရှိုက်၏။ သတော၀- သတိ ရှိသည်ဖြစ်၍သာလျှင်၊ ပဿသတိ- ဝင်သက်ရှူ၏။

(သံ-၃-၂၇၁/မ-၁-ရ၀/၁/မ-၃-၂၃၁/၂)

နာဟံ အာနန္ဒ မုဋ္ဌဿတိဿ အသမ္ပဇာနဿ အာနာပါနဿတိ သမာဓိ ဘာဝနံ ဝဒါမိ။ (သံ-၃-၂၈၂)

အာနန္ဒ- အာနန္ဒာ၊ မုဋ္ဌဿတိဿ- သတိလွတ်သော သူအား၊ အသမ္ပဇာနဿ - အဆင်ခြင်ဉာဏ် ကင်းသူအား၊ အာနာပါဿတိ သမာဓိဘာဝနံ - အာနာပါနနှင့် ယှဉ်သော

http://www.dhammadownload.con



စိတ်တည်ကြည်ခြင်း ဘာဝနာကို၊ အဟံ- ငါဘုရားသည်၊ နဝဒါမိ- ဟောတော်မမူ။

၁။ **ဒီဃံဝါ အဿသန္တော ဒီဃံအဿသိဿာမီတိ ပဇာနာတိ။ ဒီဃံပဿသာမီတိ ပဇာနာတိ။**

ဒီဃံဝါ- ရှည်စွာမူလည်း၊ အဿသန္တော- ထွက်သက်ရှုလတ်သော်၊ ဒီဃံ- ရှည်စွာမူလည်း၊ အဿသိဿာမီတိ- ထွက်သက်ရှူ၏ဟူ၍၊ ပဇာနာတိ- အပြားအားဖြင့် သိ၏။

၂။ **ရဿံဝါပဿသန္တော။ ပ။ ပဇာနာတိ။**

ရဿံဝါ- တိုစွာမူလည်း။ ပ။ ပဇာနာတိ- အပြား အားဖြင့် သိ၏။

၃။ **သဗ္ဗကာယပဋိသံဝေဒီ၊ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ၊ ပဿသိဿာမီတိ သိက္ခတိ။**

သဗ္ဗကာယပဋိသံဝေဒီ- အလုံးစုံသော ထွက်သက်၊ ဝင်သက်၊ ထင်ရှားစေလျက်၊ အဿသိဿာမီတိ-ထွက်သက် ရှိုက်အံ့ဟူ၍၊ သိက္ခတိ-ကျင့်၏။ ပဿသိဿာမီတိ-ဝင်သက် ရှူအံ့ဟူ၍၊ သိက္ခတိ- ကျင့်၏။

၄။ **ပဿမ္ဘယံကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

ပဿမ္ဘယံကာယသင်္ခါရံ-ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက်၊ ဝင်သက်ကို ငြိမ်းစေလျက်၊ အဿာသိဿာမီတိ- ထွက်သက်ရှိုက်အံ့ဟု၊ သိက္ခတိ-ကျင့်၏။ ပဿသိဿာမီတိ- ဝင်သက်ရှူအံ့ဟု။ သိက္ခတိ-ကျင့်၏။

http://www.dhammadownload.con



| | | | |
|---|---|---|---|
| ၁။ ပီတိပဋိသံဝေဒီ | ။ ပ ။ | သိက္ခတိ။ | |
| ၂။ သုခ | ။ ပ ။ | ။ | |
| ၃။ စိတ္တသင်္ခါရ | ။ ပ ။ | ။ | |
| ၄။ ပဿမ္ဘယံစိတ္တသင်္ခါရံ | ။ ပ ။ | ။ | |

၁။ ပီတိပဋိသံဝေဒီ- နှစ်သိမ့်ခြင်း ထင်ရှားစေလျက်။ ပ ။ သိက္ခတိ- ကျင့်၏။

၂။ သုခပဋိသံဝေဒီ-ချမ်းသာခြင်း ထင်ရှားစေလျက်။ ပ။ သိက္ခတိ- ကျင့်၏။

၃။ စိတ္တသင်္ခါရပဋိသံဝေဒီ-ဝေဒနာ သညာ ထင်ရှားစေလျက်။ ပ။ သိက္ခတိ- ကျင့်၏။

၄။ ပဿမ္ဘယံ စိတ္တသင်္ခါရံ-ဝေဒနာ သညာ ငြိမ်းစေလျှက်။ ပ။ သိက္ခတိ- ကျင့်၏။

၁။ စိတ္တပဋိသံဝေဒီ။ ပ ။ သိက္ခတိ။

၂။ အဘိပ္ပမောဒယံစိတ္တံ။ ပ ။ သိက္ခတိ။

၃။ သမာဒဟံစိတ္တံ။ ပ ။ သိက္ခတိ။

၄။ ဝိမောစယံစိတ္တံ။ ပ ။ သိက္ခတိ။

http://www.dhammadownload.con



၁။ စိတ္တပမိုဒံ၀ေဒီ- စိတ်ထင်ရှားစေလျက် ။ပ။ သိက္ခတိ-ကျင့်၏။

၂။ အဘိပ္ပမောဒယံစိတ္တံ - စိတ်ရွှင်ပြစေလျက်။ပ။ သိက္ခတိ-ကျင့်၏။

၃။ သမာဒဟံစိတ္တံ- စိတ်ကောင်းစွာထားလျက်။ပ။သိက္ခတိ-ကျင့်၏။

၄။ ဝိမောစယံစိတ္တံ- စိတ်-နီဝရဏမှ လွတ်စေလျက်။ပ။ သိက္ခတိ- ကျင့်၏။

၁။ အနိစ္စာနုပဿီ အဿာသိဿာမီတိ။ ပ ။ သိက္ခတိ။
။ ပဿာသိဿာမီတိ။ပ။ သိက္ခတိ။

၂။ ဝိရာဂါနုပဿီ ။ ပ ။ သိက္ခတိ။

၃။ နိရောဓါနုပဿီ ။ ပ။ သိက္ခတိ။

၄။ ပဋိနိဿဂ္ဂါနုပဿီ အဿာသိဿာမီတိ။ ပ။သိက္ခတိ။
။ ပဿာသိဿာမီတိ ။ ပ ။ သိက္ခတိ။

၁။ အနိစ္စာနုပဿီ- မမြဲခြင်းကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍၊ အဿသိဿာမီတိ- ထွက်သက်ရှိုက်အံ့ဟု၊ သိက္ခတိ-ကျင့်၏။ ပဿသိဿာမီတိ-ဝင်သက်ရှူအံ့ဟု၊ သိက္ခတိ-ကျင့်၏။

http://www.dhammadownload.con



၂။ ဝိရာဂါနုပဿီ- တပ်မက်မှုကင်းခြင်းကို အဖန်တလဲလဲ ရှုလေ့ ရှိသည်ဖြစ်၍ ။ပ။ သိက္ခတိ- ကျင့်၏။

၃။ နိရောဓါနုပဿီ - ချုပ်ငြိမ်းခြင်းကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍ ။ ပ။ သိက္ခတိ- ကျင့်၏။

၄။ ပဋိနိဿဂ္ဂါနုပဿီ- စွန့်လွှတ်ခြင်းကို အဖန်တလဲလဲ ရှုလေ့ ရှိသည်ဖြစ်၍ ။ပ။ သိက္ခတိ- ကျင့်၏။

မ - ၁ - ၇၀ /၁။

မ - ၃ - ၁၂၅။

ဒီ - ၃ - ၂၃၁ / ၂။

သံ ၃ - ၂၇၁ / ၂

ဝိ - ၁ - တတိယပါရာဇိကာ။

ခု - ၉ - ၆ - ၁၇၃ / ၄။

http://www.dhammadownload.con



၆၉။ **တိရတနံ ပဏာမ်ဳ ဗုဒ္ဓမြတ်စွာသာသနာ မဆုတ်ယုတ်ရေး အခွန့်ရှည်စွာ တည်ရှိရေး - အကျင့်**

စတုန္နံ့ဥခေါ် အာဝုသော သတိပဋ္ဌာနာနံ ဘာဝိ
တတ္တာ ဗဟုလီကတတ္တာ တထာဂတေ၊
ပရိနိဗ္ဗုတေ သဒ္ဓမ္မောစိရဋ္ဌိတိကော ဟောတိ။

(သံ ၃-၁၄၉)

(သဒ္ဓမ္မအပရိဟာနံ ဟောတိ)

စတုန္နံ- လေးပါးကုန်သော၊ သတိပဋ္ဌာနာနံ-တို့ကို၊ ဘာဝိ တတ္တာ-ပွားများအပ်သည်၏ အဖြစ်ကြောင့်၊ ဗဟုလီက တတ္တာ- ကြိမ်ဖန်များစွာ လေ့ကျက်အပ်သည်၏ အဖြစ်ကြောင့်။ တထာဂတေ- မြတ်စွာဘုရားသည်၊ ပရိနိဗ္ဗုတေ-ပရိနိဗ္ဗာန်စံ သည် ရှိသော်၊ သဒ္ဓမ္မော- သူတော်ကောင်းတရားသည်၊ စိရဋ္ဌိ တိ ကော- ကြာမြင့်စွာတည်သည်၊ အပရိဟာနံ- မဆုတ်ယုတ် သည်၊ ဟောတိ -ဖြစ်၏။

ကာယညတရာဟံ၊ အာနန္ဒ တော် ဝဒါမိ၊
ယဒိဒံ အဿာသပဿာသံ၊

အာနန္ဒ-အာနန္ဒာ၊ ယဒိဒံ - အဿာသပဿာသံ- ဤ ထွက်သက်၊ ဝင်သက်လေသည်။ ကာယညတရံ-ပထဝီ စသော

http://www.dhammadownload.con



ကာယ အပေါင်းတို့တွင် တစ်ပါးအပါအဝင် ဖြစ်၏။ တေံ- ထို ဝါယောကာယကို၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ- ဟော တော်မူ၏။

**ဝေဒနာညတရာဟံ အာနန္ဒ ဧတံ ဝဒါမိ၊**

**ယဒိဒံ အဿာသပဿာသနံ သာဓုကံ မနသိကာရံ။**

ယံဒိဒံအဿာသပဿာသနံ- ဤ ထွက်သက်၊ ဝင်သက်တို့ကို၊ သာဓုကံ- ကောင်းစွာ၊ ဝါ ။ မေ့လျော့လွတ်ကင်း ချွတ်ယွင်း မရှိ၊ သတိပညာဖြင့် ထိန်းကြောင်းလျက် ကောင်းမွန်စွာ၊ မနသိကာရံ မနသိကရောန္တော- နှလုံးသွင်းခြင်းကို ပြုသည်၊ ဟောတိ- ဖြစ်၏။ တေံ- ထိုသို့နှလုံးသွင်းခြင်းသည်၊ ဝေဒနာ ညတရံ-ဝေဒနာအပေါင်းတို့တွင် ဝေဒနာတစ်ပါး အပါအဝင် သုခဝေဒနာဟူ၍၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ- ဟောတော် မူ၏။

**နာဟံအာနန္ဒ မုဋ္ဌဿတိဿ အသမ္ပဇာနဿ၊**

**အာနာပါနဿတိသမာဓိဘာဝနံ ဝဒါမိ။**

အာနန္ဒ- အာနန္ဒာ၊ မုဋ္ဌဿတိဿ-သတိလွတ်သော၊ အသမ္ပဇာနဿ- ပညာဉာဏ် အဆင်ခြင်ကင်းသောသူအား၊ အာနာပါနဿတိသမာဓိဘာဝနံ- အာနာပါနဿတိသမာဓိဘာဝနာ ကို၊ အဟံ- ငါဘုရားသည်၊ နဝဒါမိ- ဟောတော်မမူ။

http://www.dhammadownload.con


**တံ ပညာယ ဒိသွာသာဓုကံ အဇ္ဈုပေက္ခိကာဟောတိ။**

တံ- ထိုတရားကို၊ ပညာယ- ဖြင့်၊ ဒိသွာ- ၍၊ သာဓုကံ-စွာ၊ အဇ္ဈုပေက္ခိကာ- အညီအမျှ ရှုသည်၊ ဟောတိ-ဖြစ်၏။

တသ္မိံသမယေ- ထိုအခါ၌၊ ကာယေ- ရူပကာယ၌၊ ကာယနုပဿီ- ရူပကာယကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍၊ ဝိဟရတိ-၏။ စိတ္တေ- ၌၊ စိတ္တာနုပဿီ- ၍၊ ဝိဟရတိ-၏။ ဓမ္မေသု-သဘောတရားတို့၌၊ ဓမ္မာနုပဿီ- ၍၊ ဝိဟရတိ - ၏။

၇၀။ တိရတာနံ ပဏာမျံ-
ရွှေ၏ အညစ်ကြေး (၅)ပါး ပမာ နှင့်
အစေ့သေး၊ ပင်စည်ကြီး သစ်ပင်တို့ပမာ

ရဟန်းတို့ ရွှေ၏ အညစ်ကြေး သံ, ကြေး, ခဲပုတ်, ခဲမဖြူ, ငွေ, တို့တွင် တစ်မျိုးမျိုးရှိနေပါလျှင်၊ ရွှေသည် နူးလည်း မနူးညံ့၊ ပြုလုပ်ခြင်းငှာလည်း အသင့်မဖြစ်၊ အရောင်လည်းမထွက်၊ ကြွတ်လည်း ကြွတ်ဆတ်၏။ လက်ဝတ်ရတနာ လုပ်ခြင်းငှာလည်း ကောင်းစွာမဖြစ်၊ အညစ်ကြေးငါးပါးလုံး ရှိပါမူ - ဘယ်ဆိုဘွယ် ရာ ရှိပါအံ့နည်း။

http://www.dhammadownload.con



ညှောင်ဗုဒ္ဓဟေပင်၊ ပညှောင်ပင်၊ ညှောင်ချဉ်ပင်၊ ရေသဖန်းပင်၊ ခအောင်းပင် တို့သည် အစေ့သေးငယ်ပေမဲ့ ပင်စည်းကြီးထွား သစ်ပင်ကြီးများကို၊ လွှမ်းမိုးပေါက်ရောက် ကျိုးပြတ်ပျက်စီးလဲကျစေနိုင်၏။

ဤအတူပင် နီဝရဏတရား(၅)ပါးတို့သည် စိတ်ကိုလွှမ်းမိုးတတ်၊ ညစ်နွမ်းစေတတ်ကုန်၏။ ညစ်နွမ်းသောစိတ်သည်၊ နူးလည်း မနူးညံ့။ သိမ်လည်းမသိမ်မွေ့ ပြုလုပ်ခြင်းငှာလည်း အသင့်မဖြစ်၊ အရောင်လည်းမထွက် ကြွတ်ဆတ်ဆတ်လည်းရှိ၏။ အာသဝေါတရားတို့ ကုန်ခြင်းငှာလည်း၊ ကောင်းစွာမထားနိုင်-

နီဝရဏတရား (၅) ပါး-

၁။ ကာမစ္ဆန္ဒ = ကာမဂုဏ် အာရုံတပ်မက် ထကြွသောစိတ်။

၂။ ဗျာပါဒ = ပျက်စီးစေလိုလျက် ထကြွသောစိတ်။

၃။ ထိနမိဒ္ဓ = လေးလံထိုင်းမှိုင်းလျက် ထကြွသောစိတ်။

၄။ ဥဒ္ဓစ္စကုက္ကုစ္စ = ပျံ့လွင့်ပူပန်လျက် ထကြွသောစိတ်။

၅။ ဝိစိကိစ္ဆာ = မဝေခွဲနိုင်လျက်၊ ထကြွသောစိတ်၊တို့သည် ကန်းအောင်လည်း ပြုတတ်၊ မျက်စိမရှိအောင်လည်း ပြုတတ်။ အသိဉာဏ်မဲ့အောင်လည်း ပြုတတ်။ ပညာကို ချုပ်ပျောက်စေတတ်။ မငြိမ်းအေးအောင် ဖြစ်စေတတ်သော သဘောတရားတို့ပေတည်း။

http://www.dhammadownload.con


ထိုနီဝရဏတရားတို့သည် မသိနိုင် မမြင်နိုင်ခြင်း၏ အကြောင်း အထောက်အပံ့တို့လည်း ဖြစ်ကြပေသည်။

**ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ ဇာတရူပံ နစေဝမုဒု ဟောတိ။**

**နစကမ္မနိယံ နစပဘဿရံ ဘင်္ဂုစ နစသမ္မာဥပေတိ ကမ္မာယ။**

ဥပက္ကိလေသေဟိ- ညစ်နွမ်းကြောင်း၊ အယော- သံ၊ လောဟ- ကြေး၊ တိပု-ခဲပုတ်၊ သီသံ-ခံမဖြူ၊ သဇ္ဈု-ငွေ တို့သည်။ ဥပက္ကိလိဋ္ဌ- ညစ်နွမ်းသော၊ ဇာတရူပံ- ရွှေသည်၊ နစေဝမုဒု- နူးလည်း မနူးညံ့၊ နစကမ္မနိယံ- ပြုလုပ်ခြင်းငှာလည်း အသင့်မဖြစ်၊ နစ ပဘဿရံ- အရောင်လည်းမထွက်၊ ဘင်္ဂုစ- ကြွတ်လည်း ကြွတ်ဆတ်၏၊ ကမ္မာယစ- လက်ဝတ်တန်ဆာ ပြုလုပ်ခြင်းငှာ လည်း၊ သမ္မာ- ကောင်းစွာ၊ နဉပေတိ-မထားနိုင်။ ဧဝမေဝ- ဤအတူသာလျှင်၊ ဥပက္ကိလေသေဟိ-ညစ်နွမ်းတတ်သော နီဝရဏ တရားတို့ဖြင့်၊ ဥပက္ကိလိဋ္ဌံ- ညစ်နွမ်းသော၊ စိတ္တံ- စိတ်သည်၊ နစေဝမုဒု -နူးညံ့သည်လည်းမဖြစ်၊ နစကမ္မနိယံ -အသင့်ပြု လုပ် ခြင်းငှာလည်း မဖြစ်။ အာသဝါနံ-အာသဝေါတရားတို့၏။ ခယာ ယ-ကုန်ခြင်းငှာ၊ သမ္မာ-ကောင်းစွာ။ နစသမ္မာဓိယတိ-တည် ကြည်စွာလည်း မထားနိုင်။

http://www.dhammadownload.con



အဿတ္တော - ညောင်ဗုဒ္ဓဟောပင်။
နိဂြောဓေ - ပညောင်ပင်။
ပိလက္ခော - ညောင်ကြပ်ပင်။
ကပိတ္ထနော - ညောင်ချဉ်ပင်။
ဥဒုမ္ဗရော - ရေသဖန်းပင်။
ကစ္ဆိ ကော - ခအောင်းပင်။

ယေရုက္ခာ-အကြင်သစ်ပင်ကြီးတို့သည်၊ အဏုဗီဇ- အစေ့သေးငယ်ကုန်၏။ မဟာကာယာ- ပင်စည်ကြီးကုန်၏။ ရုက္ခာနံ-တစ်ပါးသော သစ်ပင်ကြီးတို့သို့၊ အဇ္ဈာရုဟာ-လွှမ်းမိုးပေါက်ရောက်တတ်ကုန်၏။ ဩဘဂ္ဂဝိဘဂ္ဂါ- ကျိုးကျပြတ် ပျက်စီးစေတတ်ကုန်၏။ ပတိတာသေန္တိ- လဲကျ သေစေတတ်ကုန်၏။

ဧဝမေဝခေါ ဘိက္ခဝေ ဣဓေကစ္စော ကုလပုတ္တော ယာဒိသကော ကာမေ ဩဟာယ အဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇိတော ဟောတိ။ သောတာဒိသကေဟိ ကာမေဟိ တတောဝါ ပါပိဋ္ဌတရေဟိ ဩဘဂ္ဂဝိဘဂ္ဂါ ဝိပတိ တာ သေတိ။ (သံ-၃-၈၅)

ဘိက္ခဝေ- အိုရဟန်းတို့၊ ဧဝမေဝ-ဤအတူသာလျှင်၊ ဣဓ- ဤလောက၌၊ ဧကစ္စော- အချို့သော၊ ကုလပုတ္တော - အမျိုးကောင်းသားသည်၊ယာဒိသကေ-အကြင်သို့သော၊ ကာမေ-ကာမဂုဏ်တို့ကို၊ ဩဟာယ- ပယ်စွန့်၍။ အဂါရသ္မာ-အိမ်ယာတည်

http://www.dhammadownload.con


ထောင် လူ့ဘောင်မှ၊ အနာဂါရိ ယံ- အိမ်ယာမထောင် ရဟန်းဘောင်၌၊ ပဗ္ဗဇ္ဇိတော- လူဘောင်မှထွက်၍ ရဟန်းပြုသည်၊ ဟောတိ-ဖြစ်၏။ သော- ထိုအမျိုးကောင်းသားသည်၊ တာဒိသကေဟိ- ထိုသို့ သဘောရှိကုန်သော၊ ကာမေဟိဝါ- ကာမဂုဏ်တို့မှ လည်းကောင်း။ တတော -ထိုကာမဂုဏ်တို့ထက်၊ ပါပိဋ္ဌတရေဟိဝါ- ယုတ်ညံ့သော ကာမဂုဏ်တို့မှ လည်းကောင်း။ ဩဘဂ္ဂဝိဘောဂ္ဂါ- ကျိုးပြတ် ပျက်စီးသည်ဖြစ်၍၊ ဝိပတိတော- ဖရိုဖရဲပြို လဲသည်၊ သေတိ- ပျက်စီးယိုယွင်း၏။

ပဥ္စိမေ ဘိက္ခဝေ အာဝရဏာ နီဝရဏာ စေတသော၊
အဇ္ဈာရုဟာ ပညာယ ဒုဗ္ဗလီကရဏာ။

ဘိက္ခဝေ- အိုရဟန်းတို့၊ ပဉ္စ-ငါးပါးကုန်သော၊ ဣမေ- ဤနီဝရဏာတရားတို့သည်၊ အာဝရဏာ- ကုသိုလ်တရားတို့ကို ပိတ်ဆို့တတ်ကုန်၏။ နီဝရဏာ- တားမြစ်တတ်ကုန်၏။ စေတသော- စိတ်ကို၊ အဇ္ဈာရုဟာ- လွှမ်းမိုးဖျက်ဆီးတတ်ကုန်၏။ ပညာယ- ဉာဏ်ပညာ၏၊ ဒုဗ္ဗလီကရဏာ- အားနည်းအောင် ပြုလုပ်တတ်ကုန်၏။

အယမ္ပိခေါ် ရာဇကုမာရ ဟေတု အယံပစ္စယာ။
အညာဏာယ အဒဿနာယ။ (သံ -၃-၁၁၂)

ရာဇကုမာရ-အဘယမင်းသား၊ အညာဏာယ-မသိရန်၊ အဒဿနာယ-မမြင်ရန်၊အယမ္ပိ- ဤနီဝရဏာတရားသည်လည်း။

http://www.dhammadownload.con



ဟေတု- အကြောင်းတည်း၊ အယ- ဤနီဝရဏတရားသည်၊ ပစ္စယော- အထောက်အပံ့တည်း။

## တိရစ္ဆာန် ပဏ္ဏမျိုး

## ၇၁။ နွားကျောင်းသား ပမာ နှင့် ဆင်ကြမ်းကို ရှောင်ကြဉ်သည့်ပမာ

မိုးလတို့နောက်ဆုံး တန်ဆောင်မုန်းလအခါ ကောက်နှံတို့ဖြင့်၊ ကျဉ်းမြောင်း လယ်ကံသင်း၊ လမ်းအပေါ် နွားဆွဲသွားရာ နွားကျောင်းသား နွားများကို ဒုတ်ဖြင့်၊ အာကောဋေယျ-ဘေးဖွဲ့ မသွားအောင်၊ ဝဲယာတဖက်ဖက်မှာ ရိုက်ပေးရာသကဲ့သို့၊ သံနိရုန္ဓေယျ- ရှေးကောက်နှံ မစားမိအောင် ကြိုးတင်းတင်းဆွဲ၊ ဟန်ရာသကဲ့သို့၊ သံနိဝါရေယျ- ဝဲယာကောက်နှံမစားမိအောင်၊ ကြိုးတင်းတင်းဆွဲ တားမြစ်ရာ၏သို့။

ငါအား ကာမဝိတက် ဖြစ်ပေါ်လာပြီ၊ ကာမဝိတက်သည် မိမိ သူတစ်ပါး နှစ်ဦးဆင်းရဲခြင်းငှာဖြစ်၏။ အသိဉာဏ်ပညာ မဲ့ခြင်းငှာဖြစ်၏၊ ဆင်းရဲခြင်း အဖို့ရှိ၏၊ ငြိမ်းချမ်းခြင်းကို မဖြစ်စေတတ်၊ ဤသို့ဆင်ခြင်သော သူမြတ်အား ထိုစိတ်ချုပ်၏၊ ငြိမ်း၏။ ဖြစ်ပေါ် ဖြစ်ပေါ်တိုင်း ကာမဝိတက်ကို ပစ်ပယ်ဖျောက်ဖျက် ကင်းခြင်းကို ပြုလေပြီ။

http://www.dhammadownload.con


ဤကား ကာမဝိတက်တည်း၊ ဤကာမဝိတက်သည် အကုသိုလ်တည်း။ ဤအကုသိုလ်သည်ကား အပြစ်ရှိ၏။ ဆင်းရဲခြင်းအကျိုးပေး၏။ မိမိဆင်းရဲခြင်းငှာဖြစ်၏၊ ဤသို့ အစရှိသော နည်းဖြင့် သင့်လျော်စွာ ကာမဝိတက်အပြစ်ကို ဆင်ခြင်၍၊ ထိုသို့ အာရုံ၌ဖြစ်သော ကာမဝိတက်ကို ကင်းအောင်ဖျက်စီး ပယ်စွန့်ခြင်းဖြင့်၊ နှလုံးမသွင်းဘဲနေရာ၏။

ကြမ်းသောဆင်၏ အနီး၌ မရပ်သင့်၊ ရပ်ချေက သေသည့်တိုင်အောင်၊ သေလောက်အောင်၊ ဆင်းရဲဒုက္ခ ရောက်ရာ၏၊ ဖြစ်ရာ၏သို့။ ဤသို့သင့်လျော်စွာ ဆင်ခြင်၍၊ ရှောင်ကျဉ်ရာ၏။

ငါ့အား ကာမမှ လွတ်မြောက်ရန် အကြံအစီ ဝိတက်သည် ဖြစ်၏။ ထိုဝိတက်သည် မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲခြင်းငှာမဖြစ်၊ အသိဉာဏ်ပညာတိုးပွားခြင်းငှာဖြစ်၏။ ပင်ပန်းခြင်းအဖို့မရှိ၊ ငြိမ်းအေးခြင်းကိုဖြစ်စေ၏၊ ဤသို့ ကြံစည်သုံးသပ်သော သူအား ဖြစ်ပေါ်တိုင်း-နေက္ခမဝိတက်သည်၊ ပြန့်ပြောတိုးတက်ပွားလေ၏။

နွေ၏နောက်ဆုံးလအခါ ကောက်ပဲသီးနှံတို့ကို ရွာတွင်းသို့ဆောင်ယူပြီး၍၊ သစ်ပင်ရင်းလွင်ပြင် တစ်ခုခု၌၊ နေသော နွားကျောင်းသားသည်၊ ဤကား နွားတို့ပေဟု သတိပြုရုံမျှသာ လျှင် ဖြစ်သကဲ့သို့၊ ရှုဖန်များသောသူမြတ်သည်၊ ဤကား တရားပေတည်းဟု သတိပြုရုံမျှသာလျှင်တည်း။

http://www.dhammadownload.con


သင့်သောအကြောင်းဖြင့် ဆင်ခြင်၍ ပွား၏ ဟူသည်၊ အားမထုတ်ခြင်း၏-အပြစ်၊ အားထုတ်ခြင်း၏-အကျိုးကို ဆင်ခြင်၍ သံဝေဂကိုဖြစ်ပွားစေ၏။

## ဤရေတန် ပဏ္ဏမျှ
## သာဓကယုတ္တိ ပါဠိတော်များ အဋ္ဌကထာများ

တဿ ရုက္ခမူလဂတဿ ဝါ အဗ္ဘောကာသဂတဿ ဝါ

သတိကရဏီယမေဝ ဟောတိ၊

ဧတေဂါဝေါတိ ဝေမေဝံ ခေါ ဘိက္ခဝေ သတိကရဏီယ မေဝ အဟောသိ ဧတေ ဓမ္မာတိ။ (မ-၁-၁၆၄)

ဘိက္ခဝေ-အိုဟန်းတို့၊ ရုက္ခမူလဂတဿဝါ-သစ်ပင်ရင်းသို့ မူလည်းကပ်သော၊ တဿ-ထိုန္ဓားကျောင်းသား၏၊ ဧတေ-ဤသည်တို့ကား၊ ဂါဝေါတိ-နွားတို့ပေတည်းဟု၊ သတိကရဏီယမေဝံ-သတိပြုရုံမျှသာ၊ ဟောတိယထာ-ဖြစ်သကဲ့သို့၊ ဝေမေဝံ-ဤအတူ၊ ဧတေ-ဤသည်တို့ကား၊ ဓမ္မာတိ-တရားသဘောတို့ပေတည်းဟု၊ သတိကရဏီယမေဝ-သတိပြုရုံမျှသာ လျှင်၊ အဟောသိ-ဖြစ်၏။

http://www.dhammadownload.con



ဥပ္ပန္နော ခေါ မေ အယံ ကာမဝိတက္ကော၊ အတ္တဗျာဗာဓာယပိ သံဝတ္တတိ ပရဗျာဗာဓာယပိ သံဝတ္တတိ ဥဘယဗျာဗာဓာယပိ သံဝတ္တတိ၊ ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာန သံဝတ္တနိကောတိပိ ပဋိသဉ္စိက္ခတော အဗ္ဘတ္ထံ ဂစ္ဆတိ၊ ကာမဝိတက္ကံ ပဇဟာ မေဝ။ (မ-၁-၁၆၂)

မေ-ငါ့အား၊ အယံကာမဝိတက္ကော-ဤကာမဝိတက်သည်၊ ဥပ္ပန္နော-ဖြစ်ပေါ်၏။ သောစ-ထိုကာမဝိတက်သည်လည်း၊ အတ္တဗျာဗာဓာယပိ-မိမိဆင်းရဲခြင်းငှါလည်း၊ သံဝတ္တတိ-ဖြစ်၏၊ ပရဗျာဗာဓာယပိ-သူတစ်ပါးဆင်းရဲခြင်းငှာလည်း၊ သံဝတ္တတိ-ဖြစ်၏၊ ဥဘယဗျာဗာဓာယပိ-နှစ်ဦးစလုံး ဆင်းရဲခြင်းငှာလည်း၊ သံဝတ္တတိ-ဖြစ်၏။ ပညာနိရောဓိကော-ပညာချုပ်ခြင်းငှာ ဖြစ်၏။ ဝိဃာတပက္ခိကော-ဆင်းရဲခြင်းအဘို့ရှိ၏။ အနိဗ္ဗာနသံ ဝတ္တနိကော-ငြိမ်းအေးခြင်းကိုမဖြစ်စေတတ်၊ ဣတိပိ- ဤသို့ လည်း၊ ပဋိသဉ္စိက္ခတော-ဆင်ခြင်သောသူအား၊ ဥပ္ပန္နုပ္ပန္နံ- ဖြစ်ပေါ်လာတိုင်း၊ ကာမဝိတက္ကံ-ကာမဝိတက်ကို၊ ပဇဟာမေဝ-ပယ်စွန့်သည် သာလျှင်တည်း။

န စက္ခုသ္မိ ဟတ္ထိသ္မိ အာသနေ ဌာတဗ္ဗံ တတောနိ ဒါနဉ္စိ မရဏမ္ပိ မရဏမတ္တမ္ပိ ဒုက္ခံ ဘဝေယျာတိ ဧဝံ ဥပါယပထေန ပစ္စဝေက္ခိတွာ စက္ခုံ ဟတ္ထိ ပဋိက္ကမတိ၊ (အံ၄-၃-၁၂၉)

http://www.dhammadownload.con



စက္ခုသ-ကြမ်းသော၊ ဟတ္ထိသ-ဆင်၏၊ အာသနေ-အနီး၌၊ နဋ္ဌာတဗ္ဗံ-မရပ်သင့်၊ တတောနိဒါန်-ထိုသို့ရပ်ခြင်းကြောင့်၊ မရဏမ္ပိ-သေသည့်တိုင်အောင်လည်း၊ မရဏမတ္တမ္ပိ-သေလောက်အောင်လည်း၊ ဒုက္ခံ- ဆင်းရဲ ဒုက္ခသည်၊ ဘဝေယျ-ဖြစ်ရာ၏။ ဣတိ-ဤသို့၊ ဥပါယေန ပထေန-သင့်လျော်သော အကြောင်းဖြင့်၊ ပစ္စဝေက္ခိတွာ- ဆင်ခြင်၍၊ စက္ခုံဟတ္ထိံ-ဆင်ကြမ်းကို၊ ပရိဝဇ္ဇေတိ-ရှောင် ကြဉ်၏။

ဣတိပါယံ ဝိတက္ကော အကုသလော ဣတိပိသာဝဇ္ဇော၊

ဣတိပိ ဒုက္ခဝိပါကော သောစ အတ္တဗျာပါဓာယ သံဝတ္တတီတိ။

အာဒိနာနယေန ယောနိသော ကာမဝိတက္ကေ အာဒီနဝံ၊

ပစ္စဝေက္ခိတွာ တသ္မိံတသ္မိံအာရမ္မဏေ ဥပ္ပန္နံ ကာမဝိတက္ကံ နာမိဝါသေတိ။

(အံ - ဋ္ဌ - ၃ - ၁၂၉/၁၃၀)

ဣတိပိ- ဤသည်ကား၊ အယံဝိတက္ကော- ဤဝိတက်သည်၊ အကုသလော-အကုသိုလ်တည်း။ ဣတိပိ-ဤအကုသိုလ်သည်ကား၊ သာဝဇ္ဇော- အပြစ်နှင့်တကွဖြစ်၏။ ဣတိပိ-ဤအကုသိုလ်သည်လည်း၊ ဒုက္ခဝိပါကော- ဆင်းရဲခြင်း အကျိုးရှိ၏။ သောစ- ထိုကာမဝိတက်သည်လည်း၊ အတ္တဗျာပါ ဓာယ-မိမိဆင်းရဲခြင်းငှာ၊ သံဝတ္တတိ-ဖြစ်၏။

http://www.dhammadownload.con



ဣတိအာဒိနာနယေန- ဤသို့အစရှိသောနည်းဖြင့်၊ ယော နိသော- သင့်သောအကြောင်းဖြင့်၊ ပစ္စဝေက္ခိတွာ- ဆင်ခြင်၍၊ တသ္မိံ တသ္မိံအာရမ္မဏေ- ထိုထိုအာရုံ၌၊ ဥပ္ပန္နံ- ဖြစ်ပေါ်သော၊ ကာမဝိတက္ကံ- ကာမဝိတက်ကို၊ နာဓိဝါသေတိ- နှလုံးမသွင်းပဲ ပယ်ဖျောက်၏။

ဥပ္ပန္နော ခေါ မေ အယံ နေက္ခမ္မဝိတက္ကော သော စ ခေါ နေဝတ္တဗျာဗါဓာယ သံဝတ္တတိ နပရဗျာဗါဓာယ သံဝတ္တတိ။

နဥဘယဗျာဗါဓာယ၊သံဝတ္တတိ၊ပညာဝုဒ္ဓိကော အဝိဃာတ ပက္ခိကော နိဗ္ဗာနသံဝတ္တနိကော တိပိအနုဝိ တက္က ယတော အနုဝိစာရတော၊ဗ။ အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌ ပေမိ။

မေ-ငါ့အား၊ အယံနိက္ခေမဝိတက္ကော- ကာမမှထွက် မြောက်ရန် ကြံစီခြင်း၊ ဤနေက္ခမဝိတက်သည်၊ ဥပ္ပန္နော- ဖြစ် ပေါ်လာ၏။ သောစ- ထိုဝိတက်သည်လည်း၊ အတ္တဗျာပါ ဓါယ- မိမိ၏ဆင်းရဲခြင်းငှါ၊ နေဝသံဝတ္တတိ-မဖြစ်၊ ပရဗျာ ပါဓာယ- သူတပါး၏ဆင်းရဲခြင်းငှာ၊ နသံဝတ္တတိ- မဖြစ်၊ နဥဘယဗျာ ပါဓာယ- နှစ်ဦး စလုံး၏ ဆင်းရဲခြင်းငှာ၊ နသံဝတ္တတိ- မဖြစ်

http://www.dhammadownload.con



ပညာဗုဒ္ဓိကော- ပညာတိုးပွားခြင်းငှါဖြစ်၏။ အဝိယာ တပက္ခိကော- ပင်ပန်းခြင်းအဘို့မရှိ နိဗ္ဗာနသံ ဝတ္တနိကော- ငြိမ်းအေးခြင်းကို ဖြစ်စေတတ်၏။ ဣတိပိ- ဤသို့လည်း၊ အနုဝိတက္ကယတော- အဖန်ဖန် ကြံစီသောသူအား၊ အနုဝိစာရတော- တဖန်ဖန် သုံးသပ်သောသူအား၊ အဇ္ဈတ္တံ- မိမိကိုယ်ကို စွဲ၍ ဖြစ်သောအာရုံ၌သာလျှင်၊ စိတ္တံ- စိတ်ကို၊ သဏ္ဌာပေမ-ကောင်းစွာထား၏။

ပဋိသင်္ခါယောနိသော သတိသမ္ဗောဇ္ဈင်္ဂ ဘာဝေတိတိ အဘာဝနာယ အာဒိနဝံ ဘာဝနာယစ အာနိသံသ ဥပါယပထေန ပစ္စဝေက္ခိတွာ သတိသမ္ဗောဇ္ဈင်္ဂ ဘာဝေတိ၊ (ဓေသဝနာယော သဗ္ဗတ္ထ)

အံ-၄-၃-၁၃၀။

ပဋိသင်္ခါယောနိသော သတိသမ္ဗောဇ္ဈင်္ဂ ဘာဝေတိတိ-သင့်သော အကြောင်းအားဖြင့် ဉာဏ်ပညာဖြင့် ဆင်ခြင်၍ သတိသမ္ဗောဇ္ဈင် ပွားများ၏ ဟူသည်ကား-

အဘာဝနာယ-ဘာဝနာမပွားများ အားထုတ်ခြင်း၌၊ အာဒိနဝဥ္စ- အပြစ်ကို လည်းကောင်း၊ ဘာဝနာယ- ဘာဝနာအားထုတ်ခြင်း၏၊ အာနိသံသာစ- အကျိုးအာနိသင်ကို လည်းကောင်း၊ ဥပါယပထေန- သင့်သော အကြောင်းအားဖြင့်၊ ပစ္စဝေက္ခိတွာ- ဆင်ခြင်၍၊ သတိသမ္ဗောဇ္ဈင်္ဂ- သတိ သမ္ဗောဇ္ဈင်ကို၊ ဘာဝေတိ- ပွားများ အားထုတ်၏။

http://www.dhammadownload.con



# တိရစ္ဆာန် ပဏ္ဏမျှ

## ၇၂။ အမြွက်မျှ ဘာဝနာမပွားများခြင်း အပြစ် နှင့် ပွားများခြင်းအကျိုး

ရဟန်းတို့ ဗောဇ္ဈင်ဟူသည် နိဗ္ဗာန်အကျိုးငှာ ဖြစ်၏။ ဤမှာဖက်ကမ်း သံသရာမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်သို့ ၊ ကူးသန်းခြင်းပင် အသိဉာဏ်တိုးပွားခြင်း၊ မဆုတ်ယုတ်ခြင်း၊ ဗုဒ္ဓမြတ်စွာ သာသနာ အစွန့်ရှည်ကြာ တည်ရှိရေးပင် ဖြစ်၏။

ပညာမျက်စိ၊ ဉာဏ်မျက်စိတိုးပွားခြင်း၊ မပင်ပန်းခြင်း၊ ငြိမ်းအေးခြင်းကို ဖြစ်စေတက်၏။ လောဘတုံး၊ ဒေါသတုံး၊ မောဟတုံး၊ အစုအပုံကို ဖေါက်ခွဲတတ်၏။

မပွားများ အားမထုတ်လျှင်၊ ပညာမဲ့ အဖျင်းအာ အသူဆင်းရဲ။

ပွားများအားထုတ်လျှင် ပညာရှိ မဖျင်းမအာ သူကြွယ်။

**ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ ဘန္တေ ဝုစ္စတိ။ ကိတ္တာဝတာနုခေါ ဘန္တေ ဗောဇ္ဈင်္ဂါတိဝုစ္စတိ။**

ဘန္တေ- အရှင်ဘုရား၊ ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ- ဗောဇ္ဈင် ဗောဇ္ဈင်ဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။ ဘန္တေ-အရှင်ဘုရား၊ ကိတ္တာဝတာ- အဘယ်မျှဖြင့်၊ ဗောဇ္ဈင်္ဂါတိ -ဗောဇ္ဈင်ဟု၊ ဝုစ္စတိ- ဆိုဆပ်ပါသနည်း။

http://www.dhammadownload.con



ဗောဓါယ သံဝတ္တန္တိ ခေါ ဘိက္ခု

တသ္မာ ဗောဇ္ဈင်္ဂါတိ ဝုစ္စတိ။

ဘိက္ခု- ရဟန်း၊ ယသ္မာ- အကြင်ကြောင့်၊ ဗောဓါယ - နိဗ္ဗာန်ကို သိခြင်း အကျိုးငှာ၊ သံဝတ္တန္တိ- ဖြစ်ကုန်၏။ တသ္မာ- ထို့ကြောင့်၊ ဗောဇ္ဈင်္ဂါတိ- ဗောဇ္ဈင်တို့ဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။

ဒုပ္ပညော ဒုပ္ပညောတိ ဘန္တေ ဝုစ္စတိ၊

ကိတ္တာဝတာနုခေါ ဘန္တေ ဒုပ္ပညောတိ ဝုစ္စတိ။

ဘန္တေ- အရှင်ဘုရား၊ ဒုပ္ပညော ဒုပ္ပညောတိ- ပညာမဲ့ ပညာမဲ့ဟု၊ ဝုစ္စတိ- ဆိုအပ်ပါသနည်း။

ဧဠမူဂေါ ဧဠမူဂေါတိ ဘန္တေ ဝုစ္စတိ၊

ကိတ္တာဝတာနုခေါ ဘန္တေ ဧဠမူဂေါတိဝုစ္စတိ။

ဘန္တေ- အရှင်ဘုရား၊ ဧဠမူဂေါတိ- အဖျင်အ,အ အဖျင်း အ,အဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။

ဘန္တေ- အရှင်ဘုရား၊ ကိတ္တာဝတာ- အဘယ်မျှဖြင့်၊ ဧဠမူဂေါတိ- အဖျင်းအ,အဟု၊ ဝုစ္စတိ- ဆိုအပ်သနည်း။

ဒလိဒ္ဒေါ ဒလိဒ္ဒေါတိ ဘန္တေ ဝုစ္စတိ၊

ကိတ္တာဝတာနုခေါ ဘန္တေ ဒလိဒ္ဒေါတိ ဝုစ္စတိ။

http://www.dhammadownload.con



ဘန္တေ- အရှင်ဘုရား၊ ဒလိဒ္ဒေါ ဒလိဒ္ဒေါတိ- ဆင်းရဲသူဟု၊ ဝုစ္စတိ-ဆိုအပ်ပါ၏။ ဘန္တေ-အရှင်ဘုရား၊ ကိတ္တာဝတာ-အဘယ် မျှဖြင့်၊ ဒလိဒ္ဒေါတိ- ဆင်းရဲခြင်းသူဟု၊ ဝုစ္စတိ- ဆိုအပ်ပါ သနည်း။

ဗောဇ္ဈင်္ဂါနံ အဘာဝိတတ္တါ အဗဟုလိကတ္တာ၊
ဒုပ္ပညော ဧဠမူဂေါ ဒလိဒ္ဒေါတိ ဝုစ္စတိ။

ဗောဇ္ဈင်္ဂါနံ- ဗောဇ္ဈင်တို့ကို၊ အဘာဝိတတ္တါ- မပွားများ အပ်သည်၏ အဖြစ်ကြောင့်၊ အဗဟုလိကတ္တာ- ကြိမ်ဖန်များ စွာ မလေ့ကျင့်အပ်သည်၏ အဖြစ်ကြောင့် -

ဒုပ္ပညောတိ - ပညာမဲ့ဟု၊ ဝုစ္စတိ- ဆိုအပ်၏။
ဧဠမူဂေါတိ - အဖျင်းအအဟု၊ ဝုစ္စတိ- ဆိုအပ်၏။
ဒလိဒ္ဒေါတိ - သူဆင်းရဲဟု၊ ဝုစ္စတိ- ဆိုအပ်၏။

ပညဝါ ပညဝါတိ ဘန္တေ ဝုစ္စတိ၊
ကိတ္တာဝတာနုခေါ ဘန္တေ ပညဝါတိ ဝုစ္စတိ။

ဘန္တေ-အရှင်ဘုရား၊ ပညဝါ ပညဝါတိ- ပညာရှိ ပညာရှိ ဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။

ဘန္တေ- အရှင်ဘုရား၊ ကိတ္တာဝတာ- အဘယ်မျှဖြင့်၊ ပည ဝါတိ- ပညာရှိဟု၊ ဝုစ္စတိနု- ဆိုအပ်ပါသနည်း။

အနေဠမူဂေါ အနေဠမူဂေါတိ ဘန္တေ ဝုစ္စတိ၊
ကိတ္တာဝတာနုခေါ ဘန္တေ အနေဠမူဂေါတိ ဝုစ္စတိ။

http://www.dhammadownload.con


ဘန္တေ-အရှင်ဘုရား၊ အနေဠမူဂေါ-အနေဠမူဂေါတိ မဖျင်း မအသူ မဖျင်းမအသူ ဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။ ဘန္တေ-အရှင်ဘုရား၊ ကိတ္တာဝတာ - အဘယ်မျှဖြင့်၊ အနေဠမူဂေါတိ-မဖျင်း မအ သူဟု၊ ဝုစ္စတိနု- ဆိုအပ်ပါသနည်း။

**အဒလိဒ္ဒေါ အဒလိဒ္ဒေါတိ ဘန္တေ ဝုစ္စတိ၊**

**ကိတ္တာဝတာနုခေါ ဘန္တေ အဒလိဒ္ဒေါတိ ဝုစ္စတိ။**

ဘန္တေ- အရှင်ဘုရား၊ အဒလိဒ္ဒေါ အဒလိဒ္ဒေါတိ- သူကြွယ် သူကြွယ်ဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။

ဘန္တေ-အရှင်ဘုရား၊ ကိတ္တာဝတာ- ဘယ်မျှဖြင့်၊ အဒလိဒ္ဒေါတိ- သူကြွယ်ဟု၊ ဝုစ္စတိ- ဆိုအပ်ပါသနည်း။

**ဗောဇ္ဈင်္ဂါနံ ဘာဝိတတ္တာ ဗဟုလီကတတ္တာ၊**

**ပညဝါ အနေဠမူဂေါ အဒလိဒ္ဒေါတိ၊ ဝုစ္စတိ။**

ဗောဇ္ဈင်္ဂါနံ- ဗောဇ္ဈင်တို့ကို၊ ဘာဝိတတ္တာ- ပွားများအပ်သည်၏အဖြစ်ကြောင့်၊ ဗဟုလီကတတ္တာ- ကြိမ်ဖန်များစွာ လေ့ကျက်အပ်သည်၏ အဖြစ်ကြောင့် -

**ပညဝါတိ** - ပညာရှိဟု၊ ဝုစ္စတိ - ဆိုအပ်ပါ၏။

**အနေဠမူဂေါတိ** - မဖျင်းမအသူဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။

**အဒလိဒ္ဒေါတိ** - သူကြွယ်ဟု၊ ဝုစ္စတိ- ဆိုအပ်ပါ၏။

http://www.dhammadownload.con



သတ္တတိမေ ဘိက္ခဝေ ဗောဇ္ဈင်္ဂေ ဘာဝိတာ
ဗဟုလီကတာ အပါရံပါရံ ဂမာနယ သံဝတ္တန္တိ။
(သံ-၃-၇၃)

ဘိက္ခဝေ- အို-ရဟန်းတို့၊ သတ္တ- ခုနှစ်ပါးကုန်သော၊ ဣမေဗောဇ္ဈင်္ဂေ- ဗောဇ္ဈင်တို့ကို၊ ဘာဝိတာ- ပွားများအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ- ကြိမ်ဖန်များစွာ လေ့ကျက်အပ်ကုန်သည်ရှိသော်၊ အပါရံပါရံ- သံသရာခန္ဓာ နာမ်ရုပ် ဆင်းရဲဟူသော ဤမှာဖက်ကမ်းမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်နန်းသို့၊ ဂမနာယ- ကူးသန်းထုတ်လျှောက်၊ အပြီးတိုင်ပေါက်မြောက်အောင် သွားရောက်ခြင်းငှါ၊ သံဝတ္တန္တိ- ဖြစ်ကုန်၏။

ဗုဒ္ဓိယာ - အသိဉာဏ်ဖြစ်ခြင်း၏၊

အပရိယာနာယ - မဆုတ်ယုတ်ခြင်းငှာ၊ သံဝတ္တန္တိ- ဖြစ်ကုန်၏။

http://www.dhammadownload.con



## တိရစ္ဆာန် ပဏ္ဏမျိုး၊
## ၇၃။ ပွဲသဘင်တွင်း ဆီသပိတ်ပိုက်ပမာ နှင့် လျှော့ကွဲပေါက်ကြီးပေါ် ရတနာအတိ တင်လှူးသည့်ပမာ

ရဟန်းတို့ လှကညာ ကခြေသည် ပြည်ကြီးမယ် သီဆိုကပြ ပွဲခင်းမဌ်၊ များစွာလူရှင် စည်ကားလှ၏။ ပွဲခင်းအတွင်း ဆီပြည့်သပိတ်ပိုက်ကာ တိုးရှိုးသွားရမည်။ ဆီတစ်စက်ကျက သင့်ဦးခေါင်း ပြတ်အံ့ဟု၊ ထပ်ချပ်မကွာ သံလျက်မိုး လိုက်ချေသည်။ ဆီပြည့်သပိတ် ပိုက်သူသည် သီဆိုကပြ ပြင်ပအာရုံ မရောက်နိုင်၊ ဆီပြည့်သပိတ်ကိုသာ အာရုံစိုက် သွားရာ၏။ အို-ရဟန်း သူမြတ် ပြင်ပအာရုံ မစိုက်ဘဲ၊ တရားမမွှအာရုံသာ စိုက်ရှုရပေမည်။

အပိနှ သော ပုရိသော အမုံတေလပတ္တံ အမနသိ ကရိတွာ၊
ဗဟိဒ္ဓါ ပမာဒံ အာဟာရေယျ။

(သံ- ၃-၁၄၇)

သောပုရိသော- ထိုယောက်ျားသည်၊ အမုံတေလပတ္တံ- အနားရေးညီ ဤဆီပြည့်သပိတ်ကို၊ အမနသိကရိတွာ- နှလုံးမသွင်းမူ၍၊ ဗဟိဒ္ဓါ- ကပြသီဆို ပြင်ပအာရုံကြောင့်၊ ပမာဒံ- မေ့လျော့လျက်၊ အာဟာရေယျအပိနု - သယ်ဆောင်ရာအံ့လော။

http://www.dhammadownload.con


ရတနာအတိ တင်ဆောင်ဘိသည့် လှေကွဲလှေပေါက်ကြီးဖြင့်၊ တစ်ဖက်ကမ်းရောက် ကူးမြောက်လိုလျှင် ရေတသွင်သွင်ဝင် အကွဲအပေါက်ကို၊ တစ်ခါခဏမျှ လစ်လျူရှုနေခြင်း ငှာမသင့်၊ လျှင်မြန်စွာပိတ်ဆို့ရာ၏သို့။ ကိုယ်တွင်းသဏ္ဌာန် သီလ - အစရှိသော သူတော်ဥစ္စာ ရတနာတို့ကို၊ အကြင်မျှလောက် ပတ်လုံးညစ်နွမ်းစိတ်သည်၊ မဝင်ရောက် မနှောက်ယှက် မဖျက်ဆီးသေး၊ ထိုမျှလောက်ပတ်လုံး နာမ်ရုပ်နှစ်ဖြာ ငါးခန္ဓာကို၊ အနိစ္စ စသည့် မမြဲအောင် ရှုဆင်ခြင် နှလုံးသွင်းခြင်းဖြင့် နှိပ်ကွပ်ကြရမည်။

ယထာခေါပန အနေကရတနာပူရာ မဟာဝါနာ ဘိန္နဖလာကန္တရေန၊
ဥဒကံ အာဒိယမာနာ မုဟုတ္တမ္ပိ နအဇ္ဈုပေက္ခိတဗ္ဗာ ဟောတိ၊
ဝေဂေနဿာ ဝိဝရံ ပိဒဟိတုံ ဝဋ္ဋတိ ဧဝမေဝံ အယမ္ပိ နအဇ္ဈုပေက္ခိတဗ္ဗော၊
ယာဝဿ အယံကိလေသာ အဗ္ဘန္တရေသီလရတနာဒီနိ၊
နဝိနာသေတိ၊ တာဝဒေဝ နံ၊ နိဂ္ဂဏှိဿာမိတိ။

(မ - ၄ - ၁ - ၉၃)

http://www.dhammadownload.con


အနေကရတနာပူရာ- တစ်ပါးမက များစွာရတနာတို့ဖြင့် ပြည့်သော၊ ဘိန္နဖလာကန္တရေန- ကွဲပေါက်ပျဉ်ချပ်ဖြင့်၊ ဥဒကံ အာဒိယမာနာ- ရေတသွင်သွင် စီးဝင်ယူသော၊ မဟာနာဝါ- လှေအိုကြီးကို၊ မုဟုတ္တမ္ပိ-တစ်မုဟုတ်မျှလည်း၊ အဗ္ဘုပေက္ခိ တဗ္ဗာ-လစ်လျူရှုခြင်းငှာ၊ နဟောတိ- မဖြစ်၊ အဿ- ထိုပျဉ် ကြားပေါက်၏။ ဝါ- ထိုလှေ၏၊ ဝိဝရံ -အပေါက်ကို၊ ဝေဂေန- လျှင်စွာ၊ ပိဒဟိတုံ- ပိတ်ဆို့ခြင်းငှာ၊ ဝဋ္ဋတိယထာ- သင့်သကဲ့ သို့။ ဧဝမေဝံ- ဤအတူသာ၊ အယမ္ပိ- ဤနာမ်ရုပ် ခန္ဓာကို လည်း၊ နအဗ္ဘုပေက္ခိတဗ္ဗာ- လျစ်လျူရှုခြင်း ငှာမသင့်၊ အဿ- ထိုရဟန်း၏၊ အဇ္ဈတ္တရေ-ကိုယ်တွင်း၌၊ သီလ ရတနာဒိနိ- သီလအစရှိသော ရတနာတို့ကို၊ ယာဝ- အကြင်ရွေ့လောက်၊ နဝိနာသေတိ- မဖျက်ဆီးသေး၊ တာဝ-ထိုရွေ့လောက၊ နံ- ထိုနာမ်ရုပ် ခန္ဓာကို၊ နိဂ္ဂဏှိဿာမိ- အနိစ္စ စသည်ဖြင့် ဝိပ ဿနာရှု နှိပ်ကွက်ပေအံ့။

**အထ ပသန္နဥဒကေ မဏိဝိယစ ပရိသုဒ္ဓေ အာဒါသ**
**မဏ္ဍလေ မုခနိမိတ္တံဝိယစ တဿ တံ စိတ္တုပ္ပါဒံ အဒ္ဒသ။**
**(မ-ဋ္ဌ-၁-၉၃)**

အထ- ထိုသို့ ရှုဆင်ခြင်သောအခါ၌၊ ပသန္နဥဒကေ- ကြည်လင်သောရေ၌၊ မဏိံ- ငါးကို၊ အဒ္ဒသံဝိယစ-မြင်ရသ ကဲ့သို့ ၎င်း၊ ပရိသုဒ္ဓေ - စင်ကြယ်သော၊ အာဒါသမဏ္ဍလေ- ကြေးမုံမှန်ပြင်၌၊ မုခနိမိတ္တံ - မျက်နှာရိပ်ကို၊ အဒ္ဒသံဝိယစ-

http://www.dhammadownload.con



မြင်ရ၏ သို့ရင်း၊ တဿ- ထိုရဟန်း၏၊ တံစိတ္တုပ္ပါဒံ-ဖြစ်ပျက် သဘော စိတ်, စေတသိက်ကို၊ အဒ္ဒသ- ကောင်းစွာ ထင်ထင် သိမြင်ရပေ၏။

## ၇၄။ တိရတနံ ပဏာမျ
## အထွဋ်ရှုတပ်အိမ်၏ အခြင်နရယ်ပမာ
## ဂင်္ဂါမြစ်ပမာ။ စကြာမင်းပမာ။

အို-ရဟန်းတို့၊ အထွဋ်ရှုတပ်သောအိမ်၏ အခြင်နရယ် တို့သည်၊ အထွဋ်သို့သာ ရှေးရှုညွတ်ကိုင်းရှိုင်းသကဲ့သို့၊ ဂင်္ဂါမြစ် သည် အရှေ့သို့သာ ညွတ်ကိုင်းရှိုင်းသကဲ့သို့၊ ဗောဇ္ဈင်တို့ကို ပွားများလျှင်၊ နိဗ္ဗာန်သို့သာ ညွတ်ကိုင်းရှိုင်းပေ၏။

စကြာမင်းပေါ်လျှင် စကြာ, ဆင်, မြင်း, ပတ္တမြား, မိန်းမ, သူကြွယ်, သားကြီး, ရတနာခုနှစ်ပါး ဖြစ်ပေါ်သကဲ့သို့၊ ဘုရား ရှင်ပွင့်မှ ဗောဇ္ဈင်ခုနှစ်ပါး ထုတ်ဖော်ဟောတော်မူ၏။ ဒုလ္လဘ ပင် အမိအရ ခဲကြိတ်ကြရပေသည်။

http://www.dhammadownload.con


သတိသမ္ဗောဇ္ဈင် - စကြာရတနာကဲ့သို့။
ဓမ္မဝိစယသမ္ဗောဇ္ဈင် - ဆင်ရတနာကဲ့သို့။
ဝီရိယသမ္ဗောဇ္ဈင် - မြင်းရတနာကဲ့သို့။
ပီတိသမ္ဗောဇ္ဈင် - ပတ္တမြားရတနာကဲ့သို့။
ပဿဒ္ဓိသမ္ဗောဇ္ဈင် - မိန်းမရတနာကဲ့သို့။
သမာဓိသမ္ဗောဇ္ဈင် - သူကြွယ်ရတနာကဲ့သို့။
ဥပေက္ခာသမ္ဗောဇ္ဈင် - သားကြီးရတနာကဲ့သို့။

၎င်းအဋ္ဌကထာ (၁၉၁/၂) အဖွင့် အလွန်ကောင်း၏ ရှုလေ-

**ဂေါပါနသိယော(ဂဂ္ဂါနဒီပါစိန) ကူဋနိန္နပေါဏာ ပဗ္ဘာရာ ဧဝမေဝံခေါ ဘိက္ခဝေ ဘိက္ခု သတ္တဗောဇ္ဈင်္ဂေ ဘာဝေန္တော ဗဟုလီကရောန္တော နိဗ္ဗာန နိန္နောပေါဏော ပဗ္ဘာရောဟောတိ။**

(သံ-၃-၆၈/၁၁၈)

ဘိက္ခဝေ - အိုရဟန်းတို့၊ ဂေါပါနသိယော - အခြင်နရယ်တို့သည်၊ ကူဋနိန္နောပေါဏော ပဗ္ဘာရာယထာ- အထွဋ်သို့သာ ကိုင်းရှိုင်းကုန်၏သို့။ ဂဂ္ဂါနဒီ- ဂင်္ဂါမြစ်သည်၊ ပါစိနနိန္နောပေါဏာ ပဗ္ဘာရာယထာ- အရှေ့သို့သာ ကိုင်းရှိုင်း ကုန်၏သို့။ ဧဝမေဝံ- ဤအတူသာလျှင်၊ ဗောဇ္ဈင်္ဂေ- ဗောဇ္ဈင်တို့ကို၊ ဘာဝေန္တော- ပွားသော၊ ဗဟုလီကရောန္တော- လေ့ကျက်ဖန်များသော၊ ဘိက္ခု- ရဟန်းသည်၊ နိဗ္ဗာနနိန္နောပေါဏောပဗ္ဘာရော- နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသည်။ ဟောတိ-ဖြစ်၏။

ရညော ဘိက္ခဝေ စက္ကဝတ္တိဿ ပါတုဘာဝါ သတ္တန္နံ ရတနာနံ၊
ပါတုဘာဝေါ ဟောတိ တထာဂတဿ ဘိက္ခဝေ၊ ပါတုဘာဝါ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သံ-၃-၈၇)

သတ္တန္နံ ဗောဇ္ဈင်္ဂရတနာနံ ပါတုဘာဝေါ၊ ဟောတိ။

ဘိက္ခဝေ-သံသရာခန္ဓာအရေး ကြောက်ဖွယ်ဘေးဟု မျှော်တွေးရှုတတ်-အိုရဟန်းမြတ်တို့၊ စက္ကဝတ္တိဿ- စကြာဝ တေးမင်းဖြစ်သော၊ ရညော- မင်း၏၊ ပါတုဘာဝါ- ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်၊ သတ္တန္နံ- ခုနစ်ပါးသော၊ ရတနာနံ- စကြာ, ဆင်, မြင်း, ပတ္တမြား, မိန်းမ, သူကြွယ်, သားကြီး ရတနာ တို့၏၊ ပါတုဘာဝေါ- ထင်ရှားဖြစ်ပေါ်ခြင်းသည်၊ ဟောတိ- ဖြစ်၏။

ဘိက္ခဝေ-သံသရာခန္ဓာ ဤမှာဖက်ကမ်းမှ၊ ထိုမှာဖက်ကမ်း နိဗ္ဗာန်နန်းသို့၊ တက်လှမ်းလိုခြင်းငှာ၊ အို-ရဟန်းတော်အများတို့။

အရဟတော- ကိလေသာစက် သုံးထောင်ဝင်ကို မဂ်လေးအောက်ထက် အမြောက်စက်ဖြင့် ပျောက်ပျက်ကင်းစေ အတင်းမွှေ၍၊ နင်းချေခါတွက် အလာပျက်အောင် နာနာ နှက်တော်မူပြီးထသော၊ သမ္မာသမ္ဗုဒ္ဓဿ- သစ္စာလေးလီ ခိုင်နှင်းဆီကို

http://www.dhammadownload.con


မမှီးဆရာ ကိုယ်ချည်သာလျှင်၊ ကောင်းစွာထင်ထင် ပန်ဆင်တော်မူပြီးထသော၊ တထာဂတဿ- ဣဿရိယ စသည့်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ ပါတုဘာဝါ- လောကသုံးခွင် ဘုန်းအပြင်၌၊ ထင်ရှားပွင့်တော်မူခြင်းကြောင့်၊ သတ္တာနံ- ခုနှစ်ဖြာကုန်သော၊ ဗောဇ္ဈင်ရတနာနံ- သံသရာခန္တာ ဤမှာ ဖက်ကမ်းမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းထုတ်လျှောက် အပြီးတိုင် ပေါက်ရောက်အောင် ဖြစ်စေတတ်သော ဗောဇ္ဈင်ရတနာတို့၏၊ ပါတုဘာဝေါ- ထင်ရှားဖြစ်ပေါ်ခြင်းသည်၊ ဟောတိ- မုချမသွေ ကေန် ဖြစ်လာပေတော့သတည်း။

သတ္တိမေ ဘိက္ခဝေ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ၊
အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ နာညတြ တထာဂတဿ၊
ပါတုဘာဝါ အရဟာတော သမ္မာသမ္ဗုဒ္ဓဿ။

(သံ-၃-၆၉)

ဘိက္ခဝေ- သံသရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းလိုငြား အို ရဟန်းများတို့၊ အရဟာတော -သံသရာ တည်းဟူသော စက်အကန့်တို့ကို၊ အရဟတ္တမဂ် - စိန်သံလျက်ဖြင့် ပယ်ဖြုတ်ခုတ်ထွင် သုတ်သင် ရှင်းလင်းတော်မူ ပြီးထသော၊ သမ္မာသမ္ဗုဒ္ဓဿ- သစ္စာလေးဆင့် မြတ်လေးပွင့်ကို လွယ်လင့်

http://www.dhammadownload.con


တကူ ဉာဏ်တံချူဖြင့်၊ ကိုယ်တော်တိုင် ပန်းချူတော်မူပြီးထ သော၊ တထာဂတဿ- ရှေးဘုရားတို့ကဲ့သို့ လာခြင်းအတူ လား တော်မူသော မြတ်စွာဘုရား၏၊ ပါတုဘာဝါ- ထင်ရှားအသွင် နေမင်း လမင်းကဲ့သို့၊ ထွန်းလင်းတောက်ပစွာ ပွင့်လင်းတော်မူ ခြင်းကို၊ အညတြ- ကြဉ်ဖယ်ထား၍၊ ဘာဝိတာ- မနောဘဝင် စိတ်အစဉ်၌ ထင်ထင်ဟတ်၍၊ မပြတ်နှလုံးထားအပ်ပွားများ ကုန်သော၊ ဗဟုလီကတာ- အာဇာနည်သိန္ဓောမြင်းတို့ လျင် လျင်သွက်သွက် အဟုန်ပြင်းစိုင်းသကဲ့သို့၊ ဝီရိယစက် ရှိန်ရှိန် တက်၍၊ ထက်ထက်မြက်မြက် လေ့ကျက်ဖန်များကုန်သော၊ အနုပ္ပန္နာ- သုံးလောကခါတ်ဘုံ တစ်ခွင်ဝယ်၊ တစ်ကြိမ်တစ်ခါ ဘူးမျှ မဖြစ်ပေါ်ဘူးကုန်သော၊ဗောဇ္ဈင်္ဂါ-နိဗ္ဗာန်အကျိုး သည်ပိုး ဆောင်တတ်ကုန်သော ဗောဇ္ဈင်တရားတို့သည်၊ နဥပ္ပဇ္ဇန္တိ- ဖြစ် ဘို့ရန် အခွင့်စိုးစင်းမျှပင်မဖြစ်ပဲ ရှိကြပါကုန်တော့သတည်း။

ဗုဒ္ဓမြတ်စွာ ပွင့်မှ ဗောဇ္ဈင်ရှိ၏၊ မပွင့်က မရှိ။
စကြာမင်းပေါ်လာလျှင်၊ ရတနာခုနှစ်ပါး ပေါ်လာရ၏။
မြတ်စွာဘုရား ပွင့်ပေါ်လျှင်၊ ဗောဇ္ဈင်ခုနှစ်ပါး ဟောဖော် ကြား၏။

http://www.dhammadownload.con


## ၇၅။ ဗောဇ္ဈင်တို့၏ အစွမ်းသတ္တိနှင့် အသိအမြင်ရရန် အကြောင်း

ရဟန်းတို့ ဗောဇ္ဈင်တို့ကို ပွားများသော စိတ်သည် ဟုတ်တိုင်းမှန်လှ သဘာဝကို သိ၏၊ မြင်၏။ သံသရာ အနမတဂ္ဂ - အစမထင် ဘဝများစွာ သံသရာက မခွဲဘူး မဖောက်ဘူး သေးသော လောဘ, ဒေါသ, မောဟ အစုအပုံ အတုံးအခဲ ကိုလည်း ဖောက်၏၊ ခွဲ၏။

ဗောဇ္ဈင်တရားတို့သည် မျက်စိအမြင်ကိုလည်း ပြုတတ်၏။ အသိဉာဏ်ကိုလည်း ပြုတတ်၏။ ပညာတိုးပွားခြင်းကို ဖြစ်စေ၏။ ပင်ပန်းဆင်းရဲခြင်းအဘို့မရှိ၊ ငြိမ်းအေးရာ နိဗ္ဗာန်ကို ဖြစ်စေတတ်၏။ အသိဉာဏ်မဆုတ်ယုတ်ခြင်း အကျိုးငှာ ဖြစ်ကုန်၏။

အရှင်မဟာကဿပမထေရ်ကြီးသည် ၎င်း၊ ရှင်မဟာမောဂ္ဂလာန်မထေရ်သည် ၎င်း၊ နာမကျန်းဖြစ်နေစဉ် မြတ်စွာဘုရား ကိုယ်တော်တိုင် ဗောဇ္ဈင်ခုနစ်ပါး ရွတ်ဖတ် သရဇ္ဈာယ် ဟောကြားတော်မူ၏။ ကောင်းစွာနာယူကြသော ပွားများ လေ့ကျက် နှလုံးသွင်းတော်မူကြသော ရှင်မဟာကဿပ- ရှင်မောဂ္ဂလာန်တို့သည် အနာရောဂါထ၍ ခန့်ကျန်းတော်မူကြကုန်၏။

http://www.dhammadownload.con


ဗုဒ္ဓမြတ်စွာသည်ပင် နာမကျန်းစဉ် အရှင်စုန္ဒမထေရ် ရွတ်ဖတ်သရဇ္ဈာယ်၍၊ အနာရောဂါမှ ထတော်မူ၏။ ကျန်းမာတော်မူ၏။

အသိအမြင်ရရန်အကြောင်း အထောက်အပံ့ကား အဘယ်နည်း။

ကတမံဟောတု ကထံပစ္စယော ဉာဏံ ဒဿနံ ဟောတိ၊ ဗောဇ္ဈင်္ဂ ဘာဝိတေန စိတ္တေန ယထာဘူတံ ဇာနာတိ ပဿတိ။

ကထံဟောတု- အဘယ်အထောက်အပံ့ကြောင့်၊ ဉာဏံ- သိခြင်းသည်၊ ဒဿနံ- မြင်ခြင်းသည်၊ ဟောတိ-ဖြစ်သနည်း။

စက္ခုကရဏာ - မျက်စိအမြင်ကိုတိုးပွားစေတတ်၏။

ပညာဝုဒ္ဓိယာ - ပင်ပန်းဆင်းရဲခြင်းအဘို့မရှိ။

နိဗ္ဗာန သံဝတ္တနိကာ- ငြိမ်းချမ်းရာ နိဗ္ဗာန်ကိုဖြစ်စေတတ်၏။

ဗုဒ္ဓိယာ အပရိဟာနာယ သံဝတ္တန္တိ- အသိဉာဏ်၏ မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။

သတ္တိမေ ဘိက္ခဝေ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓါယ၊
နိဗ္ဗာနာယ သံဝတ္တန္တိ။

http://www.dhammadownload.con



ဘိက္ခဝေ-ရဟန်းတို့၊ သတ္တခုနှစ်ပါးကုန်သော၊ ဣမေ ဗောဇ္ဈင်္ဂါ-တို့ကို၊ မယာ-ငါဘုရားသည်၊ သမ္မာဒက္ခာတာ-ကောင်းစွာဟောကြားတော်မူအပ်၏၊ ဘာဝိတာ-ပွားများအပ်ကုန်၏၊ ဗဟုလီကတာ-ကြိမ်ဖန်များစွာ လေ့ကျက်အပ်ကုန်၏။ အဘိညာယ-ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သမ္ဗောဓါယ-ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာနာယ-ငြိမ်းအေး ချုပ်ပျောက်ခြင်းငှာ၊ သံဝတ္တန္တိ-ဖြစ်ကြကုန်၏။ ဣတိ-ဤသို့၊ ဘဂဝါ-ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်၊ အဝေါစ-ကရုဏာ ရှေ့ရှု ဟောကြားတော်မူပါပေ၏။

## ၇၆။ စကြာရတနာ နှင့် တူသော သတိသမ္ဗောဇ္ဈင် ဖြစ်အောင်ပွားများ နှလုံးသွင်း အားထုတ်နည်း

၁။ ရဟန်းတို့-အကြင်အခါ အရိယာ တပည့်သည်၊အရိုအသေ နှလုံးသွင်းခြင်းနှင့်၊ တရားအာရုံ အလုံးစုံ စိတ်၌ ကောင်းစွာ ဆောင်ထား၍၊ ချထားအပ် နားယူအပ်သော နားဖြင့် တရားသဘော နာယူကြား၏၊ ထိုအခါ စိတ်ညစ်ညူးကြောင်း

http://www.dhammadownload.con



နိဝရဏတရား ငါးပါးမဖြစ်ပဲ၊ နိဗ္ဗာန် အကျိုးငှာ ဗောဇ္ဈင် ခုနှစ်ပါး ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၂။ သီလ,သမာဓိ, ဉာဏ်ပညာ လွတ်မြောက်မှု ဆင်ခြင် ဉာဏ်နှင့် ပြည့်စုံကုန်သော ရဟန်းတော် မထေရ်မြတ်ကြီးတို့အား၊ ဖူးမြင်ရခြင်း, ဂုဏ်ကျေးဇူးစကား ကြားနာရခြင်း, ချဉ်းကပ်ရခြင်း, ဆည်းကပ်ရခြင်း, အောက်မေ့ရခြင်း, အတူလိုက် ရဟန်းပြုကျင့်ရခြင်း များသည် များစွာကျေးဇူးကြီးလှ၏ဟု ငါဘုရား မိန့်တော်မူ၏။

ထိုသို့သောမထေရ်မြတ်ကြီးတို့၏ တရားကိုကြားနာ၍၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းစွာဖြင့် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်၍၊ ထိုတရားတို့ကို အဖန်ဖန် သုံးသပ်ကြံစည်နှလုံးသွင်း၏။ ထိုအခါ ရဟန်းသူမြတ်အား သတိသမ္ဗောဇ္ဈင် ပွားများပြီး ဖြစ်၏။ ပွားများပြည့်စုံခြင်းသို့ ရောက်သည်ဟု မိန့်တော်မူ၏။

၃။ အားမထုတ်ခြင်း၏ အပြစ်၊ အားထုတ်ခြင်း၏ အကျိုးကို၊ သင့်သောအကြောင်းဖြင့် ဆင်ခြင်၍၊ သတိသမ္ဗောဇ္ဈင်ကို ပွားများအားထုတ်သည် ဖြစ်၏။

ယသ္မိံသမယေ ဘိက္ခဝေ အရိယသာဝကော အဋ္ဌိကတွာ

http://www.dhammadownload.con



**မနသိကတွာ သဗ္ဗံ စေတသော သမန္နာဟရိတွာ ဩဟိတ သောတော ဓမ္မံ သုဏာတိ ဣမဿ ပဉ္စနီဝရဏာ တသ္မိံ သမယေ န-ဟောန္တိ သတ္တဗောဇ္ဈင်္ဂါ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။**

(သံ-၃-၈၄)

ဘိက္ခဝေ-ရဟန်းတို့၊ ယသ္မိံသမယေ-၌၊ အရိယသာဝကော-သည်၊ အဋ္ဌိံကတွာ-အရိုအသေပြု၍၊ မနသိကတွာ-နှလုံးသွင်း၍၊ သဗ္ဗံ-အလုံးစုံကို၊ စေတသော-စိတ်၌၊ သမန္နာဟရိတွာ-ကောင်းစွာဆောင်၍၊ ဩဟိတသောတော-ချထားအပ် နားထောင်အပ်သော နားရှိသည်ဖြစ်၍၊ ဓမ္မံ-တရားကို၊ သုဏာတိ-နာ၏။ တသ္မိံသမယေ-ထိုအခါ၌၊ ဣမဿ-ဤရဟန်းသူမြတ်အား၊ ပဉ္စနီဝရဏာ-ငါးပါးသော နီဝရဏတရားတို့သည်၊ နဟောန္တိ-မဖြစ်ကြကုန်။ သတ္တဗောဇ္ဈင်္ဂါ-ခုနစ်ပါးသော ဗောဇ္ဈင်တို့သည်၊ ဘာဝနာပါရိပူရိံ-ပွားများပြည့်စုံခြင်းသို့၊ဂစ္ဆန္တိ-ရောက်ကုန်၏။

တေသံဘိက္ခူနံ - ထိုမထေရ်မြတ်ကြီးတို့အား၊

ဒဿနမ္ပိ - ဖူးမြင်ရခြင်းတို့ကို လည်းကောင်း၊

သဝနမ္ပိ - ဂုဏ်ကျေးဇူး ကြားနာရခြင်းကို လည်းကောင်း၊

ဥပသင်္ကမနမ္ပိ - ချဉ်းကပ်ရခြင်းကို လည်းကောင်း၊

ပယိရုပါသနမ္ပိ - ဆည်းကပ်ရခြင်းကို လည်းကောင်း၊

http://www.dhammadownload.con



အနုဿတိမှိ - အောက်မေ့ရခြင်းကို လည်းကောင်း၊
အနုပဗ္ဗဇ္ဇမှိ - အတူလိုက်ရဟန်းပြုကျင့်ရခြင်းကို လည်းကောင်း၊
ဗဟုပကာရံ - ကျေးဇူးများ၏ဟူ၍၊ အဟံ - ငါဘုရားသည်
ဝဒါမိ - ဟောတော်မူ၏။

ဒဿနမ္ပါဟံ ဘိက္ခဝေ ဗဟူပကာရံ ဝဒါမိ၊
အနုဿတိမ္ပါဟံ ဘိက္ခဝေ ဗဟူပကာရံ ဝဒါမိ၊
တထာရူပါနံ ဘိက္ခဝေ ဘိက္ခူနံ ဓမ္မံ သုတွာ၊
ဒွယေန ဝူပကဋ္ဌော ဝိဟရတိ။ ပ ။ ဝိဟရန္တော တံ
ဓမ္မံ အနုဿရတိ အနုဝိတက္ကေတိ။ (သံ-၃-၆၁)
သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံသမယေ ဘိက္ခုနော
အာရဒ္ဓေါ ဟောတိ၊
ဘာဝေတိ ဘာဝနာပါရိပူရိံ ဂစ္ဆတိ။ (၆၂)

တထာရူပါနံ-ထိုသို့ သဘောရှိကုန်သော၊ ဘိက္ခူနံ-ရဟန်းတို့၏၊ ဓမ္မံ-တရားကို၊ သုတွာ-ကြားနာ၍၊ ဒွယေန-နှစ်ပါးသော၊ ဝူပကာသေန-ကိုယ်စိတ် ငြိမ်းချမ်းခြင်းဖြင့်၊ ဝူပကဋ္ဌော- ငြိမ်းချမ်းရာသို့ ကပ်ရောက်၍၊ ဝိဟရတိ-နေ၏။ ပ ။ ဝိဟရန္တော-နေလျက်၊ ဓမ္မံ-တရားကို၊ အနုဿရတိ-အဖန်ဖန် အောက်မေ့၏။ အနုဝိတက္ကေတိ-အဖန်ဖန် ကြံစည်သုံးသပ်၏။ တသ္မိံ သမယေ-ထိုအခါ၌၊ ဘိက္ခုနော-ရဟန်းမြတ်အား၊ သတိ သမ္ဗောဇ္ဈင်္ဂေါ - သတိသမ္ဗောဇ္ဈင်သည်၊ အာရဒ္ဓေါ -အားထုတ်သည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.con



ဘာဝေတိ-ပွားများစေ၏။ ဘာဝနာ ပါရိပူရိ - ပွားများပြည့်စုံခြင်းသို့၊ ဂစ္ဆတိ-ရောက်၏။

**ပဋိသင်္ခါယောနိသော သတိသမ္ဗောဇ္ဈင်္ဂ ဘာဝေတိတိ၊ အဘာဝနာယ အာဒိနဝံ၊ ဘာဝနာယဝ အာနိသံသံ၊ ဥပါယေနပထေန ပစ္စဝေက္ခိတွာ၊ သတိသမ္ဗောဇ္ဈင်္ဂ ဘာဝေတိ။ (ဓေယျေဝနယော သဗ္ဗတ္ထ) အံ၌-၃-၁၃၀။**

ပဋိသင်္ခါယောနိသော သတိသမ္ဗောဇ္ဈင်္ဂ ဘာဝေတိတိ-သင့်သောအကြောင်းဖြင့်၊ ပညာဉာဏ်ဖြင့် ဆင်ခြင်၍၊ သတိသမ္ဗောဇ္ဈင်ကို ပွားများ၏ဟူသည်ကား၊ အဘာဝနာယ-အားမထုတ်ခြင်း၏။ အာဒိနဝဥ္စ-အပြစ်ကို လည်းကောင်း၊ ဘာဝနာယ-အားထုတ်ခြင်း၏၊ အာနိသံသံစ-အကျိုးအာနိသင်ကိုလည်းကောင်း၊ ဥပါယေနပထေန - သင့်သောအကြောင်းဖြင့်၊ ပစ္စဝေက္ခိတွာ - ရှုဆင်ခြင်၍၊ သတိသမ္ဗောဇ္ဈင်္ဂ - သတိ သမ္ဗောဇ္ဈင်ကို၊ ဘာဝေတိ-ပွားများ၏။

http://www.dhammadownload.con



**သတိသမ္ဗောဇ္ဈင်ဖြစ်ပွားကြောင်း - (၄)နည်း**

၁။ သတိပဋ္ဌာန်ပွားလျှင် နှလုံးသွင်း ကျင့်လျှင် ဖြစ်၏။

၂။ တရားတော် ကောင်းစွာနာကြားနှလုံးသွင်းလျှင် ဖြစ်၏။

၃။ ကြားနာရသော တရားတော်ကို ဆင်ခြင် သုံးသပ်လျှင် ဖြစ်၏။

၄။ အားမထုတ်ခြင်းအပြစ်နှင့် အားထုတ်ခြင်းအကျိုးနှိုင်းချိန် ရှုဆင်ခြင်လျှင် ဖြစ်၏။ အရအမိ ကျက်ရမည်။

ရဟန်းတို့. မကောင်းသဖြင့် ဟောကြားအပ်သော တရားကို နားကြားမည့်အစား၊ ပျင်းရိ၍ နေခြင်းကား ကောင်းသေး၏၊ မြတ်သေး၏ဟုမိန့်၏။

ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော ကုသိတော၊ သော သုခံ ဝိဟရတိ။ (အံ-၁-၃၆)။

http://www.dhammadownload.con



## ၇၇။ ဓမ္မဝိစယ သမ္ဗောဇ္ဈင် စသည် ဖြစ်ပွားအောင် နှလုံးသွင်း အားထုတ်နည်း

(၁) ရဟန်းသူမြတ်သည် သတိနှင့် ပြည့်စုံစွာနေလျှက် ထိုမထေရ်မြတ်ကြီးတို့ ဆုံးမဟောကြားအပ်သော တရားကို ပညာဖြင့် စီစစ်၏။ ဉာဏ်ကိုဖြစ်စေ၏၊ စူးစမ်းရှာဖွေခြင်းသို့ ရောက်၏။ ထိုရဟန်းသူမြတ်အား ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ဖြစ်၏။

(၂) သတိရှိသည်ဖြစ်သော ရဟန်းသူမြတ်အား ထိုတရားကို ပညာဖြင့် စီစစ်၏။ လှည့်လည်ကျက်စား၏။ အထပ်ထပ်ဆင်ခြင်ခြင်းသို့ ရောက်၏။ ထိုရဟန်းသူမြတ်အား ဓမ္မ ဝိစယ သမ္ဗေါဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။

(၃) ရဟန်းသူမြတ်သည် ထိုတရားကို ပညာဖြင့် စီစစ် ဉာဏ်ကို ဖြစ်စေ၏။ အထပ်ထပ်ဆင်ခြင်လျှက် မတွန့်မဆုတ် အားထုတ်၏။ ထိုရဟန်းသူမြတ်အား ဝီရိယ သမ္ဗောဇ္ဈင်ကို အားထုတ်ပွားများပြီး ဖြစ်၏။

(၄) မြဲမြံစွာ အားထုတ်ပွားများသော ရဟန်းသူမြတ်အား ကာမဂုဏ်နှင့် မရောမယှက်ပဲ နှစ်သိမ့်မှု ဖြစ်၏။ ထိုရဟန်းသူမြတ်သည် ပီတိသမ္ဗောဇ္ဈင်ကို ပွားများပြီး ဖြစ်၏။

http://www.dhammadownload.con


(၅) နှစ်သိမ့်သောစိတ်ရှိသော ရဟန်းသူမြတ်အား ကိုယ် စိတ်နှစ်ဖြာ ငြိမ်းချမ်း၏။ ထိုရဟန်းသူမြတ်သည် ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ပွားများအားထုတ်ပြီးဖြစ်၏။

(၆) ငြိမ်းချမ်းသော ကိုယ်စိတ်ရှိသော ရဟန်းအား စိတ်သည် တည်ကြည်၏။ ထိုရဟန်းသူမြတ်သည် သမာဓိ သမ္ဗောဇ္ဈင်ကို ပွားများအားထုတ်ပြီး ဖြစ်၏။

(၇) တည်ကြည်သော စိတ်ရှိသော ရဟန်းသူမြတ် သည် စိတ်ကိုမယုတ်မလွန် အညီအမျှရှုနှလုံးသွင်း၏။ထိုရဟန်း သူမြတ်အား ဥပေက္ခာသမ္ဗောဇ္ဈင် ပွားများအားထုတ်ပြီး ဖြစ်၏။

(၁) တထာသတော ဝိဟရန္တော တံဓမ္မံ အနုဿရတိ
အနုဝိတက္ကေတိ။ သတိသမ္ဗောဇ္ဈင်္ဂ တသ္မိံသမယေ။
ဘိက္ခု ဘာဝေတိ။

(၂) တထာသတော ဝိဟရန္တော တံဓမ္မံ ပညာယ
ပဝိစိနတိ။ ပဝိစရတိ။ ပရိဝီမံသမာပဇ္ဇတိ။
ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ။
ဘိက္ခုနော အာရဒ္ဓေါ ဟောတိ။

(၃) တံဓမ္မံ ပညာယ ပဝိစနတော ပဝိစရတော
ပရိဝီမံသမာပဇ္ဇတော အာရဒ္ဓံ ဟောတိအသလ္လီနံ
ဝီရိယသမ္ဗေါဇ္ဈင်္ဂေါ တသ္မိံသမယေ ဘိက္ခုနော
အာရဒ္ဓေါ ဟောတိ။

http://www.dhammadownload.con


(၄) အာရဒ္ဓဝီရိယဿ ပီတိနိရာမိသာ
ပီတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံသမယေ
ဘိက္ခုနော အာရဒ္ဓေါ ဟောတိ။
(၅) ပီတိမနဿ ကာယောပိ ပဿမ္ဘတိ စိတ္တမ္ပိ
ပဿမ္ဘတိ၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ တသ္မိံသမယေ
ဘိက္ခုနော အာရဒ္ဓေါ ဟောတိ။
(၆) ပဿဒ္ဓကာယဿ သုခိနော စိတ္တံ သမာဓိယတိ
သမာဓိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံသမယေ
ဘိက္ခုနော အာရဒ္ဓေါ ဟောတိ။
(၇) တထာသမာဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခိတာ။
ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ တသ္မိံသမယေ
ဘိက္ခုနော အာရဒ္ဓေါ ဟောတိ။

၁။ တထာသတော-ထိုသတိနှင့် ပြည့်စုံစွာ၊ ဝိဟာရန္တော-နေလျက်၊ တံဓမ္မံ-ထိုတရားကို၊ အနုဿရတိ-အဖန်ဖန် အောက်မေ့နှလုံးသွင်း၏။ အနုဝိတက္ကေတိ-အဖန်ဖန် ဆင်ခြင်ကြံစီ၏။ ပ။ တသ္မိံသမယေ-ထိုအခါ၌၊ ဘိက္ခု-ရဟန်းသည်၊ သတိသမ္ဗောဇ္ဈင်္ဂံ-သတိသမ္ဗောဇ္ဈင်ကို၊ ဘာဝေတိ-ပွားများစေ၏။

၂။ တထာသတော-စွာ၊ ဝိဟာရန္တော-လျက်၊ တံဓမ္မံ-ကို၊ ပညာယ - ပညာဖြင့်၊ ပဝိစိနတိ - စီစစ်၏၊ ပဝိစရတိ -

http://www.dhammadownload.con


လှည့်လည်ကျက်စား၏၊ ပရိဝိမံသမာပဇ္ဇ တိ-အထပ်ထပ် စူးစမ်းဆင်ခြင်ခြင်းသို့ ရောက်၏၊ တသ္မိံသမယေ-ထိုအခါ၌၊ ဘိက္ခုနော-ရဟန်းအား၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ-ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်၊ အာရဒ္ဓေါ-အားထုတ်ပြီးသည်၊ ဟောတိ-ဖြစ်၏။

၃။ တံဓမ္မံ-ထိုတရားကို၊ ပညာယ-ပညာဖြင့် ပဝိစနတော စိစစ်လျက်၊ ပဝိစရတော-လှည့်လည်ကျက်စားလျှက်၊ ပရိဝီမံသမာ ပဇ္ဇတော-အဖန်ဖန်အားထုတ်သည်၊ ဟောတိ-ဖြစ်၏။ တသ္မိံသမယေ-ထိုအခါ၌၊ ဘိက္ခုနော-ရဟန်းအား၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ-ဝီရိယသမ္ဗောဇ္ဈင်သည်၊ အာရဒ္ဓေါ-အားထုတ်ပြီးသည်၊ ဟောတိ-ဖြစ်၏။

၄။ အာရဒ္ဓဝီရိယဿ-အားထုတ်အပ်သောသူမြတ်အား၊ ပီတိနိရာမိသာ-ကာမဂုဏ်နှင့် မစပ်သော နှစ်သိမ့်မှုသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ တသ္မိံသမယေ-၌၊ ဘိက္ခုနော-ရဟန်းအား၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ-သည်၊ အာရဒ္ဓေါ-အားထုတ်အပ်ပြီးသည်၊ ဟောတိ-ဖြစ်၏။

၅။ ပီတိမနဿ-နှစ်သိမ့်သော စိတ်ရှိသော သူမြတ်အား၊ ကာယောပိ-ကိုယ်သည်လည်း၊ ပဿမ္ဘတိ-ငြိမ်းအေး၏။ စိတ္တမ္ပိ-စိတ်သည်လည်း၊ ပဿမ္ဘတိ-ငြိမ်းအေး၏။ တသ္မိံ သမယေ - ၌၊ ဘိက္ခုနော - အား၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ-

http://www.dhammadownload.con


သည်၊ အာရဒ္ဓေါ-အားထုတ်အပ်ပြီးသည်၊ ဟောတိ-ဖြစ်၏။

၆။ ပဿဒ္ဓကာယဿ-ငြိမ်းချမ်းသော ကိုယ်ရှိသော သူမြတ်အား၊ စိတ္တံ-စိတ်သည်၊ သုခိနော-လွယ်လွယ်ကူကူ၊ သမာဓိ ယတိ -တည်ကြည်၏၊ တသ္မိံသမယေ-၌၊ ဘိက္ခုနော-အား၊ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ-သည်၊ အာရဒ္ဓေါ-အားထုတ်အပ်ပြီးသည်၊ ဟောတိ-ဖြစ်၏။

၇။ တထာသမာဟိတံ-ထိုသို့တည်ကြည်သော၊ စိတ္တံ- စိတ်သည်၊ သာဓုကံ-မေ့လျော့လွတ်ကင်း ချွတ်ယွင်းမရှိ သတိပညာဖြင့် ထိမ်းကြောင်းလျက် ကောင်းမွန်စွာ၊ အဇ္ဈုပေက္ခိတာ-မယုတ်မလွန်၊ အညီအမျှရှုသည်၊ ဟောတိ- ဖြစ်၏၊ တသ္မိံသမယေ-၌၊ ဘိက္ခုနော-အား၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ-ဥပေက္ခာသမ္ဗောဇ္ဈင်သည်၊ အာရဒ္ဓေါ- အားထုတ်အပ်ပြီးသည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.con


# ၅၁။ ဝိတ္ထာဝိစုတ္တိရထဖြစ်ပွားအောင် နှလုံးသွင်းရှု ဆင်ခြင်အားထုတ်နည်း

ရဟန်းသူမြတ်သည် ရှူ-သတိ၊ ရှိုက်-သတိ၊ အားထုတ်သည်မှစ၍ ဝင်သက်ထွက်သက်ချုပ်စေအံ့ ငြိမ်းစေအံ့ဟု၊ ကျင့်သည်အထိ လုံးရပ်သဏ္ဌာန်ပုံစံ ဒြပ်မရှိတဲ့။

ဝါယောကာယ = ဝါယောဓါတ် အစုအပေါင်း မငြိမ်းစဘူး ငြိမ်းအေးသဖြင့်၊ နှစ်သိမ့်ခြင်းထင်လာသည်မှ စ၍ ကျင့်ရာ၊ ထိုထင်လာသော တရားသဘောတို့ ငြိမ်းစေအံ့ ချုပ်စေအံ့ဟု၊ ကျင့်သည်အထိ ဝေဒနာတစ်စိတ် ခံစားမှုကို ရှုဆင်ခြင် အောက်မေ့ နှလုံးသွင်းရာ ဖြစ်သောကြောင့်၊ ဝေဒနာနုပဿနာ-သတိပဋ္ဌာန်မည်၏။

သူမြတ်သည် ထင်လာသော ပီတိ သုခ ဝေဒနာသညာတို့ မငြိမ်းစဘူး ငြိမ်းကုန်သဖြင့်၊ သိစိတ်ပိုမိုထင်ရှား ရှင်လန်းလာသည်မှ ညစ်ငြူးစေတတ်သော နီဝရဏတရားတို့မှ လွတ်မြောက်သည် ထိကျင့်ရာ၊ စိတ်ကိုကောင်းစွာ အောက်မေ့နှလုံး

http://www.dhammadownload.con


နှလုံးသွင်းရှုဆင်ခြင်ရာဖြစ်သောကြောင့်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန် မည်၏။

သူမြတ်သည် စိတ်ညစ်ငြူးကြောင်း နီဝရဏတရားတို့မှ ကောင်းစွာလွတ်သဖြင့် မမြဲခြင်း၊ အနိစ္စ-စသည်ကို ရှုမြင်ဆင်ခြင် နှလုံးသွင်းအောက်မေ့နိုင်သည်မှသည် စွန့်လွှတ်ခြင်း, စေလွှတ်ခြင်း, နိဗ္ဗာန်အာရုံသို့ ပြေးဝင်သည်အထိ ရှုမြင်နှလုံးသွင်း ကျင့်သည်အထိ၊ ဓမ္မသဘာဝတို့ကို ရှုဆင်ခြင် အောက်မေ့ နှလုံးသွင်းရာ ဖြစ်သောကြောင့်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် မည်၏။

သူမြတ်သည် မိမိသန္တာန် သူတစ်ပါးသန္တာန် ဖြစ်ပျက်သမ္မာ သတိအစဉ်ရှိ၍၊ ဉာဏ်အမြင် ထင်လင်းစွာ ကာယ, ဝေဒနာ, စိတ်, ဓမ္မတို့၌- ရှုမြင်ရဖန်များသဖြင့်- ဝိဇ္ဇာခေါ် ဉာဏ်အသိ ထိုးထွင်းသိမြင်လာပေသည်။

သူမြတ်သည် ထိုးထွင်းသိမြင် ဝိဇ္ဇာဉာဏ်အလင်း ထင်တိုင်း-

၁။ သတိအစဉ်အမြဲကပ်ပါလာနေခြင်း။

၂။ ဉာဏ်အမြင်ဖြင့် ထင်သော ဓမ္မသဘာဝကို စီစစ်စူးစမ်းရှုနေခြင်း။

၃။ စူးစမ်းရှုစီစစ်ခြင်းကို အဖန်ဖန် မဆုတ်မနစ်အားထုတ်နေခြင်း။

http://www.dhammadownload.con


၄။ အားထုတ်ဖန်များသဖြင့် ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းနေခြင်း။

၅။ ကိုယ်စိတ်ငြိမ်းချမ်းသဖြင့် ဓမ္မပီတိ- ထင်မြင်သောသဘောတို့ကို နှစ်သိမ့်နေခြင်း။

၆။ နှစ်သိမ့်သဖြင့် လွယ်ကူချမ်းသာစွာ စိတ်တည်ကြည်လာခြင်း။

၇။ တည်ကြည်သော စိတ်ဖြင့်အညီအမျှ စိတ်,စေတသိက်, ရုပ်တို့ကို လျစ်လျူရှုနေခြင်း ( သတိကရဏီယမေဝ ဟောတိ၊ ဇတေဓမ္မာတိ-ရှု )

ဘာဝနာယောဂီသူမြတ်- သူမြတ်သန္တာန် ပြအပ်ပြီးသော တရားသဘော-ခုနှစ်မျိုးဖြစ်နေအောင် ရှုဆင်ခြင်အောက်မေ့ နှလုံးသွင်းရာသည်။

ထို-ခုနှစ်မျိုးသည် နိဗ္ဗာန်အကျိုးငှာလည်း ဖြစ်ပေါ်လျက်ရှိနေပေသည်။သံသရာခန္ဓာဝဋ်ဒုက္ခစဉ် ဤမှာဖက်ကမ်းမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်သို့ ပေါက်ရောက်အောင် ကူးသန်း သွားလာနေခြင်းလည်း ဖြစ်ပေသည်။

သူမြတ်သန္တာန် ဖြစ်ပေါ်သမျှသော ကာယ, ဝေဒနာ, စိတ်, ဓမ္မတို့ကို ရှုမြင်ထင်လာတိုင်းလည်း၊ သတိအစဉ် ဉာဏ်အမြင်ထင်လင်းနေ၍၊ ဤမှာဘက်ကမ်း သံသရာမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်သို့ ကူးသန်းသွားလာနေခြင်းပင်။ ဤသည်ကိုပင် သတိပဋ္ဌာန် ဘာဝနာဟု ဟောတော်မူခဲ့၏။

သူမြတ်သည် သံသရာ ဤမှာဖက်ကမ်းမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်သို့ ကူးသန်းသွားလာနေခြင်းဆိုတဲ့ သတိပဋ္ဌာန်လေးပါး ပွားများအားထုတ်နေစဉ်၊ ဖြစ်ဖြစ်သမျှ ဓမ္မသဘာဝ ကာယ, ဝေဒနာ, စိတ်, ဓမ္မ တို့၌လည်း၊ ဉာဏ်မြင်ထင်လင်းစွာ ရှုမြင်နေရခြင်း၊ ယင်းသို့ ရှုမြင်နေစဉ် နိဗ္ဗာန်သိခြင်း အကျိုးငှာ ဖြစ်တဲ့ သတိ, ပညာ, ဝီရိယ, ပဿဒ္ဓိ, ပီတိ, သမာဓိ, ဥပေက္ခာ, တရားတို့ကိုလည်း ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း၊ ဤတရားတို့ကား ဤမှာဖက်ကမ်း သံသရာမှ ထိုမှာဖက်ကမ်း နိဗ္ဗာန်သို့ ကူးသန်းသွားလာနေခြင်းပဲဟု- ဉာဏ်အမြင် ထင်လင်းစွာ ရှုမြင်သိရှိနေရပေမည်။

ယင်းသို့ - ဉာဏ်အမြင် ထင်ထင်လင်းလင်း ရှုမြင်နေခြင်းကိုပင်၊ ဝိဇ္ဇာဟု ဟောတော်မူခဲ့၏။

<u>သူမြတ် ဤသို့ ဝိဇ္ဇာဉာဏ် ထင်လင်းစွာ ဖြစ်လာသည်ကိုပင်-အမြင်ကိုလည်း ပြုတတ်၏။ အသိကိုလည်း ပြုတတ်၏ ဉာဏ်ပညာကိုလည်း တိုးပွားစေတတ်၏။ ပင်ပန်းဆင်းရဲခြင်း အဘို့လည်း မရှိ၊ ငြိမ်းအေးကြောင်း နိဗ္ဗာန်ကိုလည်း ဖြစ်စေတတ်သော သဘောတရားတို့ကို၊ ဗောဓိ = ဗောဇ္ဈင်ဟု ဟောတော်မူခဲ့၏။</u>

http://www.dhammadownload.con



ဗောဇ္ဈင်တရားခုနစ်ပါးတို့သည်-

ဝိရာဂနိဿိတ = တပ်မက်ခြင်းကင်းရာကင်းကြောင်းသို့ လည်းညွှတ်၏ မှီ၏။

ဝိဝေကနိဿိ = ဆိတ်ငြိမ်းရာ ဆိတ်ငြိမ်ကြောင်းသို့ လည်း ညွှတ်၏။ မှီ၏။

နိရောဓနိဿိတ = ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းသို့လည်း ညွှတ်၏။ မှီ၏။

ဝေါဿဂ္ဂပရိဏာမိက = တဏှာရာဂတို့၏ စွန့်လွှတ်ကြောင်း နိဗ္ဗာန်သို့လည်း ညွှတ်၏။

အစဉ်အတိုင်းဖြစ်သော ဝိဇ္ဇာဉာဏ် အလင်းဓါတ်သည် အကြောင်းကိလေသာ အကျိုးဝဋ္ဋဒုက္ခခန္ဓာအစဉ်မှ၊ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း = ဝိမုတ္တိရသ = ချမ်းသာသို့ ဆိုက်ရောက် သိမြင်တော်မူပါပေသည်ဟု ဟောတော်မူခဲ့ပေသတည်း။

ရဟန်းတို့- သမုဒ္ဒရာသည် ဆားငန်အရသာတစ်ခုတည်း ဖြစ်သကဲ့သို့၊ ငါဘုရား ဟောဖော်ညွှန်ပြ ကျင့်သုံးအပ်သော တရားအရသာသည်၊ ဝိမုတ္တရသ တစ်မျိုးတည်းသာ ရှိ၏ဟု ဟောတော်မူခဲ့၏။

http://www.dhammadownload.con



## ၇၉။ မဟာသတိပဋ္ဌာနသုတ်၊ ဗောဇ္ဈင်၌ ဆင်ခြင်နည်း

ဗောဓိ = ဗုဇ္ဈနက = ပွင့်ခြင်း။

အင်္ဂ = အကြောင်း။

ဗောဇ္ဈင် = နိဗ္ဗာန်သိမြင်သည့် မဂ်ဉာဏ်ပွင့်ပေါ်ခြင်း၏ အကြောင်း (၇)ပါး။

၁။ ဘာဝနာအာရုံ ထင်မြင်သတိသည် သတိသမ္ဗောဇ္ဈင်။

၂။ အနိစ္စ စသည် ရှုမြင်ခြင်း၊ ပညာသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်။

၃။ မတွန့်မဆုတ် မယုတ်မလွန် အားထုတ် ထောက်ပံ့ခြင်း၊ ဝီရိယသည် ဝီရိယသမ္ဗောဇ္ဈင်။

၄။ အညီအညွတ် ယှဉ်ဘက်တရားတို့ကို ပျို့စေ နှစ်သက်စေခြင်း၊ ပီတိသည် ပီတိသမ္ဗောဇ္ဈင်

၅။ ကိုယ်စိတ်ငြိမ်းခြင်း ပဿဒ္ဓိသမ္ဗောဇ္ဈင်။

၆။ မတုန်မလှုပ် တည်ကြည်ခြင်း- ဧကဂ္ဂတာသည် သမာဓိသမ္ဗောဇ္ဈင်။

၇။ ထိုထိုအာရုံ လျစ်လျူရှုခြင်း တတြမဇ္ဈတ္တသည် ဥပေက္ခာသမ္ဗောဇ္ဈင်။

http://www.dhammadownload.con


၁။ သတိသမ္ဗောဇ္ဈင်- ဖြစ် မဖြစ်, မဖြစ်လျှင် သမ္မဇဉ်လေးပါးပြည့်စုံရ၊ သတိလွတ်သူကြဉ် သတိထင်သူမှီဝဲ သတိဖြစ်စိမ့်ငှာ၊ စိတ်ကိုညွတ်ရပ်ခြင်း စသည် ပြုကျင့်က ဖြစ်လာသည်၊ တိုးပွားလာသည်ဟု ဆင်ခြင်အောက်မေ့ ရာသည်။

သမ္မဇဉ်လေးပါးမှာ- တစ်စုံတစ်ရာပြုလုပ်မည်ဆိုက -

၁။ အကျိုးရှိ မရှိ

၂။ သင့် မသင့်၊

၃။ ကမ္မဋ္ဌာန်းလွတ် မလွတ်၊

၄။ နာမ်ရုပ် ကြောင်းကျိုး ဖြစ်ပျက် ဉာဏ်ထင် မထင်၊

ဆင်ခြင်အောက်မေ့ရာသည်။

သမ္မဇည- (၇)ဌာနကို သမ္မဇဉ်လေးပါးဖြင့် ဆင်ခြင်အောက်မေ့ရာ၏။

သမ္မဇည-(၇)ဌာနကား မဟာသတိပဋ္ဌာန် အပိုင်း (၃)ရှု။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်- ဖြစ် မဖြစ်, မဖြစ်လျှင်-ခန္ဓာအာယတန စသည် မေးမြန်း (အဘိဓမ္မာဝိပဿနာသင်) ကိုယ်တွင်းကိုယ်ပ ဝတ္ထုစင်ကြယ်စွာနေ သဒ္ဓါ, ပညာ, ဝီရိ သမာဓိမျှစေ ပညာမဲ့ကြဉ် ပညာရှိယှဉ် ပညာဖြင့်ရှု ရပ်ခြင်း စသည်၌ ဖြစ်အောင် စိတ်ညွတ်လျှင် ဖြစ်လာသည်။ ဖြစ်လျှင် တိုးပွားသည်ဟု ဆင်ခြင်အောက်မေ့ရာသည်။

သွားတိုင်း, ရပ်တိုင်း, ထိုင်တိုင်း, လျောင်းတိုင်း, စား

http://www.dhammadownload.con



သောက်တိုင်း ဗောဇ္ဈင်တရားဖြစ်စိမ့်သောငှာ၊ စိတ်ကိုညွတ်စေပြီး သွားလာ နေထိုင် စားသောက်ရမည်ဟု ဆိုလိုသည်။

၃။ ဝီရိယသမ္ဗောဇ္ဈင်- ထင်ရှားဖြစ် မဖြစ်, မဖြစ်လျှင် အပါယ်ဘေးကို ဆင်ခြင် ဘာဝနာ အကျိုးကို ရှုမြင် သူမြတ်တို့လမ်းရိုးလိုက် တရားအားထုတ်ခြင်း၊ ဆွမ်းဖြင့် မြတ်စွာဘုရားအား အမြတ်ဆုံး ပူဇော်ဆက်ကပ်၊ ဓမ္မအမွေခံ ဘုရားမြတ်အမြတ်ဆုံးဟုဆင်ခြင်၊ ဘုရားသားတော်အဖြစ်မြတ်သည်ဟုနှလုံးသွင်း၊ ပျင်းသူကြဉ် ဝီရိယရှိသူ ယှဉ်ရပ်ခြင်း၊ စသည်၌ဝီရိယဖြစ်အောင် စိတ်က ညွတ်လျှင်ဖြစ်၏၊ တိုးပွား၏ဟုဆင်ခြင်အောက်မေ့ရာသည်။

၄။ ပီတိသမ္ဗောဇ္ဈင်- ထင်ရှားဖြစ် မဖြစ်, မဖြစ်လျှင် - ဗုဒ္ဓ, ဓမ္မ, သံဃ, သီလ, စာဂ, ဒေဝတာ, ဥပသမာ, အနုဿတိ (၇)ပါး နှစ်လုံးသွင်းကြည်ညို သဒ္ဓါမဲ့သူကြဉ် ရှိသူယှဉ် ကြည်ညိုဘွယ် သုတ္တန်ဆင်ခြင် ရပ်ခြင်း စသည်၌ စိတ်ညွတ်လျှင်ဖြစ်၏၊ တိုးပွား၏ဟု ဆင်ခြင်အောက်မေ့ရာသည်။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်- ဖြစ် မဖြစ်, မဖြစ်လျှင် - မွန်မြတ်သော အစာမှီဝဲခြင်း၊ လျောက်ပတ်သော ဥတု နှင့် နေ,သွား,ရပ်စသည် ညီညွတ်မျှတစေ၊ မိမိ သူတစ်ပါးကံသာလျှင် ဥစ္စာရှိ၏ဟု၊ နှလုံးသွင်း ညှင်းဆဲ ပူပန်သူကြဉ် ငြိမ်းချမ်းသူ ယှဉ်ရပ်ခြင်း စသည်၌ ဖြစ်စိမ့်ငှာ၊ စိတ်ညွတ်လျှင်ဖြစ်၏၊ တိုးပွား၏ဟု ဆင်ခြင်အောက်မေ့ရာ၏။

http://www.dhammadownload.con



၆။ သမာဓိသမ္ဗောဇ္ဈင်- ထင်ရှား ဖြစ် မဖြစ်, မဖြစ်လျှင်-ကိုယ်တွင်းကိုယ်ပ ဝတ္ထုစင်ကြယ်စေ။

"သဒ္ဓါလွန်လျှင်- ကွန့်၊ ပညာလွန်လျှင်-ဆွံ့၊ ဝီရိယလွန်လျှင်- ပျံ့၊ သမာဓိလွန်လျှင်- တွန့်" သဒ္ဓါ ပညာ ဝီရိယ သမာဓိမျှစေ၊ ကသိုဏ်း နိမိတ်လိမ္မာစွာယူ၊ တွန့်သောစိတ် ဝီရိယဖြင့် ချီပင့် ပျံ့လွင့်က- သမာဓိ ဥပေက္ခာဖြင့် စိတ်ကို နှိပ်၊ စိတ်မချမ်းမြေ့ က သံဝေဂယူ ရတနာသုံးပါးဂုဏ်အောက်မေ့ စိတ်ရွှင်စေ တွန့်ခြင်း၊ ပျံ့လွင့်ခြင်း ကင်း၍၊ အာရုံ၌ အမျှရှုလျှင် မြှောက်ခြင်း, နှိပ်ခြင်း,ရွှင်ခြင်းတို့၌ ကြောင့်ကြမပြု၊ လျစ်လျူရှု ပျံ့လွင့်သူကြဉ်တည်ကြည်သူယှဉ် ဈာန်ဝိမောက်ဆင်ခြင်း၊ ရပ်ခြင်းစသည်၌ ဖြစ်စိမ့်သောငှာ၊ စိတ်ညွတ်လျှင်ဖြစ်၏၊ တိုးပွား၏ဟု ဆင်ခြင်အောက်မေ့ရာ၏။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်- ဖြစ် မဖြစ်, မဖြစ်လျှင် -မိမိသူတစ်တပါး ကံသာလျှင် ဥစ္စာရှိဟုဆင်ခြင်၊ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါးမည်သည်မရှိ၊ သင်သည် အဘယ်သူကိုမှုန်း၍ အဘယ်သူကို ချစ်သနည်းဟု၊ ဆင်ခြင်အောက်မေ့၍ လျစ်လျူ ရှုရသည်။

သက်နှ်း- စသည့်သည်၊ အဆင်းဖောက်ပြန် ဆိုးရွားဟောင်းမြေ့ စုတ်ပြတ်ခြင်းသို့ ရောက်အံ့၊ မိမိကိုယ်ပိုင် အစိုးတရဖြစ်ပါ

http://www.dhammadownload.con



ဖြစ်ပါမူ၊ ဤသို့ မဖြစ်ရာ- ပိုင်ရှင်မဲ့၏အဖြစ် ဆင်ခြင်အောက်မေ့ရာသည်။

ဤသက်နိုး - စသည့်သည် အခိုက်အတန့်သာပဲဟု၊ ဆင်ခြင်ရ လျစ်လျူရှုရသည်၊ သားသမီးဥစ္စာ- စသည်မြတ်နိုး သူကြဉ် လျစ်လျူရှုသူ ယှဉ်ရပ်ခြင်း စသည်၌ ဖြစ်စိမ့်ငှာ၊ စိတ်ညွတ်လျှင် ဖြစ်၏၊ တိုးပွား၏ဟု ဆင်ခြင် အောက်မေ့ရာသည်။

ရဟန်းတို့ - ဤသို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနှစ်ပါးတို့ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ကထံ စ ဘိက္ခဝေ ဘိက္ခု-

သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ၊

အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊

အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ၊

နတ္ထိမေ အဇ္ဈတ္တံ။ သတိမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊

ယထာစအနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ၊

ဥပ္ပါဒေါ။ ဟောတိ တဉ္စ ပ ဇာနာတိ၊

ဘာဝနာယ ပါရိပူရိ ဟောတိ တဉ္စ ပဇာနတိ။

(သတိသမ္ဗောဇ္ဈင်နေရာ ကျန်ဗောဇ္ဈင် - အသီးသီး အစားထိုး လဲလှယ် ထည့်က ပါဠိတော်တူပြီ၊ ပါဠိတူလျှင် အနက် လည်းတူပြီ။)

http://www.dhammadownload.con



ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ- ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ အဇ္ဈတ္တံ- မိမိသန္တာန်၌၊ သန္တံဝါ-ရသည်ဖြစ်၍ ထင်ရှားရှိသည်မူလည်းဖြစ်သော၊ သတိသမ္ဗောဇ္ဈင်္ဂ-ကုသိုလ်တရားတို့ကို အောက်မေ့တတ်သော သတိသမ္ဗောဇ္ဈင်ကို၊ မေ-ငါ၏၊ အဇ္ဈတ္တံ- အတွင်းသန္တာန်၌၊ သတိသမ္ဗောဇ္ဈင်္ဂ-သည်၊ အတ္ထိ - ရှိ၏။ ဣတိ -ဤသို့ ပဇာနာတိ- သိ၏။ အဇ္ဈတ္တံ- မိမိသန္တာန်၌၊ အသန္တံဝါ-မရသည်ဖြစ်၍၊ ထင်ရှား မရှိသည်မူလည်း ဖြစ်သော၊ သတိသမ္ဗောဇ္ဈင်္ဂ- သတိသမ္ဗောဇ္ဈင်ကို၊ မေ-ငါ၏၊ အဇ္ဈတ္တံ- အတွင်းသန္တာန်၌၊ သတိသမ္ဗောဇ္ဈင်္ဂေါ သတိသမ္ဗောဇ္ဈင်သည်၊ နတ္ထိ-မရှိ။ ဣတိ-ဤသို့၊ ပဇာနာတိ- သိ၏။

ယထာစ- အကြင် အရဟတ္တမဂ်ကြောင့်လည်း၊ ဥပ္ပန္နဿ-ဖြစ်သော၊ သတိသမ္ဗောဇ္ဈင်္ဂဿ- သတိသမ္ဗောဇ္ဈင်၏၊ ဘာဝနာယ- ပွားခြင်းဖြင့် ပွားခြင်းဟု ပွားခြင်း၏၊ ပါရိပူရီ-ပြည့်စုံခြင်းသည်၊ ဟောတိ- ဖြစ်၏။ တဉ္စ- ထိုအရဟတ္တမဂ်ကိုလည်း၊ ပဇာနာတိ- သိ၏။

## (ဆရာတော်ဦးပုမ်အနက်)

ဘိက္ခဝေ-ရဟန်းတို့၊ ဧဝမ္ပိ- ဤသို့လည်း၊ ဘိက္ခု - ရဟန်းသည်၊ သတ္တ - ခုနစ်ပါး ကုန်သော၊ ဗောဇ္ဈင်္ဂေသု- ဗောဇ္ဈင် ဖြစ်ကုန်သော၊ ဓမ္မေသု- တရားတို့၌၊ ဓမ္မာနုပဿီ - ဗောဇ္ဈင်တရားတို့ကို

http://www.dhammadownload.con



အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟာရတိ- လေးဝက္ကရိယာ သာယာ ရွှင်ပျော် သီတင်းသုံးနေရ၏။

## ၈၀။ မဟာဝဂ္ဂသံယုတ်ပါဠိတော် ကဿပဗောဇ္ဈင် ပါဠိ အနက်။

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ၊ ဗဟုလီကတာ အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တန္တိ၊ ကတမေ သတ္တ။

၁။ သတိသမ္ဗောဇ္ဈင်္ဂေါခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါခေါ ကဿပ မယာ။ပ။ သံဝတ္တတိ။

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါခေါ ကဿပ မယာ။ပ။ သံဝတ္တတိ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါခေါ ကဿပ မယာ။ပ။ သံဝတ္တတိ။

http://www.dhammadownload.con


၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ။ပ။ သံဝတ္တတိ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ။ပ။ သံဝတ္တတိ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ။ပ။ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ။ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(ကဿပ- နေရာ၊ မောဂ္ဂလာန- ထည့်၊ မောဂ္ဂလန် ဗောဇ္ဈင်၊ ကဿပ- အစား၊ ဘန္တေ- ထည့်၊ မယာ- နေရာ၊ ဘဂဝတော ထည့်က၊ စုန္ဒဗောဇ္ဈင်-တို့ဖြစ်သည်။)

ကဿပ-ချစ်သား ကဿပ၊ မယာ-ဝန္ဒိုဒက္ခချုပ်ငြိမ်းဘို့ နည်းလမ်းတကျ ပေးလိုသော ငါဘုရားသည်၊ သမ္မဒက္ခာတာ-ချမ်းသာရကြောင်း နည်းမှန်ကောင်းကို ထုတ်ဖော်မြွက်ဟ ဟော ကြားအပ်ကုန်သော၊ သတ္တ-ရေတွက်စစ်က ခုနှစ်ချက်ဖြစ် ကုန် သော၊ ဣမေဗောဇ္ဈင်္ဂါ-လူ့ရုပ် နတ်ခွင် ပြဟ္မာ ဘဝဂ်ထိအောင် တက်ရေး လောကီရေးနှင့်၊ ထက်ရပ်မဂ်ခွင် နိဗ္ဗာန်ဝင်ကြောင်း လောကုတ္တရာ အသိဉာဏ်တရား အထူးတို့သည်၊ ဘာဝိတာ-ဝိပဿနာဉာဏ်စက် အချက်ကျကျ ပွားများအပ်ကုန်သည်ရှိ သော်၊ ဗဟုလီကတာ-ကြိမ်ဖန်များစွာ လေ့ကျက်အပ်ကုန်သည်ရှိ သော်၊ အဘိညာယ - ဝိပဿနာဉာဏ် အထူးဖြိုင်ဖြိုင်ကြီး ကွန့်

http://www.dhammadownload.con



မြူးစေခြင်းငှာ၊ သမ္ဗောဓိပါယ-ဝဋ်ဒုက္ခကို ဖောက်၊ မြတ်နိဗ္ဗာန် ပေါက် မဂ်ဉာဏ်အလို့ငှာ၊ နိဗ္ဗာနာယ ဝဋ်ဒုက္ခ ဇာတ်သိမ်း ချုပ်ငြိမ်းခြင်း နိဗ္ဗာန် အလို့ငှာ၊ သံဝတ္တန္တိ နည်းမှန် လမ်းကျ ဟောဖော်ပြခြင်း ဖြစ်ကြပါပေကုန်တော့သတည်း။

၁။ သတိသမ္ဗောဇ္ဈင်္ဂေါ သတိသမ္ဗောဇ္ဈင်ကို ။ပ။ သံဝတ္တန္တိ ဖြစ်ကုန်၏။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါကို၊ စသည်ပေး ။ပ။ သံဝတ္တန္တိ ဖြစ်၏။

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါကို။ပ။ သံဝတ္တန္တိ ဖြစ်၏။ သိနိုင်ပြီ။

၄။ ၅-၆-၇။ နည်းရလောက်ပြီ- အနက်ပေး ကြည့်လေ။

## ၈၁။ စိတ်တွန့်တို ဆုတ်နစ်လျှင် စိတ်ပျံ့လွင့်လျှင် နှလုံးသွင်းပွားများ အားထုတ်ရမည့်တရား

သူမြတ်။ စိတ်တွန့်တိုဆုတ်နစ်လျှင်-
ဓမ္မဝိစယ ဝီရိယ ပီတိ၊ သမ္ဗောဇ္ဈင်များ။
ပွားများ နှလုံးသွင်း အားထုတ်ရာ၏။

http://www.dhammadownload.con



စိတ်ပျံ့လွင့်လျှင်- ပဿဒ္ဓိ- သမာဓိ။ ဥပေက္ခာသမ္ဗောဇ္ဈင်များ ပွားများနှလုံးသွင်းအားထုတ်ရာ၏။

အတ္ထိ နုခေါ ဘန္တေ ဧကောဓမ္မော၊

အတ္ထိခေါ အာနန္ဒ ဧကော ဓမ္မော၊

ကတမော ပန ဘန္တေ ဧကောဓမ္မော၊

အာနာပါနဿတိ သမာဓိ ခေါ အာနန္ဒ ဧကောဓမ္မော၊

ဘာဝိတော ဗဟုလီကတော၊

စတ္တာရော သတိပဋ္ဌာနေ ပရိပူရေတိ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိပူရေန္တိ။ (သံ-၃-၂၈၇)

အာနန္ဒ-ချစ်သားအာနန္ဒာ၊ ဧကောဓမ္မော-တစ်ခုတည်းသော တရားလမ်းစဉ်ဖြစ်သော။ အာနာပါန သတိသမာဓိ အာနာပါန နှင့် ယှဉ်သော စိတ်၏တည်ကြည်ခြင်း သမာဓိကို၊ ဘာဝိတော ဗဟုလီကတော-ပွားများအပ်, များစွာလေ့ကျက်အပ်သော သူအား၊ စတ္တာရော လေးပါးကုန်သော၊ သတိပဋ္ဌာနေ သတိပဋ္ဌာန်တို့ကို၊ ပရိပူရေန္တိ-ထက်ဝန်းကျင် ပြည့်စုံစေနိုင်ကုန်၏။ စတ္တာရော-လေးပါးကုန်သော သတိပဋ္ဌာနေ-သတိပဋ္ဌာန်တို့ကို ဘာဝိတော ဗဟုလီကတော၊ ပွားများအပ် လေ့ကျက်ဖန်များ အပ်သည်ရှိသော်၊ သတ္တ-ခုနစ်ပါးကုန်သော ဗောဇ္ဈင်တို့ကို

http://www.dhammadownload.con



ပရိပူရေန္တိ-ပြည့်စုံစေနိုင်ကုန်၏၊ သတ္တ-ခုနှစ်ပါးကုန်သော၊ ဗောဇ္ဈင်္ဂေ-ဗောဇ္ဈင်တို့ကို၊ ဘာဝိတာ-ပွားများအပ်ကုန်သည်ရှိသော်၊ ဝိဇ္ဇာဝိမုတ္တိံ-အရဟတ္တမဂ်ဉာဏ်ဖြစ်သော၊ ဝိဇ္ဇာဉာဏ် ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိသို့၊ ပရိပူရေန္တိ-ပြည့်စုံစေနိုင်ကုန်၏။

၁၃၅၆- ခုနှစ်၊ တန်ခူးလပြည့်၊ သောကြာနေ့၊
ညနေ(၅း၅၀) နာရီ ပြီးစီးအောင်မြင်သည်။

သာဓု-သာဓု-သာဓု

သဗ္ဗေပူရေန္တု၊ သက်ပွဲ။

## ၇၂။ လှူဒါန်းလိုလျှင် (၁)

ရဟန်းတို့- အလှူ၏ အကျိုးကို၊ ငါဘုရားအစွမ်းကုန် သိသကဲ့သို့၊ သတ္တဝါတို့ သိကြပါမူ တစ်လုပ်စာ စားရက၊ စားမည့်သူရှိက ခွဲဝေပေးနိုင်သည်ဟု မိန့်၏။

ချစ်သားစုန္ဒ -ကုသိုလ်လေးပါး-ဒါန, သီလ,သမထ, ဝိပဿနာတို့၌၊ ပြုလုပ်မည့်စိတ် ဖြစ်ရုံမျှကိုလည်း ကျေးဇူးများ

http://www.dhammadownload.con



လှုပြီဟု ငါဘုရားမိန့်ဆို၏။ ကိုယ်နှုတ်ဖြင့် ပြုလုပ်စီမံပါမှု အဘယ်မှာ ဆိုဖွယ်ရာ ရှိချေတော့အံ့နည်း။

ရဟန်းတို့-တန်စီးအိုင် တန်စီးမြောင်းရှိ သတ္တဝါတို့၊ အိုးခွက် ဆေးရေတို့ဖြင့် မှုတကြွပါစေ၊ ဤမျှဖြင့်လည်း ကောင်းမှု အလှူ ကုသိုလ်ဖြစ်၏၊ အကျိုးရှိ၏ဟု ဟောတော်မူ၏။

(အံ-တိက-၁၆၃)

ရဟန်းတို့ ကုသိုလ်မှန်လျှင် အကျိုးပေး အထက် ဆန်၏။

အကုသိုလ်ကား-အောက်စုံ၏။

ကုသိုလ်ပြုလျှင် မြန်မြန်ပြု အကျိုးပေးမြန်၏၊ နှေးလျှင်နှေး၏၊ ပျက်တတ်၏။

မပြုမိလေခြင်းဟု ပူပန်မှု အကုသိုလ်ပွားတတ်၏။ နှစ်သက် မြတ်နိုးဖွယ် ကုသိုလ်သည်၊ ချမ်းသာရာ ချမ်းသာကြောင်း ဖြစ်၏။

ကုသိုလ်ဆည်းပူးလျှင် ချမ်းသာကြောင်း၊

အကုသိုလ်ဆည်းပူးလျှင် ဆင်းရဲကြောင်း၊

မလှူမီ လှူဆဲ လှူပြီး၊ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေရုံမျှနှင့် အချို့လည်း ပြီးနေ၏။ မလှူမီ လှူမည် ဖြစ်ခိုက်၊ စိတ် စေတနာ သဒ္ဒါ၊ လှူတုံး လှူဆဲ လှူခိုက် ဖြစ်ခိုက်၊ စိတ် စေတနာ သဒ္ဒါ လှူပြီး ပြန်လည်းသတိရခိုက်၊ စိတ် စေတနာ သဒ္ဒါ၊ မလှူမီ လှူဆဲ ဝမ်းသာခိုက်၊ ဖြစ်ပျက်နေသမျှ စိတ်

http://www.dhammadownload.con



စေတနာ သဒ္ဓါ တရားတို့သည်၊ ခယ ဝယ ကုန်ခမ်းပျက်စီး တတ်သော တရားသဘောတို့ပါတကားဟု- ဆင်ခြင် သုံးသပ် နှလုံးသွင်း (ဘာဝနာမယဒါန) လည်း ရှိပေသေး၏။

အလှူဝမ်းမြောက်ရုံနှင့် ခယဝယ ဆင်ခြင်မှုမှာ အကျိုးပေး ကွာခြားလှပေသည်။

ဝမ်းမြောက်ရုံလှူ = ဉာဏဝိပ္ပယုတ်၊ နတ်လူချမ်းသာရမည်။

ဝိပဿနာ-ရှုဆင်ခြင်လှူ = ဉာဏသမ္ပယုတ်၊ လူ နတ် နိဗ္ဗာန် ရမည်။

**အာဂါမိဟောတိ၊ အနာဂါမိဟောတိ။** (အံ-၂-၄၄၃/၄)

## ၈၃။ လှူဒါန်းလိုလျှင် (၂)

အို- ယောဂီသူမြတ် အလှူဒါန လှူဒါန်းတတ်ပြီလော။

http://www.dhammadownload.con



# မြတ်စွာဘုရား နှင့် ရှင်သာရိပုတြာ

မြတ်စွာဘုရားက ရှင်သာရိပုတြာအား သင်္ကန်းတစ်စုံ လှူဒါန်းပါသည်၊ ရှင်သာရိပုတြာကလည်း မြတ်စွာဘုရားအား သင်္ကန်းတစ်စုံပင် လှူပါသည်၊ အဘယ်သူ၏ အလှူဒါနက ပိုမို အကျိုးကြီးမားစွာ ရပါသနည်း -

အဖြေမှန် ဖြေနိုင်လျှင် ယောဂီသူမြတ် လှူဒါန်းတတ်ပေပြီ၊ အလှူခံပုဂ္ဂိုလ် ဂုဏ်ကြီးမားလျှင် ပိုမိုအကျိုး ကြီးမားစွာရသည်ဟု၊ ဆိုအံ့၊ ဂုဏ်တော် အကြီးမားဆုံး မြတ်စွာဘုရား လှူရသော ကြောင့်၊ ရှင်သာရိပုတြာသည် ပိုမိုအကျိုးကြီးမားစွာ ရရာသည်။

## စိတ်ထားတတ်လျှင်မြတ်။

လှူနည်း သိရာ၌၊ အသိ-သိသည်မှာ ဘုရားရှင်သည်၊ "အတုလ" အတုမရှိ ဖြစ်သောကြောင့်၊ လှူပုံ လှူနည်း စိတ်ထား တတ်လျှင်၊ မြတ်၏ဟူသည်နှင့်အညီ လှူတတ်လျှင် အကျိုးများစွာ ရသည်ဟု ဆိုအံ့။

မြတ်စွာဘုရား လှူသော အလှူက ပိုမို အကျိုး ကြီးမားသည် ဖြစ်ပေမည်။

သည်စာကို မရှုမီ ရှေးအဘိုးက မိမိအဖြေ-အသို့ရှိသနည်း-

http://www.dhammadownload.con



အလျှုခံ၏ ဂုဏ်အာရုံပြု ဝမ်းသာစွာလှူလျှင် -----

အလှူခံ, အလှူပေး, လှူဖွယ် လက္ခဏာရေး-(၃) ပါး ရှုလှူလျှင်-စိစစ်-

## ရှင်သာရိပုတြာ ဉာဏ်စွမ်းမှာ-

စကြာဝဠာ တစ်တိုက်လုံး တစ်ပြိုင်နက် ရွာသွန်းသော မိုးရေပေါက်ကို၊ အကုန်အစင် ဤမျှ ဤမျှ ရှိသည်ဟု ရေတွက်ခြင်းငှာ၊ စွမ်းနိုင်သည်ဟု ဆို၏။ ထို့ပြင် ကိုယ်တော်မြတ်၏ ဉာဏ်တော်ကို အရာဝတ္ထုအနေဖြင့် တစ်စု တစ်ပုံထား၊ ဂင်္ဂါမြစ်ရှိ သဲလုံးအမျှနှင့် နှိုင်းစာသော် ကိုယ်တော်မြတ် ဉာဏ်ကပင် သာလွန်သေး၏ဟု ခိုင်းနှိုင်းပြတော်မူ၏။

## မြတ်စွာဘုရား ဉာဏ်စွမ်းမှာ

ရှင်သာရိပုတြာ ဉာဏ်စွမ်း ခိုင်းနှိုင်း တင်စားပြလို့ ရပေမဲ့၊ မြတ်ဘုရား ဉာဏ်တော်ကား နှိုင်းစရာမရှိ၊ ကြီးကျယ်တော်မူလှပါပေ၏။ မှန်းဆ ကြည့်ညိုရလျှင်၊ ဘုရားရှင် စကားတော် တစ်ခွန်း တစ်ခွန်းသည် ရွှေစင် တစ်ဆယ်သားမက ၊ ဤကမ္ဘာနှင့်ပင် မလဲနိုင်၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တန်ဘိုးရှိပေသည်ဟု ဆိုထိုက်ပေသည်။

http://www.dhammadownload.con



အဖြေမှာ - "အတုလံ" အတုမရှိ ဉာဏ်တော် အနန္တပိုင်ရှင် မြတ်ဘုရား အလျှုကာ သာလွန်ကြီးမားစွာ ရ၏ဟု ဆိုကြကုန်၏။

ကုသိုလ်ကောင်းမှုပြုလုပ်ပြီး သာယာနေလျှင် -

ကုသလောဓမ္မော အကုသလဿဓမ္မဿ-ဖြစ်နေ၏။

ယာယံတဏှာ ပေါနောဗ္ဘဝိကာ-လည်း ဖြစ်နေ၏။

ဖြစ်နေလျှင် -တဏှာ လောဘကို လက္ခဏာရေး (၃)ပါး ဖြင့် ရှုရာသည်၊ ရှုမှ နိဗ္ဗာန် နှင့် နီး၏၊ မရှုလျှင် ဝေး၏။

ရဟန်းတို့ - လွတ်မြောက်ခြင်း အကျိုးငှာ၊

ဥပမာ ရှိသော တရားကို ငါဘုရားဟောတော်မူ၏။ စွဲလမ်းခြင်း အကျိုးငှါ ဟောတော်မမူ၊ ဓမ္မကို စွဲလမ်းသိမ်းပိုက်မှု ပယ်အပ်၏။ အဓမ္မကိုမူ အဘယ်ဆိုဖွယ် ရှိအံ့နည်း။

နာမ် ရုပ် ဓမ္မမှန်လျှင် လက္ခဏာရေး(၃)ပါး ရှုအပ်စွ။ သပိတ်ဝယ်သောရဟန်း- ဆိုင်မှ ထုတ်ပြသည့် သပိတ် သေချာစွာ ကြည့်၏။ သပိတ်ဖင်မှ အပေါက်သုံးပေါက် မြင်လေလျှင်၊ သပိတ်၌ တပ်မက်အာသာ ကင်းပြတ်လေသည်။

ပုဆိုးဥပမာ-စသည်။ (နိ)

ခန္ဓာ နာမ်ရုပ်က သပိတ်နှင့်တူ၏၊ ပုဆိုးပမာရှု။

လက္ခဏာရေး(၃)ပါးက အပေါက် (၃) ပေါက်ပမာရှု။ ဤကိုယ်ခန္ဓာ တစ်ခဏမျှ အနာကင်းသည်၊ ကောင်းသည် ဟုဝန်ခံလျှင်၊ ဤလောကမှာ-ထို့ထက်မိုက်သူမရှိပြီဟု . . .

http://www.dhammadownload.con



မြတ်ဘုရားမိန့်သည်ကို၊ နာနာရှု-မိမိကိုယ်ကို နှိုပ်ကွပ် ကြရပေမည်။

သဒ္ဓါတရားသည် မျိုးစေ့ပမာ, လက်ပမာ, ဥစ္စာပမာ တူကြသည်။

မိုးကောင်းလျှင် မျိုးစေ့ရှိသူ စိုက်ပျိုးနိုင်၏။ မရှိသူ မစိုက်ပျိုးနိုင် စိုက်ပျိုးကသီးနှံရ ကြွယ်ဝကြသည်။ မစိုက်ပျိုးနိုင်က မရ မွဲပြာကျ၏။ ရတနာ အစုအပုံပေါ် ရောက်လျှင်၊ လက်ရှိမှ ယူနိုင်၏။ မရှိက မယူနိုင်ကြ ဥစ္စာရှိသူ လိုလိုရာရာ ပြည့်စုံစေ၏။ မရှိက မပြည့်စုံစေနိုင်-

ဘုရားရှင်သာသနာ နေ လ အသွင် ထွန်းလင်းနေစဉ် မိုးလေဝသ ကောင်းသည်နှင့် တူ၏။ အရိယာစခန်း နိဗ္ဗာန်နန်းကို၊ သဒ္ဓါမျိုးစေ့ရှိသူများသာ စိုက်ပျိုးရယူနိုင်ကြရာသည်။ မရှိသူများ မရမယူနိုင်ကြပေ၊ လူ နတ် နိဗ္ဗာန် သုံးတန် ချမ်းသာကိုလည်း သဒ္ဓါတည်းဟူသော လက်ဖြင့်သာ ရယူနိုင်သည်။ သဒ္ဓါလက်မရှိက မရမယူနိုင်ပေ၊ ဥစ္စာရှိလျှင် လိုရာရနိုင်သကဲ့သို့ သဒ္ဓါတည်းဟူသော သူတော်ဥစ္စာဖြင့်သာလျှင်၊ လူ နတ် နိဗ္ဗာန် ချမ်းသာ လဲလှယ်ယူနိုင်ကြပေသည်။ မရှိက မလဲ မယူနိုင်ကြပေ-

**မိမိသည် သဒ္ဓါအဖော်နှင့်နေသလော။**

မိမိသည် တဏှာအဖော်နှင့် နေသလော။

**စီစစ်ရှု။**

http://www.dhammadownload.con


# လှူဒါန်းလိုလျှင်-အာဂမ (၁)

ဇဝံ စေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါန သံဝိဘာဂဿ ဝိပါကံ ယထာဟံ ဇာနာမိ နအဒတွာ ဘုဉ္ဇေယျုံ။

(ဣတိဝုတ်-၂၁၅/အံ-၂-၄၆၅)

ဘိက္ခဝေ-အိုရဟန်းတို့၊ ဒါနသံဝိဘာဂဿ-လှူဒါန်းဝေဘန် ပေးကမ်းခြင်း၏၊ ဝိပါကံ-အကျိုးကျေးဇူးကို အဟံ ငါဘုရားသည်၊ ဇာနာမိယထာ-သိသကဲ့သို့၊ သတ္တာ- သတ္တဝါတို့သည်၊ ဇာနေယျုံ- အကယ်၍ သိကုန်ကြပါမူ၊ အ-ဒတွာ မလှူဒါန်း မပေးကမ်းမူ၍၊ နဘုဉ္ဇေယျုံ-မစားမသုံး ကြကုန်ရာ။

စိတ္တုပ္ပါဒမ္ပိခေါ် အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုပကာရံ၊ ဝဒါမိ။

ကာယေန ဝါစာယ အနုဝိဓိယနာသု ကောပနဝါ ဒေါ။ (မ-၁-၅၂)

စုန္ဒ-ချစ်သားစုန္ဒ၊ ကုသလေသုဓမ္မေသု-ကုသိုလ် (၄)ပါး မြတ်တရားတို့၌၊ စိတ္တုပ္ပါဒမ္ပိ-စိတ်ကူးမျှ ဖြစ်ပေါ်ခြင်းကိုလည်း၊ ဗဟုပကာရံ-ကျေးဇူးများလှပြီဟု၊ အဟံ-ငါ ဘုရားသည်၊ ဝဒါမိ-ဟောတော်မူ၏။

http://www.dhammadownload.con


ကာယေန-ကိုယ်ဖြင့်၊ ဝါစာယ-နှုတ်ဖြင့်၊ အနုဝိမိယနာသု-ပြုလုပ်စီမံခြင်းတို့၌၊ ကောပနဝါဒေါ-အဘယ်မှာဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။

ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေ တေ ဥပရိဘာဂင်္ဂမနိယာ၊

ယေကေစိ အကုသလာဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂင်္ဂမနိယာ။ (မ-၁-၅၄)

* ယေကေစိ-ခပ်သိမ်းကုန်သော၊ ကုသလာ-ကုသိုလ်တို့သည်၊ အတ္ထိသန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေ-ထိုကုသိုလ်တို့သည်၊ ဥပရိဘာဂင်္ဂမနိယာ-အထက်အဘို့လျှင်၊ သွားရောက်ခြင်း ရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

* ယေကေစိ-သော၊ အကုသသာ-တို့သည်၊ အတ္ထိ-ရှိကုန်၏။ သဗ္ဗေ-သော၊ တေ-တို့သည်၊ အဓောဘာဂင်္ဂမနိယာ-အောက်အဖို့လျှင် သွားရောက်ခြင်း ရှိကြကုန်၏။

အဘိတ္ထရေထ ကလျာဏေ (ဓမ္မပဒ-ပါပမင်္ဂ)

ကလျာဏေ-ကုသိုလ်ကောင်းမှုတို့ကို၊ အဘိတ္ထရေထ-လျင်လျင်မြန်မြန် ပြုကြရာ၏။

မာ ဘိက္ခဝေ ပုညံ ဘာယိတ္ထ၊ ပုညံ ဘာယန္တော သုခံယာ ယတိ။ (က္ကတိဝုတ်-၂၀၅/အံ-၂-၄၆၅)

ဘိက္ခဝေ-အိုရဟန်းတို့၊ ပုညံ-ကုသိုလ်ကောင်းမှုကို၊ မာဘာယိတ္ထ-မကြောက်ကြကုန်လင့်၊ ပုညံ-ကုသိုလ်ကို

http://www.dhammadownload.con



ဘာယန္တော-ကြောက်သူသည်၊ သုခံ-ချမ်းသာကို၊ ဘာယတိ-ကြောက်သည်ပင် ဖြစ်၏။

သုခေါ ပုညဿ ဥစ္စယော၊
ဒုက္ခော ပါပဿ ဥစ္စယော။ (ဓမ္မပဒ-၁၁၈)

ပုညဿ-ကုသိုလ်ကောင်းမှုကို၊ ဥစ္စယော-ဆည်းပူးခြင်းသည်၊သုခေါ-ချမ်းသာကြောင်း၊ ပါပဿ-မကောင်းမှုကို၊ ဥစ္စယော-ဆည်းပူးခြင်းသည်၊ ဒုက္ခာ- ဆင်းရဲကြောင်း ဖြစ်၏။

ပုဗ္ဗေဝဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ။ သော ယညဿ သမ္ပဒါ။
(အံ-၂-၂၉၆)

ပုဗ္ဗေဝဒါနာ- မလှူမှီရှေးအဘို့ကပင်လျှင်၊ သုမနော-ဝမ်းမြောက်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ ဒဒံ-ဒဒန္တော-ပေးလှူသည်ရှိသော်၊ စိတ္တံ-စိတ်ကို၊ ပသာဒယေ- ကြည်လင်စေရာ၏။

နပိ ဣမံ မေ ဒါနံ ဒဒတော စိတ္တံ ပသီဒတိ။
အတ္တမနတာ သောမနဿံ ဥပဇါယတီတိ
ဒါနံ ဒေတိ အပိစခေါ စိတ္တာလင်္ကာရ
စိတ္တပရိက္ခာရံ ဒါနံ ဒေတိ။ (အံ-၂-၄၄၄)

မေ-ငါသည်၊ ဣမံဒါနံ-ဤအလှူဒါနကို၊ ဒဒတော-ပေးလှူရသောကြောင့်၊ စိတ္တံ-စိတ်သည်၊ ပသီဒတိ-ကြည်လင်၏။ အတ္တမနတာ-နှစ်သက်ခြင်းသည်၊ သောမနဿံ-ဝမ်းမြောက်ခြင်းသည်။ ဥပဇာယတိ - ဖြစ်၏။ ဣတိ - ဤသို့

http://www.dhammadownload.con



ဝမ်းမြောက်ခြင်းသည်၊ ဥပဇာယတိ-ဖြစ်၏။ ဣတိ-ဤသို့ နှလုံးသွင်း၍၊ ဒါနံ-အလှူဒါနကို၊ နပိဒေတိ-ပေးလှူရသည် မဟုတ်၊ အပိစခေါ်-လှူပုံလှူနည်းကား၊ စိတ္တာ လင်္ကာရ စိတ္တပရိက္ခာရ-စိတ်ကို သမထဝိပဿနာဖြင့် တန်ဆာဆင်၍၊ ဒါနံ-အလှူကို၊ ဒတိ-ပေးလှူရ၏။

ဒါနံ ဒဿမိတိ စိန္တေန္တော အဋ္ဌန္နံ၊
ကာမာဝစရကုသလစိတ္တာနံ အညတရေနေဝ၊
စိန္တော (လ) ဥဇုံ ကရောန္တောပန စတုန္နံ၊
ဉာဏသမ္ပယုတ္တာနံ အညတရေနေဝ ကရောတိ။
(နိ-၂၀၄)

ဒါနံ-အလှူကို၊ ဒဿမိတိ-လှူအံ့ဟု၊ စိန္တေန္တော- ကြံစီသည်ရှိသော်၊ အဋ္ဌန္နံကာမာဝစရကုသလစိတ္တာနံ-ရှစ်ပါးကုန်သော၊ ကာမာဝစရကုသိုလ်စိတ်တို့တွင်၊ အညတရေနေဝ-အမှတ်မထား တစ်ပါးပါးသောစိတ်ဖြင့်သာလျှင်၊ စိန္တေတိ-ကြံစီ၏။ ဥဇုံ-အယူဖြောင့်ဖြောင့်၊ ကရောန္တေပန-ပြုသော်ကား၊ စတုန္နံဉာဏသမ္ပယုတ္တာနံ (၄) ပါးကုန်သော၊ ဉာဏသမ္ပယုတ် -စိတ်တို့တွင်၊ အညတရေနေဝ-အမှတ်မထား တစ်ပါးပါးသော စိတ်ဖြင့်သာလျှင်၊ ကရောတိ-ပြု၏။

ခယ ဂမိဿာတိ ဝယံ ဂမိဿာတိ တိသမ္မသနံ၊
ပဋ္ဌပေတိ တဒါ ဘာဝနာမယံ ဟောတိ။ (နိ-၁၂၀)

http://www.dhammadownload.con



ခယံဂမိဿတိ-လျှုဒါန်းကြောင်း စေတနာသည် ကုန်ခြင်းသို့ ရောက်လတ့်။ ဝယံ ဂမိဿတိ-လျှုဒါန်းကြောင်း စေတနာ သည် ပျက်ခြင်းသို့ ရောက်လတ့်။ တိသမ္မသန့်-အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး (၃)ပါးဖြင့် ရှုဆင်ခြင်မှုကို၊ ပဋ္ဌပေတိ-ဖြစ်စေ၏။ တဒါ-ထိုအခါ၌၊ ဘာဝနာမယံ-ဘာဝနာ ကမ္မဋ္ဌာန်း ရှုခြင်းဖြင့် ပြီးသော အလှူဒါနသည်၊ ဟောတိ-ဖြစ်၏။

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ၊
ကတွာ တံ ပစ္စဝေက္ခတိ သေက္ခာဝါ ပုထုဇနေဝါ၊
ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော
ဝိပဿန္တိ။ (ပဋ္ဌာန်းပါဠိတော် ပဉ္စာဝါရ/၁၄၅/၆)

ဒါနံ-အလှူကို၊ ဒတွာ-ပေးလှူပြီး၊ သီလံ- သီလကို၊ သမာဒိယိတွာ-ဆောက်တည်ပြီး၊ ဥပေါသထကမ္မံ- ဥပုသ်ကံကို၊ ကတွာ-ပြုပြီး၊ သေက္ခာဝါ-သေက္ခသည် လည်းကောင်း၊ ပုထုဇနေဝါ-ပုထုဇဉ်သည်လည်းကောင်း၊ တံ-ထိုဒါန သီလ ဥပုသ်ကို၊ ပစ္စဝေက္ခတိ-ရှုဆင်ခြင်၏။ ကိံပစ္စဝေက္ခတိ-အသို့ ရှုဆင်ခြင်သနည်း၊ ကုသလံ- ဒါန သီလ ဥပုသ်ကုသိုလ်ကို၊ အနိစ္စတော-မမြဲသောအားဖြင့်၊ ဒုက္ခတော-စက်ဆုပ်ဖွယ် အချည်း အနှီး ဆင်းရဲသောအားဖြင့်၊ အနတ္တတော-အလိုမပါ အစိုး

http://www.dhammadownload.con



မရ၊ ပိုင်ဆိုင်သူမရှိသောအားဖြင့်၊ ဝိပဿန္တိ- ဝိပဿနာ ရှုဆင်ခြင်ကြကုန်၏။

ဇာတိဓမ္မာ ဘိက္ခဝေ သမာနော၊
ဇာတိဓမ္မံယေဝ ပရိယေသတိ။ (မ-၁-၂၁၇)

ဇာတိဓမ္မော-ဇာတိတရားသည်၊ သမာနော- ထင်ရှားရှိပါလျက်၊ ဇာတိဓမ္မံယေဝ-ဇာတိတရားကိုပင်လျှင်၊ ပရိယေသတိ-ထပ်ပြီးရှာမှီး၏။ ဇာတိအစ-ဥပါယာသ အဆုံး(၁၁) မီးကုန်အောင်ရှု။ ပါဠိထုတ်လေ။

အပ္ပမတ္တကောပိ ဂူထော ဒုဂန္ဓော ဟောတိ။
အပ္ပမတ္တကမ္ပိ ဘဝံ နဝဏ္ဏေမိ။ (၃၆/အံ-၁)

ရဟန်းတို့-အလျှုရှင်ဝယ် (၁၁) မီး၊ သံသရာ မီးလျှံရှိရာ မီးလျှံငြိမ်းရာ မြတ်နိဗ္ဗာန်အား၊ အာရုံပြု ဝိပဿနာ ရှု မလျှုပဲ၊ ဘဝသမ္ပတ္တိ-ဘဝချမ်းသာ ရှေးရှုလျှုလျှင်၊ အနည်းငယ်မျှ မစင်သည် အပုတ်နံ့လှိုင်ရာ၏သို့၊ အနည်းငယ်မျှ လျှပ်တစ်ပျက်ခန့် ဘဝကိုလည်း ဘုရားရှင်ချီးမွမ်းတော်မမူ။ ထို့ကြောင့် ဘဝချမ်းသာ မရည်မှန်းပဲ၊ ဝိပဿနာရှု လှူကြရာသည်။

လွှမံတာယံ ပရိဟရန္တော မုဟုတ္တမ္ပိ၊
အာရောဂျံ ပဋိဇာနေယျ၊
ကိ မညတြဗာလျာ။ (သံ/၂-၂)

http://www.dhammadownload.con



ပရိဟာရန္တော - စက်ဆုတ်ဖွယ်ဖြစ်သော၊ ကြမ်ကာယံ-ဤကိုယ်ခန္ဓာကို၊ မုဟုတ္တမ္ပိ - တစ်ခဏမျှလည်း၊ အာရောဂျံ-အနာကင်းသည် ကောင်းသည်၏ အဖြစ်ကို၊ ပဋိဇာနေယျ-ဝန်ခံငြားအံ့၊ ကိမညတြဗာလျာ-အမိုက်တကာ့ထိပ်ခေါင် အမိုက်ဆုံးသူ ဖြစ်၏။

အပ္ပကာ တေသတ္တာ ယေ အတ္ထမညါယ၊

ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇန္တိ။ (အံ-၁-၃၈)

ယေ-အကြင်သူသည်တို့သည်၊ အတ္ထံ-ဘုရားရှင် အလိုကျ၊ အညာယ-သိ၍၊ ဓမ္မံ-မဂ်ဖိုလ်ရကြောင်းကို၊ အညာယ-သိ၍၊ ဓမ္မာနုဓမ္မံ- မဂ်ဖိုလ် အားလျော်သော၊ အကျင့်တရားကို၊ ပဋိပဇ္ဇန္တိ -ကျင့်ကြကုန်၏။ တေသတ္တာ-ထို သတ္တဝါတို့သည်၊ အပ္ပကာ-အနည်းငယ်မျှ ဖြစ်ကုန်၏။

ကိံသုဓ ဝိတ္တံ၊ သဒ္ဓီဓ ဝိတ္တံ။ (သံ-၁-၂၁၆)

ဣဓ-ဤလောက၌၊ ဝိတ္တံ-အမြတ်ဆုံးဥစ္စာကား၊ ကိံသု-အဘယ်နည်း၊ ဣဓ-ဤလောက၌၊ သဒ္ဓါ-သဒ္ဓါတရားသည်၊ ဝိတ္တံ-အမြတ်ဆုံး ဥစ္စာတည်း။

ကထံ ဇီဝိံ ဇီဝိတမာဟုသေဋ္ဌံ၊

ပညာ ဇီဝိံ ဇီဝိတမာဟုသေဋ္ဌံ။

http://www.dhammadownload.con



